


အိုရှိုးပြောတဲ့
ဟင်းလင်းပြင်
ရဲထက်


2500
အိုရှိုးပြောတဲ့ ဟင်းလင်းပြင်
ရဲထက်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်နိုင်မည့်အဆင့် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရွက်လှရိပ်စာပေ

ဤစာအုပ်ဖြင့် ဆရာကြီး ပါရဂူအား ရိုသေစွာ
ကန်တော့အပ်ပါသည်။

ရဲထက်

ရွက်လှရိပ်စာပေ

## ပုံနှိပ်မှတ်တမ်း

စာအုပ်အမည် - အိုရှိုးပြောတဲ့ ဟင်းလင်းပြင်
စာရေးဆရာ - ရဲထက်
စာမူခွင့်ပြုချက်အမှတ် - ၄၀၀၉၁၅၀၇၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၇၄၀၇၁၁

စီစဉ်ထုတ်လုပ်မှု
ရွှက်လှရိပ်စာပေ
တိုက်အမှတ်-၂၅၈၊ ကာကီလာလမ်း(ယာ)၊ ဗိုလ်မင်းရောင်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်

ပုံနှိပ်ခြင်း ပထမအကြိမ် (ဩဂုတ်လ ၂၀၁၁)

အုပ်ရေ ၉၀၀

ထုတ်ဝေသူ ဦးရဲထွန်း (ဗင်ရှာနာစာပေ) ၂၀၅-က+ခ၊ ရမ်းသွက်မြို့သစ်၊ အင်းစိန်၊

မျက်နှာဖုံးနှင့် ဦးအောင်မြင့်သိန်း (အင်ကြင်းမြိုင်ပုံနှိပ်တိုက်)

အတွင်းပုံနှိပ် ၁၄၄၊ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း ရွှက်လှရိပ်စာပေ

ကွန်ပျူတာစာစီ လင်းသက်ကျော် ကွန်ပျူတာ

ဖလင် AZ

တန်ဖိုး ( ၂၅၀၀ ) ကျပ်


CIP CARDINDEX

ရဲထက် ၀၀၀.၀၄
အိုရှိုးပြောတဲ့ဟင်းလင်းပြင်၊ ရဲထက် - ရန်ကုန်
ရွှက်လှရိပ်စာပေ၊ ပထမအကြိမ် ၊ ၂၀၁၁
၁၃၉-စာ၊ ၁၅.၅ × ၂၀.၈ စင်တီ။
(၁) အိုရှိုးပြောတဲ့ဟင်းလင်းပြင်



## မာတိကာ


| အမှတ်စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ ပါရဂူ၏ အမှာစကား | --- | |
| ၂။ လက်ဆင့်ကမ်းအမှာစာ | --- | |
| ၃။ ကိုတာရဲ့ အမှာစာ | --- | |
| ၄။ အိုရှိုး သို့မဟုတ် ညရဲ့သခင် | --- | ၁ |
| ၅။ အိုရှိုးပြောတဲ့ ဟင်းလင်းပြင် | --- | ၁၃ |
| ၆။ စိတ်ကူးပုံရိပ်ကြားက ရှုန်းထွက်ရမယ် | --- | ၂၁ |
| ၇။ အိုရှိုးပြောတဲ့ အဖြစ်မှန်တစ်ခု | --- | ၂၇ |
| ၈။ အိုရှိုးရဲ့ ပန်းတိုင် | --- | ၃၅ |
| ၉။ အိုရှိုးပြောတဲ့ ဖြူစင်စိတ်နှင့် ရိုးရှင်းသောဘဝ | --- | ၄၃ |
| ၁၀။ အိုရှိုးပြောတဲ့ ငြိမ်းချမ်းရေးနှင့် စစ် | --- | ၅၅ |
| ၁၁။ အိုရှိုးပြောတဲ့ လွတ်လပ်မှု | --- | ၆၉ |
| ၁၂။ အိုရှိုးပြောတဲ့ အချစ် | --- | ၇၇ |
| ၁၃။ အိုရှိုးပြောတဲ့ ယောကျ်ားနဲ့မိန်းမ | --- | ၈၃ |
| ၁၄။ အိုရှိုးပြောတဲ့ လူတိုင်းရဲ့ ထူးခြားမှု | --- | ၉၁ |
| ၁၅။ အိုရှိုးပြောတဲ့ အတ္တဆိုတာဘာလဲ | --- | ၁၀၁ |
| ၁၆။ အိုရှိုးပြောတဲ့ ဦးနှောက်ရဲ့လောဘ | --- | ၁၀၅ |
| ၁၇။ အိုရှိုးပြောတဲ့ အတ္တ လမ်းခွဲ | --- | ၁၁၅ |
| ၁၈။ အိုရှိုးပြောတဲ့ ဘယ်သူမြှုဆွဲပေးမှာလဲ | --- | ၁၁၉ |



Osho

(၂၀)ရာစု၏ အိန္ဒိယ ဒဿန ပညာရှင်အိုရှိုး



## ပါရဂူ၏ အမှာစကား

၂၀ ရာစုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ ထွန်းကားပေါ်ပေါက်လာသော တွေးခေါ်ပညာရှင်ထဲက အကြီးအကျယ်ဆုံး၊ အကျော်ကြားဆုံး၊ အမြင်မှုအရှိဆုံး တွေးခေါ်ပညာရှင်တစ်ဦးမှာ အိုရှိုးဖြစ်သည်။ အိုရှိုး၏ အားဆောက်ကျမ်းစာပေါင်း အများအပြားသည် ကမ္ဘာအနှံ့ပြန့်ပွားနေသည်။ ကမ္ဘာပေါ်ရှိ ဘာသာပေါင်းများစွာဖြင့် ဘာသာပြန်ဆိုထားသည်ဖြစ်၍ အိုရှိုးသည် ကမ္ဘာပေါ်ရှိ စာဖတ်ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံး စာရေးဆရာ၊ ဒဿန ပညာရှင် ဖြစ်နေသည့်အပြင် အိုရှိုး၏ ဆာဆောက်ကျမ်းစာများသည် ကမ္ဘာ့ စာပေလောက၌ အရောင်းရ အတွင်ကျယ်ဆုံး၊ လူကြိုက်အများဆုံး ကျမ်းစာ များဖြစ်နေသည်။

အိုရှိုးသည် **ဓမ္မပဒ**နှင့်ပတ်သက်ပြီး အဆွဲအဟောအပြောအဆောများမှ ခွဲထွက်လျက် **'သေဓမ္မော သနန္တနော'** (ဤတရားသည်သာလျှင် အစဉ်ထာဝရ သနန္တန တည်ရှိနေ၏) ကျမ်းစာအမည်ဖြင့် စာမျက်နှာ ၃၀၀ ကျော်အတွဲ (၁၂) တွဲပြုစုထားသည်။ ယင်းကျမ်းစာများကို **'ဓမ္မပဒဋီကာသစ်'** ဟူ၍ပင် ခေါ်ဆိုရမလိုဖြစ်နေသည်။

အလားတူပင် အိုရှိုးသည် တရုတ်ပညာရှင်လောင်ဇူး(Lao Tzu)၏ ဒဿနနှင့် ပတ်သက်ပြီး သူ၏ထပ်ဖြည့်အတွေးအခေါ်သစ်များဖြင့် မွမ်းမံလျက် ဆိုက်ကြီး စာမျက်နှာ (၄၀၀) ကျော်ရှိ ကျမ်းစာအတွဲ (၄) တွဲပြုစုထားသည်။ ထိုနည်းအတိုင်းပင် ဟိန္ဒူဓမ္မကျမ်းဂန် **ဘဂဝတ်ဂီတာ** နှင့် ပတ်သက်ပြီး သူ၏ အယူအဆသစ်များဖြင့် မွမ်းမံဖြည့်စွက်ထားသော ကျမ်းစာကိုလည်း ရေးသားပြုစုထားသည်။ ထို့အတူ အခြားရှေးဟောင်း ဒဿနပညာရှင်များ ဖြစ်ကြသော ပလေတို၊ ဟေကာဒိရတို့၏ အတွေးအခေါ်

များနှင့် ပတ်သက်ပြီး သူ၏အာဘော်သစ်များ ထပ်ဆင့်ဖြည့်စွက်ထားသော ကျမ်းစာများကို ရေးသားပြုစုထားသည်။ အခြားဘာသာရပ် အမျိုးမျိုးနှင့်ပတ်သက်ပြီး အိုရှိုး ရေးသားပြုစုထားသော စာတိုပေစများလည်း တောင်ပုံရာပုံဖြစ်သည်။ အနှီ က ယင်းကျမ်းစာများနှင့် စာတိုပေစများကို အိုရှိုးကိုယ်တိုင် သူ့လက်နှင့် ရေးသားပြုစုခြင်းမဟုတ်ပေ။ သူဟောပြောသော သူ့ပို့ချသော အကြောင်း အရာများကို မှတ်တမ်းတင်လျက် ပုံနှိပ်ထုတ်ဝေခြင်းမျှသာဖြစ်သည်။

အိုရှိုး၏ ဒဿနနှင့် မက်ဒီတေးရှင်း (Meditation) နှစ်ခုရှိသည်။ မက်ဒီတေးရှင်းနှင့်ပတ်သက်ပြီး ကျွန်တော်စိတ်ပါဝင်စားနိုင်သည့် အခြေအနေမျိုးမရှိပေ။ အိုရှိုး၏ ဒဿနကမူ (၈၀) ရာနှုန်းလောက် ကျွန်တော့်အပေါ် သြဇာသက်ရောက်မှုရှိနေသည်။ ကျွန်တော်ရေးသော စာများထဲက (၅၀) ရာနှုန်းလောက်မှာမူ အိုရှိုး၏ အရိပ်အငွေ့ခံနေရသည်ဟု ပြောရမလားမသိပေ။

မြန်မာစာပေလောကၽွှ အိုရှိုးကိုယ်စားလှယ်သုံးဦးရှိသည်။ နံပါတ် (၁) ဖြစ်သော ကျွန်တော်သည် အိုရှိုးတည်ပေးသော ဟင်းအိုးကြီးထဲက ဟင်းဖတ်များကို ဆယ်ယူပြီးစားသုံးသူဖြစ်သည်။ နံပါတ် (၂) ကိုယ်စားလှယ် မင်းသိမ်းကမူ အိုရှိုးတည်ပေးသော ဟင်းအိုးကြီးထဲက ဟင်းဖတ်ကို နှိုက်ယူမစားဘဲ ဟင်းအငွေ့လေးသာကိုသာ စားသုံးသူဖြစ်သည်။ ယခုပေါ်လာသော နံပါတ် (၃) ကိုယ်စားလှယ် ရဲထက်လည်း ကျွန်တော့်နည်းတူ အိုရှိုးတည်ပေးထားသော ဟင်းအိုးကြီးထဲက ဟင်းဖတ်များကို နှိုက်ယူစားသုံးသူဖြစ်သည်။

နံပါတ် (၃) ကိုယ်စားလှယ် ရဲထက်အကြောင်း စကားစပ်ရဦးမည်။ ဒဿနကို မြန်မာမှုပြုရသည်မှာ အခြားစာများကို မြန်မာမှုပြုရသလောက် မလွယ်ပေ။ ဒဿနကို စာဖတ်သူ လေ့လာသူ ဦးကနဲ ခေါက်ကနဲ နားလည်သွားအောင် သဘောပေါက်သွားအောင် တင်ပြရသည်မှာ ထိပ်တန်းအခက်အခဲဖြစ်သည်။ ရဲထက်သည် ယင်းနတ်နေကိုင်းတက်ချိုင်သူဖြစ်သည်။ သူ၏ ကြိုးပမ်းမှု အောင်မြင်မှုရှိသင့်သလောက်ရှိသည်ကိုလည်း စာဖတ်သူများ သိရှိကြပါလိမ့်မည်။ ရဲထက်၏ စာအုပ်ထဲတွင် အိုရှိုးနှင့်ပတ်သက်ပြီး



မှတ်စရာ သိစရာ စိုမှိုင်းသစ္စ စုံစုံလင်လင် ပါဝင်နေသည်ကို တွေ့ရလိမ့်မည်။ မြန်မာမှုပြုဖို့ မလွယ်သော အိုရှိုး၏ ဒဿနကို အောင်အောင်မြင်မြင် မြန်မာမှုပြုသည့် အကြောင်းကြောင့်လည်းကောင်း၊ မြန်မာလူမျိုး တစ်ယောက်အနေနှင့် ကျွမ်းကျွမ်းကျင်ကျင် ကက်မြောက်ဖို့ ခက်ခဲသော ဟာရုတ်စာပေမှတဆင့် အိုရှိုးအကြောင်း လေ့လာရသည်ဆိုသည့်အတွက် ကြောင့်လည်းကောင်း ထပ်ဆင့်အကယ်ဒမီရသူ တစ်ဦးလို ရဲထက်သည် ထပ်ဆင့်ဂုဏ်ပြုထိုက်သူ စာရင်းဝင်ဖြစ်လာသည်။

ရဲထက် (၀ါ) ပါသစ်သည် **'ကော်ဖီဆိုင်နှင့် အခြားကဗျာများ'** စာအုပ်၌ ကဗျာအဖွဲ့နှင့် ပတ်သက်ပြီး လက်စွမ်းပြထားသလို ယခု အိုရှိုး စာအုပ်တွင်လည်း စကားပြေအရေးအသားနှင့် ပတ်သက်ပြီး ကြိုးစားပမ်းစား လက်စွမ်းပြထားသည်ကို တွေ့ရသည်။

ဝါရှူ
(၄·၁၂·၂၀၁၀)



Lao Tzu

## အိုရှိုး စံပြုသည့် တရုတ်ဒဿန ပညာရှင်ကြီး လောက်ဇူး



## လက်ဆောင်ကမ်း အမှာစာ

ဆရာရဲ့လက်နှင့် ရင်းနှီးခဲ့သည်မှာ ကြာပါပြီ။ ကျွန်တော်တို့ မကြာ ၁၉၉၀ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ မွေ့လယ်ပန်း လက်ဖက်ရည်ဆိုင်တွင် ကားယော်ဟာစ်ခါလောက် ဆုံကြပါသည်။ တစ်ခါတရံ ကျွန်တော် အိမ်အောက်ထပ်ရှိ Hario အအေးအေးဆိုင်တွင်လည်း ထိုင်ဖြစ်ကြ သည်။ ဆရာရဲ့လက်နှင့်တွေ့တိုင်း တရုတ်ဒဿနပညာရှင်ကြီးများ၊ အိန္ဒိယ ဒဿန ပညာရှင်ကြီးများ၏ လောကအမြင်များကို ကျွန်တော်တို့ပုံပိုက် ပြောလေ့ရှိ ပါသည်၊ သူနှင့်ဆုံတိုင်း အနည်းဆုံး ဒဿနတစ်ခုလောက် တစ်ခုတော့ ကျွန်တော်ရင်ဝယ် ဖွဲ့ကျန်နေပါသည်။ သို့သော် အိန္ဒိယဒဿန ပညာရှင် အိုရှိုးတော့ မပါခဲ့ပါ။ အိုရှိုးဒဿနစာအုပ် မတွေ့က်မီပြောချင် ပေါ့သွားမည်ဟု သူယင်း၍ မပြောတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ယခုအိုရှိုးဒဿန ဘာသာပြန်စာမူများပေး၍ အမှာစာရေးပေးရန် ပြောလာသောအခါ ကျွန်တော် မင့်မရဲ ဖြစ်ရပါသည်။ အိုရှိုးသည် အိန္ဒိယ နိုင်ငံ၏ တွေးခေါ်ပညာရှင်တစ်ဦးဟုသာ ကြားဖူးပါသည်။ ၎င်း၏ စာအုပ် များကို မဖတ်ခဲ့ဖူးပါ။ ယခု ဆရာရဲ့လက်၏ ဘာသာပြန်စာအုပ်ဖတ် မိသည့်အခါ အိုရှိုးကို မေးစားအပ်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် မြင်လာပါ သည်၊ အိုရှိုး၏ နက်ရှိုင်းသော အတွေးအမြင်ကြောင့်လား၊ ဆရာရဲ့လက်၏ ဘာသာပြန် လေးနက်မှုကြောင့်လား ကျွန်တော် ဆုံးဖြတ်နိုင်စွမ်း မရှိပါ။

အိုရှိုး၏ **'ဖြူစင်သော စိတ်နဲ့ ရိုးရှင်းသောဘဝ'** တွင် အောက်ပါစာပိုဒ်များသည် ကျွန်တော့်နှလုံး သားနှင့် ရွဲကျန်ရစ်ပါသည်။

**'ဖြူစင်တဲ့စိတ်ဆိုတာ ဘောဓိစိတ် ပျောက်ပျယ်ခြင်းရဲ့သဘော၊ ဗုဒ္ဓ တရားတော်ရဲ့ အတွင်းသဘောလည်းဖြစ်တယ်။ ဖြူစင်ခြင်းမှာ မရှိမဖြစ်တဲ့**

တောင်းဆိုချက်ဆိုတာ မရှိဘူး'

'ဖြူစင်တဲ့သူဟာ ဥစ္စာဓန ပြည့်စုံလွန်းသူ ဖြစ်သည့်တိုင်အောင် ပိုင်ဆိုင်စိုးမိုးချင်စိတ် နည်းနည်းမှမရှိဘူး'

'စိတ်နှလုံးငြိမ်သက်သူဟာ ဦးနှောက်ရဲ့ ချုပ်ချယ်မှုကနေ လွတ်ငြိမ်းချမ်းသာခွင့် ရထားသူသာဖြစ်တယ်'

ဒုတိယ အိုရှိုးရဲ့စာကတော့ ကျွန်တော်တို့ကို လှည့်စားနေသော အတ္တ အကြောင်းကို ၄င်း၏ အတ္တဆိုတာဘာလဲ။ အတ္တ၏လမ်းခွဲများ တွင် အောက်ပါအတိုင်း တွေ့ရပါသည်။

'အတ္တမှာ လှည့်စားနိုင်တဲ့မျက်နှာဖုံး တစ်သောင်းရှိတယ်။ စိတ်ကူးယဉ်တဲ့ အမျိုးပေါင်း တစ်သိန်းရှိတယ်။ နရသိမ် အမျိုးအစား တစ်သန်းကို ဖန်တီးနိုင်တယ်'

'အတ္တဆိုတာ၊ စင်စစ်တော့ အသုံးပြုတဲ့ ဖန်တီးမှုတစ်ခုသာဖြစ်တယ်။ သူ့ကို အသုံးပြုနိုင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့လိမ်ညာမှုကို မခံရအောင်တော့ သတိထားရမယ်' တဲ့ဗျာ။

ကျွန်တော်ကတော့ ကောင်းလိုက်တဲ့ အတွေးအခေါ်များဟုပင် ဆိုရန် ရှိပါသည်။ ဒီအတွေးအခေါ်များကို ရအောင်ရေးနိုင်သော ဆရာရဲထက်ကို ကျေးဇူးတင်ရပါသည်။

ဆရာရဲထက်ကတော့ ကျွန်တော်မသိခဲ့ရသော အိုရှိုး၏ အတွေးအခေါ် ဟင်းလေးအိုးကြီးကို နွှေး၍ ကျွန်တော့်အား ခူးခပ်ကျွေးမွေးခဲ့ပါပြီ။ ဒီသာနု အတွေးအခေါ်များဖြင့် ပျော်မွေ့နေလိုသူများအတွက် ဆရာရဲထက်၏ အိုရှိုး ပြောသော လောကအမြင်များ ခံစားနိုင်ရန် မိတ်ဆက်ပေးလိုက်ရပါသည်။

ဦးကျော် (အောင်မြတ်ကျော်)
မြန်မာနိုင်ငံပန်းယမ်း (ငြိမ်း)



# ကိုတာရဲ့ အမှာစာ

အိုရှိုးစာအုပ်တွေကို တွေ့ဖူးတယ်။ သူ့စာအုပ်တွေက အများကြီး။ လူတော်တော်များများ ဖတ်ကြတယ်။ ကျွန်တော် ကတော့ သူ့စာ တစ်အုပ် နှစ်အုပ်ပဲ ဖတ်ဖူးတယ်။ ဆိုလိုတာက အိုရှိုးအကြောင်း ကျွန်တော် မနှံ့စပ်ဘူး။ ဒီအမှာစာ ကတော့ ကိုရဲထက် အပေးရှိုင်းလို့သာ ရေးရတာ။

ကိုရဲထက်က ကျွန်တော့်မိတ်ဆွေလေ၊ ကုန်လွန်ခဲ့တဲ့ (၁၀) နှစ်ကတည်းကပဲ။ သူက ကဗျာဆရာတစ်ယောက်။ စာအုပ်အနည်းအကျဉ်း ထုတ်ဝေဖူးတယ်။ ၂၀၀၀ ကတည်းက ဆရာပေါ်(ပါရဂူ)ရဲ့ အမေ့အဆိုးဆုံး တပည့်တပန်း၊ ဆောင်းပါးလေးတွေ ရံဖန်ရံခါရေးတယ်။ ဒီနှစ်တွေမှာတော့ အိုရှိုးအကြောင်း ဖေ့ဘုတ်မှာ ဆက်တိုက်ရေးတယ်။ သူက တရုတ်စာတတ် တယ်။ ဘယ်လောက်ထိ တတ်တယ်ဆိုတာတော့လည်း ကျွန်တော် ဘယ်လို သိမှာလဲ။

ဒီစာအုပ် သူ့ဘာသာပြန်ကတော့ ချောပါတယ်၊ လူသုံးလေးပါး နားလည်အောင်လည်း သူပြန်တတ်ပါတယ်။ မြန်မာပြည်မှာ အိုရှိုးကို စိတ်ဝင်စားသူတွေ အတော်အတန် ရှိတယ်။ သူတို့ ဖတ်မှာပေါ့။ ကိုရဲထက် ရေးတော့ သူတို့ ဖတ်စရာ ရပါတယ်။ ဘာသာပြန်မှာ အနက်တွေ ယွင်းမယ် လို့ ကျွန်တော်မထင်ဘူး။ မထင်ဘူးလို့ ပြောရတာက မှန်းဆချက်ကိုး။ ကျွန်တော်က မူရင်း မဖတ်ဖူးဘူး။ တရုတ်စာကိုလည်း မဖတ်တတ်ဘူး။ သို့သော် “ကဗျာဆရာ၊ ဂါမဝါသီ၊ ဆရာပေါ့် ရဲ့တော်ကြီး” အဲလို ဝိသေသနများရှိသည့် ကိုရဲထက်ကို ယုံကြည်ပြီး ပြောရမှာက သူ့ဟာက အနက်တော့ ယွင်းမှာမဟုတ်ဘူး။

ဒီလို အမှာစာမျိုး ကြုံမကြုံရလေကွယ်လို့ ပြောသော် ပြောကြပါ။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့တာကတော့ အမှန်တွေပါ။ မမှန်တာ တစ်ခုမှ မပါပါ။

ရှိသေစွာဖြင့်
မောင်တာ

# အိုရှိုး သို့မဟုတ် ညရဲ့သခင်

(၁၉၃၁-၁၉၉၀)

အိုရှိုး (Osho) ကို ဟာရှပ်အမေကာနေ ကျွန်တော်စတင်သိခဲ့ရတာဖြစ်ပါတယ်။ အိုရှိုးရဲ့စာပေဟောကြားမှုနဲ့ပတ်သက်လို့ နှစ်သက်သူတွေရှိသလို၊ ကြိုက်သူတွေလည်းရှိပါတယ်။ အထူးသဖြင့် အိုရှိုးရဲ့ စကားလုံးတွေကတော့ တကယ့်ကို ပြောင်းပြောက်လွန်းပြီး၊ ရှုးရှုထက်မြက်တဲ့ စကားလုံးတွေဖြစ်လို့ တစ်ကြိမ်ဖတ်ရုံနဲ့ ကာတ်သက်လုံးမှတ်မိနေတတ်တဲ့ အသုံးအနှုန်းတွေဖြစ်တယ်လို့ ယူဆမိပါတယ်။

အိုရှိုးအကြောင်းကို လေ့လာမယ်ဆိုရင် ပထမဦးဆုံးအရေးကြီးတဲ့ အချက်က လေ့လာမယ့်သူဟာ အလယ်အလတ်လမ်းစဉ်နဲ့ ပျော့ပျောင်းတဲ့ သဘောထားရှိသူဖြစ်ဖို့က အဓိကလိုအပ်ချက်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အိုရှိုးရဲ့ဟောပြောချက်တွေနဲ့ သူ့ရဲ့အသောက်တွေက အစဉ်အလာတွေနဲ့ လမ်းခွဲပြီး၊ **အနာဂတ်လူသားအသစ်ရဲ့** ပွင့်လင်းမှုကို ရည်ညွှန်းဟောကြားနေတာဖြစ်လို့ပါ။ အိုရှိုးဟာ သူ့ကိုယ်သူ **ဖြစ်တည်မှုပညာနဝါဒီ** (Existentialism) စစ်စစ်ဟာစ်ဆောက်ဖြစ်တယ်လို့ ယုံကြည်ထားသူလည်း ဖြစ်ပါတယ်။ ကမ္ဘာ့စာပေအနုပညာနယ်ပယ်မှာ (Existentialism) ဖြစ်တည်မှု

ပဓာနဝါဒ ကို ရှေ့ဆောင်ခဲ့ကြတဲ့ ပြင်သစ်စာရေးဆရာကြီး (Jean Paul Satre 1905) ယန်းပေါလ်ဆတ်၊ စီမွန်ဒီဗူးဗွား (Simone Debeauvoir 1908) နှင့် အဲလ်ဘက်ကမူးတို့ရဲ့ အယူအဆများနှင့် အိုရှိုးရဲ့ သဘောတရားကတော့ ခြားနားမှုတွေရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ယန်းပေါလ်ဆတ်တို့ရဲ့ ဖြစ်တည်မှုပဓာနဝါဒက နတ်ကိုးရာမဲ့ အယူအဆ ဘက်ကို တိမ်းညွတ်ပြီး၊ မတ် (စ်) ဝါဒကို အားထိုးချင်တဲ့ နိုင်ငံရေးအယူအဆ တစ်မျိုးဖြစ်တယ်လို့ ဝေဖန် ရေးသားသူများက အကဲဖြတ်ကြပါတယ်။

အိုရှိုးရဲ့ ဖြစ်တည်မှုပဓာနဝါဒကတော့ ဘာသာရေးကျင့်စဉ်များနှင့် ပေါင်းစပ်ထားတဲ့ ယုံကြည်မှုနည်းလမ်းတစ်ခုဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ သို့သော်လည်း သူ့ရဲ့ ရေးသားဟောပြောချက်တချို့ဟာ ဖြစ်တည်မှုပဓာနပညာရေးပါဒီ မာတင်ဗူဘာ (Martin Buber 1876-1965) နှင့် ဂျော့ဂျ်ကနီးလား (George Kneellar) တို့ရဲ့ အတွေးအခေါ်မျိုးနဲ့ သွားပြီးနီးစပ်နေတာမျိုးလည်း တွေ့ရှိရပါတယ်။ တစ်ခါတရံမှာတော့ တရုတ်ဒဿနပညာရှင်ကြီး လောက်ကျစ် (Lao Zi) ယခင်အခေါ် (Lao Tzu) လောင်ဇူးရဲ့ ဒဿနများနှင့် ခပ်ဆင်ဆင် သွားတူတာမျိုးလည်း ရှိပါတယ်။ အိုရှိုးဟာ လောက်ကျစ်နဲ့ပတ်သက်လို့ အဟော (၅) တွဲ ရေးသားခဲ့ပါတယ်။ တကယ်တော့ လောက်ကျစ်ဟာ 'တောက်တဲ့ကျင်း' ဆိုတဲ့ ခပ်ပါးပါး စာအုပ် တစ်အုပ်တည်းကိုသာ ရေးသားခဲ့သူ ဖြစ်ပါတယ်။ ဒါပေမယ့် လောက်ကျစ်ဟာ တရုတ်ဒဿနလောကရဲ့ ကနဦး ဆရာကြီး ဖြစ်တယ် ဆိုတာကို အိုရှိုးက ကောင်းစွာသိနေပါတယ်။ ဒါကြောင့် လောက်ကျစ် သို့မဟုတ် တရုတ်ဒဿနပညာရှင်ကြီးအကြောင်း သူကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သလို ဂရိအတွေးအခေါ်ရှင်ကြီး ပလေတို နှင့် ပတ်သက်လို့လည်း သူ့အမြင်ကို ပြည့်စုံအောင် ရေးသားဖော်ပြခဲ့ပါတယ်။

ကမ္ဘာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ ဒဿနအကျော်အမော်များအကြောင်း ကို သူတယ်လိုပင်ရေးသားခဲ့သော်ငြားလည်း အိုရှိုးကတော့ အိုရှိုးပါပဲ။ ဘယ်သူနဲ့မှ ထပ်တူမကျတဲ့ သူ့အယူအဆတစ်ခုလုံးကို သူကိုယ်ပိုင်အတွေး အကြံများထဲကနေ တည်ဆောက်ခဲ့သူဖြစ်ပါတယ်။ လူ့အနှယ်သစ် ဟာ





ဘယ်လိုဖြစ်သင့်တယ်ဆိုတာကို အဓိကထားပြီး သူရေးခဲ့၊ ဟောပြောခဲ့ပါတယ်။ အိုရှိုးဟာ လမ်းသစ်တစ်ခု ဒါမှမဟုတ် ဂိုဏ်းတစ်ဂိုဏ်းကို ထူထောင်ခဲ့သူဆိုတာတော့ ဘယ်သူမှ သံသယရှိဖွယ်မထင်ပါဘူး။ သူ့ကိုကြိုက်တယ်၊ မကြိုက်ဘူးဆိုတာကတော့ အထက်မှာ ကျွန်တော်ပြောခဲ့သလိုပဲ လွတ်လပ်တဲ့ အမြင်နဲ့ အိုရှိုးကို ကြည့်ရှုရမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အိုရှိုးဟာ ရဲရင့်တဲ့ ဒဿနပညာရှင်ကြီးတစ်ဦးဖြစ်ပါတယ်။ သူ့ယုံကြည်မှုကို ထွန်းကားအောင် စွမ်းဆောင်နိုင်သူဖြစ်တယ်ဆိုတာတော့ လက်တွေ့ဖြစ်ရပ်များက သက်သေပြ ခဲ့ပါပြီ။ ခေတ်သစ်တရုတ်စာပေပညာရှင်များရဲ့ အကဲဖြတ်ချက်ကတော့ အိုရှိုးဟာ ၂၀ ရာစုရဲ့ လျှို့ဝှက်ဆန်းကြယ်သူလို့ တင်စားပြောဆိုတာကို တွေ့ရပါတယ်။ မြန်မာပြည်မှာတော့ အိုရှိုးစာပေနှင့် အိုရှိုးအယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် ဘာသာပြန်ရေးသားသူဟာ စာရေးဆရာကြီး ပါရဂူပဲဖြစ်ပါတယ်။ '**စိန္တာမယ**'၊ '**ဘာဝနာမယ**'၊ '**ကလေးပြဿနာ**'၊ '**အဋ္ဌကထာ**' စတဲ့ စာအုပ်များဟာ အိုရှိုးရဲ့ လက်ရာများကနေ ပြန်ဆိုထားတာဖြစ်ပြီး ယနေ့ ဆရာပါရဂူရဲ့ စာပေလက်ရာ ရာခိုင်နှုန်း ၅၀ ကျော်ဟာ အိုရှိုးရဲ့ ဒဿနများ နှင့် ရောနှောနေတာကို တွေ့ရှိရပါတယ်။

အိုရှိုးရဲ့အမည်ရင်းက **ရဂျနီရှ်** (Rajanish) ဖြစ်ပါတယ်။ ဟိန္ဒူ ဘာသာမှာ **ရဂျနီရှ်**ရဲ့ အနက်အဓိပ္ပာယ်ဟာ ညရဲ့သခင်ဆိုတဲ့ အဓိပ္ပာယ်ကို ရပါတယ်။ ညဟာ အမှောင်ကို ကိုယ်စားပြုတဲ့ စကားလုံးဖြစ်ပြီး၊ အမှောင်ထဲ ကသခင်ဆိုတာ အမှောင်ကိုမှုန်း၊ အလင်းဆောင်နိုင်တဲ့ ရှေ့ဆောင်လမ်းပြကို ပြောတာဖြစ်တယ်။ အမှောင်ဟာ မကောင်းမှုရဲ့ သင်္ကေတတစ်ခုဖြစ်သလို အလင်းဟာ ကောင်းမှုကို ထွန်းညှိပြတဲ့ နိမိတ်ပုံလည်းဖြစ်ပါတယ်။ ဒါကြောင့် အမှောင်ရဲ့သခင်ကြီး ရဂျနီရှ်ဟာ အလင်းကိုပိုင်ဆိုင်သူဖြစ်တယ် ဆိုတဲ့ အဓိပ္ပာယ်ကိုသက်ရောက်ပါတယ်။ ရဂျနီရှ်ဆိုတဲ့ အမည်နာမဟာ အလွန် တရာ အဓိပ္ပာယ်ရှိငြားလည်း အပြည်ပြည်ဆိုင်ရာမှာတော့ **အိုရှိုး**ဆိုတဲ့ အမည်နာမကို ပိုပြီးလူသိများကြပါတယ်။ မျက်မှောက်ကာလမှာတော့ အိုရှိုးကို သိသလို အိုရှိုးဖောင်ဒေးရှင်း (Osho Foundation) ကိုလည်း ကမ္ဘာ့အရပ်ရပ်က သိနေကြပါပြီ။ အိုရှိုးဟာ အကြံကြီးသူတစ်ဦးဖြစ်တယ်

ဆိုတာတော့ အိုရှိုးကိုလေ့လာသူတိုင်း သိမြင်နိုင်တဲ့ကိစ္စတစ်ခုပါ။ အိုရှိုးဟာ အကြံ ကြီးသလောက် စွမ်းဆောင်နိုင်သူတစ်ဦးလည်းဖြစ်ပါတယ်။ သူ့ရဲ့ စွမ်းဆောင် မှုကြောင့် ၂၀ ရာစုအတွင်း ကမ္ဘာ့အရပ်ရပ်မှာ အိုရှိုးရဲ့နောက်လိုက် ဒါမှမဟုတ် မနည်းလှတဲ့ အိုရှိုးဝါဒီ တွေပေါ်ထွန်းလာတာကို တွေ့ရ ပါတယ်။ သို့သော်လည်းပဲ အမေရိကန်အစိုးရနှင့် ဥရောပအစိုးရများကတော့ အိုရှိုးကို သိပ်မကြိုဆိုကြပါဘူး။ အိုရှိုး ကမ္ဘာ့လှည့်တရားဟောဖို့ ပြည်ဝင်ခွင့် တောင်းတဲ့အခါမှာ ဥရောပနိုင်ငံအတော်များများက ပြည်ဝင်ခွင့်ပေးဖို့ ငြင်းဆန်ကြပါတယ်၊ ဒါဘာကြောင့်လဲလို့ စူးစမ်းကြည့်ရင် အိုရှိုးရဲ့ အတွေး အခေါ်နှင့် စွမ်းဆောင်နိုင်မှုအပေါ်မှာ သူတို့သံသယရှိကြလို့ပဲ ဖြစ်ပါတယ်။ ဘာကို သံသယ ရှိတာလဲလို့ ဆက်ပြောကြည့်ရင် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုများနှင့် ဆက်နွယ်နေတဲ့ပြဿနာဖြစ်နိုင်ပါတယ်။ ပြည်ပက တင်သွင်းလာတဲ့ ဘာသာရေးဂိုဏ်းဂဏ ကြီးထွားမှုပြဿနာမျိုး ကိုတော့ ဥရောပအစိုးရတွေ ကလည်း သတိထားကြမှာပါ။ နောက်ဆုံးတော့ အိုရှိုးရဲ့ ကမ္ဘာ့ပတ်ရေး အစီအစဉ်ဟာ မအောင်မြင်ခဲ့ပါဘူး။ ဒါ့အပြင် ဘာသာရေးသမားများနှင့် အရှေ့တိုင်းဝါဒီတချို့ကတော့ အိုရှိုးဟာ လိင်မှုဆိုင်ရာကိစ္စတွေမှာ ပေါ့ပေါ့ လျော့လျော့ရှိနိုင်တယ်။ တင်းကျပ်တဲ့ သဘောထား မရှိဘူးလို့ ပြင်းပြင်းထန်ထန် ဝေဖန်ကြတာတွေလည်း ရှိပါတယ်။ ဒါပေမယ့်လည်း အိုရှိုးရဲ့ တရားကတော့ **လှုပ်ရှားမှုထဲမှာ တည်ငြိမ်မှုကို တည်ဆောက်၊ အနှောင်အဖွဲ့ ထဲမှာ လွတ်လပ်ခြင်းကိုရှာ၊ အတ္တဟာ ရေခဲတောင်ကြီးနဲ့တူတယ်၊ ပြင်းပြနေတဲ့ ဆန္ဒတွေ ငြိမ်သက် သွားအောင် အရင်လုပ်ရမယ်၊ ပြီးမှ တကယ့်ငြိမ်းချမ်းမှုဆီ သွားရမယ်၊ သေခြင်းတရားကို စောစွာကပဲ သဘောပေါက်နားလည်ထားရမယ်။** ဒါတွေဟာ အိုရှိုးဒဿနရဲ့ ထင်ရှားတဲ့အဓိကတိုင်များပဲ ဖြစ်ပါတယ်။

အိုရှိုးရဲ့ ဘဝဖြတ်သန်းမှုကို ကျွန်တော်တို့ ဆက်ပြီးလေ့လာကြည့်မယ်ဆိုရင် အိုရှိုးကို အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ၊ (Madhya Pradesh) မက်(ဒ်)ရပ် ပါရာဒက်(ရှ်)ပြည်နယ်၊ (Kuchvada) ကုချဗါဒါရွာမှာမွေးဖွားခဲ့ပြီး၊ သူဟာ (Jabalpur) ကောလိပ်မှာ ဒဿနဗေဒအထူးပြုနှင့် စိတ်ပညာ၊ ဘာသာ





တရားကိုးကွယ်မှုဆိုင်ရာ ပညာရပ်များကို သင်ကြားတတ်မြောက်ခဲ့သူဖြစ်ပါ တယ်။ ၁၉၅၇ ခုနှစ်မှာ (Sagar) **သာဂရမြို့** တက္ကသိုလ်ရဲ့ ဒဿနပညာနှင့် မဟာသိပ္ပံဘွဲ့ ရွှေတံဆိပ်ဆုကို ရရှိခဲ့ပြီးနောက်ပိုင်း (Jabalpur) ကောလိပ်၌ ပါမောက္ခတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်းမှာ သူ့ရဲ့အမည်မှာဟာ **(Acharya Rajanish)** အာစရိယ ရာဂျနိရှ်အဖြစ် ထင်ရှားကျော်ကြားလာခဲ့ ပါတယ်။ **အိုရှိုးဟာ** ပါမောက္ခတာဝန်နှင့် အိန္ဒိယတစ်နိုင်ငံလုံးကို လှည့်လည် သွားရောက်ခဲ့ပြီး၊ သူ့ရဲ့ယုံကြည်မှုကို ရှာဖွေစူးစမ်းနေခဲ့ပါတယ်။ မြောက်မြား လှတဲ့လူတွေနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်။ အမှန်တော့ အိုရှိုးဟာ ပါမောက္ခတာဝန်ကို ထမ်းဆောင်စဉ်ကတည်းက ၁၉၅၃ ခု၊ မတ်လ ၂၁ ရက်၊ **သူ့အသက်** ၂၁ မှာပဲ သူ **တရား** ရခဲ့ တယ်လို့ အိုရှိုးမှတ်တမ်း များက အတိအလင်း ရေးသားကြပါတယ်။ သူရရှိခဲ့တဲ့ **တရား** ဆိုတာ သူကိုယ်တိုင် ရှာဖွေတွေ့ရှိခဲ့တဲ့ **'တရား'** ကို ဆိုလိုတာဖြစ်ပါတယ်။ ထိုအချိန်ကစပြီး သူဟာ ဘာသာရေးဂိုဏ်းကြီးတစ်ခုကို အောင်မြင်စွာ တောင်ထူထောင်နိုင်ခဲ့ပြီး ၁၉၆၀ ခုနှစ်မှာတော့ အိုရှိုးဟာ သူမတူတဲ့ တရား တစ်ခုကို အလုံးစုံပြီးမြောက်အောင် ဖန်တီးတည်ဆောက်နိုင် ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ နေရာအတော်များများမှာ အိုရှိုးနည်းစနစ်ကို ကျင့်သုံးတဲ့ (Meditation) တရားစခန်းများကို ဖွင့်လှစ်ထူထောင်ခဲ့ပြီး၊ ၁၉၆၆ ခုနှစ် အိုရှိုး ပါမောက္ခရာထူးကနုတ်ထွက်ပြီးနောက် သူတီထွင်ခဲ့တဲ့ တရားပြ နည်းစနစ်သစ် **(Zorba the Buddha)** ကို ယင်းတရားစခန်းများမှာ ပြသပေးခဲ့ပါတယ်။ ဒီတရားရဲ့အဓိပ္ပာယ်ကတော့ လူတစ်ယောက်ဟာ လောကီ၊ လောကုတ္တရာ နှစ်ဖြာစလုံးမှာ ပျော်ရွှင်ချမ်းမြေ့မှုနှင့် ကျေနပ်အားရမှု ဆိုတဲ့ ခံစားခွင့်တွေ ရရှိလာအောင် ပြုစုပျိုးထောင်ပေးတဲ့ နည်းလို့ ဆိုပါ တယ်။

အမှန်တော့ အိုရှိုးဟာ အနောက်တိုင်းသိပ္ပံပညာနှင့် အရှေ့တိုင်းဉာဏ် ပညာကို အချိုးအစားညီအောင် ပေါင်းစပ်ပြီး၊ လုံးဝဥဿုံအသစ်ဖြစ်တဲ့ သင်ခန်းစာတစ်ရပ်ကို ပြည့်စုံကြွယ်ဝအောင် ဖန်တီးပြုစုခဲ့သူလို့ဆိုရမှာ ဖြစ်ပါတယ်။ သူ့တရားရဲ့ ဦးတည်ချက်ကတော့ လူသားအသစ်

(လူ့အနှယ်အသစ်) ဟာ ဘယ်လိုအနှောင်အဖွဲ့ကိုမှ မခံစားစေရဘဲ အစစ်အမှန် လွတ်လပ်တဲ့ "ငါ" အဖြစ်နဲ့ မိမိဘာသာ စိတ်တိုင်းကျရှင်သန်နိုင်ရေးပါ၊ မိမိရဲ့ စိတ်အတွင်းပိုင်းမှာ ကိုယ်ပိုင်အမှန်တရားနဲ့ ငြိမ်သက်တဲ့ လူတစ်ယောက် ကို ပြန်ရှာတွေ့ဖို့ပဲဖြစ်ပါတယ်။ ယင်းတရားရဲ့ အကျိုးဆက်အနေနှင့် **၁၉၇၀** ခုနှစ် အစောပိုင်းကာလများမှာ အနောက်တိုင်းသား အများအပြားဟာ အိုရှိုး ရဲ့နောက်လိုက်တပည့်တွေ ဖြစ်လာခဲ့တာပါပဲ။ အထူးသဖြင့် သူ့နောက်လိုက် အများစုဟာ အဆင့်မြင့်ပညာတတ်များနှင့် အနုပညာရှင်များဖြစ်ကြပါတယ်။

၁၉၇၀ ခုနှစ်မှာပဲ အိုရှိုး ဗုံဘေ (မွန်ဘိုင်း) မြို့ကိုရောက်လာပါတယ်။ သူ့ဆီကိုရောက်တော့ ပိုမိုများပြားတဲ့ အနောက်တိုင်းသားတွေဟာ အိုရှိုးရဲ့ တရားကို ဆည်းပူးလိုတဲ့စိတ်နဲ့ အိုရှိုးထံချဉ်းကပ်ကြပါတယ်။ တရားရှာဖွေလိုသူအများစုဟာ ဥစ္စာဓနကြွယ်ဝသူများဖြစ်ကြသော်လည်း လောကနှင့် လူ့ဘဝရဲ့အနှစ်သာရကို ပြည့်စုံအောင်သိလိုကြသူများဖြစ်တယ်။ တစ်နည်းအားဖြင့် လောကသစ္စာကို နက်နက်ရှိုင်းရှိုင်း ရှာဖွေနေသူများလည်း ဖြစ်ကြပါတယ်။ ဤကဲ့သို့ တရားရှာဖွေနေကြသူများအား ဘဝရဲ့အနှစ်သာရနှင့် လောကရဲ့သစ္စာတရားကို တရားအားထုတ် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအလုပ်ဖြင့်သာ ရှာဖွေတွေ့ရှိနိုင်တယ်လို့ အိုရှိုးက အတိအလင်း လမ်းညွှန်ပြခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်၊ ဆက်တင်ဘာလမှာ ဟိမဝန္တာတောင်တန်းရှိ **မနာလီမြို့၌** တရားစခန်းအသစ်တစ်ခုကို ထပ်မံဖွင့်လှစ်ခဲ့ပြီး ယင်းတရားစခန်း၌ တရားရှာသူများကို အသင်းဝင်စနစ်ဖြင့် ပြုလုပ်ပေးကာ၊ ဘာသာရေး ဂိုဏ်းကြီး တစ်ခု ထူထောင်လိုက်ကြောင်း တရားဝင်ကြေညာလိုက်ပါတယ်။ ဒီအချိန်ကစပြီး၊ သူ့ကို **(Bhagawan Rajanish)** သူတော်စင် ရဂျနီရှ်ဟု လူအများက သူတော်ကောင်းဘွဲ့ပေးအပ်ခဲ့ပါတယ်။

အိုရှိုးဆက်ပြီးပြောခဲ့တာက သူဟာ သာမန်လူတစ်ယောက်သာဖြစ်တယ်။ တကယ်လို့ သူ့လို သာမန်လူတစ်ယောက်တောင် တရားရနိုင်တယ်ဆိုရင် လူတိုင်းလည်းရနိုင်ပါတယ်။ ခင်ဗျားရဲ့ဖြစ်တည်မှု **ဗလာကျင်းတဲ့စမ်းသပ်စိတ်** က ခင်ဗျားအတွက် ကြီးမားတဲ့အနှစ်သာရ ပြောင်းလဲမှုကို သယ်





**ဆောင်ပေးလာပါလိမ့်မယ်၊** ခင်ဗျားကို **လူသားအသစ်** ဖြစ်စေပါလိမ့်မယ်။ **မကြောင်နှာ**တရားရှိတာ၊ အချစ်စိတ်ရှိတာ၊ နားလည်သဘောပေါက်မှုရှိတာ၊ အသိဉာဏ်ပါလိမ္မာမှုရှိတာ၊ သေခြင်းတရားကိုမကြောက်တာ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကိုယ်ပေါ်က ဇာတိုအချက်အချာကို ခင်ဗျားသိနေလို့ပါပဲ။ "**အသိစိတ်**"နဲ့ပတ်သက်လို့လည်း အိုရှိုးက ဒီလိုပြောခဲ့ပါတယ်။ "ကျုပ်ခင်ဗျားတို့ကို ဘယ်လိုကိုယ်ကျင့်တရားအယူအဆမျိုးကိုမှ ဖြန့်ဖြူးပေးမှာ မဟုတ်ဘူး။ ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ်လို့လည်း ကျုပ်တစ်ခါမှ **မပြောခဲ့ဖူးဘူး။** တကယ်တော့ ဒီလိုအတွေးမျိုးဟာ ကလေးစိတ်ပဲဖြစ်တယ်။ ကျုပ်ဆွေးနွေးချင်တာကတော့ **အသိစိတ်** ဆိုတဲ့ "စံ"တစ်ခုပါပဲ။ **စံ**အားမှုအသိစိတ်ထဲမှာ ခင်ဗျားရဲ့ ဖြစ်မှုဆောင်ရွက်ချက်အားလုံး မှန်ကန်ကိုကျပြီး၊ အမှားအယွင်းမရှိဘူး ဘာကြောင့်လဲဆိုတော့ လူဟာ အခုရဲ့သိစိတ်ရဲ့ အနေအထားတစ်ခုအောက်မှာ အမှားကို မကျူးလွန်နိုင်လို့ဘဲဖြစ်တယ်၊ တကယ်လို့ အသိစိတ်သာမရှိဘူးဆိုရင် ခင်ဗျားရဲ့ဆောင်ရွက်ချက်တွေက သိပ်ကောင်းနေစေဦးတော့ လူတိုင်းသဘောပေါက်တဲ့ကိစ္စဖြစ်လို့ ကျုပ်ကတော့ အဲဒါမှားနေတယ်လို့ ပြောရမှာပဲ။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားမှာ အသိစိတ်မှုမရှိတာ၊ ခင်ဗျားဟာ အမှားရဲ့ယုတ္တိနဲ့လုပ်နေတဲ့ ကောင်းမှုဖြစ်လို့ပါပဲ"။

၁၉၇၄ ခုနှစ်မှာ အိုရှိုးဟာ **(Maharastra)** မဟာရဋ္ဌပြည်နယ်၊ **ပူနား** မြို့သို့ရောက်ရှိခဲ့ပြီး ယင်းဒေသ၌ တရားစခန်းနောက်တစ်ခုကို ထူထောင်ခဲ့ပြန်ပါတယ်။ ဒီအချိန်မှာ ရဂျနီရှ် (ခေါ်) အိုးရှိုးဟာ ကမ္ဘာတစ်ဝှမ်းကျော်ကြားနေပြီဖြစ်ပါတယ်၊ ကျော်ကြားမှုနှင့်အတူ သူ့ရဲ့ ဟောပြောပို့ချချက်တွေဟာလည်း ပိုမိုပြည့်စုံကြွယ်ဝလာတာကိုတွေ့ရှိရပါတယ်၊ ဗုဒ္ဓ၊ ခရစ်တော်၊ မိုဟာမက်၊ ကရစ်ရှနား၊ ဂျိင်၊ မဟာဝီရ၊ **ရှုဒီလျှာ**၊ နာနခ တို့ ဘုရားသခင်များနှင့် သူတော်စင်ကြီးများအကြောင်း၊ လူ့လောက တစ်ခုလုံးမှာ ပေါက်ဖွားစီးမျောနေတဲ့ ဒဿနအခြေခံ အရာများစွာကို သူဟောပြောခဲ့ပါတယ် ဒဿနများကို ဟောပြောရင်းက ကျင့်စဉ်ပိုင်းဆိုင်ရာတွေကိုလည်း ပို့ချပေးခဲ့ပါသေးတယ်။ **ယောဂကျင့်စဉ်၊ တန္တရ**

ကျင့်စဉ်၊ တာအို၊ ဇင်၊ (Sufi) စူဖီ၊ ဟာဒီသ စတဲ့ဂိုဏ်းဝင်ပေါင်း ကျင့်စဉ်ဆိုင်ရာပြဿနာများနှင့် ၄င်းတို့ရဲ့နည်း စနစ်များကို အသေးစိတ်ဆွေးနွေး ဟောပြောခဲ့ပါတယ်။

ဆရာကြီးအိုရှိုးဟာ သူ့ရဲ့ဒဿန နယ်ပယ်မှာ ရှုထောင့်ဘာသာနှုန်းပြခြင်းနှင့် အချက်အလက်စုဆောင်းမှုဟာ တစ်ကော်ကမ်းလပ်အောင်ကို ထူးခွန်းသူကစ်ဦး ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ပေါ်ပေါက်ခဲ့တဲ့ လူပုဂ္ဂိုလ် သူတော်ကောင်းများအကြောင်းကိုလည်း ချန်လှပ်ထားခြင်း မရှိဘဲ၊ ဂုဏ်ပြုပြောကြားသလိုဝေဖန်ရေးလည်း လုပ်ခဲ့ပါတယ်။ ဥပမာ မဟတ္တမဂန္ဒီကြီးအကြောင်းကို အိုရှိုးဟာ အကောင်းမြင်ဘက်က ပြောနဲ့သလို အဆိုးမြင်ဘက်ကလည်း ထောက်ပြခဲ့ပါတယ်။ သူ့နောက်လိုက်ဟာတွေ့အပေါင်းက အိုရှိုးဟောကြားခဲ့တဲ့ တရားစာအုပ် အများအပြားထဲက လက်ရွေးစင်စာအုပ် ၆၀၀ ကျော်ထုတ်ဝေခဲ့ပြီး၊ ကမ္ဘာ့ဘာသာပေါင်း ၃၀ ကျော် ဘာသာပြန်ဆိုခဲ့ပြီး ဖြစ်ပါတယ်။ ညရဲ့သခင်ကြီးအိုရှိုးက သူ့ရဲ့ကိုယ်ပိုင်ဟောပြောပို့ချချက်တွေနဲ့ ပတ်သက်လို့ ဒီလို ပြောခဲ့ဖူးပါတယ်။ "ကျွန်တော် ဟောပြောနေတာတွေဟာ ပါးစပ်နဲ့ဟုတ်သလို ကြံစည်ရမယ့်နည်းများလည်း မဟုတ်ပါဘူး၊ ကျွန်တော်ပေးမယ့် Message ကတော့ လူသားတွေကို ပြောင်းလဲပေးနိုင်မယ့် သိပ္ပံနည်းတစ်ခုပဲဖြစ်ပါတယ်" လို့ ပြောခဲ့ပါတယ်။

၁၉၇၉ ခုနှစ် တစ်နေ့မှာ အိုရှိုးတရားဟောနေစဉ်အတွင်း လူတစ်ဦးက သူ့ကိုလုပ်ကြံဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒီလုပ်ကြံမှုဟာလုံးဝ မအောင်မြင်ပေမယ့် ရုတ်တရက်ကြီးဆိုသလို အိုရှိုးဟာ ကျန်းမာရေး ဆိုးရွားသွားပြီးနောက် ၁၉၈၁ ခုနှစ်နောက်ပိုင်းကစပြီး သူဟာ ဝပိပိတ်နေခဲ့ပါတယ်၊ ၁၉၈၁ ခုနှစ်အတွင်း (Osho Centre) ဖုံးကွဲတဲ့ သတင်းဆိုးဟာ ကမ္ဘာအနှံ့ပြန့်သွားခဲ့ပြီး၊ ယင်းဖုံးကွဲမှုနှင့်စပ်လျဉ်းတဲ့ ဝေဖန်ပြောဆိုချက်နှစ်မျိုးဟာလည်း လူတွေအကြားမှာ ပြန့်ပွားခဲ့ပါတယ်။ ပထမတစ်မျိုးက အိုရှိုးဂိုဏ်းကိုဆန့်ကျင်တဲ့ အစွန်းရောက်ဝါဒီတချို့က လုပ်ကြံဖောက်ခွဲတာလို့ ဆိုပါတယ်။ နောက်သြော ပြောဆိုသံက ပေးဆောင်ရမယ့် အခွန်အတုတ်တွေများလွန်းလို့ ခါကိုရှောင်ထွက်ဖို့အတွက် အိုရှိုးကိုယ်တိုင်က ဖုံးခွဲခိုင်းတာလို့ ကောလာဟလတွေ





ဖြစ်နေပါတယ်။ ဘာတွေပဲပြောပြော အိုရှိုးကတော့ သူ့လမ်းကြောင်းအတိုင်း ဆက်လျှောက်သွားပါတယ်။

အိုရှိုးစင်တာဖုံးကွဲပြီးနောက် ၁၉၈၁ ခုနှစ်၊ ဇွန်လပိုင်းမှာ သူ့နောက်လိုက် သာဝကများက ဆရာကြီးအိုရှိုးကို အမေရိကန်နိုင်ငံသို့ ခေါ်ဆောင်သွားကြပြီး၊ အမေရိကန်နိုင်ငံ (Oregon) အိုရီဂွန် မြို့နယ်ဒေသမှာ မြေဧက (၆၄၀၀၀) ရှိတဲ့အကျယ်အဝန်းကို အိုရှိုးဂိုဏ်းသားများက ဝယ်ယူလိုက်ပြီး၊ အိုရှိုးမြို့ကြီးတစ်မြို့ကို ထူထောင်လိုက်ကြပါတယ်။ ဒီမြို့မှာပဲ အိုရှိုးတရားစခန်းများနှင့် အိုရှိုးတက္ကသိုလ်များကို တည်ဆောက်ဖွင့်လှစ်ကာ ကြီးမားတဲ့ နွားမြူးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းဆောင်ရွက်မှုများထဲက ရာဂျနီ(ရှ်)ပူရမ် (Rajanish puram) ဟာ ကြီးကျယ်ထင်ရှားတဲ့ တရားရိပ်သာမြို့တော် ဖြစ်ပါတယ်။ ၁၉၈၄ ခုနှစ်ရောက်တော့ ၁၉၈၁ ခုနှစ်က တည်းက ဝပိပိတ်နေခဲ့တဲ့အိုရှိုး ဟာ စကားပြောခြင်းအမှုကို ပြန်ပြုလာပါတယ်။ အမေရိကန်နိုင်ငံအတွင်း အိုရှိုးရဲ့ ဆောင်ရွက်ချက်များနှင့်ပတ်သက်လို့ အမေရိကန်အာဏာပိုင်များနှင့် နောက်ပိုင်းမှာ ပဋိပက္ခများမှာဖြစ်လာခဲ့ပါတယ်။ အိုရှိုးရဲ့ လှုပ်ရှားမှုများကိုလည်း ပိတ်ပင်တားမြစ်ခြင်းများပြုလာပါတယ်။ ၁၉၈၅ ခုနှစ်မှာ အမေရိကန်အစိုးရဟာ အကြောင်းအမျိုးမျိုးပြပြီး အိုရှိုးကို ဖွဲ့ချုပ်တင်ခဲ့ပါတယ်။ နောက်ဆုံးတော့ တရားစွဲထောင်ချလိုက်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဘယ်ရွေ့ဘယ်မျှ စီရင်ချက်ချတယ်၊ အချိန်ဘယ်လောက်ကြာတယ်ဆိုတဲ့ အသေးစိတ်အချက်အလက်များကိုတော့ ရေးသားဖော်ပြထားခြင်းမရှိပါဘူး။ အမေရိကန်အစိုးရနှင့် အဓင်မပြေဖြစ်ခဲ့တာကိုပဲ အကြောင်းဖွင့်ဖော်ပြတာ တွေ့ရပါတယ်။ အိုရှိုးရဲ့ ကိုယ်ရေးမှတ်တမ်းများအရ နောက်ပိုင်းကာလများမှာ မသမာသူတစ်ဦးရဲ့လက်ချက်ကြောင့် ဟောလီယမ်ဓာတုဓာတ အဆိပ် အဓတ်ခံခဲ့ရတယ်လို့ သိရပါတယ်၊ ဒီလိုမဟုတ်ဓာတုအဆိပ်မျိုးဟာ တဖြည်းဖြည်းနဲ့ ဒုက္ခပေးတဲ့အဆိပ်မျိုးဖြစ်တယ်လို့လည်း ဆိုပါတယ်။

၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှာ အမိနိုင်ငံ အိန္ဒိယကို အိုရှိုးပြန်လည်ရောက်ရှိလာခဲ့ပါတယ်၊ ၁၉၈၆ ခုနှစ်မှာတော့ အသက်မှာ

တင်ပြခဲ့သလိုပဲ ကမ္ဘာပတ်ခရီးကိုစတင်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် နိုင်ငံပေါင်း ၂၁ နိုင်ငံက အိုရှိုးကိုပြည်ဝင်ခွင့်မပေးပါဘူး။ ပြည်ဝင်ခွင့်မပေးတဲ့ နိုင်ငံများကတော့ ဂရိ၊ အီတလီ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ အိုင်ယာလန်၊ အနောက်ဂျာမနီ၊ ဟော်လန်၊ ကနေဒါ၊ ဂျမေကာ၊ စပိန် စတဲ့ ဒီမိုကရေစီနိုင်ငံကြီးများပဲဖြစ်ပါတယ်။ **၁၉၈၆** ခုနှစ်၊ ဇူလိုင်လမှာတော့ သူ(မွန်ဘိုင်း) ဘုံဘေမြို့ကို ရောက်ရှိခဲ့ပြီး၊ **၁၉၈၇** ခုနှစ်၊ ဇန်နဝါရီလမှာ **သူရဲ့ဘူမိနက်သန် ပူနာမြို့ (Osho Commune International)** ကျောင်းကို ပြန်လည်ရောက်ရှိခဲ့ပါတယ်၊ **၁၉၈၈** ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ရဂျနီရှိအမည်ရှေ့က တပ်ထားတဲ့ဘွဲ့ထူး **(Bhagawan)** နာမဝိသေသနကို ဖြုတ်လိုက်ပါတယ်။ **၁၉၈၉** ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ပူနာမြို့။ အင်တာနေရှင်နယ်စင်တာမှာ သူတရားဟောပြောနေစဉ် သူ့နောက်လိုက် ယောဂီတစ်သောင်းကျော်က ရုတ်ချည်း သူတို့ရဲ့ဆရာ ရဂျနီရှိကို **(Osho)** အိုရှိုးဟု သောင်းသောင်းဖြဖြ ဘွဲ့ပေးလိုက်ကြပါတယ်၊ အဲဒီအချိန်ကစပြီး "အိုရှိုး" နာမည်တွင်ခဲ့တယ်လို့ မှတ်တမ်းများက ဆိုပါတယ်။ ဒါပေမယ့် အိုရှိုးရဲ့အနက်အဓိပ္ပာယ်က ဘာလဲ၊ အိုရှိုးလို့ ဘာကြောင့်မှည့်ခေါ်ရတာလဲစတဲ့ မေးခွန်းများကတော့ တဖက်သူ အတော်များများမသိသေးတဲ့ ကိစ္စရပ်ပဲဖြစ်ပါတယ်။ ခန့်မှန်းရတာကတော့ အိုရှိုးဆိုတာ ဂျပန်ဘာသာစကားက ဆင်းသက်လာတာ ဖြစ်နိုင်ပါတယ်။ ဂျပန်ဒဿန နယ်ပယ်က အိုရှိုးရဲ့အတွေးအမြင်တွေကို လေးလေးစားစား ကြိုဆိုခဲ့ကြပြီး၊ သူတို့ကပဲ **အိုရှိုး**လို့စတင် သမုတ်ခဲ့ပုံရတယ်။ ဂျပန်ဘာသာစကားမှာ **Osho** ဆိုတာ ကျောင်းထိုင်ဆရာတော်ကြီးလို့ အဓိပ္ပါယ်ရပါတယ်။ ဘာပဲဖြစ်ဖြစ် **၁၉၈၉** ခုနှစ်နောက်ပိုင်းမှာ **အိုရှိုး**ဆိုတဲ့ အမည်နာမဟာ ကမ္ဘာတစ်ဝှမ်းဖြတ်သန်းသွားခဲ့တာ အမှန်ပါပဲ။

မကျန်းမမာတဲ့ကြားက အိုရှိုးဟာ **၁၉၈၉** ခုနှစ်၊ ဧပြီလမှ **၁၉၉၀** ခုနှစ်၊ ဇန်နဝါရီလ **၁၆** ရက်နေ့ အထိ **(White robe brother)** ခေါ်ဖြူရောင် ဝတ်စုံအသင်းက သူ့နောက်လိုက်တပည့်များကို နေ့စဉ်မပျက် တရားပြနေရင်း၊ ဇန်နဝါရီ ၁၇ ရက်နေ့မှာတော့ တရားမပြတော့ဘဲ





ရုတ်တရက် နှုတ်ဆက်ပြီး သူ့အိပ်ဆောင်ကိုပြန်သွားခဲ့ပါတယ်၊ ဇန်နဝါရီ ၁၈ ရက်နေ့မှာ သူ့ရဲ့ဆရာဝန်က တရားခန်းမကိုရောက်လာပြီး၊ အိုရှိုးတရားမပြနိုင်တော့ကြောင်းသတင်းပို့လာပါတယ်။ ဒီသတင်းကိုကြားရတဲ့ ယောဂီအပေါင်းဟာ အိုရှိုးအတွက်၊ စိတ်မကောင်းခြင်းများစွာဖြစ်နေဆဲမှာပဲ ဇန်နဝါရီလ ၁၉ ရက်နေ့ ညနေ ၅ နာရီမှာ ဆရာကြီးအိုရှိုး ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပါတယ်။ အိုရှိုးရဲ့ကွယ်လွန်ခြင်းဟာ သူ့တပည့်တပန်းများအတွက်သာ ကြေကွဲခြင်းမဟုတ်ဘဲ၊ ကမ္ဘာအနှံ့ပြန့်နေပြီဖြစ်တဲ့ အိုရှိုးစာဖတ်ပရိသတ်အတွက်လည်း ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ၂၀ ရာစု ဒဿနနယ်ပယ်အတွက်လည်း အစားထိုးမရတဲ့ ကွက်လပ်ကြီးတစ်ခု ဖြစ်သွားတယ်လို့လည်း ယူဆနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ဆရာကြီးအိုရှိုးရဲ့ စွမ်းဆောင်ချက်တွေဟာ ကမ္ဘာ့လူသားများအတွက် အတိုင်းအတာတစ်ခုအထိ စဉ်းစားစရာတွေပေးခဲ့တယ်။ သူ့စကားလုံးတွေနှင့် အယူအဆတွေဟာ လူတစ်ယောက်ရဲ့နှလုံးသားထဲ၊ ဒါမှမဟုတ် ဦးနှောက်ထဲကို ခပ်ရှူးရှူးထိုးဖောက်ဝင်ရောက်ခဲ့တာအမှန်ပါပဲ။ ပိုပြီး စိတ်ဝင်စားစရာကောင်းတဲ့အချက်ကတော့ သူဟာ ကျေးလက်လူတန်းစားမိသားစုက မွေးဖွားခဲ့သူဖြစ်ပြီးငယ်ရွယ်စဉ်ကာလက **ဂျိန်း (Jain)** ဘာသာဝင်တစ်ဦးဖြစ်ခဲ့တယ်လို့ သိရပါတယ်။ သူရေးသားပြုစုခဲ့တဲ့ ကျမ်းဂန်များအနက် ထင်ရှားကျော်ကြားတဲ့လက်ရာများကတော့ **ဗုဒ္ဓ၊ ဥပနိသျှဒ်ကျမ်း၊ ဂီတာကျမ်းစာ၊ မဟာဝီရကျမ်း၊ (ဘဂဝါဂီတာ) ဟိန္ဒူဘာသာရေးကျမ်း၊ ကဗီရ၊ ဒါဒူ၊ ပလေတို၊ သုန္ဒရဒတ်၊ အရှ်တာဝကြရ မဟာဂီတာ၊ နိစ္ဈာန်** စတဲ့စာအုပ်များပဲဖြစ်ပါတယ်၊ အိုရှိုးဟာ ဗုဒ္ဓကိုပိုပြီး အရိုအသေပေးခဲ့တယ်ဆိုတာ သူ့ရဲ့ ရေးသားဟောပြောချက်များမှာ တွေ့ရှိနိုင်ပါတယ်။ အိုရှိုးရေးသားခဲ့တဲ့ **ထာဝရတည်မြဲနေသောဓမ္မတရား (သနန္တနဓမ္မ)** ဟာ **ဘုရားဟောဓမ္မပဒ** ဂါထာကိုသူ့အယူအဆသစ်နှင့်သူ အနက်ဖွင့်ပြီး ရှုထွင်ရေးသားခဲ့သူဖြစ်ပါတယ်။ ကတ်တွဲကို စာမျက်နှာ **၃၀၀** ကျော်ရှိတဲ့ ဓမ္မပဒ **၁၂** တွဲကို သူရေးသားခဲ့ပါတယ်။ အကယ်တော့ ဆရာကြီးအိုရှိုးဟာ ရိုးသားတဲ့ကျေးလက်အငွေ့အသက်များကို တစ်သက်လုံး ကိန်းသိမ်းပြီး၊ သူယုံကြည်ရာကို တစူးတစိုက်လုပ်ကိုင်ခဲ့သူပါ။ သူဟာမိုက်မဲမင်းပြော

ခဲ့တာကတော့ **မျိုးဆက်သစ်များ** အကြောင်းနှင့် **အနာဂတ်လူသား အသစ်**များအကြောင်းပဲဖြစ်ပါတယ်။ **"ရှင်သန်နေတဲ့ ဘုရားကျောင်း"** စာအုပ်မှာ သူပြောခဲ့တာက "ကမ်းခု တည်းကိုပဲ ရူးရူးမိုက်မိုက် ကျင့်ကြံအား ထုတ်ပါ၊ အောင်မြင်ပါလိမ့်မယ်"။ ဒါဟာ သူ့ရဲ့ယုံကြည်မှုကိုဖော်ပြတဲ့စကားလည်း ဖြစ်ပါတယ်၊

**The Book of Ego, The Book of Men, The Book of Women** စတဲ့ သူ့ရဲ့စာအုပ်များမှာလည်း အံ့သြဖွယ်ကောင်းသော ဖွင့် ရှုရတဲ့ အရေးအသားများကို ကျွန်တော်တို့ မျက်ဝါးထင်ထင်မြင်ခဲ့ရပါပြီ။ သူ့ရဲ့စာပေတွေဟာ ရိုးရိုးရှင်းရှင်းရေးသလို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ရေးသားတာမျိုးလည်း ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့ အမြဲတမ်း သတိရနေသင့်တဲ့ အိုရှိုးရဲ့ စကားတစ်ခုက ဒီလိုဆိုပါတယ်။ **"ရိုးစင်းတဲ့ အဓိပ္ပာယ်ဆိုတာ ရေနဲ့လေလိုဖြစ်ရမယ်၊ ဖြစ်နေတာတွေဖြစ်ပါစေ၊ တည်ရှိနေတာတွေ တည်ရှိပါစေ၊ တည်ရှိနေမှုကနေ တခြားကိုထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ ဖြစ်တည်မှုကိုလက်ခံပါ၊ နားလည်ပါ၊ ဒီအတိုင်းပဲ နေထိုင်ပါ၊ ဒါကို လက်ခံခြင်း၊ နားလည်းခြင်း၊ ကျင့်ကြံအားထုတ်ခြင်းဖြင့် ပြောင်းလဲမှု ဆိုတာ ဖြစ်လာပါလိမ့်မယ်၊ ဒီပြောင်းလဲမှုက ခင်ဗျားကို အမြင့်ဆုံးနေရာကို ယူဆောင်သွားပါလိမ့်မယ်"**

အိုရှိုးဟာ ကကယ့်ဖြစ်တည်မှု ပဟာနဝါဒီတစ်ဦးဖြစ်တယ်ဆိုတာသူ့ အယူအဆများနှင့် **သူ့**ပြောကြားချက်တွေက ရိုးစင်းစွာပဲ ဖော်ပြခဲ့ပါတယ်။ ကျွန်တော်တို့ အိုရှိုးကို အမှတ်ရနေဦးမယ့် အချက်အလက်ပေါင်းများစွာထဲမှာ **ရိုးစင်းမှုပဓာနဝါဒီ** ဆိုတဲ့အချက်တစ်ချက်ကိုလည်း အိုရှိုးနဲ့ပတ်သက်လို့ ထည့်သွင်းသင့်ကြောင်း ကျွန်တော်တင်ပြရင်း အိုရှိုးနိဒါန်းကို ရေးသားလိုက်ပါတယ်။ ။

■



# အိုရှိုးပြောတဲ့ ဟင်းလင်းပြင်

အမျိုးသားတစ်ယောက် စိတ်ရောဂါကုဆရာဝန်ရဲ့အခန်းထဲကိုဝင်သွားပြီး သူပြောတာက "ဆရာ ကျွန်တော် ရူးနေပါပြီ ကျွန်တော့်ကိုယ်ကျွန်တော် မြင်းကျားတစ်ကောင်ဖြစ်တယ်လို့ အမြဲတမ်းတွေးနေမိတယ်။ မှန်ကြည့်တဲ့ အခါတိုင်းလည်း ကျွန်တော့်တစ်ကိုယ်လုံးမှာ အစည်းရောင်အစင်းတွေရည်း မြင်နေရတယ်" ဆရာဝန်က ဒီလူကို စမ်းသပ်စစ်ဆေးပြီး စိတ်အေးအေး ထားဖို့ ပြောပါတယ်။ "ငြိမ်ငြိမ်သက်သက်နေပါ၊ အခုလောလောဆယ် အရင်ဆုံး စိတ်ငြိမ်အောင်လုပ်ပြီး အိမ်ပြန်၊ အိမ်ရောက်ရင်အားဆေးကောင်း သောက်ဖွယ်စား၊ ညကျတော့ အိပ်ရေးဝဝအိပ်လိုက်၊ နောက်တစ်နေ့ ခင်ဗျားကိုယ်ပေါ်က အစည်းစင်းတွေ လုံးဝပျောက်သွားမယ်လို့ ကျွန်တော် ပြောရဲတယ်" ဆရာဝန် စကားကြောင့် ဒီသနားစရာ ကောင်းတဲ့လူဟာ အိမ်ပြန်သွားရှာတယ်၊ နောက်နှစ်ရက်ကြာတော့ သူပြန်ရောက်လာပြီး ပြောပြန်တယ်။ "ဆရာခင်ဗျား...ကျွန်တော့်အခြေအနေကတော့ ဘာမှမထူး ပါဘူး။ ဒါနဲ့ဆရာ့ဆီမှာ အဖြူအစင်းအဆေးကို ကုတဲ့နည်းလမ်းများ ရှိသေး လားလို့"

ပြဿနာက နေပြကသည့်ဒေသတာတော့ အခုနိုပဲ။ တစ်ခါတုန်းက လူကြီးတစ်ယောက်ဟာ ရူးနေတဲ့လူငယ်ကိုခေါ်ပြီး ကျွန်တော့်ဆီရောက်လာ

တယ်။ ဒီလူငယ်မှာ အမောက်ကိုရှုံ့သွပ်တဲ့ငြီးစားနည်းတွေရှိနေတယ်။ ယင်ကောင်တွေက သူ့ပါးစပ်နဲ့ နှာခေါင်းပေါက်တွေက တစ်ဆင့် သူ့ခန္ဓာကိုယ်ထဲ အဆက်မပြတ် ပျံသန်းဝင်ရောက်ကြပြီး၊ အိပ်ပျော်နေတဲ့အခါ သူ့ကိုယ်ထဲမှာ တဝီဝီမြည်သံစဲဖြစ်နေတယ်။ စဉ်းစားကြည့်ရင် တစ်နေ့ ကခြား သူ့ဗိုက်က ပိုကြီးလာတယ်။ **သူ့ခန္ဓာကိုယ်ကို** ဟိုဘက်သည်ဘက် တောင် မလှည့်ရဲဘူး။ ကောင်းကောင်းလည်း မထိုင်ရဲဘူး။ ဘာကြောင့်လဲ ဆိုတော့ သူ့ကိုယ်ထဲမှာ ယင်ကောင်တွေက **ဒုက္ခကို**ပေးနေကြတယ်။ ဒီယင် ကောင်တွေကြောင့်ပဲ **သူ့**အိပ်မရ၊ စားမရနဲ့ ဒုက္ခပေးနေတာ ရက်ရှည်ခံစား နေရတယ်။

“ခင်ဗျား ခုတင်ပေါ်မှာလှဲပြီး ၁၀ မိနစ်လောက် ငြိမ်ငြိမ်လေး အနားယူနေလိုက်ပါ။ ကျွန်တော် အစွမ်းကုန်ကြိုးစားပေးမယ်”လို့ သူ့ကိုပြော လိုက်ပြီး သူ့ကိုပြောလိုက်ပြီး သူ့ကိုယ်ပေါ်မှာ စောင်တစ်ထည်နဲ့ ခြုံထား လိုက်တယ်။ ဒါမှသာ ကျွန်တော် ဘာလုပ်တယ်ဆိုတာ သူမမြင်ရတော့မှာ။ ကျွန်တော်လည်း အခန်းထဲမှာ ဟိုပြေးလိုက်၊ သည်ပြေးလိုက်နဲ့ ပျံနေတဲ့ယင် ကောင်တွေကိုလိုက်ဖမ်းတယ်။ ဒီကိစ္စက လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီအလုပ်မျိုးကို အရင်က ကျွန်တော်တစ်ခါမှမလုပ်ခဲ့ ဖူးလို့ပါ။ ဒါပေမယ့် ကျွန်တော် ယင်ကောင် သုံးကောင်တော့ ဖြစ်တဲ့နည်းနဲ့ ဖမ်းမိခဲ့ပါတယ်။ ဒီယင်ကောင်တွေကို ပုလင်းထဲထည့်ပြီး ခုနက လူအနားမှာ အာရုံပြောင်းအောင် လုပ်ရသေးတယ်။ သူ့ကိုယ်ထဲကပဲ ထွက်လာသယောင် ယောင်နဲ့ပေါ့။ သူမျက်စိကိုဖွင့်နိုင်ပြီး ပုလင်းကိုပြတော့ “ခင်ဗျား ဖမ်းမိ သွားပြီပဲဟုတ်လား၊ ဒါပေမယ့် ခင်ဗျားဖမ်းမိတာက အကောင်သေးလေး တွေပဲ။ အကောင်ကြီးက အထဲမှာကျန်နေသေးတယ်။ သူတို့က တော်တော် ကြီးတာဗျ” အခုမှ အခြေအနေက ပိုဆိုးသွားတယ်။ ဘယ်နေရာသွားပြီး ဒီလောက်ကြီးတဲ့ယင်ကောင်တွေကို ဖမ်းရမလဲ။ ဒီလူနာက ထပ်ပြောသေး တယ်။ “ကျွန်တော် ခင်ဗျားကို အပိုးအထက် အလွန်ပဲ ကျေးဇူးတင်မိတယ်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် ယင်ကောင်အသေးလေးတွေကိုတော့ ခင်ဗျား ဖမ်းလိုက်နိုင်တာပဲ၊ ဒါပေမယ့် ကြီးတဲ့အကောင်တွေကတော့ တကယ့်ကို ကြီးတာဗျာ”





လူတွေက ဒီလိုပဲ ဆက်သွားနေကြတာပါ။ တကယ်လို့ ခင်ဗျား က ထောင့်တစ်ထောင့်ကသွားပြီး သူတို့ကို အကူအညီပေးတယ်ဆိုရင် သူတို့က အခြားထောင့်တစ်ထောင့်ကနေ အလေးတူပြဿနာတစ်ရပ်ကို တင်ပြလာတတ်ကြတယ်။ ဒါဟာ လုပ်ရိုးလုပ်စဉ်လိုဖြစ်နေပြီ။ ဒီလိုမှမလုပ် ရရင်ကို မနေတတ်တော့ဘူး ဆိုတဲ့အခြေအနေကို ဆိုက်ရောက်နေပါတယ်။ စူးစမ်းလေ့လာသူက သွားပြီးစားလည်ကြည့်ရမှာပဲ။ ပြဿနာမရှိတဲ့ဘဝကို ဖြတ်သန်းတယ်ဆိုတာ အခက်အခဲတစ်မျိုးဖြစ်တယ်။ လူက ဖန်တီးယူလို့ရတဲ့ ပရောဂ ထဲမှာတော့မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ပြဿနာက ခင်ဗျား ရဲ့အာရုံကို ပျံ့လွင့်စေတယ်။ ပြဿနာက ခင်ဗျားကို လုပ်စရာတွေ ပေးတယ်။ ပြဿနာက ခင်ဗျားကို အလုပ်မရှိအလုပ်ရှာ ကြောင်ရေချိုးခိုင်း တယ်။ ပြဿနာက ခင်ဗျားရဲ့အချိန်တွေကို သိမ်းပိုက်လိုက်တယ်။

**အကယ်လို့များ ခင်ဗျားမှာ ဘာပြဿနာမှ မရှိဘူးဆိုရင်တော့ တည်ရှိမှု ရဲ့အရင်းခံ အဝတ်ကလေးကိုတောင် ခင်ဗျားဘယ်လိုမှ ဆုပ်ကိုင်နိုင်မှာ မဟုတ်ဘဲ၊ ခင်ဗျားဟာ အလယ်ဗဟိုထဲကို စုပ်ယူသွား တာခံရလိမ့်မယ်။ ပြီးတော့ ခင်ဗျားရဲ့တည်ရှိမှု ဗဟိုချက်ဆိုတာလည်း ဟင်းလင်းပြင်သာဖြစ် တယ်။ ဘီးတစ်ဘီးရဲ့ ဝင်ရိုးအပေါက် (ပုံတောင်) လိုပဲ ဘီးတစ်ခုလုံးက ဒီဟင်းလင်းဖြစ်နေတဲ့ (ပုံတောင်) အတိုင်းလိုက် လည်နေရတာဖြစ်တယ်။ ခင်ဗျားရဲ့ အနက်ရှိုင်းဆုံးအမြုတေဟာလည်း ဗလာပါပဲ။** ဘာမှမရှိတဲ့ ဟင်းလင်းပြင်သာဖြစ်တယ်။ အဆုံးမရှိတဲ့ ကွင်းနက်ကြီးတစ်ခုလိုပဲ။ ခင်ဗျား အဲဒီဟင်းလင်းပြင်ကို ကြောက်နေတယ်။ ဒါကြောင့် လှည်းဘီးရဲ့အစွန်း အဖျားကို မလွှတ်တမ်း ဖမ်းဆုပ်ထားတယ်၊ တကယ်လို့ ခင်ဗျားသာ သတ္တိနည်းနည်း ရှိမယ်ဆိုရင် ဘီးထောက်တွေကို မြဲမြဲဆွဲကိုင်နိုင်တာပေါ့။ ဒါပေမယ့် ခင်ဗျားဘယ်တုန်းကမှ (ပုံတောင်) ဝင်ရိုးအပေါက်ရဲ့ အရှေ့ကို ရောက်ဖို့ဦးမတည်ခဲ့ဘူး။ ခင်ဗျားအစကတည်း က ကြောက်ရွံ့နေတယ်။ တုန်လှုပ်နေတယ်။ ဒီအချိန်မှာ ပြဿနာက ခင်ဗျား ကို အကူအညီပေးလိုက် တယ်။ ပြဿနာရှိလာရင် ခင်ဗျားဖြေရှင်းရမှာ ဆိုတော့ ဘယ်လိုလုပ် အတွင်းပိုင်းကို ရောက်အောင်သွားမှာလဲ၊ လူတွေက

ကျွန်တော့်ဆီလာပြီး ပြောကြတယ်။

"ကျွန်တော်တို့အတွင်းပိုင်းဆီ ရောက်အောင်သွားချင်တယ်။ ဒါပေမယ့် ကျွန်တော်တို့မှာ ပြဿနာတွေနဲ့ဗျာ" သူတို့ တွေးထင်ထားတာက သူတို့မှာ ပြဿနာတွေရှိနေတာကြောင့် အတွင်းပိုင်းကို ရောက်အောင်မသွား နိုင်တာ။ တကယ့်လက်တွေ့မှာက ဒါနဲ့ပြောင်းပြန်ဖြစ်တယ်။ ဘာကြောင့် လဲဆိုတော့ သူတို့ကိုယ်၌က အတွင်းပိုင်းဆီ မသွားချင်ကြတာဖြစ်တယ်။ ဒါကိုနက်နက် နဲနဲ သဘောပေါက်လေလေ ခင်ဗျားအတွက် ကောင်းလေလေပါပဲ။ ခင်ဗျား တို့ပြောတဲ့ ပြဿနာအားလုံးဟာ အတုအယောင်တွေချည်းပါ။ ကျွန်တော်က လူမှုဆက်ဆံရေးနဲ့ ယဉ်ကျေးမှုအရသာ ခင်ဗျားတို့ရဲ့ပြဿနာ တွေကို အဆက်မပြတ် ရှင်းပြခဲ့တာဖြစ်တယ်။ ဒါတွေအားလုံးဟာ ဟန်ဆောင်မှုတွေ သာဖြစ်တယ်။ လုံးဝကို အဓိပ္ပာယ်မရှိပါဘူး။ ဒါပေမယ့် ဒါတွေကပဲ ပဟေဠိတည်ရှိမှုကနေ ထွက်ပြေးဖို့ ခင်ဗျားတို့ကို အကူအညီပေးခဲ့တယ်။ ခင်ဗျားရဲ့စိတ်တွေကို လွှင့်ပျံစေခဲ့တာ။ ကြည့်ရတာကတော့ ဒီအတိုင်းပဲ ဖြစ်နေတာပါ။ လူက ဘယ်နှယ့်လုပ် အတွင်းပိုင်းဆီ သွားရမလဲ။ ဖြေရှင်း ရမယ့်ပြဿနာတွေက အများကြီး။ တစ်ခုဖြေရှင်းပြီးရုံ ရှိသေး နောက် ပြဿနာတစ်ခုက ရုတ်ခြည်းထပ်ပေါ်လာတယ်။ အကယ်လို့ ခင်ဗျားက ဒီပြဿနာကို သွားကြည့်မယ်၊ သွားလေ့လာမယ်ဆိုရင် အဲဒီနောက် ပေါ်တဲ့ပြဿနာဟာလည်း ပထမပြဿနာနဲ့ ဘာမှမခြားဘူးဆိုတာ ခင်ဗျား သဘောပေါက်မိပါလိမ့်မယ်။ သူ့ကို ခင်ဗျား စမ်းသပ် ဖြေရှင်းကြည့် လိုက်ပါ။ တတိယပြဿနာတစ်ခုက ထပ်ထွက်လာပြန်တော့ ချက်ချင်းလက်ငင်း ဒါကို အစားထိုးလိုက်ရပြန်တယ်။

ကျွန်တော်မင်ဗျားတို့ကို ပုံပြင်တစ်ပုဒ် ပြောပြပါရစေ။ တစ်ခါတုန်းက စိတ်ရောဂါကုဆရာဝန်က လူနာကို ဒီလိုပြောတယ်။ "မင်းကိုလူငယ်တွေဟာ တယ်ယုံကို ကြောက်စရာကောင်းတယ်။ နည်းနည်းမှ တာဝန်ယူစိတ်လည်း မရှိဘူး။ ပကတိရုပ်ပစ္စည်းတွေကို လုံးလုံးကြီးမေ့ပစ်ပြီး တစ်နေကုန်တစ် နေခန်း ငေးငိုင်နေတာက သိပ္ပံလိုလို၊ သင်္ချာလိုလို ကိစ္စမျိုးတွေချည်းပဲ။ ဒါနဲ့ မင်းရော သင်္ချာမှာတော်တယ်မဟုတ်လား" လူနာပြန်ပြောတာက





"ဒီပိမတော်ပါဘူး"။ ဆရာဝန်က ဆက်ပြောတယ်။ "လက်တွေ့ ကိန်းဂဏန်းတွေအပေါ် မင်းရဲ့တုံ့ပြန်မှုကို ကျုပ်စမ်းသပ်ကြည့်ချင်တယ်၊ ကျုပ်ကို ကိန်းဂဏန်းတစ်ခုပေးစမ်းပါ" လူနာက "၇၉၂၅-၃၃၄၇ ကျွန်တော့် ရည်းစားက အဲဒီမှာ အလုပ်လုပ်တယ်" ဆရာဝန်က ပြန်ပြောတယ်။ "ကျုပ် တယ်လီဖုန်းနံပါတ်မလိုချင်ဘူး၊ သာမန်ကိန်း ဂဏန်းတစ်ခုပဲပေးပါ" လူနာက "ရတယ်လေ ၃၇"။ "သိပ်ကောင်း တယ်။ ထပ်ပြီးဂဏန်းတစ်ခု ပေးပါဦး" "၂၂" "နောက်တစ်ခုလုပ်ပါဦး" "၃၇" "ဟုတ်ပြီ ဟုတ်ပြီ၊ ကြည့်စမ်းပါဦး၊ မင်းသာစိတ်ပါမယ်ဆိုရင် မင်းရည်းစားကို မတွေ့တဲ့ ဘက်မှာ မတွေ့တဲ့နည်းနဲ့ အသုံးပြုလို့ရနိုင်တာပဲ"။ လူနာပြောလိုက်တာက "သိပ်ဟုတ်တာပေါ့၊ ၃၇-၂၂-၃၇၊ ဒီလိုကိုယ် ခန္ဓာအချိုးအစားကတော့ စိတ်ကြွစရာပဲဗျာ"။

စိတ်က ရည်းစားရဲ့ကိုယ်ပေါ်ရောက်သွားတယ်။ တကယ်လို့ဖုန်း နံပါတ် မဟုတ်ရင်လည်း ကိုယ်ခန္ဓာအချိုးအစား။ ရှေ့ဆက်သွားရင်တော့ တယ်တော့မှ အဆုံးမသတ်နိုင်တဲ့ကိစ္စတွေပဲဖြစ်တယ်။ အရင်းခံအကျဆုံး အရာကို ရှာကြည့်ရမယ်။ ခင်ဗျား ဘာကြောင့်ပြဿနာကို ဖန်တီးရတာလဲ။ ဒါတွေဟာ တကယ်ပဲ ပြဿနာတွေဟုတ်ရဲ့လားလို့ ခင်ဗျား ကိုယ့်ကိုကိုယ် ပြန် မေးမိရဲ့လား။ အမှန်တော့ ဒါတွေဟာ ခင်ဗျားဖန်တီးခဲ့တာ။ ပြီးတော့ ပြဿနာကို ဖန်တီးတာလည်း ခင်ဗျားကျွန်သားရနေပြီလေ။ ပြဿနာကို အဖော်လုပ်ရတာ ခင်ဗျားပျော်နေတယ်။ တကယ်လို့ ဒါတွေသာ ပြဿနာ မဟုတ်ဘူးဆိုရင် ခင်ဗျား အထီးကျန်ခံစားမှုတွေဖြစ်နေမယ်။ နာကျင်မှုကို တောင်မှ ခင်ဗျားသဘောကျနေလိမ့်မယ်။ ဟင်းလင်းပြင် ဖြစ်သွားမှာကိုတော့ ခင်ဗျားမလိုလားဘူး။ လူတွေက သူတို့ရဲ့ဒုက္ခဝေဒနာကို သူတို့ကိုယ်တိုင်ပဲ ရှာခဲ့ကြတာ။ ဒုက္ခကိုသူတို့မကြောက်ဘူး။ ဟာတာတာ ဗလာကြီးဖြစ်နေမှာ ကိုတော့ကြောက်ကြတယ်။

ကျွန်တော် နေ့တိုင်းလိုလို တွေ့နေရတဲ့အဖြစ်အပျက်တစ်ခုက ဇနီးမောင်နှံနှစ်ယောက် မသင့်မြတ်ကြဘူး။ အမြဲတမ်း ရန်ပွဲရှိတယ်။ သူတို့ အိမ်ထောင်သက် ၁၅ နှစ်ကြာပြီ။ ၁၅ နှစ်လုံးလုံး တကျက်ကျက်ရန်

ဖြစ်ခဲ့ကြတယ်။ တစ်ယောက်ကိုတစ်ယောက် စေ့ဆော်ငိုနေကြတယ်။ ဒီလောက်တောင်ဖြစ်နေတာ သူတို့ဘာဖြစ်လို့မကွာရှင်းကြတာလဲ။ ဘာဖြစ်လို့ ဒီဘေးကမီး ကိုဆုပ်ကိုင်ထားရတာလဲ။ ကွာရှင်းချင်ရင်လည်း ကွာရှင်းပေါ့။ မကွာရှင်းရင်လည်း ပြုပြင်ပြောင်းလဲလိုက်။ ဘာဖြစ်လို့များ သူတို့ဘဝ တစ်ခုလုံးကို အလဟဿ ဖြုန်းတီးပစ်ရမှာလဲ။ သို့ပေမယ့် ဘာကြောင့် ဒီအခြေအနေကို ဆိုက်ရောက်နေရတယ်ဆိုတာ ကျွန်တော်သိနေပါတယ်။

သူတို့ အထီးကျန်မဖြစ်ချင်ကြဘူး။ သောကဝေဒနာဟာ အနည်းဆုံးတော့ သူတို့အတွက် အဖော်ဖြစ်တာပေါ့။ သူတို့ဟာ ဒီလိုပုံစံပေါင်းမှာ အသားကျနေပြီလေ။ သူတို့မသိတာက ခွဲခွာပြီးနောက်တစ်ယောက်တည်း ဘယ်လိုရှင်သန်ရမယ်ဆိုတာပဲဖြစ်တယ်။ **အချင်းများ၊ အငြင်းပွား၊ စိတ်ကောက်၊ မြည်တွန်တောက်တီး၊ အကြမ်းဖက်၊ အဆက်မပြတ် ဒါတွေနဲ့ပဲ အချိန်ကုန်သွားကြတယ်။** မတူတဲ့ အခြေအနေအောက်မှာ မတူတဲ့သူနဲ့ ဘယ်လို သင့်မြတ်အောင် နေမလဲဆိုတာ သူတို့မသိတော့၊ တခြားနည်းလည်း မစဉ်းစားမိဘူး။ နာကျင်တဲ့ဘာသာစကားတစ်မျိုးကိုပဲ သင်ထားသလိုဖြစ်နေတယ်။ သူတို့ကတော့ သူတို့ရဲ့အတတ်ပညာတွေ သိပ်မြင့်နေတယ်။ သက်ရောက်မှုတွေ အလွန်ကောင်းနေတယ်လို့ပဲ ထင်မြင်ယူဆနေကြပါတယ်။ စဉ်းစားကြည့်ရင် ဒါလည်း သဘာဝကျပါတယ်။ ဘဝတစ်လျှောက်လုံး အစမှအဆုံး ကျင့်သားရလာတဲ့ ကိစ္စတစ်ခုကို နှစ်ပေါင်းများစွာ ကြာပြီးမှ တခြားသော အခြင်းအရာသစ်တစ်ခုစီ ကူးပြောင်းဝင်ရောက်ဖို့ဆိုတာ ကြောက်စရာကောင်း တဲ့ခံစားမှုပါ။

အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်၊ အရူးကု သမားတော်နဲ့သွားတွေ့ပြီး သူပြောတာက "ကျွန်တော် လောကီဘက်မှာ ပါရမီမရှိဘူး၊ သရုပ်ဆောင်ဘက်မှာလည်း ပင်ကိုက မထက်မြက်ဘူး၊ ရုပ်ရည်လည်း ပြေပြစ်ချောမောသူမဟုတ်ဘူး။ ကျွန်တော့်မျက်နှာ အလွန်အကျည်းတန်တယ်။ ဒေါသလည်း ကြီးတယ်။ ကျွန်တော် ဘယ်လိုလုပ်ရင်ကောင်းမလဲ" ဒါပေမယ့် သူဟာအောင်မြင်တဲ့မင်းသားဖြစ်နေတယ်။ သမားတော်ကြီးက ပြန်မေးလိုက်တယ်။ "ဒါဖြင့်ရင် ခင်ဗျားဘာလို့





ရုပ်ရှင်ရိုက်တာ မရပ်ပစ်တာလဲ၊ တကယ်လို့ ခင်ဗျား ကိုယ့်ကိုကိုယ် ပါရမီမရှိဘူး၊ မထက်မြက်ဘူးလို့ထင်ရင် ဒီအလုပ်ဟာ ခင်ဗျားလုပ်သင့်တဲ့အလုပ် မဟုတ်တော့ဘူး။ ဘာဖြစ်လို့ ခင်ဗျားမရပ်သေးတာလဲ" မင်းသားပြန်ပြောတာက "ဆရာ ဘာပြောတယ်၊ ကျွန်တော် ဒီနယ်ပယ်မှာ အလုပ်လုပ်လာတာ နှစ်ပေါင်း ၂၀ တောင်ရှိပြီ၊ အခုပဲ နာမည်ကြီးမင်းသားဖြစ်တော့မယ့်ဟာ"။

ခင်ဗျားလည်း ခင်ဗျားရဲ့ ဒုက္ခဝေဒနာကို ရင်းနှီးထားရတယ်။ အထူး သတိပြုရမှာက ပြဿနာတစ်ခုပျောက်ပြယ်သွားပြီဆိုရင် ဒါကို ကောင်းကောင်း ဂရုစိုက်ကြည့်လိုက်ပါ။ တကယ့်ပြဿနာဟာ ချက်ချင်းလက်ငင်းဆိုသလို တခြား အခြင်းအရာတစ်ခုအဖြစ် ပြောင်းလဲသွားတယ်။ ဘာနဲ့တူသလဲဆိုတော့ မကြာခဏ အရေခွံဟောင်းကို ချွတ်ပြီး အရေခွံသစ်လဲတဲ့ မြွေတစ်ကောင်လိုပဲ ဒါပေမယ့် ဒီမြွေက ဒီမြွေပါပဲ။ ဒါဘာကြောင့်လဲဆိုတော့ ခင်ဗျားငိုကြွေးတဲ့ အချိန်မှာ သူ့အတွက် စိုးရိမ်ကြောင့်ကြမှုတွေဖြစ်နေတယ်။ ခင်ဗျား မငိုရှိုက်တော့ဘူး။ ခင်ဗျားရယ်မောနေပြီ။ မြွေအရေခွံဟောင်း ထဲက ထွက်လာသလိုပဲ။ ပြဿနာက "ဘာကြောင့်လဲ"။ ခင်ဗျားအနေနဲ့ ဒီလူ့ဘဝရဲ့ "ဘာကြောင့်လဲ" ဆိုတာလေးကိုတောင်မှ မတွေးတတ်တော့ဘူးလား။ ဘာကြောင့်များ ခင်ဗျားအသက်ကို ပြဿနာတစ်ခုအဖြစ် ပြောင်းလဲပစ်ချင်ရ တာလဲ၊ **အသက်ဟာ အလွန်ကိုလှပပါတယ်။ ဘာလို့များ လက်ရှိဘဝမှာ ကောင်းကောင်းမရှင်သန်ချင်ရတာလဲ။ ငိုကြွေးခြင်းဟာ အသက်ရဲ့အသွင် အပြင်တစ်ခုအဖြစ် ဖော်ပြတာဖြစ်သလို ရယ်မောခြင်းဟာလည်း အသက်ရဲ့ ဟန်ပန်တစ်ရပ်အဖြစ် ဖော်ပြတာဖြစ်ပါတယ်။ တစ်ခါ တစ်ရံမှာ ခင်ဗျား ဝမ်းနည်းကြေကွဲမှုကို ခံစားရတယ်။ ဒါကလည်း အသက်ရဲ့ အဆင်းသဏ္ဌာန် တစ်ခုအဖြစ် စိတ်ရဲ့အနေအထားကို ဖော်ပြတာ ဖြစ်လို့ တကယ့်ကိုလှပ ပါတယ်။** တစ်ခါတလေမှာတော့ ခင်ဗျား သိပ်ကို ပျော်နေတယ်။ ဝမ်းသာလွန်း လို့ ကချင်ခုန်ချင်စိတ်တွေ ပေါ်နေတယ်။ ဒါလည်း အလွန်ကောင်းပြီး အလွန်လှတာပဲလေ…။

ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အားလုံးကိုလက်ခံပြီး အားလုံးကို ကြိုဆိုလိုက်

စမ်းပါ။ ထွက်ပြေးမသွားပါနဲ့။ တဖြည်းဖြည်းချင်း ပြဿနာကနေ ခင်ဗျား ကိုယ်ကိုင် ရုန်းထွက်နိုင်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ တကယ်တော့ အသက်ကို ပြဿနာနဲ့ ကျင့်သားရအောင် လုပ်ဆောင်နေကြတာပါ။ ပြဿနာ ကို ခင်ဗျားထပ်ပြီး မဖန်တီးတော့ ကဲ့အချိန်၊ အသက်ဟာ သူ့ရဲ့လျှို့ဝှက်ချက် အလုံးစုံကို စတင်ဖွင့်ပေးလိုက်ပြီဖြစ်တယ်။ ပြဿနာရှိကဲ့ လူတစ်ယောက် ရဲ့ရှေ့မှာက်မှာ အသက်ဟာ ဘယ်တုန်းကမှ ဖွင့်ပြမဲ့ တယ်ဆိုတာ မရှိဘူး။ တကယ်လို့ သူ့ကို ပြဿနာလို့ သဘောမထားဘူးဆိုရင် အသက်ဟာ ထက်သန်စွာနဲ့ သူ့ကိုယ်သူ ပေါ်လွင်အောင် ခင်ဗျားကို ဖွင့်ပြလိမ့်မယ်။ တကယ်လို့ ခင်ဗျားက "ပြဿနာဖန်တီးသူ ဆိုရင်တော့ ကိုယ့်မျက်လုံး ကိုယ် ပိတ်ထားတာနဲ့ အတူတူပဲ။ အချစ်က အသက်ကိုရှုံ့စေသလို၊ ခင်ဗျား ပြောင်းလဲသွားမှာသေချာတယ်။ ဒါဟာ သိပ္ပံဆိုင်ရာ အားထုတ်မှုနဲ့ ဘာသာရေးဆိုင်ရာ အားထုတ်မှု အကြားက မတူညီမှုပဲဖြစ်တယ်။ သိပ္ပံပညာရှင်ဟာ အချစ်ကို လုယူချင်နေတာ။ အသက်ကို အကျုပ်ကိုင် တဲ့နည်းနဲ့ အမှန်တရားကို ဖွင့်ပြခိုင်းနေတယ်။ အထင်သေး နှိမ့်ချမှုဟာ လက်နက်ကိုင်ထားတဲ့ အကြမ်းဖက်လုပ်ရပ်တစ်မျိုးနဲ့တူတယ်။ ကြည့်ညို ကိုင်းရှိုင်းသူဟာ သိပ္ပံပညာရှင် ရူးစမ်းနေတဲ့ လုံးဝအစမပေါ်သော လျှို့ဝှက် ဆန်းကြယ်မှုများစွာကို ဖော်ထုတ်ပြခဲ့တယ်။ သိပ္ပံပညာရှင်ဟာ စားပွဲပေါ်က ပြုတ်ကျလာတဲ့ ပေါင်မုန့်စတွေကို တစ်လျှောက်လုံး ကောက် သိမ်းနေခဲ့တာပါ။ သိပ္ပံပညာရှင်ဟာ ဧည့်သည်တော်အနေနဲ့ ဘယ်တော့မှ အဖိတ်ခံရမှာမဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ရဲ့တန်ဖိုးကို ခံစား စံစား တတ်သူ အပေါင်းကတော့ ပျော်ရွှင်စွာနဲ့ အသက်ကို လက်ခံကြိုဆို ကြမှာပဲ။ ဘာပြဿနာမှ မရှိကဲ့အဖြင့် သူတို့ဟာ အသက်ရဲ့ အထူးဧည့်သည် တော်တွေအဖြစ် ပြောင်းလဲသွားမယ်ဆိုတဲ့ ယုံကြည်မှုတစ်ရပ် ကိုလည်း မြှင့်တင်နိုးထားသယ်အောင်ထားကြပါရဲ့။

■



## စိတ်ကူးပုံရိပ်ကြားက ရုန်းထွက်ရမယ်

လွယ်ကူရိုးစင်းတဲ့ အရာကိစ္စတွေဟာ လူ့အရွယ်ရဲ့ အတွေ့ကို မီနိုင်ခေါ် နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခက်ခဲတဲ့ အရာကိစ္စတွေကသာ မီနိုင်ခေါ်နိုင် တာ ဖြစ်လို့ပဲ။ မဖြစ်နိုင်တဲ့ဟာတန်တွေကသာ တကယ့်ကို ကြီးမြတ်တဲ့ စိန်ခေါ်မှုဖြစ်တယ်။ ခင်ဗျားလိုချင်တဲ့အတွက ဘယ်လောက်ကြီးသလဲ၊ ခင်ဗျားလက်ခံလိုက်တဲ့ စိန်ခေါ်မှုထဲမှာ ခင်ဗျားရဲ့အတောမသတ်နိုင်တဲ့ လောဘတွေကို တွေ့နေရတယ်။ အားလုံးက တိုင်းတာလို့ရပါတယ်။ ဒါပေမဲ့ အတွက်နဲ့ ပတ်သက်လို့ပြောရရင် လွယ်ကူကဲ့ကိစ္စတွေက ဆွဲဆောင်မှု အားမရှိဘူး။ လွယ်ကူတဲ့ အရာကိစ္စတွေဟာ အတွက်အမြင်က ပြောရရင် သေဆုံးခြင်းပဲဖြစ်တယ်။ တကယ်တော့ လူ့အရွယ်ဟာ ခက်ခဲရှုပ်ထွေး တဲ့နေရာမှာ ရှိနေရင်းက ခက်ခဲရှုပ် ထွေးခြင်းကို ရွေးချယ်တယ်ဆိုတာ နည်းနည်းလေးမှ မလိုအပ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခက်ခဲရှုပ်ထွေး ခြင်းဆိုတဲ့ အရာကို လူဟာ အသုံးချရာကနေ အတွက်ဟာ သန့်ရှင်းစွာနဲ့ ရှင်သန်လာမှာဖြစ်လို့ပဲ။ ပြီးတော့ သူ့ရဲ့အတွက်ကို ထပ်ပြီး အားဖြည့်လိုက်ပြန် တယ်။ ဒီလိုနဲ့ သူဟာ နိုင်ငံရေးအသိုင်းအဝိုင်း၊ ဘာသာရေးနယ်ပယ်၊ လူမှုရေးလောက စတဲ့ အသိုင်းအဝိုင်းအသီးသီးမှာ အဆက်မပြတ်ကြာမှလေ အရေးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်လာလေပါပဲ။

စိတ်ပညာဘာသာရပ်ရဲ့ ဦးတည်ချက်ဟာ အတ္တစိတ်ကို ပိုပြီးအားကောင်း မောင်းသန်ဖြစ်အောင် လုပ်ပေးတာမျိုးပဲ ဖြစ်တယ်။ ခပ်ကြောင်ကြောင် စိတ်ပညာရှင်ဆိုသူတွေကလည်း လူဆိုတာ ခွန်အားကောင်းတဲ့ အတ္တရှိဖို့ လိုအပ်တယ်လို့ ပြောနေကြပါတယ်။ ဒါကြောင့် ခင်ဗျားရဲ့သင်ကြားမှု ပညာရေးတစ်စုံလုံးဟာ ဆုပေး ဒဏ်ပေးပုံစံနဲ့ ခင်ဗျားကို လောကကြီးရဲ့လုပ်ထုံး လုပ်နည်းတွေ ချမှတ်ပေးလိုက်တယ်။ ခင်ဗျားရဲ့ကားရှေ့ကို ဟာမွေးပေးလိုက်တယ်။ မိဘတွေက ခင်ဗျားအပေါ် မျှော်လင့်ချက်ထားပြီဆိုကတည်းက စွမ်းဆောင်ဖို့ခက်နေပြီ၊ သူတို့အထင်က သူတို့ရဲ့သားကို အလက်ဇန္ဒားဘုရင်ကြီးလို၊ သူတို့ရဲ့ သမီးကျတော့ ဒီကျုံးအချက်နတ်သမီး ဘာညာကျူးပြီး ပေါ်လာသလို ထင်ကြတာမျိုးပဲ။ စပြီဆိုကတည်းက မိဘလုပ်သူဟာ သားသမီးကို ချုပ်ကိုင်ထားခဲ့တယ်။ ခင်ဗျားရဲ့ ကိုယ်ပိုင်စွမ်းရည်ကို သက်သေပြနိုင်တာက လွယ်လို့ပေါ့။ အခြားမဟုတ်ရင်တော့ ခင်ဗျားအတွက် နေရာရှိမှာမဟုတ်ဘူး၊ ရိုးသားတဲ့လူကိုတော့ ဦးနှောက်နည်းတဲ့ လူနုံလူအ လို့သတ်မှတ်ကြတယ်။ အခုအချိန်အထိတော့ ရိုးစင်းတဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုတာ ဘယ်တုန်းကမှ လူ့အနွယ်၊ လူ့အဖွဲ့အစည်းရဲ့ ရည်မှန်းချက်တော့ ဖြစ်မလာသေးပါဘူး။ ပြီးတော့ ခင်ဗျားကိုယ်တိုင်လည်း ရည်မှန်းချက်မထားနိုင်ဘူး။ ခင်ဗျားက ရိုးစင်းတဲ့လူတစ်ယောက်လုပ်မယ်လို့ ပြောတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ မွေးကတည်းက သန့်စင်တယ်၊ ကလေးသူငယ်တိုင်းဟာ သန့်ရှင်းတယ်၊ ဘာနဲ့တူသလဲဆိုတော့ ရှင်းသန့်တဲ့ သင်ပုန်းတစ်ချပ်လိုပဲ။ မိဘတွေက အဲဒီသင်ပုန်းပေါ်မှာ စာလုံးတွေ ရေးချလိုက်တယ်။ သူသေချာပေါက် ဘယ်လိုလူတစ်ယောက်ဖြစ်ရမယ်ဆိုတာမျိုးပေါ့၊ ဒီနောက်မှာ ကျောင်းဆရာ၊ ဘာသာရေးဆရာ၊ နိုင်ငံရေးခေါင်းဆောင်၊ သူတို့အားလုံးက အဆက်မပြတ် ထပ်ခါထပ်ခါ မင်းဟာ အကြီးအကဲတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်၊ ဒီလို မဟုတ်ရင်တော့ လူ့ဘဝဆိုတာ အလဟဿနှမြောစရာဖြစ်နေမယ်။

ကလေးငယ်တွေကျတော့ ပြောင်းပြန်ပါပဲ။ ခင်ဗျားဟာ အမှန်တကယ်တည်ရှိနေတဲ့ ရုပ်တစ်ခုဖြစ်ပါတယ်။ ခင်ဗျားအခြားသူသွားလုပ်ဖို့ မလိုပါဘူး။ ခင်ဗျားဟာ ခင်ဗျားပဲ ဖြစ်တယ်။ ဒါဟာရိုးစင်းတဲ့ အဓိပ္ပာယ်ပါ၊





ခင်ဗျားရဲ့ တည်ရှိမှုဟာ ငြိမ်းချမ်းစွာတည်ရှိနေတာဖြစ်ပြီး အခြားသူရဲ့ လမ်းကြောင်းထဲကို ဝင်ရောက်ဖို့မလိုအပ်ပါဘူး။ အဲဒီလမ်းကြောင်းဆိုတာက အဆုံးသတ်မရှိတဲ့ လမ်းကြောင်းဖြစ်တယ်။ ငါ့ရဲ့ခရီးစဉ်အဆုံးသတ်သွားပြီ၊ ငါမှတ်သိပ်မျှော်မှန်းနေတဲ့ အထွတ်အထိပ်ကိုရောက်သွားပြီလို့ ခင်ဗျားတစ်သက်လုံး ခံစားမိမှာမဟုတ်ဘူး။

လူ့သမိုင်းမှာ အောင်မြင်တဲ့လူဆိုတာ လုံးဝမရှိခဲ့ပါဘူး။ အဖြေကရှင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့အနွယ်ရဲ့ရွေ့လျားမှုဆိုတာ လည်ပတ်နေတဲ့ သဘောပဲဖြစ်တယ်။ ဒီမှာပဲဖြစ်ဖြစ်၊ ဟိုမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာမဆို သေချာတာကတော့ ခင်ဗျားရဲ့ရှေ့မှာ လူတချို့က သွားနှင့်ခဲ့ပြီးပြီ၊ ခင်ဗျားအမေရိကန်သမ္မတလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိဘုရင် **ကပ်စီးယပ်ကလေး** ရဲ့ ရှေ့ကိုမရောက်ရင်တော့ ခင်ဗျား သိမ်ငယ်စိတ်တွေ ခံစားရလိမ့်မယ်။ ဘာကြောင့်လဲ ခင်ဗျားမှာ သန်မာထွားကျိုင်းတဲ့ သတ္တဝါတစ်ကောင်ရဲ့ အင်အားမျိုးမရှိဘူးလေ။ လက်ရှိဘုရင်ကလေးက **ရစ်ဂင်ရဲ့** နားခေါင်းကို တစ်ချက်ထိုးလိုက်တာနဲ့ **ရစ်ဂင်** နောက်ပြန်ကျပြီး ထမိုင်မှာ မဟုတ်တော့ဘူး။ ခင်ဗျား နိုင်ငံတစ်ခုရဲ့ဝန်ကြီးချုပ် ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သိပ္ပံပညာရှင် **အိုင်စတိုင်း** နဲ့ ပက်ပင်းတိုးရင်တော့ ခင်ဗျားဟာ ဝိစိကလေးဖြစ်သွားမှာ။ အဲဒီအခါကျရင်တော့ ဝန်ကြီးချုပ်မဟုတ်တဲ့ လူပု ကလေးပါပဲ။ အသက်ဟာ မျက်နှာများတဲ့ သဘောရှိတယ်။ ခင်ဗျား လူတိုင်းရဲ့နယ်ပယ်ထဲကို ကျူးဝင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတော့ နယ်ပယ်တိုင်းမှာလည်း "**ပထမ**" ဆိုတာဟာ လုံးဝမဖြစ်နိုင်ပါဘူး။ တည်ရှိမှုဆိုတာ အဲဒီလို ရွေ့ပြောင်းသွားတာမျိုးမဟုတ်ဘူး။

အတ္တဟာ လူ့အနွယ်ရဲ့ ရောဂါပဲဖြစ်တယ်။ အမြတ်အစွန်းရသူက ခင်ဗျားကို တစ်လျှောက်လုံးရောဂါရနေစေချင်တယ်၊ ခင်ဗျားပြောင်းလဲပြီး ကျန်းမာ သန်စွမ်းလာမှာကို မကြိုက်ကြဘူး။ အကြောင်းက ခင်ဗျားရဲ့ကျန်းမာ သန်စွမ်းမှုဟာ သူတို့ရဲ့ အကျိုးအမြတ်ခံစားခွင့်ကို ခြိမ်းခြောက်နေလို့ပဲ၊ အဲဒါကိုက ဘာကြောင့် လူတွေ ရိုးသားမှုကို ရချင်သူမရှိတာလဲဆိုတဲ့ အဖြေခံ ပြဿနာဖြစ်တယ်။ အမည်မရှိတဲ့လူ ဘယ်သူမှ မဖြစ်ချင်ဘူး။ ကျွန်တော့်

နည်းနာကတော့ ခင်ဗျား ငြိမ်းချမ်းစွာနဲ့ မိမိဘာသာတည်ရှိနေဖို့ပါ။ ခင်ဗျားရဲ့တည်ရှိမှုကို ခင်ဗျားဘာသာလက်ခံဖို့ပါ။ သူများနေရာမှာ ဝင်ဖြစ်ချင်တယ်ဆိုတဲ့စိတ်ဟာ ရောဂါတစ်မျိုးဖြစ်တယ်။ တည်ရှိမှုဆိုတာ တကယ်တော့ ကျန်းမာသန်စွမ်းတယ် ရိုးစင်းမှုအကြောင်းကိုပြောလိုက်ရုံနဲ့ ပြည့်စုံမှုဟာ ကျန်းမာသန်စွမ်းမှုကနေ ချမ်းသာကြွယ်ဝမှုအထိ ဖြစ်တယ်။ ခင်ဗျားက ဒီအရာကို မမြည်းစမ်းဖူး သေးဘူး။ ဘာကြောင့်လဲဆိုတော့ လူမှုအဖွဲ့အစည်းက ခင်ဗျားကိုယ်ပေါ်မှာ ဒီလိုဖြစ်အောင် တစ်ချက်ကလေး တောင် အခွင့်အလမ်းမပေးခဲ့ဘူး။ ဒါကြောင့် ခင်ဗျားသိခဲ့တာက နည်းနာ တစ်မျိုးတည်းပဲ ဖြစ်တယ်။ ဒါကတော့ အတ္တဆိုတဲ့ နည်းနာပဲဖြစ်တယ်။

သူများတကာက ခင်ဗျားကို ကြိုးစားရင် ဘုရားတောင် ဖြစ်မယ် လို့ပြောတယ်။ တချို့သောလူ့အဖွဲ့အစည်းရဲ့ ဦးတည်ချက်ကတော့ လူ ဉီးအားလုံး နက်သိကြားဖြစ်ရေးပေါ့။ ဒါဟာ ရူးသွပ်တဲ့ ကမ္ဘာပဲဖြစ် တယ်။ ခင်ဗျား လုံးဝ ရုန်းထွက်ရမှာက လူ့လောကရဲ့ အဓိအမိအား လုံးထဲကပဲ ဖြစ်တယ်။ တကယ်လို့ ခင်ဗျားက ခံစားစံစားချင်တယ်ဆိုရင် သက်သောင့်သက်သာ နေလိုက်ပါ။ ငြိမ်သက်မှုနဲ့ တည်ရှိမှုအကြားက အလှတရားကို ခံစားမိတဲ့အထိ အဓယာင်ဆောင်နေတဲ့ အတ္တကို ခင်ဗျားမှုချ ခွန်ပစ်လိုက်စမ်းပါ။ ကျွန်တော် ခင်ဗျားရဲ့ကိုယ်ပေါ်က တခြားအရာတွေ ယူမသွားချင်ပါဘူး။ ခင်ဗျားကိုယ်ပေါ်က အတ္တတစ်ခုတည်းကိုသာ လိုချင် တာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါဟာ ခြေခံုးခေါင်းဆုံး စိတ်ကူးယဉ်မှု တစ်ခုပါ။ တကယ့်အဖြစ်မှန် မဟုတ်ပါဘူး။ ဒါကြောင့် ခင်ဗျားကိုယ်ပေါ်က ယစ်မှုမှုယူသွားမယ်ဆိုတာလည်း တကယ်မဟုတ်ပါဘူး။ ကျွန်တော်ပေးချင် တာကတော့ ခင်ဗျားရဲ့ တည်ရှိမှုပဲ ဖြစ်ပါတယ်။ တကယ်တော့ ဒါလည်း ခင်ဗျားကို ပေးဖို့မလိုအပ်ပါဘူး။

ဘာကြောင့်လဲသိလား။ ခင်ဗျားဟာ ရှိပြီးသားဖြစ်နေလို့ ခင်ဗျားလိုအပ် တာက လှုပ်နိုးခံရဖို့ပဲ ဖြစ်တယ်။ ဒီနောက်မှာတော့ ခင်ဗျားဟာ ရိုးသားခြင်း အလှတရားနဲ့ နီးကပ်လာမှာဖြစ်တယ်။ ခင်ဗျား မိုးစင်းမှု ဖွင့်စားရတာ ဝရိုပါဘူး။ ခင်ဗျားရောက်တဲ့ အဓိလိုက်နေရမှာက တစ်သက်လုံးလိုက်မမီနိုင်တဲ့





ဓါးဒီအရိပ်တွေပဲ ဖြစ်တယ်။ ပြီးတော့ သယ်ဆောင်ပေးဖို့မှသွားတာက ဒီကမ္ဘာကြီးရဲ့ ရုက္ခာနာသိုးကိ။ အတ္တက ခင်ဗျားကို ဘာမှန်မှန်းမပြည့် အဝမပေးခင် သေခြင်းတရားက ခင်ဗျားကို အဆုံးသတ်လိုက်မှာပဲပေ။ အသက်ဟာ အလွန်တိုတောင်းလှပါတယ်။ ဒါပေမဲ့ အတ္တရဲ့ ဒီလိုရူးသွပ်တဲ့ လှည့်စားမှုနဲ့ ဖျက်ဆီးခံရတာကတော့ မတန်ပါဘူး။ ဒီတော့ သည်အရာအားလုံးကို ခင်ဗျား သဘောပေါက် မပေါက်ဆိုတာ ကြည့်ရတော့မှာပဲ။ ။

■

ရိုးသားတဲ့လူကိုတော့ ဦးနှောက်နည်းတဲ့ လူနုံလူအ လို့ သတ်မှတ်ကြတယ်။ အခုအချိန်အထိတော့ ရိုးစင်းတဲ့ လူတစ်ယောက်ဖြစ်ဖို့ ဆိုတာ ဘယ်တုန်းကမှ လူ့အနှယ်၊ လူ့အဖွဲ့အစည်းရဲ့ ရည်မှန်းချက်တော့ ဖြစ်မလာသေးပါဘူး။ ပြီးတော့ ခင်ဗျားကိုယ်တိုင်လည်း ရည်မှန်းချက်မထားနိုင်ဘူး။ ခင်ဗျားက ရိုးစင်းတဲ့လူတစ်ယောက် လုပ်မယ်လို့ ပြောတယ်။ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားဟာ မွေးကတည်းက သန့်စင်တယ်၊ ကလေးသူငယ် ဘိုင်းဟာ သန့်ရှင်းတယ်။ ဘာနဲ့တူသလဲဆိုတော့ ရှင်းသန့်တဲ့ သင်ပုန်း တစ်ချပ်ကိုပဲ။ မိဘတွေက အဲဒီသင်ပုန်းပေါ်မှာ စာလုံးတွေ ရေးချလိုက်တယ်။ သူ့သေသွားပေါက် ဘယ် လိုလူ တစ်ယောက် ဖြစ်ရမယ် ဆိုတာမျိုးပေါ့။ ဒီနောက်မှာ ကျောင်းဆရာ၊ ဘာသာရေးဆရာ၊ နိုင်ငံရေးခေါင်းဆောင်၊ သူတို့အားလုံးက အဆက်မပြတ် ထပ်ခါထပ်ခါ ပင်းမှုချ အကြီးအကဲတစ်ယောက် ဖြစ်ကိုဖြစ်ရမယ်။ ဒီလို မဟုတ်ရင်တော့ လူ့အဝေဆိုတာ အဓိပ္ပာယ် နမြောစရာဖြစ်နေမယ်။

* * *

တကယ်လို့ယက်တွေ့ကျတော့ ပြောင်းပြန်ပါပဲ။ ခင်ဗျားဟာ အမှန်တကယ်တည်ရှိနေတဲ့ ရုပ်ပတ်ဝန်းကျင်ပါပဲ။ ခင်ဗျား အခြားသူ သွားလုပ်ဖို့ မလိုပါဘူး။ ခင်ဗျားဟာ ခင်ဗျားပဲ ဖြစ်တယ်။ ဒါဟာ ရိုးစင်းတဲ့ အဓိပ္ပာယ်ပဲ။ ခင်ဗျားရဲ့ တည်ရှိမှုဟာ ငြိမ်းချမ်းစွာ တည်ရှိ နေတာဖြစ်ပြီး အခြားသူရဲ့ လမ်းကြောင်းအပေါ်ကို ဝင်ရောက်ဖို့ မလိုအပ်ပါဘူး။ အဲဒီလမ်းကြောင်းဆိုတာဟာ အဆုံးသတ်မရှိတဲ့ လမ်းကြောင်းဖြစ်တယ်။ ငါရှိခဲ့ဆိုရင်အသုံးမကျတော့ပြီ ငါ မှတ်သိမ် မျှော်မှန်းနေတဲ့ အထွတ်အထိပ်ကို ရောက်သွားပြီလို့ ခင်ဗျားဟာ သက်ကုန် ခံစားရမှာမဟုတ်ဘူး။



## အိုရှိုး ပြောတဲ့ အပြစ်မှန်တစ်ခု

အိန္ဒိယအမျိုးသားတစ်ယောက် မော်တော်ဆိုင်ကယ်စီးလာတယ်။ ရာသီဥတုက အေးတော့ သူက သူ့ရဲ့ဂျာကင်အင်္ကျီကို အတည့်မဝတ်ဘူး။ ကျောသားကို ရှေ့ပို့ ဇစ်အဖွင့်ကိုကျောထားပြီး အင်္ကျီနောက်ပြန်ကြီးဝတ်လာတယ်။ ဘာကြောင့်လဲဆိုတော့ အေးစက်တဲ့လေက အဆက်မပြတ် တိုက်ခတ်နေတော့ ရင်ဘတ်တစ်ခုလုံး အေးခဲမယ့် ဒဏ်ကို ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီအချိန်မှာပဲ လမ်းမကြီးရဲ့တစ်ဖက်ထိပ်ကနေ ဆားတာ (ဆစ်လူမျိုးတို့၏ ရှိသေမှုကို ခံယူသောပုဂ္ဂိုလ်) တစ်ယောက်ကလည်း မော်တော်ဆိုင်ကယ်စီးလာတယ်။ ဒီ ဆားတာ ကအရွှန်းရီးအသူတစ်ယောက်ဖြစ်နေတော့ ရုတ်တရက် အင်္ကျီနောက်ပြန်ဝတ် လာသူကိုလည်း လှမ်းမြင်ရော သူ့မျက်လုံးကိုသူ မယုံနိုင်အောင်ဖြစ်နေတယ်။ ဒီလူရဲ့ဦးခေါင်းက ၁၈၀ ဒီဂရီတောင်လှည့်ထားပါလားလို့ သူတွေးပြီး အံ့သြ တကြီးနဲ့ ကြောက်စိတ် တွေဝင်လာရာကနေ သူ့ဆိုင်ကယ်က ဟိုလူ့ဆိုင်ကယ် ကို ဝင်တိုက်တော့တာပါပဲ။ သနားစရာကောင်းတဲ့ဟိုလူခမျာ မြေကြီးပေါ်မှာ မှောက်လျက်သား မှေ့မြောနေတယ်။ ဆားတာ က ဆိုင်ကယ်ပေါ်ကနေ ကမန်းကတန်းဆင်းပြီး အသေအချာကြည့်ရင်း "ဘုရားရေ ဒီလူ ဘာများ

ဖြစ်သွားပြီလဲ၊ မြို့နဲ့လည်းအတော်ကြီးဝေးနေသေးတယ်။ ဆေးရုံပို့ဖို့ဆိုတာ မလွယ်ဘူး။ ငါ့ဘာသာငါပဲ သူ့အသက်ကို ကယ်တင်ရတော့မှာ''လို့ ဝါးခပ်က တတွတ်တွတ်ပြောနေရှာတယ်။

အဲဒီတဲ့အကိုင်းပဲ အိန္ဒိယနိုင်ငံရဲ့ ဆားတာတွေဟာ အလွန်အားကောင်းပြီး သန်မာထွားကျိုင်းသူတွေဖြစ်တယ်။ သူ့ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ ဂျာကင်အင်္ကျီအနေအထားကိုကြည့်ပြီး သတိမေ့နေတဲ့ ဟိုလူရဲ့ဦးခေါင်းကို နေရာမှန်ရောက်အောင် အားနဲ့လှည့်ပြီး ပြန်ကည့်ပေးလိုက်တယ်။ ဒီအချိန်မှာပဲ ရဲကားတစ်စီးရောက်လာပြီး ရဲအရာရှိက ''ဘယ်လိုဖြစ်တာလဲ'' လို့မေးတော့ ဆားတာက ''ခင်ဗျားတို့ရောက်လာတာ အတော်ပဲ ဒီလူကိုကြည့်စမ်းပါဦး။ သူ့မော်တော်ဆိုင်ကယ်ပေါ်က ပြုတ်ကျလာတာ''

ရဲအရာရှိကပြန်မေးတယ် ''ဒီလူ ရှင်နေသေးလား၊ သေပြီလား'' ဆားတာက ပြန်ပြောတယ် ''အစုနက သူ့ဦးခေါင်းကြီးလည်နေတုန်းတော့ အသက်ရှိသေးတာပဲ။ ဒါနဲ့ ကျွန်မတော်လည်း သူ့ဦးခေါင်းကို နေရာမှန်ရောက်အောင် ပြန်လှည့်ပေးလိုက်ရော ဒီလူအသက်ရှူရပ်သွားတော့တာပဲ''။ ရဲအရာရှိက ဒေါသသံနဲ့ပြောတယ် ''မင်းဘာဖြစ်လို့ ဒီခေါင်းကို အခုရှိထားနေရတာလဲ၊ နေရာမှားနေတာက ခေါင်းမဟုတ်ဘူးကွ၊ ဂျာကင်အင်္ကျီဆိုတာ မင်းမမြင်ဘူးလား''။ ဒီတော့ ဆားတာ က စိတ်ပျက်တဲ့လေသံနဲ့ ပြန်ပြောတယ် ''ကျုပ်တို့က သစ်ပင်တောကောင်းလောက်အောင် ယုံယိုင်းသူတွေပါပဲဗျာ။ အပေါ်အင်္ကျီရဲ့ဇစ်တွေက နောက်ကျောပေါ်ရောက်နေတာမျိုး တစ်ခါမှမမြင်ဖူးပါဘူး။ ကျုပ်ထင်တာက ဒီလူတော့ မတော်တဆ ဖြစ်လာတယ်ပေါ့။ သူ့ပြောနေပေမယ့် အသက်တော့ ရှူနေသေးတာပဲ၊ သူ့ဦးခေါင်းကို ဆွဲလှည့်လိုက်တော့မှ အတိုချုပ်ရောက်တော့တာ၊ ဒါပေမယ့် အဲဒီအချိန်က ကျုပ်ဖြစ်စေချင်တဲ့ဆန္ဒကို ကျုပ်လုပ်လိုက်ရပါတယ်။ သူ့ဦးခေါင်းကိုနေရာ မှန်ပြန်လှည့်ပေးလို့ အင်္ကျီဇစ်နဲ့ တည့်သွားတော့မှ ဒီလူဟာအသက်ထွက်သွားတာ ဘာတယ့်လူဟားလူဆန်းပါပဲဗျာ။

ခင်ဗျားရဲ့ဦးခေါင်းနဲ့ ခင်ဗျားရဲ့ဇီဝကိုကို လူတော်တော်များများက သူတို့ဆန္ဒနဲ့အညီ ခင်ဗျားဟာ ဘယ်လိုပုံစံဖြစ်သင့်တယ်ဆိုတဲ့ သူတို့စိတ်ကူးအတိုင်း





ခင်ဗျားရဲ့ဦးတည်ချက်ပေါ့ကို လာပြီးလှည့်ပြောင်းပေးနေကြတယ်။ သူတို့အဆိုက တည့်မတ်ပေးတယ်ပေါ့။ သူတို့မှာမကောင်းတဲ့စိတ်တော့ မရှိပါဘူး။ ခင်ဗျားရဲ့မိဘတွေက ခင်ဗျားကို ချစ်ကြတာပဲ၊ ခင်ဗျားရဲ့ဆရာဟာလည်း ခင်ဗျားကိုချစ်တာပဲ။ ခင်ဗျားရဲ့လူ့အဖွဲ့အစည်းက ခင်ဗျားကို ထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာဖို့ မျှော်လင့်နေကြတယ်။ သူတို့ရဲ့အရင်းခံ စေတနာက ကောင်းပါတယ်။ ဒါပေမယ့် သူတို့ရဲ့ကြည့်မြင်မှုက တိုတောင်းပြီး နားလည်း မှုက တိမ်လွန်းတယ်။ ခင်ဗျားအနေနဲ့ ထပ်တစ်ရာယ်ကို နှင်းဆီပန်းဖြစ်အောင် ဘယ်လိုမှ မလုပ်နိုင်ဘူးဆိုတာ သူတို့မေ့နေတယ်လေ ဒီတော့ အကျိုးသက် ရောက်မှုက နက်ပေါ့။

ခင်ဗျားလုပ်နိုင်တဲ့တစ်ခုတည်းသောကိစ္စက နှင်းဆီပင်ကိုဖိုပြီး ကြီးထွားလာအောင် ကူညီဖို့ပါ။ အမြောင်းအသွေး ပိုပြီးစိုပြည်အောင် သင်းနံ့ ပိုမိုမွေးပျံ့လာအောင် အသုံးတည့်မယ့် ရက္ခဓေးဝါးမှန်သမျှကို ခင်ဗျားသည် ပေးနိုင်တယ်။ နှင်းဆီရဲ့အရောင်းအသွေးနဲ့ ရနံ့ကို ပြောင်းလဲပစ်ဖို့ သူလိုအပ်နေ တဲ့မြေသြဇာ မှန်ကန်စီလျော်တဲ့ မြေဆီအနေအထား၊ သင့်မြတ်တဲ့အချိန်မှာ သင့်လျော်တဲ့ရေလောင်းမှု ပြုလုပ်ပေးရမှာပါ။ ဒါပေမယ့် နှင်းဆီပင်က ကြာပန်းပွင့်လာအောင် လုပ်ဖို့တော့ ခင်ဗျားမတတ်နိုင်ပါဘူး။

အကယ်၍များ တနည်းတတည်းက နှင်းဆီပင်ပေါ်မှာ ကြာပန်းပွင့်လာဖို့ စိတ်ကူးကွေ့ရှိနေမယ်၊ သေချာပေါက် ကြာပန်းပွင့်ရမယ်လို့ ခင်ဗျားယုံ ကြည်နေမယ်ဆိုရင် ကြာပန်းကတော့ ပိုလှပြီး အပွင့်ကလည်း ပိုကြီးနေ မှာပေါ့။ ဒါဟာ မှားယွင်းတဲ့ ကန့်သက် ချုပ်ဆိုမှုကစ်နှုကို ပြုလုပ်လိုက် သလိုပါပဲ။ နှင်းဆီပင်က တစ်သက်လုံး ကြာပန်းမပွင့်နိုင်တဲ့အပြင် နှင်းဆီ ပင်ရဲ့ စွမ်းပကားတစ်ခုလုံးဟာလည်း မှားယွင်းတဲ့လမ်းပေါ်မှာ ဦးတည်သွား နေ တော့မှာပါ။ ဒီလိုနဲ့ နှင်းဆီပင်ဟာ နှင်းဆီပန်းတောင်မပွင့်နိုင်တဲ့အခြေ အနေကို ရောက်သွားတော့မှာဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ နှင်းဆီပင်မှာ နှင်းဆီပွင့်တဲ့ အစွမ်းသတ္တိမရှိတော့လို့ပဲဖြစ်တယ်။ ဒီတော့ ကြာပန်းလည်း မပွင့်၊ နှင်းဆီလည်းမပွင့်နဲ့ သနားစရာကောင်းတဲ့ သစ်ပင်ဟာ ဘာကောင်းမျှက်

လုံးမှာ အလွန်တရာအနုစိတ်ပွဲလွန်းပြီး စိတ်ဖျက်အားငယ်ခြင်း၊ ညှိဖျင်းမဲ့တော ခြင်းနဲ့ သူဟာ ဘာတန်ဖိုးမှ မရှိဘူးလို့ ခံစားနေရတော့မှာပါ။

လူသားများရဲ့ အခြေအနေက ဒီအတိုင်းပါပဲ။ လူတွေဟာ အမျိုးမျိုး အဖုံဖုံ သောရည့်ရှုယ်ချက်နဲ့ အကြံအစည်ကောင်းတွေကို သယ်ဆောင်လာ ကြပြီး ခင်ဗျားရဲ့စိတ်ထားနဲ့ ဦးနှောက်ကို ပြောင်းလဲလိုကြတယ်၊ နှိုင်းယှဉ် ချက်အားဖြင့် ပိုမိုတိုးတက်ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်း တစ်ခုမှာတော့ အမြော်အမြင်ကြီးသူတွေက ခင်ဗျားကို ဘယ်တော့မှ ပြောင်းလဲအောင် လုပ်မှာ မဟုတ်ဘူး။ ခင်ဗျားဟာ ခင်ဗျားပဲဖြစ်ဖို့ လူတိုင်းက အကူအညီပေး ကြမှာပါ။ **ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရတာဟာ ဒီကမ္ဘာ လောကမှာ အလှဆုံး အရာပဲဖြစ်တယ်။** ကိုယ့်ဘာသာကိုယ် ဖြစ်ခွင့်ရခြင်းဟာ သင်စိတ်တိုင်းကျ ဖြစ်ဖို့ လိုအပ်နေတဲ့အရာအားလုံးကို အပ်နှင်းပေး မှာဖြစ်တယ်။ ဒါဟာ သင့်ဘဝရဲ့ရှင်သန်မှုကို ပိုပြီးအဓိပ္ပာယ်ရှိစေနိုင်တဲ့ အဓိကလက္ခဏာပါပဲ။ မိမိဘာသာဖြစ်တည်ခြင်းသာ ပင်ကိုသဘော သဘာဝနဲ့အညီ ရှင်သန်ကြီးပြင်းပြီး၊ သင့်ရဲ့ကံကြမ္မာကို ချောမွေ့ပြေပြစ်စေ နိုင်မှာဖြစ်တယ်။

ဒါကြောင့် ပြောင်းလဲပေးချင်တဲ့ သူတို့ရဲ့ မွတ်သိပ်ကောင့်တမှုဟာ မကောင်းတဲ့အရာမဟုတ်ပါဘူး။ ဒါပေမယ့် မှားယွင်းတဲ့ပြစ်မှုက် အဖြစ်မခံ ရပါဘူးနော်။ ခင်ဗျားမှုချပဲ သတိကြီးစွာထားရမယ်။ သူတို့ရဲ့ အရင်းခံစိတ်ထား မည်သို့ပင် ကောင်းသည်ဆိုစေ၊ တစ်ပါးသူရဲ့ ခိုးဝိုးခြယ်လှယ်မှုကိုတော့ မခံရပါစေနဲ့၊ ကောင်းလေ့ဆိုတဲ့ ဦးတည်ချက်အမျိုးမျိုး အဖုံဖုံနဲ့ ခင်ဗျားဘဝ ကိုလာပြီး စွက်ဖက်မယ့် တစ်ပါးသူရဲ့လက်ထဲကနေ မုချပဲ၊ ခင်ဗျားကိုယ် ခင်ဗျား ရုန်းထွက် ကယ်တင်ရမှာဖြစ်တယ်။ သူတို့က ခင်ဗျားကို ဒီလိုလုပ်ပါ၊ ဟိုလိုလုပ်ပါလို့ တစ်လျှောက်လုံး သတိပေးနေတယ်။ သူတို့ ဘာပြော သလဲဆိုတာ ခင်ဗျားနားကောင်နေပါ။ ပြီးတော့မှ ကျေးဇူးတင်ပါတယ်လို့ တစ်ခွန်း ပြောလိုက်၊ သူတို့ခင်ဗျားကိုထိခိုက်အောင် မရည်ရွယ်ပါဘူး၊ ဒါပေမယ့် နောက်ဆုံးတော့ ခင်ဗျားကိုထိခိုက်စေတာပဲလေ။

ခင်ဗျားရဲ့နှလုံးသားကို ခင်ဗျားနားထောင်တာဟာ အကောင်းဆုံးပါ။





သူဟာ ခင်ဗျားရဲ့တစ်ဦးတည်းသောဆရာပါ။ အသက်ရှင်သန်ခြင်းရဲ့ မှန်ကန် ကြောင့်မတ်တဲ့ ခရီးလမ်းမှာ ခင်ဗျားရဲ့တိုက်ရိုက်အာရုံသိမှုဟာ ခင်ဗျားရဲ့ တစ်ဦးတည်းသောဆရာပဲဖြစ်ပါတယ်။

**သဘာဝျှဉာဏ် (Intuition)** နဲ့ ပတ်သတ်လို့ ခင်ဗျားစူးစမ်းသုတေ သနပြုခဲ့သလားမသိဘူး၊ အဲဒီစကားလုံးနဲ့ သင်ကြားပေးခြင်း **ကျူရှင် (Tuition)** ဒီနှစ်ခုအကြားမှာ မတူကွဲကွဲပြားမှုရှိတယ်၊ သင်ပြခြင်း **(tuition)** ဆိုတာ ဆရာကပေးတာ၊ အပြင်ဘက်ကလာတာ။ တိုက်ရိုက် အာရုံသိမှု **(Intuition)** ကတော့ ခင်ဗျားရဲ့ ပင်ကိုယ်သဘာဝသတ္တိ ရှင်းပြလို့မရတဲ့ စိတ်ကပေးတာ၊ အတွင်းပိုင်းရဲ့ နက်ရှိုင်းတဲ့ နေရာကလာတာ၊ ခင်ဗျားရဲ့ အတွင်းပိုင်းမှာ လမ်းညွှန်သူတစ်ယောက်ရှိနေတယ်။ ခင်ဗျား သတ္တိနည်းနည်း သာရှိပါစေ၊ မိမိကိုယ်ကို တန်ဖိုးမရှိသူလို့ ခင်ဗျားယာဝရ မခံစားရတော့ပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့သမ္မတ၊ ဝန်ကြီးချုပ် ဒါမှမဟုတ် **ဟင်နရီဖို့ဒ်** လို လူမျိုး ခင်ဗျား ဖြစ်ချင်မှဖြစ်မယ်။ ဖြစ်ဖို့လည်းမလိုအပ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားအလွန်အသံချိုတဲ့ အဆိုတော်တစ်ယောက်၊ ဒါမဟုတ် အလွန်တော်တဲ့ စာရေးဆရာတစ်ယောက်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ခင်ဗျားဘာကြီး ပဲဖြစ်ဖြစ် သိပ်အရေးမကြီးပါဘူး။ ခင်ဗျား ကြီးမြတ်တဲ့ ဖိနပ်ချုပ်သမားတစ်ယောက်လည်းဖြစ်နိုင်တာပဲလေ။

အမေရိကန်ပြည်ထောင်စုမှာ **အီဗရာဟင်လင်ကွန်း** သမ္မတဖြစ်လာ တဲ့အခါ သမ္မတလင်ကွန်းရဲ့ အဖေက ဖိနပ်ချုပ်သမားတစ်ယောက်ဖြစ်နေ တော့ လွှတ်တော်အမတ်တွေအားလုံးပဲ ဖိနပ်ချုပ်သမားတစ်ယောက်ရဲ့သားက အလွန်ချမ်းသာကြွယ်ဝသူတွေနဲ့ ပင်းမိုးပင်းနှယ် ပုဂ္ဂိုလ်တွေအပေါ်လာအုပ် **ချုပ်နေတာ** မကြိုက်ဘူး။ သူတို့အတွက် အရှက်ရစရာတစ်ခုလို့ ခံစားနေကြ ရတယ်။ သူတို့ယုံကြည်ထားတာက သူတို့ဟာ သူတကာထက် သာလွန် လူချွန်သူတွေဖြစ်ရမယ်။ ဘာကြောင့်လဲဆိုတော့ ချမ်းသာကြွယ်ဝသူတွေဖြစ် နေလို့၊ သူတို့ဟာ ဆက်ပင်ပုညာရှင် မိသားစုကြီးတွေကနေ ဆင်းသက်လာ ကြသူတွေဖြစ်လို့ ဒါကြောင့်အမတ်တော်တော်များများက သူတို့သိက္ခာကျ တယ်လို့ယူဆပြီး မကျေမနပ်နဲ့ ဒေါသအမျက်တွေ ထွက်နေကြတယ်။

လင်ကွန်းသမ္မတရာထူးရတာ ဘယ်သူမှမကြိုဆိုကြဘူး။

ပထမဆုံးအကြိမ် သမ္မတလင်ကွန်းက အမတ်အပေါင်းကို ပထမ မိန့်ခွန်းပေးတဲ့အခါမှာ မြင့်မြတ်ချင်ယောင်ဆောင်ပြီး ဘဝင်နားထင် ရောက်နေသူ တစ်ဦးက လင်ကွန်းရှေ့မှာထရပ်ပြီး ဒီလိုပြောပါတယ်။ "ဆရာလင်ကွန်း ခင်ဗျား မိန့်ခွန်းမစခင် ကျွန်တော်ကြိုတင် သတိပေး ချင်တာကတော့ ခင်ဗျားဟာ ဖိနပ်ချုပ်သမားတစ်ယောက်ရဲ့သားဖြစ်တယ် ဆိုတာ သတိပြုဖို့ပါဘဲ။" ဒီစကားကိုကြားတော့ အမတ်တွေအားလုံးက ပိုင်းရယ်ကြတယ်။ သူတို့က လင်ကွန်းကို အရှက်ခွဲဖို့ ကြိုးစားပေမယ့် အမှန်စင်စစ် လင်ကွန်းကို အရှုံးနိမ့်အောင် မလုပ်နိုင်ကြပါဘူး။ ဒါပေမယ့် သူတို့ မထီမဲ့မြင် အလှောင်ပြောင်တာမျိုး လုပ်နိုင်ပါတယ်၊ သို့သော်လည်း လင်ကွန်းလို ပုဂ္ဂိုလ်မျိုးကို အရှက်ရစေဖို့ ဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ရပ် တော့မဟုတ်ပါဘူး။ လင်ကွန်းပြန်ပြောတာက "ကွယ်လွန်ပြီဖြစ်တဲ့ ကျွန်တော့်ဖခင် အကြောင်းနှိုးဆော်ပေးတဲ့ ခင်ဗျားကို ကျွန်တော်အလွန်ပဲ ကျေးဇူးတင်မိပါတယ်ဗျာ၊ ကျွန်တော် ခင်ဗျားရဲ့ သတိပေးချက်ကို ထာဝရအမှတ်ရနေမှာပါ။ ကျွန်တော်သိပါတယ်၊ ကျွန်တော့်ရဲ့ သမ္မတရာထူး ဟာ သူ့လို ဖိနပ်ချုပ်သမား တစ်ယောက်ရဲ့ ကြီးမြတ်မှုမျိုးနဲ့ ဘယ်တော့မှ မတူနိုင်ဘူးဆိုတာပါဘဲ။" အစည်းအဝေးခန်းမကြီးတစ်ခုလုံး ဘာသံမှ မကြားရ အောင် တိတ်ဆိတ်သွားပါတယ်။ လင်ကွန်းက သူ့နည်းသူ့ဟန်နဲ့ပဲ ဒီပြဿနာ ကိုဖြေရှင်းခဲ့ပါတယ်။

နောက်တော့ လင်ကွန်းက ဒီလိုဆက်ပြောတယ်။ "ကျွန်တော်သိ သလောက်တော့ ကျွန်တော့်ဖခင်ဟာ ဟိုအရင်ကတည်းက ခင်ဗျားတို့ တော်ဝင်မိသားစုအတွက် ဖိနပ်တွေချုပ်ပေးခဲ့တာပဲ။ တကယ်လို့များ ခင်ဗျားစီးတဲ့ဖိနပ်မှာ ပြဿနာတစ်ခုခုရှိခဲ့ရင် ကြီးမြတ်တဲ့ ဖိနပ်ချုပ်သမား တစ်ယောက် မဟုတ်ပေမယ့် ငယ်စဉ်ကတည်းက ဖခင်ဆီမှာ ဒီအတတ် ပညာကိုသင်ယူခဲ့လို့ ကျွန်တော်ခင်ဗျားအတွက် ကူညီပြုပြင်ပေး နိုင်ပါတယ်။"

"တက်ရောက်လာကြတဲ့ လူကြီးမင်းအပေါင်းတို့...တကယ်လို့များ ခင်ဗျားတို့စီးတဲ့ ဖိနပ်တွေဟာ ကျွန်တော့်ဖခင်ပြုလုပ်ခဲ့တာဆိုရင် ဒီကနေ





ပြုပြင်မွမ်းမံဖို့လိုနေပြီလား၊ ဒါဆိုရင် အချိန်မရွေး ကျွန်တော့်ကို လာခေါ်ပါ။ ကျွန်တော် အသင့်စောင့်ကြိုနေပါတယ်။ ဒါပေမယ့် သေချာတာက ကျွန်တော့် ဖခင်လောက်တော့ ကျွန်တော်ကြီးမြတ်မှာ မဟုတ်ဘူး။ သူ့လက်မှုပညာက ရွှေရောင်လင်းတဲ့ လက်ရာပဲ။"

ဖခင်ကို ပြန်လည်အောက်မေ့တဲ့စိတ်နဲ့ လင်ကွန်းရဲ့ မျက်ဝန်းတစ်စုံလုံး မှာ မျက်ရည်စတွေ ရွှမ်းစိုခဲ့ပါတယ်။

ခင်ဗျား ကာယိယတန်းစား သမ္မတတစ်ယောက်ဖြစ်နိုင်သလို ပထမ တန်းစား ဖိနပ်ချုပ်သမားတစ်ယောက်လည်းဖြစ်နိုင်ပါတယ်။ ဒါကအရေး မကြီးပါဘူး။ တကယ်တမ်း လူ့ဘဝကို ကျေနပ်နှစ်သိမ့်စေနိုင်တာကတော့ ကိုယ်တိုင် ဖန်တီးပြုလုပ်တဲ့ အရာကိစ္စအပေါ်မှာ ခံစားပီတိဖြစ်ခြင်းပါ။ စိတ်စွမ်းအားတစ်ခုလုံး မြှုပ်နှံထားပြီး ခင်ဗျားဟာ အခြားသူမဖြစ်ချင်ဘူး။ ဒါဟာခင်ဗျား အလုပ်ချင်ဆုံးအရာ၊ ခင်ဗျားရဲ့ သဘာဝလောကကြီး တညီ တညွတ်တည်း သဘောတူခဲ့တာက ဒီဇာတ်လမ်းနဲ့ ခင်ဗျားရဲ့ ဇာတ်သရုပ် ဟာအသင့်တော်ဆုံးပါ။

သမ္မတရာထူး ပါမှကော ရှင်ဘုရင်ရဲ့ ပလ္လင်နဲ့ အလဲအလှယ်လုပ် ရမယ်ဆိုရင်တောင် ခင်ဗျားသဘောတူမှာမဟုတ်ဘူး၊ ဒါဟာစစ်မှန်တဲ့ ချမ်းသာကြွယ်ဝမှု ဒါဟာ စစ်မှန်တဲ့ ရင်ဘာညီချက် အခင်အသားပါ၊ တကယ်လို့ လူတိုင်းသာ ကိုယ့်နေရာကိုယ်ရခဲ့ရင် ဒီကမ္ဘာမြေရဲ့ နေရာတိုင်းမှာ အားမာန် အပြည့်နဲ့ လူတွေချည်းသာ ခင်ဗျားတွေနေရမှာဖြစ်တယ်။ သူတို့မှာ တုနှိုင်း မရတဲ့ ခွန်အားတွေ ဉာဏ်ရည်ဉာဏ်သွေးတွေနဲ့ နားလည်မှုကြွယ်ဝတဲ့ စိတ်ထားတွေ အပြည့်ရှိနေမှာပါ။ ပြီးတော့ ရောင့်ရဲတင်းတိမ်စိတ်နဲ့ ပီတိသောမနဿတွေ လည်းရှိခဲ့တယ်။ အကြောင်းကတော့ သူတို့မိမိပြန် ကျပြီ ဖြစ်လို့ပဲ။ ။

သဘာဝဉာဏ် (Intuition) နဲ့ ပတ်သက်လို့ ခင်ဗျား ရှာမြင်ရတာလေးက မြင့်မားသောအကြောင်း အင်္ဂလိပ်စကားလုံးနဲ့ ကစားပြပေးမှာ ကျူရှင် (Tuition) ဒီနှစ်ခုကိုဆိုရင်ပြမှာ ကျောင်းပြင်ပမှာရှိတယ် သင်ပြခြင်း (tuition) ဆိုတာ ဆရာလာပေးတာ အပြင်ကလာတဲ့ သင်ကြား ကိုယ်ရှိ ပ အတွင်းက (Intuition) ပေးတာ ခင်ဗျားရဲ့ ပင်ကိုယ် သဘာဝသည် နှင့်နှင့်ပြီးရဲ့ စိတ်ကပေးသော အတွင်းဆိုင်ရဲ့ နှင့်ရှိတဲ့ စေ့ဆော်ချက်ပါပဲ

◎

ပယ်ရာနဲ့စပ်ပြီးပြောတာက "ဘုရားကိုယ်တိုင် ကျွန်တော့်ဖခင် အကြောင်း နိုးဆော်ပေးတဲ့ ခင်ဗျားကို ကျွန်တော်အတွက် ကောင်းမွန်ပါ ပါတယ်ဗျာ။ ကျွန်တော် ခင်ဗျားရဲ့ သဘောထားကို ပထမဆုံး နေ့မှာပဲ ပြုလုပ်ခဲ့တယ် ကျွန်တော်ရဲ့ သမ္မာအာရုံဟာ သူ့ကို စိုက်ထားသော တစ်ယောက်ရဲ့ ကိုယ်ပိုင်မှုနဲ့ ဘယ်တော့မှ မကွဲကွာ ဆိုတာပါပဲ။"



**Everyday Meditation at OSHODHAM**



# အိုရှိုးရဲ့ ပန်းတိုင်

ကိုယ့်နှလုံးသားရဲ့ အနက်ဆုံး နေရာကိုမေးကြည့်

မြောက်ဝင်ရိုးစွန်း ဝက်ဝံလေးတစ်ကောင်က သူ့အမေကို မေးတယ် **"အမေ ကျွန်တော့် အဖေက မြောက်ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်ပဲလား ဟင်"** သူ့အမေက ပြန်ဖြေတယ် "**ဟုတ်တာပေါ့ သားရယ် မင်းအဖေက လည်း မြောက်ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်ပေါ့**" မကြာခင်မှာ ဝက်ဝံက လေးက မေးပြန် ရော "**အမေ ကျွန်တော့်ကို ပြောပြစမ်းပါ ကျွန်တော် အဘိုးကလည်း မြောက်ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်ပဲလားဗျ**" "**မှန်တာပေါ့ ကွယ် သူလည်း မြောက်ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင် ပဲလေ**" ဒီလိုနဲ့ အချိန်အနည်းငယ် ကြာသွားပြီးတဲ့နောက် "**ဒီလိုဆို ကျွန်တော်အဘေးက ဘယ်လိုလဲ၊ သူလည်းမြောက်ဝင်ရိုးစွန်း ဝက်ဝံပဲလား**" "**သိပ်ဟုတ်တာပေါ့ မင်းဘာကြောင့် ဒီလို မေးနေရတာလဲ**" လို့ သူ့အမေက ပြန်မေးလိုက်တော့ "**ကျွန်တော် အေးလွန်းလို့ပါ အမေရယ်**" လို့ ဝက်ဝံကလေးက ပြန်ဖြေတယ်။

ကျွန်တော် ကြားသိရတာ ကျွန်တော့် အဖေက မြောက်ဝင်ရိုးစွန်း ဝက်ဝံ၊ ကျွန်တော့် အဘိုးကလည်း မြောက်ဝင်ရိုးစွန်း ဝက်ဝံ၊ ကျွန်တော့် အဘေးကလည်း မြောက်ဝင်ရိုးစွန်းဝက်ဝံပါပဲ။ ဒါပေမဲ့ ကျွန်တော်

ခံစားရတာ အရမ်းကို အေးနေတယ်၊ ဒီလို အခြေအနေမျိုးကို ကျွန်တော် ဘယ်လိုပြောင်းလဲနိုင်မလဲ။ ကျွန်တော် မျှော်လင့်တဲ့ ခင်ဗျားအမေနဲ့ အတိုးကို သိခွင့်ရခဲ့တယ်၊ ခင်ဗျား အဖေးကိုလည်း သိခဲ့ရပါတယ်။ သူတို့အားလုံး လည်း အေးလွန်းတယ်လို့ ခံစားကြရတာပဲ၊ သူတို့ရဲ့ အမေမေတွေကလည်း ဒီလိုပဲ ပြင်းမိုးမျှော့ပဲ သူတို့ကိုပြောခဲ့တာပါ။ မင်းအဖေက မြောက်ဝင်ရိုးစွန်း ဝက်ဝံ၊ မင်းအမိုးနဲ့ အဖေးကလည်း မြောက်ဝင်ရိုးစွန်းဝက်ဝံ၊ ဒီတော့ တကယ်လို့ မင်းအေးလွန်းတယ်လို့ ခံစားရရင်၊ အေးလွန်းတယ်ပဲ ခံစားလိုက်ပါ။ ဒီပုံပြင်တွေက ဘာအကူအညီမှ မရနိုင်ပါဘူး။ မြောက်ဝင်ရိုးစွန်း ဝက်ဝံလည်း အေးပတ်တယ်ဆိုတဲ့ သဘောကတစ်ခုကို ပြမှာပဲရှိမယ်၊ ပကတိဖြစ်ရပ်ကို ရင်ဆိုင်လိုက်စမ်းပါ။ အစဉ်အလာထဲမှာ ရှုပ်ယှက်မနေပါနဲ့၊ အပေါက်မှာလည်း မနေရစ်မဲ့ပါနဲ့၊ အကယ်လို့ ခင်ဗျားအေးလွန်းနေရင်၊ အေးလွန်းတယ်ပဲ ခံစားလိုက်ဟာ သဘာဝကျတယ်။ ခင်ဗျားက မြောက်ဝင် ရိုးစွန်း ဝက်ဝံဖြစ်လို့ ဆိုတာဟာ နှစ်သိမ့်မှုပေးတဲ့ စကား လုံးဝမဖြစ်နိုင် ပါဘူး။ လူ့အနွယ်ဟာ ဒီလို နှစ်သိမ့်မှုမျိုးတွေ ရရှိခဲ့တာ နှစ်ပေါင်းထောင် ကြာခဲ့ပါပြီ၊ ခင်ဗျား ထောင့်ဖူးမှုရှိသော် ခင်ဗျားဟာ သေအုံးမှုးပဲ ဖြစ်တယ်။ ဒီအချိန်မှာ ခင်ဗျားဆီကို လူတစ်ယောက်က လာပြောတယ် "**မကြောက်ပါနဲ့ ဝိညာဉ် ဟာ ထာဝရပါတဲ့**" ဒါပေမဲ့ ခင်ဗျားက မကြာခင်သေတော့မှာပဲ။

လူတစ်ယောက် သေအံ့မူးမူးကာလမှာ ခင်ဗျားက သူ့ကိုနှစ်သိမ့်အား ပေးတဲ့အနေနဲ့ ဝိညာဉ်ဟာ ထာဝရပါလို့ ပြောလိုက်တယ်၊ သို့ပေမယ့် ဒီနှစ်သိမ့်အားပေးမှုက ဘာအကူအညီမှ မရပါဘူး။ လူတစ်ယောက် စိတ်ဆင်းရဲမှု ကြီးစွာဖြစ်နေတယ်၊ ခင်ဗျားကသူ့ကို "**ဒီလောက် စိတ်ဆင်းရဲ မနေပါနဲ့ဗျာ ဒါဟာ စိတ်ကြောင့်ဖြစ်နေတာပါ**" လို့ပြောရင် ဒီစကားဟာ ဘယ်လိုများ အကူအညီပေးနိုင်မှာလဲ၊ ခင်ဗျားရဲ့စကားက သူ့ကို ပိုပြီးစိတ် ဆင်းရဲစေတာပဲ ဖြစ်မှာပေါ့။ ဒီလို သဘောတရား တွေဟာ အကျိုးမများပါ ဘူး။ ဒါတွေဟာ လူ့အနွယ်ကို နှစ်သိမ့်ဖို့နဲ့ လှည့်စားဖို့ တီထွင်ခဲ့ကြတာပါ။ အကယ်လို့ ခင်ဗျားက အေးလိုက်တာလို့ ခံစားရရင်၊ ခင်ဗျားသိပ်အေးနေလို့ ပဲဖြစ်မယ်။ ခင်ဗျားအဖေက မြောက်ဝင်ရိုးစွန်း ဝက်ဝံဟုတ်မဟုတ် ဆိုတာ





စိုးစမ်းနေမယ့်အစား ခုန်လိုက်ပေါက်လိုက်၊ ကျွမ်းကိုးလိုက်၊ ခပ်မှန်မှန်ပြေး လိုက် အားကစားတစ်ခုခု လုပ်လိုက်တာကမှ ပိုပြီးသဘာဝကျမယ်။ ဒါမှမ ဟုတ်ရင်လည်း ဝက်ဝံများရဲ့ စိတ်ငြိမ်ခြင်းကျင့်စဉ်ကို ကျင့်ရမယ်၊ ဒါဆိုရင် ခင်ဗျား သိပ်မအေးတော့ဘူးဆိုတာ ကျွန်တော် အာမခံရဲပါတယ်။ အတိတ်က အမေနှင့် ဘိုးဘေးများ ကိစ္စကထားပြီး၊ ခင်ဗျားရဲ့လက်တွေ့ အခြေအနေ နဲ့ ဘဝကို ကိုက်ညီအောင် လုပ်ဆောင်ဖို့ပါပဲ။ တကယ်လို့ ခင်ဗျားအနေနှင့် အေးလွန်းတယ်လို့ ခံစားရရင်၊ အေးအေးသက်သာတဲ့ နည်းလမ်းကို ရှာဖွေ ရမယ်၊ ဗုဒ္ဓရဲ့ နည်းနာတစ်ခုခုကို အသုံးပြုဆောင်ရွက်ရမှာဖြစ်တယ်။ လက်တွေ့မကျတဲ့ မေးခွန်းတွေ ထုတ်နေလို့ကတော့ ခင်ဗျား လမ်းမှားကို လျှောက်သွားသလိုဖြစ်မယ်၊ ခင်ဗျားက မရပ်မနား မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးနေသမျှတော့ ခင်ဗျားရဲ့ သနားစရာကောင်းတဲ့ အမေကြီး ကလည်း အလိုက်အထိုက် ခင်ဗျားကိုဆက်ပြီး နှစ်သိမ့်မှုတွေ ပေးနေရဦးမှာ ပါပဲ။ ဒီပြဿနာက အမှန်ပဲ လှပပြီး၊ တကယ့်ကို အဓိပ္ပာယ်ရှိပါတယ်၊ ပြီးတော့ အလွန်တရာလည်း အရေးကြီးပါတယ်။

လူ့အနွယ်ဟာ ဒီလို ဒုက္ခတွေကို ခံစားခဲ့ကြရတာပါ။ ခင်ဗျားရဲ့ သောက ဝေဒနာတွေကို တွေးရင်း၊ ခင်ဗျားရဲ့ ပြဿနာတွေကို ကြည့်မြင်ရင်းက၊ ပြဿနာရဲ့ အပြင်ဘက်မှာ ဖြေရှင်းတဲ့ နည်းနားကို သွားရှာဖို့တော့ စိတ်ကူး မလွဲလိုက်ပါနဲ့၊ ခင်ဗျားရဲ့ ပြဿနာကို ခင်ဗျားကိုယ်တိုင် တိုက်ရိုက်သွား ကြည့်ပါ၊ အရှိအတိုင်း ကြည့်မြင်ပါ။ အဲဒီမှာ ခင်ဗျား အဖြေကိုရှာတွေ့မှာ သေချာပါတယ်၊ ခင်ဗျားရဲ့ပြဿနာကို သွားကြည့်ခြင်းဟာ၊ ရိုးစင်းတဲ့ အဖြေကို သွားရှာတာ မဟုတ်ပါဘူး။ ဥပမာအားဖြင့် ခင်ဗျား အဆက်မပြတ် မေးနေတာက "**ငါဘယ်သူလဲ**" အကယ်လို့ခင်ဗျား မေးခဲ့တဲ့သူက မိုးနတ် မင်းပါဒီ ဆိုရင် သူပြောမှာက "**မင်းဟာ မိုးနတ်မင်းရဲ့သားပေါ့၊ မိုးနတ် မင်းက မင်းကိုအလွန်ပဲချစ်ခဲ့တယ်**" အဲဒီလိုအပြောခံရတယ်ဆိုရင်ပဲ ခင်ဗျား အတော်ကို အကျေပ်ရှိက်သွားပြီ၊ မိုးနတ်မင်းက ငါ့ကို ဘယ်လို များချစ်ခဲ့တာပါလိမ့်လို့ ခင်ဗျားတွေးမိမှာ သေချာတယ်။ အသူအရာ မတွေ့တဲ့ နောက်တစ်ယောက်ကို သွားမေးကြည့်တော့လည်း သူပြောတာက

**"ခင်ဗျား ကိုယ်တိုင်က မိုးနတ်မင်းပဲလေ၊ ခင်ဗျား မိုးနတ်မင်းရဲ့ သားတော် မဟုတ် ပါဘူး"** လို့ဆိုပြန်ရော တစ်ကျောင်းတစ်ဂါထာပါပဲ၊ ဒါပေမဲ့ သူကို ဘာတွေပဲပြောပြော ခင်ဗျား ခေါင်းကိုက်တယ်၊ ဇက်ကြောတက်တယ်၊ ဦးခေါင်းတစ်ခြမ်းလေးပေးတယ်၊ ဒီရောဂါတွေဖြစ်မြဲ ဖြစ်နေတယ်၊ ဒီတော့ ခင်ဗျား အလွန်အံ့ဩမိမှာပဲ၊ မိုးနတ်မင်းက ဘာလို့များ ခေါင်းကိုက်ရတာလဲ ပေါ့၊ ဒါမျိုးက ပြဿနာကို ဘယ်လိုမှ မဖြေရှင်းပေးနိုင်ပါဘူး။ တကယ်လို့ ခင်ဗျားက **"ငါဘယ်သူလဲ"** လို့ မေးချင်တယ်ဆိုရင် အခြားသူကို သွားမေး ပါနဲ့၊ ငြိမ်သက်စွာထိုင်ပြီး နက်ရှိုင်းစွာမေးရမှာက ခင်ဗျားရဲ့ တည်ရှိမှုပါ။ ပြဿနာရဲ့ ပဲ့တင်သံ ပေါ်ထွက်လာပါစေ၊ စကားလုံးတွေပါတဲ့ ရိုက်ခတ် သံမျိုး မဟုတ်ဘူး၊ တည်ရှိမှုကို ပြောတာ **"ငါဘယ်သူလဲ"** ဒီပြဿနာရဲ့ အတွင်းသဘောကို နှလုံးသားဖောက်ထွင်းတဲ့ မြှားတစ်စင်း ဖြစ်သွားတဲ့အထိ အာရုံစူးစိုက်လိုက်ပါ။ ဒီနောက်မှာတော့ ပြဿနာနှင့်အတူ အနက်ဆုံးနေရာ အထိ လိုက်သွားကြည့်ရမှာပဲဖြစ်တယ်။

**"ငါဘယ်သူလဲ"** ဆိုတာ အလောသုံးဆယ် ပြန်ဖြေဖို့ မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အကယ်၍ ခင်ဗျား ပြန်ဖြေရင်လည်း အဲဒီအဖြေဟာ သူများဟာပဲ ဖြစ်သွားမယ်၊ ခင်ဗျားရဲ့ မှတ်ဉာဏ်အားကိုးနဲ့တော့ အဖြေမထုတ်ပါနဲ့။ အကြောင်းကတော့ ခင်ဗျားရဲ့ မှတ်ဉာဏ်အားလုံးဟာ အခြားသူဆီက ပုံတူကူးယူလာတာဖြစ်လို့ပါ။ ခင်ဗျားရဲ့ မှတ်ဉာဏ်ဆိုတာ ကလည်း၊ ကွန်ပျူတာတစ်လုံးလိုပဲ၊ နည်းနည်းလေးမှ ထက်သန်မှုမရှိဘူး၊ ခင်ဗျားရဲ့မှတ်ဉာဏ်နဲ့ တကယ့်အသိဟာ စိုးစဉ်းမျှ ဆက်သွယ်မှုမရှိဘူး၊ ဒါတွေအားလုံးဟာ သူများက ခင်ဗျားကို ခွံ့ကျွေးထားတာတွေဖြစ်တယ်။ ဒါကြောင့် **"ငါဘယ်သူလဲ"** လို့ ခင်ဗျားမေးတဲ့အခါ ခင်ဗျားရဲ့ မှတ်ဉာဏ်က ပြောလိမ့်မယ် **"ခင်ဗျားဟာ ကြီးမြတ်တဲ့ ဝိညာဉ်တစ်ပါး ဖြစ်တယ်ပေါ့"** ဒါဆိုရင် ခင်ဗျားသတိထားတော့၊ တောင်ချောက်ထဲ ဝင်မသွားနဲ့ကိုယ့်လူ၊ အဲဒီ အမှိုက်တွေကို လွှင့်ပစ်လိုက်စမ်းပါ။ ဒါတွေအားလုံးဟာ တောင်စဉ် ရေမရ၊ တောက်တီးတောက်တဲ့ စကားတွေပဲဖြစ်တယ်။





ခင်ဗျား အဆက်မပြတ် တောက်လျှောက်သာ မေးနေပါ။ **"ငါဘယ်သူလဲ၊ ငါဘယ်သူလဲ၊ ငါဘယ်သူလဲ"** နောက်ဆုံးတစ်နေ့မှာ ဒီပြဿနာ လည်း ပျောက်ပြယ်သွားတာကို ခင်ဗျားမြင်ရလိမ့်မယ်၊ ကျန်ရစ်ခဲ့မှာက **မွတ်သိပ်** ခြင်းတစ်မျိုးသာဖြစ်မယ်။ အခုနတော့ ဒီအချိန်မှာ **"ငါဘယ်သူလဲ"** ဆိုတာ မူလပြဿနာ မဟုတ်တော့ဘဲ ပြောင်းသွားပါပြီ၊ ဒါဟာ မွတ်သိပ် ခြင်းတစ်မျိုးသာဖြစ်တယ်။ ခင်ဗျားရဲ့ ဖြစ်တည်မှုတစ်ခုလုံးနဲ့ အံ့ဩမွတ်သိပ်မှု အတူပေါင်းစည်းထားတဲ့ ရင်ခုံသံဟာ **"ငါဘယ်သူလဲ"** ဖြစ်တယ်၊ အဆုံးစွန် ဆုံးတစ်နေ့မှာ ခင်ဗျားမြင်တွေ့ရမှာက ခင်ဗျားသည်ပင်လျှင် မတည်ရှိတော့ တာ၊ မွတ်သိပ်မှုတစ်ခုတည်းသာ တည်ရှိနေမှာ၊ ဒီတည်ရှိမှုဟာ တကယ့်ကို လှိုက်လှဲခွဲမက်မှု ကြီးလွန်းတာကြောင့် ရုတ်ချည်းဆိုသလို ခင်ဗျားရဲ့ တွေ့ရှိ ချက်ဟာ ပေါက်ကွဲသွားတဲ့ အရာတွေပဲ ဖြစ်တယ်၊ ရောင်တခင် ခင်ဗျားနဲ့ ခင်ဗျားကိုယ်တိုင် မျက်နှာချင်းဆိုင်မိတော့မှ ခင်ဗျား ဘယ်သူလဲ ဆိုတာ သိသွားမှာပါ။

ခင်ဗျားက ခင်ဗျား အမေကို မေးတယ် **"ကျွန်တော်ဘယ်သူလဲ" ဒါ**တော့မဖြစ်သင့်ပါဘူး၊ သူကိုယ်တိုင်လည်း သူဘယ်သူဆိုတာ မသိပါဘူး။ ခင်ဗျားရဲ့ အဘိုး ဒါမှမဟုတ် အဘွားကိုလည်း ဒီမေးခွန်း မမေးသင့်ပါဘူး၊ မမေးပါနဲ့တော့၊ အမေကိုလည်း မမေးပါနဲ့၊ လူ့အဖွဲ့အစည်းကိုလည်း မမေးပါနဲ့၊ ယဉ်ကျေးမှုနှင့် ပညာအသိုင်းအဝိုင်းကိုလည်း မမေးပါနဲ့ ခင်ဗျား နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာကိုသာမေးပါ။ ခင်ဗျားကသာ အမှန် တကယ် အဖြေကို သိချင်တယ်ဆိုရင်တော့ ခင်ဗျားရဲ့ အတွင်းပိုင်းကိုသာ ဦးတည်ပါ။ အဲဒီ အတွင်းပိုင်းက လက်တွေ့စမ်းသပ်မှု ဖြစ်စဉ်ထဲမှာပြောင်းလဲ မှုတွေဖြစ်ပေါ်လာမှာ သေချာတယ်၊ ဒီလိုအခြေအနေမျိုးကို ငါဘယ်လို လုပ်ပြီး ပြောင်းလဲပစ်ရမလဲ လို့ ခင်ဗျားက မေးရင်တော့ ဘယ်နည်းနဲ့မှ ဒါကို ပြောင်းလဲမရနိုင်ဘူးလို့ အဖြေပေးရမယ်၊ အရင်ဆုံး ခင်ဗျားရဲ့ လက် တွေ့ဘဝကို ခင်ဗျားမှချသွားရင်ဆိုင်ရမယ်၊ ဒီရင်ဆိုင်မှုကသာ ခင်ဗျားကို ပြောင်းလဲပေးနိုင်မှာဖြစ်တယ်။ ကျွန်တော့်ဘက်က ပြောနိုင်တာကတော့ ဒါတွေပဲဖြစ်တယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် ပြဿနာဟာ ရှင်းပြယ်

သွားပါပြီ၊ ဒါပေမဲ့ ဒီလို ပျောက်ကွယ်သွားတာဟာ အခြားသူတစ်ယောက်ရဲ့ အဖြေကြောင့်တော့ မဟုတ်ပါဘူး။ ကျွန်တော် ဘယ်သူ့ကိုမှ မမေးခဲ့ဘူး။ အမှန်ပြောရရင် ကျွန်တော်ဟာ သူများပေးခဲ့ဖူးတဲ့ အဖြေအားလုံးကို ကြိုးကြိုးစားစားနဲ့ လွှင့်ပစ်ခဲ့တာချည်းပဲ။ သူတို့ကတော့ ပေးကမ်းတဲ့နေရာမှာ ရက်ရောလှပါတယ်။ လူတွေရဲ့ဉာဏ်က သူများတကာကို အမြဲတမ်းပြတ်သတိပေး စကားတွေ ပြောကြားရတာ အကျင့်ပါနေပြီ။ တခြားကိစ္စမှာ မရက်ရောရင် နေရမယ်၊ သူများကို သတိပေးတဲ့အခါမှာတော့ အလွန်ကို ရက်ရောပြီး သန့်ပါတယ်။ တကယ့်ကို ပေးစားရော ကောင်းလိုက်အောင်ပါပဲ၊ ခင်ဗျားက သူတို့ကို မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ၊ သူတို့ကတော့ လူတွေကို မနားတမ်း သတိပေးစကားတွေ ပြောပြနေမှာဖြစ်တယ်၊ တကယ်လို့ ပေးကာများပြီး၊ လက်ခံသူ နည်းတဲ့ပစ္စည်းကို ပြောပါဆိုရင်တော့ သတိပေးစကားပဲ ဖြစ်မယ်။ ဒါဟာ လူကြိုက်မရှားတဲ့ ပစ္စည်းတစ်ခုဖြစ်တယ်။ ဥပမာ ပြောရရင် ခရီးသွားနှစ်ယောက် သစ်ရိပ်အောက်မှာ ထိုင်ပြီးနားနေကြရင်း ခရီးသွားတစ်ယောက်က စပြီးပြောတယ်၊ **"ငါ အခုလို အခြေအနေမျိုး ပြောင်းသွားရတာ ဘာကြောင့်လဲဆိုတော့ ငါဘယ်တုန်းကမှ သူများရဲ့ သတိပေးစကားကို နားမထောင်မိခဲ့လို့ဘဲ"**။ နောက်တစ်ယောက် ပြောတာက **"ငါဒီလိုပြောင်းလဲသွားရတဲ့ အကြောင်းကတော့ လူတိုင်းရဲ့ သတိပေးစကားတွေ နားထောင်မိခဲ့လို့ပါပဲ"**။

ဒီခရီးစဉ်ဟာ မုချပဲ ခင်ဗျားကိုယ်ပိုင်ဖြစ်တယ်။ ခင်ဗျားအေးလွန်းတယ်လို့ ခံစားရတာ ကျွန်တော်သိတယ်။ ခင်ဗျား အလွန်အပင်ပန်း ခံရက်နေမယ်ဆိုတာလည်း ကျွန်တော်သိတယ်။ အသက်ဟာ မတ်စောက်တဲ့ ကြိုးပေါ်မှာ လျှောက်နေရတာလည်း ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော် ဘယ်လို နှစ်သိမ့်မှုမျိုးကိုမှ ခင်ဗျားကို မပေးနိုင်ခဲ့ပါဘူး။ ကျွန်တော်ရဲ့ နှစ်သိမ့်မှုဟာ ခင်ဗျားအတွက် အသုံးဝင်လိမ့်မယ်လို့လည်း ကျွန်တော် ဘယ်တုန်းကမှ မယုံကြည်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ နှစ်သိမ့်မှုမှန်သမျှဟာ အချိန်ကို ဆွဲဆန့်တဲ့ နှောင့်နှေးမှု တစ်မျိုးဖြစ်လို့ပါ။ အဖေလုပ်သူက ဝက်ဝံကလေးကို ပြောတယ်၊ "ဟုတ်တယ်လေ မင်းအဖေက





**မြောက်ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်ပေါ့"** သူ့အဖေ စကားကို ကြားတော့ ဝက်ဝံကလေး အားတက်သွားတယ်။ ဘာကြောင့်လဲဆိုတော့ မြောက်ဝင်ရိုးစွန်း ဝက်ဝံဆိုတာ အအေးဒဏ် ခံနိုင်ရမယ်လို့ သူ့ဖာသာ တွေးတယ်၊ ဒါပေမဲ့ မေးပါကြတယ်၊ **"အမေ ကျွန်တော့် အဘိုးကရော မြောက်ဝင်ရိုးစွန်း ဝက်ဝံပဲလားဟင်"** လို့ သူထပ်မေးရပြန်တယ်၊ တကယ်တမ်း ဝက်ဝံကလေး သိချင်တာက သူ့ရဲ့ သွေးသားတော်စပ်မှုနှင့် မျိုးရိုးလိုက်မှုမှာ ပြဿနာများ ရှိနေသလားပေါ့။ ဘာကြောင့် ဒီလောက် အေးနေရတာလဲ။ သူ့အမေက ပြန်ဖြေတယ်၊ **"သိပ်ဟုတ်တာပေါ့ မင်းအဘိုးကလည်း မြောက်ဝင်ရိုးစွန်း ဝက်ဝံပါပဲကွယ်"** ဒီစကားကို ကြားပြီး သူ့ ဒုတိယအကြိမ် အေးခဲတဲ့ဝေဒနာကို စမ်းသပ်ခံစား ကြည့်ပြန်တယ်၊ ပြီးတော့ သူ့ကိုယ်သူလည်း အားပေးတယ်၊ ဒီလောက်အေး နေစမ်းပါစေ ငါတို့က မြောက်ဝင်ရိုးစွန်း ဝက်ဝံတွေလေ၊ ဒီနှစ်သိမ့်အားပေးမှုဟာ အအေးဒဏ်ကနေ တအံ့လေး လျှော့ကျသွားသလို အချိန်ကို ဆွဲဆန့်လိုက်တယ်၊ ဒါပေမဲ့ ဒီထက် ပိုပြီးတော့ ခင်ဗျား ထပ်ဆွဲဆန့် လို့လည်းမရနိုင်ပါဘူး။ တခဏလေး နှောင့်နှေးသွားတာကလွဲရင် အေးတဲ့ဝေဒနာက ထပ်ပြီးပေါ်လာဦးမှာပါပဲ။

ပကတိတည်ရှိမှုကို ရှောင်လွှဲလို့မရပါဘူး၊ ဒီနေရာမှာ ပြဿနာရဲ့ သဘောတရားဟာ အသုံးမတည့်တာ အမှန်ပဲ၊ သဘောတရားတွေကို မေ့ပစ်လိုက်ပါ။ ဖြစ်ရပ်တွေမှာ အမှန်ရှာပါ၊ ခင်ဗျားသိပ်ပြီး စိတ်ဒုက္ခ ရောက်နေသလား၊ ဒါဆိုရင် ခင်ဗျားရဲ့ စိတ်ဒုက္ခကို ခင်ဗျား ကိုယ်တိုင် သွားကြည့်ဖို့ လိုမယ်၊ ခင်ဗျား သိပ်နာကျည်းနေသလား။ ဒါဆိုရင် ခင်ဗျားရဲ့ အဲဒီ မုန်းတီးဒေါသတွေကို အနီးကပ် သွားကြည့်ရမယ်၊ မိမိကာယ နက်ရှိုင်းစွာ ကြည့်မယ်ဆိုရင် ဒါဟာ ခင်ဗျားရဲ့ အသက်ပဲဖြစ်တယ်၊ မုချပဲ ကိုယ့်အသက်ကို ရှင်သန်အောင် သွားလုပ်ရမယ်။ မိတ္တူမကူးပါနဲ့၊ လိုးဝေတစ်ပတ်ရစ် (Second hand) မဖြစ်ပါစေနဲ့၊ မိုးနက်မင်းက (Original) မူရင်းကိုပဲကြိုက်တယ်။ မိုးနက်မင်း တစ်ပတ်ရစ်ကြိုက်တယ်လို့ ကျွန်တော် တစ်ခါမှ မကြားခဲ့ဖူးပါဘူး။ ခင်ဗျားက မူရင်းပဲလုပ်ပါ၊ ကိုယ်ပိုင် အစည်အဝေး ကိုယ်ပိုင် ထူးခြားချက်တွေနဲ့ ပါလာပါပဲ ဆိုတာ မမေ့ပါနဲ့၊

တစ်ချိန်တည်းမှာ ခင်ဗျားရဲ့ပြဿနာကို ခင်ဗျားကိုယ်တိုင် နက်နက်ရှိုင်းရှိုင်း သွားကြည့်ဖို့ရှိတယ်။

ကျွန်တော် ခင်ဗျားကို ကိစ္စတစ်ခုပဲ ပြောနိုင်မယ်၊ ဒါကတော့ ခင်ဗျားရဲ့ ပြဿနာထဲမှာ ခင်ဗျားရဲ့အဖြေက ပုန်းကွယ်နေတယ်၊ ပြဿနာဆိုတာ မျိုးစေ့တစ်စေ့နဲ့ တူတယ်၊ အကယ်လို့ ခင်ဗျား ကသာ လေးလေးနက်နက်ရှိမယ်ဆိုရင်အဖြေဟာ ပြဿနာထဲကနေ အဖူးအညှောင့်ကလေးတွေလို ထိုးထွက်လာမှာပါ။ ခင်ဗျားရဲ့ မသိမှုဟာ မျိုးစေ့ပါပဲ။ အကယ်၍ ခင်ဗျားက ဒါကိုနက်နဲစွာ ဆင်ခြင်သုံးသပ်မယ်ဆိုရင် သိမှုဟာ မသိမှုထဲကနေ ပန်းတစ်ပွင့်လို ပွင့်လန်းလာမှာဖြစ်တယ်။ ခင်ဗျား အေးလွန်းလို့ တဆတ်ဆတ်တုန်နေတယ်၊ ဒါဟာပြဿနာပဲ၊ သူ့အတွင်းပိုင်းကို ဝင်ကြည့်လိုက်ပါ။ ဒီအထဲကနေ၊ အနွေးဓာတ်တွေ ဖြင့်မားလာနိုင်တယ်၊ အမှန်တော့ ဒီအရာ အားလုံးဟာ ခင်ဗျားကိုပေးခဲ့ပြီး ဖြစ်တယ်၊ ပြဿနာနှင့် ရှင်းချက်၊ ပုစ္ဆာနှင့်အ ဖြေ၊ မသိမှုနှင့် သိမှု၊ ဒါတွေရဲ့ ပန်းတိုင်သော့ချက်ဟာ ခင်ဗျားရဲ့ အတွင်းဘက်ဆီ ဦးတည်ကြည့်မှုသာ အဓိကဖြစ်တယ်။ ॥



## အိုရှိုးပြောတဲ့ ဖြူစင်စိတ်နှင့် ရိုးရှင်းသောဘဝ

ဖြူစင်တဲ့စိတ်ဆိုတာ ဘာကိုပြောတာလဲ။ ရိုးရှင်းတဲ့ဘဝက စိတ်ထား ဖြူစင်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အချက်အလက်တစ်ခုလား။ ကောင်းကတဲ့ အာရုံများမှုမရှိခြင်းနှင့် စိတ်အသွင်ဟာ ဖြူစင်တဲ့ စိတ်ထားဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် လောဘစိတ်ပျောက်ပြယ်ခြင်းရဲ့ အခြားအမည်နာမ တစ်ခုလို့ပြောနိုင်ပြီး ဗုဒ္ဓတရားတော်ရဲ့ အတွင်းသဘောလည်း ဖြစ်တယ်။ သင်နှင့်အရာ ကိစ္စများ အကြား စေ့စပ်ပြောလည်ခြင်းရဲ့နောက်ဆုံး နိယာမက သင်ခုခံတွန်းလှန်ခြင်းကို ရပ်ဆိုင်းလိုက်တာဖြစ်သလို၊ အရာကိစ္စများနှင့် တစ်သားတည်း ပေါင်းဖက် စီးမျောဖို့အစပြုခြင်းလည်း ဖြစ်တယ်။

စဉ်းလဲတဲ့ ဦးနှောက်ကတော့ ခုခံတွန်းလှန်နေမှာပဲ ဘာကြောင့်လဲဆိုတော့ အတ္တက ခုခံတွန်းလှန်ခြင်းကို ဖောက်ထွက်ပြီး မွေးဖွားလာတာဖြစ်လို့ ဒါပေမယ့် တစ်ချိန်တည်းမှာ စဉ်းလဲတဲ့ ဦးနှောက်ဟာ အတ္တကို ဖယ်ပြီမှသာ ရှင်သန်နိုင်တာဖြစ်တယ်။ ဒီနှစ်ခုက ခွဲမရတဲ့အရာ၊ အကယ်လို့ အတ္တစိတ် ပျောက်ပြယ်သွားတယ်ဆိုရင် စဉ်းလဲတဲ့ ဦးနှောက်လည်း ပျောက်ကွယ်သွားမှာပါ။ ကျန်နေမှာက ဖြူစင်တဲ့စိတ်ပဲ ဖြစ်ပါတယ်။

ဖြူစင်တဲ့သူဟာ ခုခံခြင်းကိုအပြီးအပိုင် စွန့်ပယ်ခဲ့တယ်။ သူဟာ နှိုင်းယှဉ်ချက်အားဖြင့် ပိုမြင့်မားတဲ့ တည်ရှိမှုမျိုးကိုသာ စိတ်ဝင်စားပြီး သူ့အနေနှင့် နောက်ထပ်တစ်ကြိမ် ပေါ်ထွက်လာမှုမျိုးကို မလိုလားဘူး။

သူ့ကိုယ်သူ ထူးခြားသူတစ်ယောက်အဖြစ် သက်သေပြချင်တယ်။ သူဟာ နှင်းဆီပန်းတစ်ပွင့်လို ဒါမှမဟုတ် ပိန်းကြာရွက်ပေါ်က နှင်းရည်တစ်စက်လို ပြောင်းလဲသွားတာဖြစ်တယ်၊ သူဟာ အကန့်အသတ်မဲ့ မှုတ်က အစိတ်အပိုင်းတစ်ခု ဖြစ်သွားခဲ့ပြီ၊ သူပျော်ဝင်သွားပြီး သမုဒ္ဒရာကြီးနှင့် တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားခဲ့ပြီ၊ သူဟာ လှိုင်းလုံးကလေးတစ်ခု မျှသာ (ငါ)ဆိုတဲ့ အလှူအဆာမရှိသူဖြစ်တယ်။

(ငါ)ပျောက်ပြယ်ခြင်းဟာ ဖြူစင်ခြင်းဖြစ်တယ်။ ဖြူစင်ခြင်းက ရှင်သန်ရုံသက်သက်ပဲ၊ ဘယ်လိုရှင်သန် မယ်ဆိုတာကို သွားမစဉ်းစားဘူး၊ (ဘယ်လို) ရှင်သန်ရမယ်လို့ စဉ်းစားလိုက်တာနဲ့ ပြဿနာက ရှုပ်ထွေးမှုစ ဟောတာပဲ၊ ဖြူစင်ခြင်းဆိုတာ မျက်စိအောက်က တဒင်္ဂအတွင်း ရိုးရိုး တန်းတန်းဖြစ်နေတဲ့ ကိစ္စများရဲ့ ရောင်ပြန်ဟပ်မှုသာဖြစ်တယ်။ သို့ပေမယ့် ရိုးရိုးတန်းတန်းဆိုတာ မရှိမဖြစ်တဲ့ အချက်အလက်တော့ မဟုတ်ဘူး၊ သူက ဖြူစင်မှုရဲ့ မိတ္တူသာဖြစ်ပြီး၊ တကောက်ကောက် လိုက်နေတဲ့ အရိပ်နဲ့ တူတယ်။ ခင်ဗျားအနေနှင့် ရိုးရိုးတန်းတန်းဖြစ်အောင် ဆိုပြီး၊ အထူးကြိုးပမ်း နေဖို့ မလိုပါဘူး။ အကယ်လို့ ခင်ဗျားက ရိုးတန်းအောင် ကြိုးပမ်းဆောင်ရွက် မယ်ဆိုရင် အဲဒီကြိုးပမ်းမှုကသာ ရိုးတန်းမှုလေးကို ဖျက်စီးအောင် ဖျက်ဆီး လိုက်တာပဲ ဖြစ်မယ်။ ရိုးတန်းမှုကို ခင်ဗျားပြုစုပျိုးထောင်စရာမလိုပါဘူး။ မျိုးထောင်ပြီးမှ ရလာတဲ့ ရိုးတန်းမှု ဆိုတာ ပေါ့ပြက်ပြက်ပဲ ဖြစ်မယ်။ ရိုးတန်းမှု ခိုတာ မုချပဲ ပုံသဏ္ဍာန်ကိုလိုက်ပြီး အရိပ်ကျသလိုဖြစ်ရမယ်။ ဒါ့အတွက် ခင်ဗျား သောတာ ဖြစ်နေစရာမလိုဘူး။ ဒီအရိပ်က ခင်ဗျား နောက်ကိုလိုက်မှ လိုက်ပါ့မလားလို့ ခဏခဏ လှည့်ကြည့်နေစရာလည်း မလိုပါဘူး၊ အရိပ်ဆိုတာ သေချာပေါက် ခင်ဗျားနောက်လိုက်မှာ။

ဖြူစင်တဲ့လူမှာ မှုဝါဒမရှိဘူး။ ပေတ္တးပေါ်မှုပုံစံမျှမထားဘူး၊ ပြင်းပြတဲ့ တောင့်တစိတ်လည်းမရှိဘူး။ ဘာကြောင့်လဲဆိုတော့ ရှိခြင်းဆိုတဲ့ ပြင်းပြတဲ့





စိတ်က အတိတ်ကာလ တစ်ခုမှာ ပိုင်ဆိုင်ခဲ့တာကို ဖော်ပြတာဖြစ်လို့ ဖော်ပြ တယ်ဆိုတာ တစ်ပါးသူရဲ့ မြယ်လှယ်မှုကိုခံရတာပဲ။

ဒါကြောင့် ဖြူစင်ခြင်းမှာ မရှိမဖြစ်တဲ့ တောင်းဆိုချက်ဆိုတာ မရှိဘူး။ ဖြူစင်ချင်တဲ့အတွက် ပြီးပေလွယ်နေထိုင်မှုဘဝမျိုးနဲ့ နေစရာလည်းမလိုပါဘူး။ အကယ်လို့ ခင်ဗျားက ပြည့်စုံကုံလုံတဲ့ ဘဝထဲရောက်နေလျှက်သားနဲ့ သူတောင်းစားတစ်ယောက်လို ဖြစ်သလိုဘဝမျိုးနဲ့ နေထိုင်ကျင့်ကြံဖို့ ကိုယ့် ကိုယ်ကို အတင်းအဓမ္မ ညှဉ်းပန်းမယ်ဆိုရင် ခင်ဗျားမှာ ရိုးရိုးတန်းတန်းဆို တဲ့ သဘောမရှိတော့ပါဘူး။ ရိုးစင်းခြင်းမှာ ကုံလုံကြွယ်ဝခြင်းနှင့် ပစ္စည်းဥစ္စာ မရှိရဘူးဆိုတဲ့ အဓိပ္ပာယ်မပါဘူး။ ဒါကိုထပ်ပြီး နားလည်သဘောပေါက်ဖို့ လိုပါတယ်။ ခင်ဗျားဟာ ဘာမှမရှိတဲ့ ငမွဲတစ်ယောက်လည်း ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ခင်ဗျားမှာ ပိုင်ဆိုင်ချင်တဲ့စိတ်ရှိမယ်ဆိုရင် ဒီပိုင်ဆိုင်ချင်စိတ်ဟာ ရိုးစင်းတဲ့ဘဝနဲ့ ဆန့်ကျင်ဘက်ဖြစ်လာတယ်။ ဘာပစ္စည်းဥစ္စာမှ မရှိတဲ့ အခြေအနေ အောက်မှာတောင် ဒီစိတ်မျိုးက တည်ရှိနိုင်သလို၊ နောက် တစ်နည်းပြောင်းလဲပြီး ပြောရင် ခင်ဗျားဟာ ဥစ္စာနေပြည့်စုံလွန်းသူဖြစ်တယ်။ ဒါပေမဲ့ ခင်ဗျားမှာ ပိုင်ဆိုင်စိုးမိုးချင်စိတ် နည်းနည်းမှမရှိဘူး၊ "ရှိခြင်း" ဆိုတဲ့ အရာနဲ့ ခင်ဗျားဟာ လုံးဝသုံးကွာရှင်း ပြတ်စဲထားတာမျိုးလည်းရှိတယ်။

စိတ်နှလုံးသား ငြိမ်သက်သူဟာ ဦးနှောက်ရဲ့ ချုပ်ခြယ်မှုကနေ လွတ်ငြိမ်းချမ်းသာခွင့် ရထားသူဖြစ်တယ်။ အတိတ်က ခင်ဗျားကို လွှမ်းမိုး ခြယ်လှယ်ခြင်း မပြုတော့တာနဲ့ တစ်ပြိုင်နက် အနာဂတ်ဟာလည်း ပျောက် ပြယ်သွားမှာပဲ။ ဘာကြောင့်လဲဆိုတော့ အနာဂတ်ဆိုတာ အတိတ်ရဲ့အရိပ်ထိုး ခြင်းပါပဲလေ။ အတိတ်ကာလမှာ ခင်ဗျားဟာ ပျော်ရွှင်ခြင်းတစ်မျိုးမျိုးကို ထိတွေ့ခံစားခဲ့ရတော့၊ ဒါတွေကိုပဲ ဖွဲ့လမ်းတမ်းတပြီး၊ ပြန်တွေ့နေချင်တယ်။ အဲဒါကိုက အနာဂတ်ကာလ အပေါ်မှာ ခင်ဗျားရဲ့သဘောထားနဲ့ အရိပ်ထိုးမှု ဖြစ်တယ်။ အရင်တုန်းက ခင်ဗျား နာကျင်ကြေကွဲမှုတွေ အများကြီးခံစားခဲ့ ရတော့၊ အခုလာမယ့် ခင်ဗျားရဲ့ အနာဂတ်မှာ နောက်ထပ်တစ်ကြိမ် ဒီလို နာကျင်ကြေကွဲမှုတွေနှင့် ဒုက္ခတွေမဖြစ်ဖို့ သမ္မပေ့ အကာကွယ်ဖြင့် ဆုတောင်း ပတ္ထနာ ပြုရပါတယ်။ တကယ်တော့ ခင်ဗျားရဲ့အနာဂတ်ဆိုတာ ပြုပြင်မွမ်းမံ

ထားတဲ့ အဓိပ္ပာယ်သာဖြစ်ပါတယ်။ အကြိုက်ကျောက်ဆုံးသွားတာနဲ့ အနာဂတ်ဟာလည်း ပျောက်ပြယ်သွားလိမ့်မယ်။ ဒါဆို ကျွန်ုပ်ရှိနေမှာက ဘာဖြစ်မလဲ၊ အဲဒီတခဏ လျှပ်တစ်ပြက်၊ ယခုမျက်မှောက်။

ကျွန်တော် ခင်ဗျားတို့ကို ပုံပြင်တစ်ပုဒ်ပြောပြမယ်။ ရှေးအခါက ရွာစွန်ရွာဖျားတစ်ခုမှာ ရဟန်းကြီးတစ်ပါး သီတင်းသုံးနေတယ်။ ဒီရဟန်းကြီးမှာ သပိတ်တစ်လုံးသာရှိပြီး၊ အလွန်ရိုးတန်း ဖြူစင်တဲ့ ဘဝကို သူ့အထီးတည်း ဖြတ်သန်းနေပါတယ်။ တစ်နေ့မှာ ဘုရင်မင်းမြတ်က ရဟန်းကြီးရဲ့ဘဝကို မြင်တွေ့သွားတဲ့အခါ အလွန်တရာ ကြည်ညိုသဒ္ဓါပွားပြီး မင်းဆရာအဖြစ် ကိုးကွယ်တင်မြှောက်ချင်တယ်၊ သို့ပေမယ့် ဘုရင်က အလွန်စေ့စပ်သေချာ သူဖြစ်လေတော့၊ ရဟန်းကြီးရဲ့ နောက်ကြောင်းကို လိုက်လံစုံစမ်းခိုင်းတယ်။ ရဟန်းကြီးရဲ့ စိတ်နေသဘောထားနှင့် သူ့ဘဝထဲမှာ မအပ်စပ်တဲ့ အပြုအမူ တွေ့ရှိမရှိ စောင့်ကြည့်အကဲခတ်ခိုင်းပြီး၊ ယုံးဝ ယုံကြည်ရလောက်တဲ့ အခြေအနေကို ရောက်မှပဲ ဘုရင်မင်းမြတ်ရဲ့ အထောက်တော်တွေက **"ရဟန်းကြီးရဲ့ ဘဝဖြတ်သန်းမှုမှာ အပြစ် အနာအဆာမရှိပါဘူး။ သူဟာ အလွန်တရာ ဖြူစင်သူဖြစ်ပြီး၊ ရိုးတန်းစွာ နေထိုင်ကျင့်ကြံသူဖြစ်တယ်။ သူဟာ အမှန်တကယ် ကြီးမြတ်တဲ့ သူတော်စင် တစ်ပါးဖြစ်ပါတယ်"**လို့ ဘုရင်မင်းမြတ်ကို လျှောက်တင်တော့မှ ဘုရင်က ရဟန်းကြီးဆီသွားပြီး ရိုသေစွာ ဂါရဝပြုရင်း **"ဆရာတော်ကို တပည့်တော်ရဲ့ နန်းတော်မှာ သီတင်းသုံးဖို့ ပင့်ဆောင်ချင်ပါတယ်။ ဒီလိုနေရာဟာ အရှင်ဘုရား နဲ့ မသင့်လျော်ပါဘူး"**လို့ ဘုရင်က လျှောက်ထားသော်ငြားလည်း၊ သူ့ရဲ့ အတွင်းစိတ်မှာ မျှော်လင့်ထားတာက သူတော်စင်ရဟန်းကြီး စကန့်ပင် သူ့ရဲ့ဖိတ်ကြားခြင်းကို ငြင်းပယ်လိမ့်မယ်။ **"မဖြစ်နိုင်ပါဘူး ကျွန်ုပ်ဟာ အလွန်ရိုးစင်းတဲ့ဘဝမှာ နေထိုင်သူသာဖြစ်တယ်၊ ဘယ့်နှယ်လုပ် နန်းတော်ထဲ နေလို့ ဖြစ်မှာလဲ"** ဆိုတဲ့ စကားမျိုးကို ရဟန်းကြီးဆီက ကြားချင်တယ်။ ကြည့်စမ်းပါဦး၊ သူကိုယ်တိုင်လည်းဖိတ်သေး တယ်၊ သူ့အတွေးတွေက ဆန့်ကျင်ဘက်မှာ ရောက်နေတယ်၊ လူသားရဲ့ ဦးနှောက်ဆိုတာ အလွန်ကို ရှုပ်ထွေးပွေလီတယ်။ သူ့ရဲ့ ဖိတ်ကြားတောင်းဆိုမှုကို လက်ခံလိုက်တာနဲ့





သူ့ရင်ထဲ ကျေနပ်ပျော်ရွှင်သွားမယ်၊ ဒါပေမယ့် သူ့စိတ်ထဲမှာ အခြားစဉ်းစား နည်းတွေက ရှိနေပြန်သေးရဲ့၊ ဒီသူတော်စင်ကြီးဟာ အကယ်လို့ အစစ်အမှန် သူတော်စင်သာဖြစ်ခဲ့ရင် ငါ့ရဲ့ဖိတ်ကြားမှုကို ငြင်းပယ်နိုင်တာပဲ **"မဖြစ်နိုင် ပါဘူး။ ကျွန်ုပ်ဟာ သာမန်ရဟန်းတစ်ပါးသာ ဖြစ်လို့ သစ်ပင်အောက်မှာ နေလို့ရပါတယ်၊ ဒါဟာ ကျွန်ုပ်ရဲ့ရိုးရှင်းသော ရဟန်းအကျင့်သာဖြစ်တယ်၊ လောကီကာမဘုံက အပြီးအပိုင် စွန့်ခွာခဲ့သူဖြစ်လို့ ကျွန်ုပ်နောက်ကြောင်း မပြန်လှည့်နိုင်ပါ"** ဒီလို ငြင်းပယ်မှုမျိုး ရဟန်းကြီး ပြုသင့်တယ်လို့ ဘုရင်က ယူဆထားတယ်။

ဒါပေမယ့် ဒီရဟန်းကြီးက အမှန်အကန်သူတော်စင်ဆိုဟာ သေချာ တယ် **"ကောင်းပြီလေ၊ မြင်းရထားက ဘယ်မှာလဲ၊ သင့်ရဲ့ရထားကို ယူဆောင်လာခဲ့ပါ၊ နန်းတော်ဆီသို့ ကျွန်ုပ်လိုက်ခဲ့ပါမယ်"** နန်းတော်သို့ သွားမည်ဆိုပါက ရှိသင့်ရှိထိုက်သော အဆောင်အယောင်များ ရှိရပေတော့ မယ်။

ရဟန်းကြီးရဲ့ ဒီစကားသံကို ကြားရတော့ မင်းကြီးလည်း အတော်ကို ထိတ်လန့်တကြားဖြစ်သွားရဲ့ သူ့အကောင်နဲ့အမြင်က ပါစင်ဆောင်လွဲနေလို့၊ စကန့် ဒီလူကတော့ လူညာနဲ့တူတယ်။ အတော်ကြီးဖြစ်မှာ၊ ဒီရိုးရှင်းမှု အားလုံး ဟာလည်း သူ့ရဲ့အယောင်ဆောင် လက္ခဏာတွေပဲဖြစ်မှာ။ ငါ့ကို ဖြားယောင်း ဖို့ ထောင်ချောက် ဆင်တာလည်းဖြစ်နိုင်တယ်။ ဒါပေမဲ့ သိပ်နောက်ကျ သွားပြီ။ ရဟန်းကြီးကို နန်းတော်ပင့်ဆောင်ဖို့ ကတိကဝတ်ပြုပြီးသား ဖြစ်နေပြီ။ ထွက်ပြီးသား ဆင်စွယ် ပြန်ဝင်ရိုးမရှိသလို၊ ဘုရင်တို့ရဲ့စကား ပြောပြီးသား ပြန်နုတ်လို့မရဘူး။ သူဟာ ကတိတည်သူ တစ်ယောက်၊ လက်ရုံးရည်နဲ့ ပြည့်စုံသူတစ်ယောက်။ စိတ်သည်တော်တစ်ယောက်၊ တစ်ချိန် တည်းမှာ ဘုရင်မင်းမြတ်တစ်ပါးလည်း ဖြစ်နေတယ်။

**"ကောင်းပြီလေ၊ အခုတော့ ငါ သူ့ထောင်ချောက်ထဲရောက်နေပြီ။ တစ်ပြားသားမှ တန်ဖိုးမရှိတဲ့လူ၊ တစ်ကြိမ်တစ်ခါလေးတောင်မှ ဟန်ဆောင် မငြင်းတဲ့သူ၊ အမှန်တော့ သူဟာငါ့ရဲ့ ဖိတ်ကြားမှုကို ငြင်းပယ်သင့်တာပဲ"** လို့ သူ့စိတ်ထဲမှာ ပြောရင်း ဘုရင်မင်းမြတ်ဟာ မြင်းရထားပေါ်မှာ

စိတ်မသက်မသာနဲ့ လိုက်ပါခဲ့ပေမယ့်၊ ရဟန်းကြီးကတော့ စိတ်ရွှင်လန်းစွာ နှင့်ပင် ဘုရင်မင်းမြတ်ကဲ့သို့ မြင်းရထားပေါ်မှာထိုင်ပြီး လိုက်ပါခဲ့ပါတယ်။ ဤမြင်ကွင်းကို လမ်းမပေါ်မှာ လူတွေက ဆောင့်ပြီး အကဲခတ်နေကြတယ်။

ဘယ့်နှယ်ဖြစ်ရတာလဲ။ ဘုရင်ကြီးက စိတ်ဆင်းရဲပြီး မှုန်ကုပ်ကုပ် ညှိုးနွမ်းနွမ်း၊ ရဟန်းကြီးကတော့ ဘုရင်တစ်ပါးနယ် ခန့်ခန့်ညားညားနှင့် တက်တက်ကြွကြွဖြစ်လို့ သူတို့နှစ်ဦးကို နှိုင်းယှဉ်ကြည့်ရင် အတော်ကွာ နေတယ်။ ရဟန်းကြီးက ရွှင်လန်းတက်ကြွလေ ဘုရင်းမင်းမြတ်ခမျာ စိတ်ဆင်းရဲလေ ပါပဲ။ **"အခုတော့ ဘယ်လိုလုပ်မလဲ၊ သူ့ကိစ္စကို ဘယ့်နှယ် ရှင်းရင်ကောင်းမလဲ။ ငါ့ဘာသာ သူ့ထောင်ချောက်ထဲ ဝင်တာဆိုတော့ ခက်နေတယ်။ အထောက်တော်တွေနဲ့ သတင်းပေးတွေက တစ်ယောက်မှ အသုံးမကျဘူး။ အရူးတွေ သူတို့တစ်ယောက်မှ ရဟန်းကြီးရဲ့ အကြံအစည်ကို မရိပ်မိကြဘူး။ သစ်ပင်အောက်မှာ နှစ်တွေအကြာကြီး သူထိုင်ခဲ့တယ်ဆိုတာ ငါ့စိတ်ကို လှုပ်ရှား ဆောင် ဆွဲဆောင်ဖို့လုပ်တာနဲ့တူနေတယ်။"**

နန်းတော်ကိုရောက်တော့ ဘုရင်က ရဟန်းကြီးအတွက် အကောင်းဆုံး အခန်းကို စီစဉ်ပေးတယ်။ သစ်ပင်အောက်မှာ နှစ်များစွာနေခဲ့ဘူးတဲ့ ရဟန်းကြီးဟာ အခန်းထဲရောက်တော့ ဟိုဟာယူလာပါဦး၊ ဒီဟာယူလာပါ ဦးနဲ့၊ နန်းတော်ထဲနေမှတော့ ဘုရင့်စံချိန်နှင့် ကိုက်ညီအောင်နေရတာပေါ့။ မင်းကြီးလည်း တစ်နေ့တခြားအနေခက်လာတယ်။ သို့ပေမယ့် တည့်မိတဲ့ ဘုရား လင်းတပင်နှားနှား၊ ပင့်ဆောင်မိမှတော့ သူလိုချင်တာမှန်သမျှ အကုန် ပို့ပေးရမှာပဲလို့ စဉ်းစားသော်လည်း မင်းကြီးရဲ့စိတ်ထဲမှာတော့ လေးလံနေ တယ်။ နေ့စဉ်နေ့တိုင်း ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့ အခက်ကြုံနေရတယ်။ ဘာကြောင့်လဲဆိုတော့ ရဟန်း ကြီးဟာ ဘုရင်လိုပဲ နေထိုင်စားသောက်စ ပြုရုံမက၊ ဘုရင်ထက်တောင် သာနေသေးတယ်။ ကြည့်လေ ဘုရင်ကြီးက သူ့သောကနှင့်သူ စိတ်ဆင်းရဲစရာ ကိစ္စတွေရှိနေတယ်။ ရဟန်းကြီးကတော့ ဘာသောကမှ မရှိဘဲ နေ့လည်းအိပ်ပျော်၊ ညလည်းအိပ်ပျော်၊ နိုးလာရင် ပန်းခြံထဲ ဆင်းလမ်းလျှောက်၊ ရေကူးကန်မှာ ရေချိုး အနားယူပြီးရင်း အနားယူနဲ့ ငြိမ်းငြိမ်းချမ်းချမ်း စံစားနေရတယ်။ **"ဒီလူကတော့ ဟာကယ့်**





**ကပ်ပါးမြှောင်ပဲ"** လို့ ဘုရင်ကြီးကတွေးတယ်။ တစ်နေ့မှာတော့ သူသည်းမခံနိုင်တော့ဘဲ နံနက်စောစောပန်းခြံထဲမှာ လမ်းလျှောက်နေတဲ့ ရဟန်းကြီးရှိရာကို ဘုရင်ကရောက်လာပြီး **"ကျွန်ုပ် သင့်ကို ပြောစရာ စကားရှိတယ်။"** လို့ပြောတော့ ရဟန်းကြီးက ပြန်ပြောတယ်။ **"ကျွန်ုပ်သိပါ တယ်။ အမှန်တော့ သစ်ပင်အောက်က ကျွန်ုပ်မထွက်ခွာခင်ကပင် သင်ပြောချင်နေတယ်ဆိုတာ ကျွန်ုပ်သိပါတယ်။ သင့်ရဲ့ ဗိတ်မန္တက ပြမှုကို ကျွန်ုပ်လက်ခံစဉ်ကပင် ကျွန်ုပ်သိပါတယ်။ သင်ပြောချင်နေတာ ဖြစ်တယ်။ သင်ဘာကြောင့် ဒီလောက်ကြာအောင် စောင့်ဆိုင်းနေရတာလဲ၊ ဒါဟာ မလိုအပ်တဲ့ ဒုက္ခခံစားမှုတစ်ခုဟာ။ သင်ကြေကွဲဝမ်းနည်းနေတာကို ကျွန်ုပ်သတိပြုမိပါတယ်။ အရှင်မင်းကြီး ယခင်ကျွန်ုပ်သစ်ပင်အောက်မှာ နေစဉ်ကလို အရှင်မင်းကြီး ကျွန်ုပ်ကို နောက်ထပ်တစ်ကြိမ်လာမတွေ့တော့ ပါ။ အသွင်သဏ္ဍာန်လေ့လာမှုကိုလည်း သင်မမေး၊ ဘာသာတရားရဲ့ ကိစ္စများလည်း သင်မစူးစမ်းတော့တာ ကျွန်ုပ်သိပါတယ်။ ဒါပေမယ့် ဘာကြောင့်များ ခြောက်လကြာအောင် အချိန်တွေကို ဖြုန်းတီးခဲ့ရတာလဲ၊ ကျွန်ုပ်နားလည်းနိုင်အောင်ဖြစ်ရပါတယ်။ အရှင်မင်းကြီး သင့်အနေနှင့် ကျွန်ုပ်အား ချက်ချင်းပင် မေးသင့်ပါသည်။ ထိုအချိန်ကပင် ပြဿနာကို ရှင်းလင်းသင့်ပါတယ်။ သင်ဘာမေးချင်သည်ကို ကျွန်ုပ်သိပါတယ် မေးပါ တော့မင်းကြီး"**

ဘုရင်ကပြောကယ် **"ကျွန်ုပ် တစ်ခုတည်းသာမေးချင်ပါတယ်၊ အခု အခါမှာ သင်နှင့် ကျွန်ုပ်အကြား ကွဲပြားခြားနားမှုက ဘယ်မှာ ရှိပါသလဲ။ သင့်ရဲ့နေစဉ်ဘဝဟာ ကျွန်ုပ်ထက်ပင် များစွာသာလွန်နေပါတယ်။ ကျွန်ုပ် အနေနှင့် မလွဲမသွေ အလုပ်နှင့်တာဝန်များ ထမ်းဆောင်ရပြီး၊ စိတ်ရှုတ်စရာ ကိစ္စတွေနဲ့ အမျိုးမျိုးသော ဝတ္တရားများကိုလည်း ဆောင်ရွက်ဖို့ လိုအပ်နေ ပြန်တယ်။ ဒါပေမယ့် သင်ရဟန်းကြီးကတော့ အလုပ်လုပ်စရာ မလိုဘူး။ စိတ်ပူပန်စရာ ကိစ္စလည်း မရှိဘူး။ တာဝန်တွေ ဝတ္တရားတွေလည်းမရှိဘူး။ ကျွန်ုပ် သင့်အပေါ်မှာ အလွန်တရာပဲ မနာလိုစိတ်တွေ ဖြစ်မိတယ်။ မှန်ပါတယ်။ ဒါကြောင့် သင့်ကို ကျွန်ုပ်ထပ်ပြီး တစ်ကြိမ်လာမတွေ့တော့**

တာပဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သင်နဲ့ ကျွန်ုပ်အကြား ဘာကွဲပြားမှုမှ မရှိဘူးလို့ ကျွန်ုပ်ယူဆမိလို့ပဲ ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ပိုင်ဆိုင်မှုအကြားမှာ စိုးမိုး ရှင်သန်သူသာဖြစ်ပြီး၊ သင်ရဟန်းကတော့ ကျွန်ုပ်ထက်ပင်သာလွန်၍ သင် နေ့စဉ်မိန့်ကြားမှုတွေပြုနိုင်တယ်။ ရွှေမြင်းရထားမောင်းလာခဲ့ပါ။ ငါ လယ်ကွင်းပြင်မှာ လမ်းလျှောက်သွားချင်တယ်။ ဟိုဟာယူခဲ့ပါ၊ ဒီဟာယူခဲ့ပါ သင်ရဟန်းအနေနှင့် အကောင်းဆုံးသော ဆွမ်းခဲဖွယ်ကို သုံးဆောင်နိုင်ပြီး အဖိုးထိုက်တဲ့ သင်္ကန်းကိုလည်း ဝတ်ရုံနိုင်ပါတယ်။ ဒါဖြင့်ရင် သင်နှင့် ကျွန်ုပ်အကြား ဘာများ မတူညီတာရှိပါဦးမှာလဲ။" သူတော်စင်ရဟန်းကြီးက ပြုံးပြီး ပြန်ပြောတယ်။ "အရှင်မင်းကြီးရဲ့ ပြဿနာက ကျွန်ုပ်နောက်ကို တစ်ပါတည်း လိုက်လာမှသာ ပြန်လည်ဖြေကြားနိုင်မှာ ဖြစ်တယ်။ ကျွန်ုပ်တို့ မြို့တော်ကနေ ထွက်ခွာသွားကြရအောင်ပါ။"

ဘုရင်မင်းမြတ် လည်း ရဟန်းကြီးနောက်လိုက်ပါသွားတယ်။ သူတို့ မြစ်တစ်စင်းကို ဖြတ်ကျော်ပြီးနောက် ဆက်လက်ခရီးနှင်တော့ "ရှေ့ကိုဆက်သွားဖို့မလိုအပ်တော့ပါဘူး။ သင်ရဟန်း ဘာ့ကြောင့် ယခုကျွန်ုပ်ကို အဖြေမပေးသေးတာပါလဲ"

"ခဏလေးထပ်စောင့်ပါဦး၊ အရှင်မင်းကြီး၊ ကျွန်ုပ်သင့်လျော်တဲ့ နေရာတစ်ခုကို ရှာတွေ့တဲ့အခါ သင့်ကိုဖြေကြားပါ့မယ်" သူတို့တိုင်းပြည်ရဲ့ နယ်စပ်ကိုရောက်သွားတဲ့အခါ ဘုရင်က ပြောတယ် "ရပါပြီ၊ ဒါကျွန်ုပ်တို့ နိုင်ငံရဲ့နယ်နိမိတ်ဖြစ်တယ်" ဒီအခါကျမှ သူတော်စင်ရဟန်းက ပြောတယ်။ "ဒါဟာ ကျွန်ုပ် ရှာနေတဲ့ နေရာပဲဖြစ်တယ်။ ယခုအခါ ကျွန်ုပ်မပြန်တော့ပါ။ အသင်မင်းကြီး ကျွန်ုပ်နှင့် အတူသွားမည်လော၊ သို့မဟုတ် နန်းတော်ဆီသို့ ပြန်မည်လော"

ဘုရင်ကပြောတယ်။ "ကျွန်ုပ်ဘယ့်နယ်လုပ်၍ သင့်နောက်လိုက်နိုင်ပါမည်နည်း ရဟန်းကြီး။ ကျွန်ုပ်မှာ ကျွန်ုပ်ရဲ့ တိုင်းပြည်ရှိတယ်။ ကျွန်ုပ်ပိုင်ဆိုင်သော ဥစ္စာဓနများရှိတယ်။ ကျွန်ုပ်ရဲ့ မိဘုရားများနှင့် သားသမီးများလည်းရှိတယ်။ ကျွန်ုပ်ဘယ့်နယ်လုပ် သင်နှင့်လိုက်ရမှာလဲ" ထိုအခါ ကျမှ





သူတော်စင်ရဟန်းက ပြောတယ်။ "ယခုတော့ သင်နှင့် ကျွန်ုပ်အကြား ဘာများ မတူညီသလဲ ဆိုတာ အသင်မင်းကြီး သိပြီမဟုတ်လား။ ကျွန်ုပ် သွားတော့မယ်။ စိုးစဉ်းမျှတောင် ခေါင်းလှည့်ပြီး စောင်းငဲ့မကြည့်ပါဘူး။ ကျွန်ုပ် အရင်က နန်းတော်မှာ သီတင်းသုံးခဲ့ပြီး အမျိုးမျိုး အဖုံဖုံသော စည်းစိမ်းဥစ္စာများ အကြား ရှင်သန်ခဲ့ပါတယ်။ သို့ပေမယ့် ကျွန်ုပ်မှာ ပိုင်ဆိုင်ချင်တဲ့စိတ်မရှိပါဘူး။ အသင်မင်းကြီးမှာ ပိုင်ဆိုင်စိတ်တွေရှိတယ်။ အဲဒါကျွန်ုပ်တို့ နှစ်ဦးအကြားက မတူညီတာဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်သွားပါတော့မယ်"

ရဟန်းကြီးဟာ နန်းတော်က လှူထားတဲ့ အဖိုးထိုက် သင်္ကန်းကို ချွတ်ပြီး "ရော့ဒီမှာ သင့်ရဲ့သင်္ကန်းပြန်ယူသွားပါ၊ အရင်လို ပျော်ရွှင်စွာနေပါ မင်းကြီး" နောက်ဆုံးတော့ ဘုရင်မင်းမြတ်ဟာ သူ့ရဲ့မိုက်မဲမှုနဲ့ မောဟဖုံးလွှမ်းမှုကို ကောင်းစွာ သဘောပေါက်သွားခဲ့ပြီး၊ ဒီသူတော်စင်ရဟန်းကြီးဟာ အလွန်တရာကြုံရခဲ ဖြင့်ရခဲတဲ့ ရတနာတစ်ပါးပါလားလို့ အသိဝင်ကာ ရဟန်းကြီးရဲ့ ခြေရင်းမှာ ဒူးထောက်ပြီး ဦးခိုက်ပါတယ်။ "မသွားပါနဲ့ ရဟန်းကြီး၊ ပြန်လာခဲ့ပါ။ ကျွန်ုပ် သင့်အပေါ် နားမလည်ခဲ့တာပါ။ ဒီနေ့တော့ ကျွန်ုပ်တို့ အကြားက ကွာခြားမှုကို ကျွန်ုပ်ထင်လင်းစွာ သိမြင်ခဲ့ပါပြီ။ ဟုတ်ပါတယ်။ ဒါဟာသူတော်စင်တို့ရဲ့ မြတ်သော အကျင့်ဖြစ်ပါတယ်"

သူတော်စင်ရဟန်းက ပြန်ဖြေတယ်။ "ကျွန်ုပ်ပြန်လာလို့လည်း ရပါတယ်။ ဒါပေမယ့် သတိပြုရမှာက သင့်အတွက် နောက်တစ်ကြိမ် ဝမ်းနည်းကြေကွဲစရာတွေ ပြန်ဖြစ်သွားနိုင်တယ်။ ကျွန်ုပ်အဖို့ ပြောရလျှင် ဟိုမှာဘက်ကို သွားခြင်း သို့တည်းမဟုတ် သည်မှာဘက်ကိုပြန်လာခြင်း အရာအားလုံးဟာ ဘာမျှမထူးခြားပါဘူး။ ဒါပေမယ့် သင့်အတွက်တော့ ဝမ်းနည်းစရာအဖြစ်ကို ပြောင်းသွားနိုင်ပါတယ်။ ယခုသင့်အား ပျော်ရွှင်အောင် ပြုသူအဖြစ် ကျွန်ုပ်အား ခွင့်ပေးလိုက်ပါ။ ကျွန်ုပ်ပြန်မလှည့်တော့ပါ။ ကျွန်ုပ်သွားပါတော့မယ်" သူတော်စင်ရဟန်းက သွားဖို့ဆုံးဖြတ်လေ ဘုရင်ကြီးက ပြန်လာဖို့ အတောင်းအကျပ်ခေါ်လေဖြစ်နေတော့ ရဟန်းကြီးက ပြောတယ်။ "တစ်ခါဆို လုံလောက်နေပါပြီ၊ သင်ဟာ မိုက်မဲသူ တစ်ယောက်

ဖြစ်တယ်လို့ ကျွန်ုပ်သိခဲ့ပြီ၊ ကျွန်ုပ်ပြန်လာလို့ရတယ်။ ဒါပေမယ့် ကျွန်ုပ်က "ငါပြန်လာမယ်"လို့ ပြောလိုက်တာနဲ့တစ်ပြိုက်နက် သင့်ရဲ့မျက်လုံးထဲမှာ ကျွန်ုပ်ကို ယောင်းနွမ်းတဲ့ အတွေးအခေါ်နဲ့ ထပ်ကြည့်နေဦးမှာသေချာတယ်"

"သူ ငါ့ကို ထပ်ညာတာလည်း ဖြစ်နိုင်တယ်၊ သူ ငါ့ကို သစ္စာဖောက်ပြန် ပေးပြီး၊ သွားတော့မယ့်ဟန် လုပ်ပြတာ ငါ့ကိုစိတ်မကောင်းဖြစ်အောင်လုပ်တာ" ဆိုတဲ့ စဉ်းစားနည်းအဟောင်းတွေ ပြန်ရောက်လာနိုင်တယ်။ အကယ်၍ ကျွန်ုပ်ပြန်လာသည့် လာမည်းဆိုလျှင် သင်နောက်တစ်ကြိမ် နာကျင်ကြေကွဲ ရလိမ့်မယ်။ ကျွန်ုပ်နေနှင့် သင့်အား နာကျင်ကြေကွဲခြင်း မဖြစ်စေလိုပါ။ ဒီကွဲပြားခြားနားမှုကို သတိပြုရမယ်။ သင့်မှာ ဖွစည်းဥစ္စာ ရှိနေတာနဲ့ ပိုင်ဆိုင်စိတ်ရှိတာ မတူတဲ့ကွဲပြားမှုဖြစ်တယ်။ ရိုးရှင်းတဲ့ လူတစ်ယောက်မှာ ဘာဖွစည်းဥစ္စာမှ မရှိရဘူးဆိုတဲ့ သဘောကို ဆိုလိုတာမဟုတ်ဘဲ ရိုးရှင်းတဲ့ လူမှာ ပိုင်ဆိုင်စိတ်မရှိဘူး၊ စိုးနိုးခြယ်လှယ်စိတ်တွေမရှိဘူး၊ ထာဝရ နောက်ကြောင်း ပြန်မလှည့်တတ်တဲ့ လူမျိုးကိုပြောတာဖြစ်တယ်။ ဒီလို ရိုးစင်းမှုမျိုးက လေ့ကျင့်လို့ ရတာမျိုးမဟုတ်ဘဲ ပင်ကိုယ် စိတ်သဘောထား ဖြူစင်မှုကသာ သယ်ဆောင်လာနိုင်တဲ့ အသီးအပွင့်ဖြစ်တယ်။

အကယ်၍ ခင်ဗျားအနေနှင့် မိမိကိုယ်ကို ထိန်းသိမ်းပြီး ပုံသွန်းလောင်းတယ်ဆိုရင် ဒါဟာချုပ်တည်းတာဖြစ်တယ်။ ဒီလိုချုပ်တည်းပုံသွင်းမှုရဲ့ အကျိုးဆက်က မတူတဲ့ နေရာမှာ မတူတဲ့ အသွင်သဏ္ဌာန်ကို ပေါ်ထွက်စေတာဖြစ်လို့ ခင်ဗျားဟာ ပိုပိုပြီး ရှုပ်ထွေးတဲ့ အနေအထားကို ပြောင်းလဲသွားနိုင်တယ်။ ပြောင်းလဲသွားတာနှင့်အမျှ ခင်ဗျားဟာလည်း တစ်နေ့တစ်ခြား ပရိယာယ်ပေစုံနဲ့ အကြံအစည်တွေ များသူအဖြစ်ပြောင်းသွားမှာပါ။ ပြီးတော့ ခင်ဗျားမှာ စည်းကမ်းနည်းလမ်းတွေလည်း ပိုရှိလာတယ်။ လူ့အဖွဲ့ ရှိသေလေးစားရတဲ့ ဂုဏ်ကျက်သရေနှင့် စရိုက်လက္ခဏာတွေလည်း ခင်ဗျားပိုပြီး ခံစားရရှိလာမှာ ဖြစ်တယ်။ ဘဝရဲ့ အကျိုးကိုခံစားချင်တယ်ဆိုရင် အကောင်းဆုံးနည်းလမ်းကတော့ အဲဒီလို တန်းမိုးကျွန်ုပ်တို့နဲ့ ပြည့်စုံသူတစ်ယောက် သွားလုပ်တာပဲဖြစ်တယ်။

ဒါပေမယ့် ခင်ဗျားက အစစ်မှန်တည်ရှိမှုကိုသာ ဂုဏ်ပြုချင်တယ်ဆို





ရင်တော့ အသိရောက်ဆုံးနည်းက လုံးဝအညာတြအဖြစ် ပြောင်းလဲဖို့ပါဘဲ၊ အစမှ အဆုံးတိုင်အောင် သာမန်လူတစ်ယောက်ဖြစ်ဖို့လိုပါတယ်။ ဘယ်လို အတုအယောင် မျက်နှာဖုံးမှမရှိတဲ့ အခြေအနေအောက်မှာပဲဖြစ်ပါစေ၊ ရိုးရိုးစင်းစင်း ဘဝကို ဖြတ်သန်းရမှာဖြစ်ပြီး၊ အဲ့ဒီဘဝ တနေ့တွေလေးသော ဖြူစင်တဲ့ စိတ်ရင်းစေတနာသာဖြစ်တယ်။ ဒီလို စိတ်သဘောထား ဖြူစင်မှုဟာ အဆောက် ကို ပြည့်စုံလုံလောက်နေပါပြီ။

လုပ်ယူရတဲ့ရိုးစင်းမှုမျိုးကိုသွားပြီး ဖမ်းဆုပ်စမ်းပါနဲ့၊ ဖန်တီးယူရတဲ့ ရိုးတန်းမှုကို မရောက်နိုင်တဲ့ လူတွေက စမ်းသပ်ခဲ့ပြီးပြီ၊ ဒါပေမယ့် သူတို့အားလုံး လုံးဝရိုးစင်းခြင်းဆိုတဲ့ သဘာဝကို ပြောင်းလဲမရရှိခဲ့ကြရုံမက၊ ဆန့်ကျင်ဘက်၊ သက်ရောက်မှုက သူတို့အားလုံး အရှုပ်အထွေး ရှုပ်ထွေးခြင်း ဆိုတဲ့ အခြေအနေဆီ ပြောင်းလဲရောက်ရှိသွားကြပါတယ်။ မိမိကိုယ်ကိုင် ရဲ့ အတွင်းပိုင်းပြဿနာ၊ မိမိကိုယ်ပိုင်ရဲ့ စဉ်းစားနည်းတွေထဲမှာ ရှုန်းမရအောင် ငြိနေတယ်။ ဒါကြောင့် ဦးနှောက်ကို သိပ်အားမထားစမ်းပါနဲ့ (အနုပို ကွန်ပျူတာ ဦးနှောက်ခေတ်ကြီးမှာ ဒီစကားပြောရတာ အားနာစရာကောင်း လိုက်တာ) ဦးနှောက်က ခင်ဗျားကို ရှုပ်ထွေးအောင်နဲ့ စိတ်ဒုက္ခပေးလိမ့်မယ်။ ဘုရင်ကြီးလိုပဲ ပါးစပ်ကမပြောတတ်တစ်မျိုး ဦးနှောက်ကတွေးတတ်တခြားနဲ့ သော ကတွေ ဖြစ်ရတယ်။

ဦးနှောက်ကို သိပ်အလုပ်မပေးတဲ့ လူတစ်ယောက်။ အဲဒီလူမျိုးကသာ စိတ်ရင်းမှာ ရှင်သန်မှာဖြစ်ပြီး ကျန်တာတွေက သူ့အလိုလို လိုက်ပါလာ မှာ ဖြစ်တယ်။ ဒါဟာ ဘဝတစ်ခုလုံးရဲ့အလှ၊ ချုပ်တည်းပြီးမှ လုပ်ယူလို့ ရတဲ့ ပစ္စည်းဆိုတာ ပုံသွင်းထားတဲ့အရာ ပေါင်းစပ်ဖန်တီးမှုဆိုတာ သဘာဝ မဟုတ်ဘူး၊ စစ်မှန်တဲ့ ရိုးစင်းမှုဆိုတာ ချုပ်တည်းမထား၊ ပုံသွင်းမထားတဲ့ အခြေအနေအောက်က ထွက်ပေါ်လာတာဖြစ်လို့ ဒါမှသာ သဘာဝတရားရဲ့ ဂုဏ်ကျေးဇူး သဲ့စောင်းပတ္တာမှာ ပြုခြင်းလည်းဖြစ်တယ်။ ။

■

(ဃ) ပျောက်ပြယ်ခြင်းဟာ ဖြူစင်ခြင်းဖြစ်တယ်။ ဖြူစင်ခြင်းက ရှင်သန်ရုံသက်သက်ပဲ ဘယ်လိုရှင်သန် မယ်ဆိုတာကို သွား မရည်ရွယ်ဘူး။ (ဘယ်လို) ရှင်သန်ရမယ်လို့ စည်းစောင့်ကိုက်တာနဲ့ ပြဿနာက ပွင့်တွေ့မှာ စကော့တာပဲ ဖြူစင်ခြင်းဆိုတာ မျက်စိ အောက်က ဟာအားလုံး ငြိမ်ငြိမ်သက်သက် ဖြစ်နေတဲ့ ကိစ္စများရဲ့ ရောင်ပြန်ဟပ်မှုသာဖြစ်တယ်။ သို့သော်လည်း ငြိမ်ငြိမ်သက်သက်ဆိုတာ မရိုးမြဲတဲ့ အချက်အလက်တော့ မဟုတ်ဘူး။ သူက ဖြူစင်မှုရဲ့ မိတ္တူသာဖြစ်ပြီး ပင်ကောက်ကောက် လိုက်နေတဲ့ အရိပ်နဲ့ တူတယ်။ ခင်ဗျား အနေနှင့် ငြိမ်ငြိမ်သက်သက် ဖြစ်အောင် လိုပြီး အလူးကြိုးပမ်းနေဖို့ မလိုပါဘူး။ အကယ်လို့ ခင်ဗျားက မိုးတိမ်းအောင် ကြိုးပမ်း ဆောင်ရွက်မယ်ဆိုရင် အဲဒီကြိုးပမ်းမှုကသာ ငြိမ်သက်မှုလေးကို ပျက်စီးအောင် ဖျက်ဆီးလိုက်တာပဲ ဖြစ်မယ်။

✿ ✿ ✿

ဒါကြောင့် ဖြူစင်ခြင်းမှာ မှီခိုဖြစ်တဲ့ ကောင်းခြင်းဆိုးခြင်း ဆိုတာ မရှိဘူး။ ဖြူစင်ချင်တဲ့အတွက် ငြိမ်းချမ်းနေဖို့ ဘာမျိုးနဲ့ နေရမလည်း မလိုပါဘူး။ အကယ်လို့ ခင်ဗျားက ပြည့်စုံကုံလုံတဲ့ သဘော ရောက်နေ လျှက်သားနဲ့ သူတောင်းစား တစ်ယောက်လို ဖြစ်သလို ဘဝမျိုးနဲ့ နေထိုင်ကျင့်ကြံဖို့ ကိုယ့်ကိုယ်ကို အတင်းအဓမ္မ ညှဉ်းပန်းမယ် ဆိုရင် ခင်ဗျားမှာ ငြိမ်ငြိမ်သက်သက်ဆိုတဲ့ သဘော မရှိတော့ပါဘူး။ ရိုးရင်းခြင်းမှာ ကုံလုံကြွယ်ဝခြင်းနှင့် ပစ္စည်းဥစ္စာ မရှိရဘူးဆိုတဲ့ အဓိပ္ပာယ် မပါဘူး။



# အိုရှိုးပြောတဲ့ ငြိမ်းချမ်းရေး နှင့် စစ်

ချစ်ခင်လေးစားရပါသော အိုရှိုးခင်ဗျား။

မေး ■ **"ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားတဲ့အခါ၊ ကမ္ဘာကြီးဟာ ငြိမ်းချမ်းရေးကို ပြန်လည်ရရှိခံစားလာရပါတယ်။ ဒီအချိန်မှာ နိုင်ငံရေးသမားတွေက ဘာတွေများလုပ်နေကြပါသလဲ။"**

ဖြေ ■ အမှန်တော့ ငြိမ်းချမ်းရေးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ကမ္ဘာ့သမိုင်းမှာ အချိန်ကာလဟာ အပိုင်းအခြားကြီး (၂)ခု အဖြစ် သီးသန့်တည်ရှိနေပါတယ်။ ဒါကတော့ ကျွန်တော်တို့ သိထားပြီးဖြစ်တဲ့ **စစ်ပွဲကာလနှင့်ခေါ်ဆိုလေ့ရှိတဲ့ ငြိမ်းချမ်းရေး ကာလပါ၊ ငြိမ်းချမ်းရေးဆိုတာ မကောင်းမှုကို ဖုံးကွယ်တဲ့ မျက်နှာဖုံးစွပ် စကားလုံးတစ်ခုသာဖြစ်ပြီး သူ့ရဲ့ မူလဇာတ် သရုပ်အမှန်က နောက်တစ်ကြိမ် "စစ်ပွဲ"** တစ်ခုဖြစ်ဖို့ အတွက် ပြင်ဆင်နေတဲ့ကာလပဲဖြစ်ကြောင်း ခေါ်သင့်ပါတယ်။ သမိုင်းဖြစ်စဉ်တစ်ခုလုံးဟာ အဓိက အခြင်းအရာ (၂)ခုပဲ ပါဝင်ပါတယ်။ **"စစ်ပွဲ"** နှင့် စစ်ပွဲဖြစ်ဖို့ရာ ပြင်ဆင်ခြင်း တို့ပဲ ဖြစ်ပါတယ်။ ခင်ဗျားက ကျွန်တော့်ကို မေးတယ်။

**''ဒုတိယ ကမ္ဘာစစ်ကြီးပြီးသွားတဲ့အခါ ငြိမ်းချမ်းရေး ပြန်ရပြီဆိုတော့ နိုင်ငံရေးသမားတွေ ဘာလုပ်ကြမလဲ''** ဆိုတာလေ။

နိုင်ငံရေးသမားတွေကတော့ သူတို့လုပ်နေကျ အလုပ်ကိုပဲဆက်လုပ်နေမှာ သေချာတယ်။ သူတို့လုပ်နေကျ အလုပ်ဆိုတာပေါ့ကကော့ သဘောတရားနှင့်မူဝါဒကွဲလွဲမှုတွေ ပိုဖြစ်အောင် ဖန်တီးခြင်း၊ လူထုအုံကြွမှုနှင့် အခြေအနေတွေကို မငြိမ်သက်အောင်လှုံ့ဆော်ခြင်း၊ မတရားမှုတွေ ပိုများလာအောင် သွေးထိုးပေးဆင်ရွက်ခြင်း၊ ဖျက်စီးမှု ရွှမ်းအားပိုများသော လူသတ်လက်နက်ဆန်းများ အဆမတန် ထုတ်လုပ်ခြင်းနှင့် တတိယကမ္ဘာစစ်အတွက် ပြင်ဆင်ခြင်းတို့ပဲ ဖြစ်တယ်။

တစ်ခါက သိပ္ပံပညာရှင်ကြီး အိန်းစတိုင်းဟာ ဒီလိုအမေးခံရဘူးတယ်။ ခင်ဗျားက အဏုမြူဗုံးအားကို တီထွင်ခဲ့တဲ့ သိပ္ပံပညာရှင်တစ်ဦးအနေနဲ့ တတိယကမ္ဘာစစ်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်တို့ကို ကြိုပြီး သတင်းပေးနိုင်မလား။

အိန်းစတိုင်းဟာ မျက်ဝန်းထဲမှာ မျက်ရည်စို့ပြီး ပြန်ပြောခဲ့တာက **''တတိယကမ္ဘာစစ်အကြောင်း ကျွန်တော့်ကို မမေးပါနဲ့၊ တတိယကမ္ဘာစစ်အကြောင်း ကျွန်တော်ဘာမှ မသိဘူး။ ဒါပေမဲ့ ခင်ဗျားက စတုတ္ထကမ္ဘာစစ်အကြောင်း သိချင်တယ်ဆိုရင်တော့၊ ကျွန်တော် အဲဒီအကြောင်းကို တစ်ချို့တစ်ဝက်ပြောပြနိုင်ပါလိမ့်မယ်''**။

ရုတ်တရက်မမျှော်လင့်တဲ့အဖြေကြောင့် မေးခွန်းထုတ်တဲ့ သတင်းစာဆရာဟာ အလွန်ပဲ အံ့အားသင့်သွားရပါတယ်။ ဒီလူကြီးက တတိယ ကမ္ဘာစစ်အကြောင်းတော့ မသိဘူးပြောပြီး၊ စတုတ္ထကမ္ဘာစစ်အကြောင်းကျတော့ သိနေပြန်တယ်။ ဘယ်နှယ့်ဟာလဲပေါ့။ သတင်းစာဆရာလဲ စိတ်လှုပ်ရှားပြီး **''ဒါဆိုလည်း ဆရာကြီးရယ် စတုတ္ထကမ္ဘာစစ်အကြောင်းပဲ ကျွန်တော့်ကိုပြောပြပါ''**။

သိပ္ပံပညာရှင် အိန်းစတိုင်းပြောတာက **''တစ်ခုပဲပြောစရာရှိတယ် အဲဒါကတော့ စတုတ္ထကမ္ဘာစစ်ဟာ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး''** တတိယ ကမ္ဘာစစ်ဟာ ကမ္ဘာကြီးရဲ့ နောက်ဆုံးစစ်ပွဲပဲဖြစ်မယ်။ အဲဒီ





နောက်ဆုံး စစ်ပွဲကြီးအတွက် နိုင်ငံရေးသမားတွေဟာ ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက ငြိမ်းချမ်းရေးကို စစ်အေးကာလတို့ဆိုတဲ့ စကားလုံးတွေ အသုံးချပြီး အကြီးအကျယ် ပြင်နေကြတာပဲလေ။ ဒီနိုင်ငံရေးသမားများနဲ့ သူတို့ရဲ့ ပရိယာယ်တွေဟာ ခင်ဗျားကြုံတွေ့ခဲ့သမျှတွေထဲမှာတော့ အကျည်းတန် အရုပ်ဆိုးဆုံးဖြစ်မှာပဲ။ ကျွန်တော်တို့ဟာ အမှောင်ညနဲ့ မျက်နှာခြင်းဆိုင်နေရပြီ။ ဒီအခါမှာ ကျွန်တော် သတိရမိတဲ့ စကားပုံလေးတစ်ခုက **''ညဥ့်ရဲ့အမှောင်ဆုံးကာလဟာ အာရုဏ်ကျင်းဖို့ နီးလာတာဖြစ်တယ်''** သို့ပေမယ့် ကျွန်တော်သံသယရှိနေတာက ကျွန်တော်တို့ကို ဝန်းရံပိတ်ဆို့ထားတဲ့ ဝိန်းပိတ်သောအမှောင်ထုကြီးမှာ အာရုဏ်တက်ဖို့ ဆိုတာကော ရှိနိုင်ပါ့မလား။

၁၉၄၅ ခုနှစ်ကတည်းက ဘာတွေဖြစ်ပျက်နေသလဲဆိုတာ ကျွန်တော် ခင်ဗျားကိုအတိအကျပြောပြမယ်။ ဒီအဖြစ်အပျက်တွေကို လူတွေ မသိအောင်နဲ့ ဗဟုသုတမရှိအောင် ဖုံးကွယ်ထားခဲ့ကြတယ်။ ဒါကြောင့် လူတွေဟာ အချိန်မရွေး ပေါက်ကွဲနိုင်တဲ့ မီးတောင်ကြီးပေါ်မှာ ထိုင်မိနေမှန်းလည်း သူတို့ကိုယ်တိုင် မသိနိုင်ခဲ့ကြပါဘူး။ လူတွေကို အသေးအမွှားပြဿနာတွေထဲမှာပဲ တဝဲလည်လည်ဖြစ်အောင်လို့ လမ်းလွှဲထားခဲ့တဲ့အတွက်၊ တကယ့်ပြဿနာကြီးတွေကို ဘာမှမဖြစ်သလို ဖုံးဖိနိုင်ခဲ့ကြတာပဲဖြစ်တယ်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံ (၆၆) နိုင်ငံမှာ စစ်ပွဲပေါင်း (၁၀၅)ပွဲ ဖြစ်ပွားခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ယောက်တစ်လေကတော့ လိုလိုလားလား သိချင်စိတ်နဲ့ မေးတာရှိတယ်။ **''ဘာဖြစ်လို့ ဖွံ့ဖြိုးဆဲနိုင်ငံကိုမှ ရွေးဖြစ်ရတာလဲ''** အဖြေကတော့ ရိုးရှင်းပါတယ်။ ဖြစ်ရပ်ပြည်ထောင်စုရဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ဟာ ဖျက်အားပြင်းတဲ့ လက်နက်ကြီးတွေ တီထွင်ရာမှာ အလွန်ကို ခေတ်မီဖွံ့ဖြိုးနေကြတယ်၊ ဒီလိုခေတ်မီ နည်းပညာတွေမြင့်လာတာနဲ့အမျှ ဒုတိယကမ္ဘာစစ်မှာ သူတို့အသုံးပြုခဲ့တဲ့ လက်နက်တွေဟာ ဟောင်းနွမ်းပြီး ခေတ်နောက်ကျလို့ သူတို့အတွက် အသုံးမဝင်တော့ဘူး။ ဒီတော့ လက်နက်အဟောင်းများအတွက် ဈေးကွက်လိုလာတယ်။ တစ်နေရာရာမှာ ရောင်းကိုရောင်းမှ ဖြစ်မယ်။ အမှန်တကယ် လက်နက်ဈေးကွက်ရှိဖို့ဆိုတာ စစ်ပွဲတွေ

ရှိနေမှာသာ ဖြစ်နိုင်တယ်။

အမေရိကန်က ပါကစ္စတန်ကို လက်နက်တွေဆက်ကိုင် ပေးနေသလို အိန္ဒိယကလည်း ဆိုဗီယက်လက်နက်တွေကို အကျဖြစ်အောင် တင်သွင်းနေတယ်။ အိန္ဒိယနဲ့ ပါကစ္စတန် နှစ်နိုင်ငံလုံးကတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေပါပဲ။ နိုင်ငံတစ်ခုက ဆိုဗီယက်ကြီးဆီက ကောက်ကျန်နေတဲ့အဟောင်းတွေကို ဝယ်နေတဲ့အချိန်မှာ သူ့ရန်သူကလည်း အမေရိကန်ဆီမှာ ကုန်ဟောင်းတွေကို ဝယ်နေတာပဲလေ။ ဒါက အရောင်းအဝယ်ကောင်းတစ်ခုပါ။

ဖွံ့ဖြိုးဆဲနိုင်ငံ အချင်းချင်းကြားမှာ စစ်ရပ်စဲလို့မဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ စစ်မဖြစ်ပဲ အခြေအနေက ငြိမ်သက်နေမယ်ဆိုရင် ဒေါ်လာ ဘီလျံသန်းပေါင်းများစွာ ရင်းနှီးထားတဲ့ ဒီလက်နက်တွေ ဘယ်သူ့ကို သွားရောင်းရမှာလဲ။ ဒါပေမယ့် ဆင်းရဲတဲ့နိုင်ငံက နိုင်ငံရေးသမားတွေကတော့ လက်နက်အဟောင်းတွေဝယ်ဖို့ အဆင်သင့် ဖြစ်နေပြန်တယ်။ သူ့ လူတွေငတ်ခွက်လို့ သေလုမျောပါး ဖြစ်နေတာတောင်မှ သူတို့ အသုံးစရိတ်ရဲ့ (၇၅) ရာခိုင်နှုန်းဟာ စစ်ပွဲထဲမှာပဲ သုံးနေကြတာဖြစ်တယ်။

ပျမ်းမျှနှုန်းအရ စစ်ပွဲတစ်ပွဲဟာ သုံးနှစ်ခွဲလောက်ကြာတယ်။ ဒါနဲ့များတောင် ဘယ်သူက ငြိမ်းချမ်းရေး ပြန်ရနေပြီလို့ ပြောရမှာလဲ။ နိုင်ငံပေါင်း (၆၆) နိုင်ငံမှာ စစ်ပွဲပေါင်း (၁၀၅) ပွဲဖြစ်ခဲ့တာကို ခင်ဗျားက ငြိမ်းချမ်းရေးလို့ ခေါ်မှာလား။ ဒီစစ်ပွဲများဟာ လူပေါင်း (၁၆)သန်း သေဆုံးရခြင်းရဲ့ အကြောင်းရင်းအစစ်အမှန်ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်တုန်းကလည်း လူပေါင်း သန်းနဲ့ချီပြီး သေဆုံးကြရတယ်။ စစ်ကြီးပြီးတဲ့နောက် ခေါ်ဆိုနေလှ ရှိတဲ့ ငြိမ်းချမ်းရေးကာလမှာ လူပေါင်း (၁၆)သန်းဟာ ဒီဒေသန္တရ စစ်ပွဲတွေမှာ သေဆုံးခဲ့ကြရတယ်။ ဒါနဲ့တောင် ခင်ဗျားက ငြိမ်းချမ်းရေးလို့ ပြောချင်သေးလား။

နိုင်ငံရေးသမားတွေ ဉာဏ်နီဉာဏ်နက် များသလောက်၊ လူတွေကတော့ အကောက်ကြီးကို ယုံတိုင်းကြတယ်။ ပတ်ဝန်းကျင်မှာ ဘာတွေဖြစ်နေသလဲဆိုတာ တစ်ချက်လေးတောင် လှည့်မကြည့်ကြပါဘူး။ အသေးအမွှားကိစ္စ ကလေးများအတွက် အချင်းချင်းရန်ဖြစ်နေကြတယ်။





ဘယ်ခရိုင်က၊ ဘယ်ပြည်နယ်မှာရှိသင့်သလဲ **ဘီ(လ်)ဂရမ်** ခရိုင်ဟာ **မဟာသျှတြ** ပြည်နယ်ထဲမှာပဲ ဆက်ရှိနေသင့်သလား၊ ဒါမှမဟုတ် **ခါနာတာက** ပြည်နယ် ဘက်မှာရှိရမှာလား။ ဘာကြောင့်လဲဆိုတော့ **ဘီ(လ်)ဂရမ်** ခရိုင်ဟာ ပြည်နယ်နှစ်ခုအကြားက ခရိုင်မြို့ကလေးဖြစ်လို့ပဲ။

ဒီလူတွေဟာ ဘာသာစကားနှစ်မျိုးစလုံးကို ကျွမ်းကျင်စွာပြောနိုင်ကြသော်လည်း သူတို့ဟာ အချင်းချင်းအသတ်မပြတ် သတ်ပုတ်ကြတာ အနှစ်(၃၀)လောက်ကြာပြီ။ ဒီကိစ္စကလေးတောင် မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေကြတယ်။ အမှန်တော့ ဘယ်သူကမှ မဆုံးဖြတ်ချင်တာပါ။ ဒီလိုမှ မဟုတ်ရင် ဘာပြဿနာ ဖြစ်နေစရာလိုမလဲ။ တရားရုံးရဲ့ စောင့်ကြည့်မှုအောက်မှာ အသေးအစား လူထုဆန္ဒ ခံယူပွဲလေးလုပ်ပြီး မဲခွဲလိုက်ရင် လူတွေဟာ သူတို့ ဘယ်မှာနေချင်တယ်ဆိုတာကို ဆုံးဖြတ်လိုက်ရုံပဲဖြစ်တယ်။ အချင်းချင်း သတ်ဖြတ်နေစရာ မလိုပါဘူး။ ဒါပေမယ့် ကြည့်ရတာ နိုင်ငံရေးသမားတွေကတော့ တစ်နေရာမဟုတ် တစ်နေရာမှာ ပြဿနာတက်နေတာကို အထူးပဲ စိတ်ဝင်စားကြတယ်။ ဘာကြောင့်လဲဆိုတော့ ပြဿနာတွေရှိမှ သူတို့ဟာ အသုံးဝင်သူတွေဖြစ်မှာ။

လူပေါင်း (၁၆)သန်း အသက်ခံခဲ့ရပြီ။ အဲဒါတောင် ခုအချိန်အထိ စာသင်ကျောင်းတွေ၊ ကောလိပ်တွေ၊ တက္ကသိုလ်တွေမှာ ထပ်ခါတလဲလဲ ပြောနေတဲ့ စကားတစ်ခွန်းက "ကျွန်ုပ်တို့ဟာ ငြိမ်းချမ်းရေးကာလမှာ နေထိုင်တာဖြစ်တယ်" ဆိုပဲ။ အမှန်ပြောရရင် ကမ္ဘာစစ်ကြီးကတောင် ပိုပြီး ငြိမ်းချမ်းတယ်လို့ ခံစားရနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒုတိယကမ္ဘာစစ်မှာ ဂျူးလူမျိုး(၆)သန်းပဲသေခဲ့တယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးကာလမှာ အဲဒီထက် (၃)ဆလောက်များတဲ့ လူတွေ အသက်ခံခဲ့ရပါတယ်။

ဒေသန္တရ စစ်ပွဲအများစုဟာ အာရှတိုက်မှာ ဖြစ်ကြတာများတယ်။ ဒါဟာ အင်အားကြီးနိုင်ငံတွေနဲ့ သူတို့ရဲ့ နိုင်ငံရေးသမားများက အခြားနိုင်ငံတစ်ခုခုမှာ အမြဲတမ်း တိုက်ခိုက်နေအောင် စီမံထားတဲ့ သေနင်္ဂဗျူဟာတစ်ခုသာ ဖြစ်တယ်။ ဆိုဗီယက်နဲ့ အမေရိကန် အာဖဂန်နစ္စတန်မှာ တိုက်ကြတဲ့အတွက် အာဖဂန်ပြည်သူတွေသေဆုံးကြပြီး၊ အာဖဂန်ဟာ ကစားကွင်းဖြစ်လာ

တယ်။ သို့ပေမယ့် အမေရိကန်နဲ့ ဆိုဗီယက်ကတော့ လက်နက်ရောင်းချမှုကနေ အမြတ်အစွန်းတွေရတာယ်။ သူတို့ရဲ့ စစ်ရေးကျွမ်းကျင်သူတွေနဲ့ လက်နက်တွေကို စစ်မြေပြင်ဆီပို့ဆောင်ပေးပြီး၊ အာဖဂန်သားတွေကို သင်တန်းတွေ လေ့ကျင့်မှုတွေ ပေးတာယ်။ ဒီနောက်မှာ အာဖဂန်သားတွေက တခြား အာဖဂန်သားတွေကို သတ်တယ်။ တစ်ဖက်က အမေရိကန်ဆီက လက်နက်တွေယူပြီး ကျန်တစ်ဖက်က ဆိုဗီယက်ဆီက လက်နက်အကူအညီရကြတယ်။

ဟီရိုရှီးမားနောက်ပိုင်းမှာ အရပ်သား (၉)သန်းဟာ သမားရိုးကျစစ်ပွဲတွေထဲ သေဆုံးခဲ့ကြရတယ်။ ဒါဟာ အကျိုးကြောင်း ဆီလျော်မှုလုံးဝမရှိတဲ့ ကိစ္စဖြစ်တယ်။ ရှေးခေတ်ကဆိုရင် စစ်ပွဲမှာအရပ်သားတွေ ဘယ်တော့မှ အသတ်မခံရဘူး။ ဘာကြောင့်လဲဆိုတော့ ရန်ဖြစ်နေတဲ့ ဘုရင်နှစ်ပါး စီးချင်းထိုးပြီး ပြဿနာကို ဖြေရှင်းလိုက်တယ်။ သေတဲ့ဘုရင်က စစ်ရှုံးတာပဲ။ အမှန်က စစ်ပွဲဆိုတာ စစ်တိုက်သူသာ သေဆုံးသင့်တာ မဟုတ်လား။ အခုတော့ ခံစားချက်မဲ့နေသလို စစ်ပွဲနဲ့မဆိုင်တဲ့အရပ်သား (၉)သန်းသေဆုံးကြရတယ်။ အဲ့ဒီအထဲမှာ ကလေးသူငယ်များစွာနဲ့ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အိုတွေ ပါသွားကြတယ်။ သူတို့တွေဟာ ကျောင်းထဲမှာ စာဖတ်နေတာလည်း ဖြစ်နိုင်တယ်။ စက်ရုံထဲမှာ အလုပ်လုပ်နေတာလည်း ဖြစ်နိုင်တယ်။ ဒါမှမဟုတ် သူတို့ မီးဖိုချောင်ထဲမှာ ထမင်းချက်နေတာလည်း ဖြစ်နိုင်တယ်။

မကြာသေးခင်ရက်အနည်းငယ်ကပဲ အမေရိကန်သမ္မတ ရေဂ်နယ်ရစ်ဂင်ဟာ ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲနဲ့ လစ်ဗျားနိုင်ငံကို ဝင်တိုက်တယ်။ အရပ်သားတွေနေတဲ့ နေရာကို ဗုံးကြဲတယ်။ အမှန်တော့ သူ့ပစ်မှတ်က လစ်ဗျားခေါင်းဆောင် **ကဒါဖီ** ကို တိုက်ချင်တာ။ ဒါပေမယ့် **ကဒါဖီ**က ဒီမြို့ထဲမှာ အိမ်(၃)လုံးလောက်ပိုင်ထားတယ်။ (၃)နေရာ ဗုံးကြဲမှတော့ တစ်မြို့လုံးကုန်မှာပေါ့။ မဆိုင်တဲ့ အခြားအိမ်တွေ မီးထဲပါကုန်တယ်။ လေယာဉ်က ဗုံးကြဲနေတဲ့အချိန်မှာ ကြေးစားလူသတ်သမားတွေက **ကဒါဖီ**ကို ပိုက်စိပ်တိုက်ရှာနေကြတယ်။ ဘာကြောင့်လဲဆိုတော့ **ကဒါဖီ**အိမ်မှာ





မရှိရင် ဗုံးကြဲပြီး သေမှာမဟုတ်လို့ပဲ။ နောက်ဆုံးတော့ ကြေးစား လူသတ်သမားတွေဟာ **ကဒါဖီ**ရဲ့ သမီးကိုပဲ သတ်နိုင်ခဲ့တယ်။ ဒါပေမယ့် လစ်ဗျားနိုင်ငံသားတွေဟာ သူတို့ကို ဘာတစ်ခုမှ မလုပ်ခဲ့တာကတော့ အမှန်ပါပဲ။

တိုက်တိုက်ဆိုင်ဆိုင် ကိစ္စတစ်ခုက ရေဂ်(လ်)နယ်ရစ်ဂင်ဟာ လစ်ဗျားကို ဗုံးကြဲဖို့ရာ အင်္ဂလန်လေဆိပ်ကို အသုံးပြုချင်တယ်။ အင်္ဂလန်အစိုးရက သူ့ကို ခွင့်ပြုချက်ပေးတဲ့ တစ်နေ့တည်းမှာပဲ အင်္ဂလန်ပါလီမန်က ကျွန်တော့်ကို အင်္ဂလန်လေဆိပ်ရဲ့ ခရီးသည်နားနေခန်းမှာ (၆)နာရီကြာ စောင့်ဆိုင်းဖို့ ခွင့်မပြုခဲ့ဘူး။ သူတို့ပြောတာကတော့ ကျွန်တော်ဟာ အန္တရာယ်များတဲ့ လူတစ်ယောက်ဖြစ်လို့တဲ့။ ဒါပေမယ့် ရေဂ်(လ်)နယ်ရစ်ဂင်ကျတော့ အပြစ်မရှိတဲ့ နိုင်ငံကိုဗုံးကြဲဖို့ အင်္ဂလန်လေဆိပ်ကို အသုံးချတာ ခွင့်ပြုခဲ့ကြတယ်။ ဒါဟာလူသားထုတစ်ရပ်လုံး ကြုံတွေ့ရသမျှထဲမှာ အမှောင်ဆုံး ညတစ်ညပါ။ နှစ်စဉ်နှစ်တိုင်း စစ်အတွက် ကုန်ကျစရိတ်ဟာ အမေရိကန်ဒေါ်လာ ဘီလျံသန်း (၇၀၀) မကကုန်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း လူဦးရေ (၁၅)သန်းမက အဟာရ ချို့တဲ့ခြင်းရောဂါနဲ့ သေဆုံးနေရပါတယ်။

အစားအစာနဲ့တန်ဖိုးမများတဲ့ ကာကွယ်ဆေးတွေလိုအပ်နေတာကြောင့် ကလေးသူငယ်များစွာဟာ မိနစ်တိုင်းမှာ အယောက် (၃၀)နှုန်းနဲ့ သေဆုံးနေကြရတယ်။ သို့ပေမယ့် ကမ္ဘာ့စစ် အသုံးစရိတ်ကတော့ ပြည်သူလူထု ဘဏ္ဍာတော်ကနေ တစ်မိနစ်ကို အမေရိကန်ဒေါ်လာ (၃)သန်းမက သုံးစွဲနေကြပါတယ်။ ကြည့်ရတာ ကျွန်တော်တို့လူသားများဟာ လက်ရှိဘဝနဲ့ လောကကြီးကို သိပ်စိတ်မဝင်စားကြသလိုပဲ။ ကိုယ့်ကိုယ်ကို သတ်သေဖို့ ဆုံးဖြတ်ထားဟန်ရှိတယ်။ သမိုင်းတစ်လျှောက်လုံးမှာတော့ လူသားအနွယ်ဟာ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်တဲ့ ခံစားချက်မျိုး တစ်ခါမှ မဖြစ်ခဲ့သေးပါဘူး။

ကလေးသူငယ်ပေါင်းသန်း (၂၅၀)ဟာ အခြေခံပညာရေးကောင်း သင်ခွင့်မရကြပါဘူး။ အဏုမြူ ရေငုပ်သင်္ဘော တစ်စီးရဲ့ တန်ဖိုးဟာ ဖွံ့ဖြိုးဆဲ နိုင်ငံပေါင်း (၂၃)နိုင်ငံက ကျောင်းနေအရွယ်ကလေးသူငယ်ပေါင်း သန်း(၁၆၀)ရဲ့ နှစ်စဉ်ကုန်ကျစရိတ်နဲ့ညီမျှနေပါတယ်။ ဒါဟာ ရေငုပ်

သဘော်ဂလေး ကစ်စီးကည်းပါ။ သောင်ပေါင်းများစွာသော ရေငုတ်သဘော်ဂတွေဟာ ကမ္ဘာအနှံ့က သမုဒ္ဒရာတွေထဲမှာ ဖြတ်သန်း သွားလာနေကြတယ်။ အမေရိကန်နဲ့ ရုရှားတို့ရဲ့ ရေငုတ်သဘော်ဂတွေမှာ သုံးတဲ့ အဆုမြူဒုံးဟာ ဒုတိယကမ္ဘာစစ်မှာ သုံးခဲ့တာနဲ့စာရင်(၆)ဆယောက် ပိုပြင်းထန်တဲ့စွမ်းအားရှိတယ်။ ဘယ်လောက် တန်ဖိုးကြီးမယ်ဆိုတာ တွက်ဆကြည့်လို့ ရပါတယ်။ ဒီငွေတွေသာ ကျွန်တော်တို့ ကလေးတွေအတွက် ပညာရေး၊ အစားအစာနဲ့ အပဟာရတွေပေးခွင့် ရနိုင်မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခက်တာက ဒီလိုကိစ္စတွေမှာ သူတို့ လုံးဝစိတ်မဝင်စားကြတာပဲ ဖြစ်တယ်။

ဒါတွေကို နိုင်ငံရေးသမားတွေပဲ လုပ်နေကြတာ။ သူတို့ဟာ ဘယ်သူမှ မင်းရောက်စွက်ဖက်တာမကြိုက်သလို၊ သူတို့အပေါ်မှာ ဘယ်သူမှ ရှိနေလို့လည်း မရဘူး။ လူသားထုတစ်ရပ်လုံးကို ထိန်းချုပ်နိုင်တဲ့စွမ်းအားမျိုး သူတို့လိုချင်နေကြတာဖြစ်တယ်။

ကမ္ဘာ့သစ်တောတွေဟာ တစ်နှစ်ကို ဟက်တာပေါင်း (၁၈)သန်းကနေ သန်း(၂၀)အကြိမ်နှုန်းနဲ့ ပျောက်ဆုံးနေကြတယ်။ အဲဒီပျောက်ဆုံးမှုမရှိယာဟာ ကာလီဖိုးနီးယားရဲ့ တစ်ဝက်စာလောက်ရှိပြီး၊ ကာလီဖိုးနီးယားဆိုတာ အမေရိကန်နိုင်ငံရဲ့ အကြီးဆုံးပြည်နယ်တွေထဲက တစ်ခုဖြစ်တယ်။ အနည်းဆုံး နောက်နှစ်ပေါင်း (၂၀-၃၀)အတွင်းမှာ ဒီအပူပိုင်းဇုံသစ်တောတွေအားလုံး ကုန်သွားရင် ဖြစ်လာနိုင်တဲ့ အကျိုးသက်ရောက်မှုကအတော်ကြီးကို အိုးရှားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီသစ်တောတွေဟာ ခင်ဗျားတို့ကို အောက်ဆီဂျင်နဲ့အသက်ရှင်ရအောင် ထောက်ပံ့ပေးနေတာဖြစ်လို့ပဲ။ တကယ်လို့များ သစ်ပင် တောအုပ်တွေဟာ ဒီနှုန်းအတိုင်း ပျောက်ဆုံးနေမယ်ဆိုရင် လူသားထုတစ်ရပ်လုံးဟာ အောက်ဆီဂျင်ကိုရှာရတဲ့ ဒုက္ခနဲ့ကြုံရတော့မှာ ဖြစ်တယ်။ အောက်ဆီဂျင်ဘယ်မှာ သွားရှာကြမှာလဲ။

တစ်ဖက်ကပြောရင်လည်း လူတွေဆီက မှုတ်ထုတ်လိုက်သမျှ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို ဒီသစ်တောအုပ်တွေကပဲ ရှူရှိုက်နေတာဖြစ်တယ်။ ဒီသစ်တောအုပ်တွေသာ မရှိတော့ရင် ကောင်းကင်ပေါ်မှာ





အခုတောင် ကာဗွန်ဒိုင်အောက်ဆိုက်အလွှာထုကြီးက စုပုံထူထပ်ပြီး ကမ္ဘာ့ဝန်းကျင်လေဟာ ကိုဂိုးကမ္ဘာ အဆုံးသပ်လုနီးပါးဖြစ်တယ်။ ဒီကာဗွန်ဒိုင်အောက်ဆိုက် အလွှာထုကြီးကြောင့်ပဲ ကမ္ဘာ့လေထုရဲ့ အပူချိန်ဟာ မြင့်တက်လာနေတယ်။ ဟိုဟန်းကာယက် နိုင်းဗားရင် အခုအပူချိန်က (၄)ဒီဂရီတောင် မြင့်တက်နေပြီဖြစ်တယ်။

အကယ်၍သာ သစ်တောအားလုံး ပျောက်ကွယ်သွားမယ်ဆိုရင်၊ အပူချိန်ဟာ အလွန်တရာမြင့်တက်လာပြီး၊ အခြေအနေနှစ်မျိုး ဖြစ်ပွားလာနိုင်တယ်။ ပထမတစ်မျိုးက သက်ရှိသတ္တဝါမှန်သမျှ ဆက်လက်ရှင်သန်ဖို့ ဖြစ်နိုင်ခြေမရှိတာ၊ ဒုတိယတစ်မျိုးက တောင်ဝင်ရိုးစွန်းနဲ့ မြောက်ဝင်ရိုးစွန်း၊ ဟိမဝန္တာတောင်တန်း၊ အယ်(လ်)ပိုင်းတောင်တန်းနဲ့ အခြားတောင်တန်းများပေါ်က ရေခဲတွေဟာ အပူရှိန်ကြောင့် တောင်အရည်ပျော်ကျပြီး၊ ပင်လယ်သမုဒ္ဒရာအားလုံးဟာ ပေ(၄၀)ထပ်မြင့်သွားမှာ ဖြစ်တယ်။ ဒီအခါမှာ ကျွန်တော်တို့ နိုင်ငံတွေ၊ ကျွန်တော်တို့ မြို့တော်တွေ အကုန်လုံးရေမြုပ်သွားပြီး၊ ကမ္ဘာကြီးတစ်ခုလုံး ရေထဲ စုံးစုံးမြုပ်လုနီးပါး ဖြစ်မယ်။ ပြီးတော့လည်း ဒီရေတွေက ဘယ်တော့မှ ပြန်ကျသွားမှာမဟုတ်ဘူး။

ဒါပေမယ့် နိုင်ငံရေးသမားတွေကတော့ ဆက်လက်လှုပ်ရှားနေကြဆဲပဲ။ လွန်ခဲ့တဲ့ လအနည်းငယ်ကတုန်းက ကျွန်တော် နီပေါနိုင်ငံမှာ ရောက်နေခဲ့တယ်။ နီပေါဆိုတာက တစ်ကမ္ဘာလုံးမှာ အဆင်းရဲဆုံးနိုင်ငံစာရင်းဝင်ဖြစ်တယ်။ ဒါပေမယ့် စစ်ပြင်ဆင်မှုတွေကို မရပ်ဆိုင်းဘူး။ သစ်တောအုပ်တွေကို ရောင်းချစားနေတယ်။ ဟိမဝန္တာ တောင်တန်းကြီးကို ရုရှားအစိုးရဆီ ထိုးရောင်းလိုက်တယ်။ ရုရှားတွေက ဟိမဝန္တာတောင်ရဲ့ တစ်ဖက်ခြမ်းမှာရှိတဲ့ သစ်ပင်တွေ အကုန်လုံးကို ခုတ်လှဲလိုက်ပြီး နီပေါကို ခြောက်သွေ့စွာထားခဲ့တယ်။ ဒါဘာအတွက်လဲ သတင်းစာတွေ ပုံနှိပ်မလို့လား။ ဘာဖြစ်လို့သတင်းစာတွေ အများကြီးလိုအပ်ရတာလဲ။ နေ့စဉ်နဲ့အမျှ သတင်းစာတွေက ဆင်တူယိုးမှားတွေချည်းဖြစ်တယ်။ အခုအချိန်မှာ ခေတ်မီနည်းပညာနဲ့ ဆက်သွယ်ရေး စနစ်တွေ အများကြီးပေါ်နေပြီ။ ရေဒီယိုနဲ့တယ်လီဗေးရှင်းတွေလည်းရှိပါပြီ။ ဘာလို့များ ဒီသတင်းစာကို အရွဲ့အတိုက်ကြီးပြီး၊ သစ်တော

တွေကို ဖျက်ဆီးနေရတာလဲ။ နိုင်ငံရေးသမားတွေ အားလုံးဟာ သူတို့ရဲ့ ရုပ်ပုံကို သာကောင်းဖော မျက်နှာဖုံးစွာပါဆောင်ကြတယ်။ ဒါပေမယ့် အနှစ်မရှိကြဲ့ သူတို့ရဲ့ မိန့်ခွန်းတွေဟာ လူတွေအတွက် ဘယ်လောက် အန္တရာယ်ကြီးတယ် ဆိုတာကို သူတို့လုံးလုံးမေ့ပြီး ပုံနှိပ်ထုတ်ဝေချင်ကြတာပဲဖြစ်မယ်။

တစ်ချိန်တည်းမှာ ကမ္ဘာ့လူဦးရေ တိုးပွားမှုနှုန်းကလည်း (၃၀-၄၀)ရာခိုင်နှုန်းအထိ တိုးမြင့်လာနေတယ်လို့ ခန့်မှန်းရပါတယ်။ အရေအတွက် အားဖြင့် (၅)ဘီလျံကနေ (၇)ဘီလျံအထိရှိမယ်။ ဒီလူဦးရေ တိုးပွားမှု နှုန်းအတိုင်းဆိုရင် ကမ္ဘာကြီးရဲ့ ဒေသတစ်ဝက်ဟာ ရေကို နှစ်ဆပိုလိုအပ်လာမှာ သေချာတယ်။ ကျွန်တော်တို့မှာ သောက်သုံးရေက ဒီထက်မရှိဘူး။ ရေတောင်ခက်ခဲနေရင် အစားအစာပြဿနာက နောက်ထပ်ဆွေးနွေးရမယ့်ကိစ္စတစ်ခု ဖြစ်တယ်၊ ကုလသမဂ္ဂက ပေးပို့တဲ့ သတင်းအချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာ မြေယာဆုံးရှုံးမှုဟာ တစ်နှစ်ကို ဟက်တာသန်း(၂၀)နှုန်းနဲ့ လယ်ကွင်းတွေ၊ စားကျက်မြေတွေဟာ သုညထုတ်လုပ်မှုအဆင့်ကို လျော့ကျသွားတယ်လို့ဆိုပါတယ်။ ဒါ့အပြင် တစ်နှစ်မှာ သစ်ပင်အမျိုးပေါင်းတစ်ထောင်နဲ့ တိရစ္ဆာန်အမျိုးပေါင်း တစ်ထောင်တို့ဟာလည်း မျိုးပြုန်းပျောက်ကွယ်နေပါတယ်။ ဒီနှုန်းဟာလည်း ထပ်ပြီး တိုးလာဦးမှာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်းတစ်ဦး မကြာခင်က ပြောသွားတာကတော့ **"ကျွန်တော်တို့ နိုင်ငံဟာ အလွန်ကြီးမားတဲ့ သဘာဝပတ်ဝန်းကျင်ဘေးဒုက္ခနဲ့ ရင်ဆိုင်ရဖို့နီးကပ်နေပါတယ်။ အခုလိုမြစ်ရေတွေခန်းခြောက်နေပုံမျိုးနဲ့ဆိုရင် လတ်တလောမှာ ဖြစ်နေတဲ့အာဖရိက အခြေအနေမျိုးကို နောက်ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ အိန္ဒိယဟာလည်း ရင်ဆိုင်ရပါလိမ့်မယ်"**။

ခင်ဗျားတို့ရဲ့ လူဦးရေတိုးပွားမှုနှုန်းက များသည်ထက် များလာပေမဲ့ ခင်ဗျားတို့ရဲ့ လယ်ယာမြေဖြစ်ထွန်းမှုက ပိုပိုပြီး ဆုတ်ယုတ်လာနေတယ်။ ပြီးတော့ ခင်ဗျားတို့မှာ သောက်သုံးရေ ရရှိမှုကလည်း နည်းသည်ထက် နည်းလာနေတယ်။ ဒါတွေရဲ့ အကြောင်းအရင်းကတော့ သစ်တောတွေ





ခုတ်လှဲခံရလို့ပဲ ဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း နီပေါကနေ ဘင်္ဂလားဒေ့ရှ်ကို ဖြတ်စီးတဲ့ မြစ်တွေ ပေါ်ထွန်းလာပြီ။ ဒီလို မြစ်ရေလို ရေကြီးတာမျိုးတစ်ခါမှ မတွေ့ခဲ့ဖူးသေးဘူး။ လူပေါ့ တောင်သောင်းမကာ သေလုမြော့ပါး ဖြစ်နေကြတယ်။ ကျေးရွာပေါင်း ထောင်နဲ့ချီပြီး ပျောက်ကွယ်ကုန်တယ်။ တကယ်လို့ သစ်တောတွေသာ ရှိနေမယ်ဆိုရင် သစ်ပင်တွေက မြစ်ရေစီးဆင်းမှုအရှိန်ကို နှေးစေနိုင်တာပေါ့။ အခုတော့ မြစ်ရေက တစ်ရှိန်ထိုးတွန်းအားနဲ့ ဖြတ်စီးသွားတယ်။ သမုဒ္ဒရာကလည်း ဝင်လာတဲ့ရေတွေ အားလုံးကို နှစ်မြှုပ်ပျော်ဝင်ဖို့ အဆင်သင့်ဖြစ်မနေသေးတော့ ရေတွေက နောက်ပြန် တန်လာတယ်။ ဒီအခါမှာ ရေလွှမ်းမိုးမှုတွေ ဖြစ်လာတယ်။ ဘင်္ဂလားဒေ့ရှ် မှာ ဖြစ်တာ ဒါမျိုးပေါ့။

ဒါပေမယ့် အိန္ဒိယနိုင်ငံက နိုင်ငံရေးသမားများနဲ့ နီပေါနိုင်ငံက နိုင်ငံရေးသမား အားလုံးဟာ ဘယ်သူမှ သစ်တောတွေ ခုတ်လှဲခြင်းကိစ္စကို ရပ်ဆိုင်းလိုဟန် မရှိကြပါဘူး။ ဘယ်သူကမှ လူသားတွေရဲ့ ဘဝကို စိတ်မဝင်စားကြဘူး၊ ဘယ်သူကမှ ကျွန်တော်တို့ရဲ့ ဦးစားပေးကိစ္စဟာ ဘာဖြစ်တယ် ဆိုတာကို ရှာဖွေစူးစမ်းမနေ ကြပါဘူး။ အိန္ဒိယနိုင်ငံက ဆင်းရဲပေမယ့် သတင်းစာတွေကတော့ အများကြီးပဲ၊ မဂ္ဂဇင်းတွေကလည်း အတော်များတယ်။ တကယ်တော့ ဒါတွေဟာ ပိုလျှံနေတဲ့ လုပ်ရပ်တွေပါ။ ဒီသတင်းစာရှာနယ်တွေဟာ ကွင်းပြင်ထဲက ကောက်ယူရတာ မဟုတ်သလို ကောင်းကင်ပေါ်က ကျလာတာလည်း မဟုတ်ပါဘူး။ သစ်ပင်တွေ သစ်တောတွေကို ခုတ်လှဲရတာ၊ နှစ်ပေါင်း(၁၅၀-၂၀၀)လောက် ကြာအောင် အချိန်ယူပြီး ကြီးပြင်းလာတဲ့ သစ်ပင်တွေကို ခုတ်လှဲပြီးမှ ဒီသတင်းစာကိုရမှာ။

ပြီးတော့ ခင်ဗျားရဲ့သတင်းစာက ခင်ဗျားကို ဘာပေးမှာမို့လို့လဲ။ နိုင်ငံရေးသမားတွေက အချက်အလက်မှန်တွေကို ထက်နိုင်သမျှ ဖုံးထား ကြတာများတယ်။ အချက်အလက်တွေကို ဖုံးထားရုံနဲ့ ပြဿနာတွေက ပြီးဆုံးသွားပါ့မလား။ နိုင်ငံအတော်များများက AIDS ရောဂါအကြောင်း သိပ်မပြောချင်ကြဘူး၊ ဗိသီးစု အတော်များများကလည်း သူတို့ မိသားစုဝင် တစ်ယောက်ဟာ AIDS ရောဂါနဲ့သေပါတယ်လို့ မပြောချင်ကြဘူး။

သူတို့က ဆရာဝန်ကို လာဘ်ထိုးပြီး နှလုံးရောဂါ ဒါမှမဟုတ် ကင်ဆာရောဂါနဲ့ သေဆုံးကြောင်း လက်မှတ်ရဖို့လုပ်ကြတယ်။ ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ။ မိသားစုဝင်တွေက လူမှုအသိုင်းအဝိုင်းရဲ့ အထင်သေးမှာကို ကြောက်နေကြတယ်။ သူများတကာက အတင်းပြောမှာကိုပဲ စိုးရိမ်ပူပန်နေကြတယ်။ ဒီလိုဖုံးကွယ်မှုဟာ အကျိုးအကြောင်း အဓိပ္ပာယ်ရှိရဲ့လားဆိုတာ စဉ်းစားကြရမယ်။ အိမ်ထောင် ဦးစီးယောကျ်ားမှာ **AIDS** ရောဂါရှိရင် ဇနီးသည်ကို ကူးစက်ပြန့်ပွားစေမှာဖြစ်ပြီး၊ သားသမီးရှိရင်လည်း အဲဒီကလေးဟာ ရောဂါနဲ့မွေးလာနိုင်တယ်။ ပြီးတော့ ဘယ်သူကမှ သိမှာမဟုတ်တဲ့ ကူးစက်မှုတွေဖြစ်လာလိမ့်မယ်။ ဒါဟာ သာဖန်လိင်ရောဂါမျိုးနဲ့မတူပဲ ခန္ဓာကိုယ်အတွင်းက ထွက်လာတဲ့ သင်နဲ့ရေ၊ မျက်ရည်နဲ့ တံတွေးတွေကတောင် ရောဂါပိုးကို သယ်ဆောင်သွားနိုင်တယ်ဆိုရင် လူသားထုတစ်ရပ်လုံးဟာ အမှောင်ထဲမှာပဲ နေရတော့မလို ဖြစ်နေတယ်။ နှုတ်ခမ်းစုပ်နမ်းရှုပ်ခြင်းမျိုးကို အခုခိုနိမှာ လုံးဝရပ်သင့် နေပါပြီ။ ဆိုက်ဘေးရီးယားမှာရှိတဲ့ အက်စကီးမိုး လူမျိုးတွေကတော့ သမိုင်းတလျှောက်လုံးမှာ နှုတ်ခမ်းချင်းစုပ်ပြီး နမ်းခဲ့သူတွေ မဟုတ်ဘူး။ ရေမြေခြားက လာသူတွေ ဖက်ရမ်းနမ်းရှုပ်နေတာကို သူတို့ ပထမဦးဆုံးတွေ့ရတဲ့အခါ၊ မယုံကြည်နိုင်လောက်အောင်ပဲ ဖြစ်ခဲ့ရတယ်။ **“ဘယ်လောက် ညစ်ပတ်တဲ့သူတွေလဲ တစ်ယောက်တံတွေးကို တစ်ယောက် ရောနှောဖလှယ်နေကြတယ်။ သူတို့ဟာ လူသားတွေမှ ဟုတ်ရဲ့လား၊ ကြောက်စရာကောင်းတဲ့ သတ္တဝါတွေများ ဖြစ်နေမလား”**။

အက်စကီးမိုးတွေရဲ့ အနမ်းက အများကြီး သန့်ရှင်းပါတယ်။ အချစ်ကို သက်သေပြရုံလေးနဲ့တော့ သူတို့က နှုတ်ခမ်းချင်းစုပ်ပြီး နမ်းမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒါကအချစ်မဟုတ်ဘဲ။ သေဆုံးခြင်း ဖြစ်လို့ သူတို့က နှာခေါင်းလေးတွေနဲ့ အရှင်းရှင်းပွတ်ပြီးနမ်းကြတယ်။ မြင်ရတာအလွန် သန့်ရှင်းပါတယ်။ သူတို့အမေးမပိထားဘူးဆိုရင်ပေါ့။

အရင်တုန်းက ကျွန်တော်ဟာ ဖျော်လင့်ချက်အပြည့်နဲ့ နေခဲ့ဖူးပါတယ်။ အခုလည်း ကျွန်တော်မျှော်လင့်နေသေးတာက၊ အသိမတော်





အနွံ့ရောယ်များပြီး ဆိုးရွားတဲ့ အခြေအနေကို လူသားများ နိုးနိုးကြားကြားနဲ့ သတိပြုလာကောင်းရဲ့လို့၊ သို့ပေမယ့်ကျွန်တော်ရဲ့ နှလုံးသားထဲမှာ ဝမ်းနည်းကြေကွဲစိတ်က တလိပ်လိပ်တက်နေပြန်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်အမြင်မှာ လူတွေဘာမှ မလုပ်ကြဘူး။ ဒါဆိုရင် ဒီရာစုနှစ်ဟာ ကျွန်တော်တို့အတွက် အနှိမ့်ဖြစ်နေတော့မှာပဲ။

ကျွန်တော်တို့သာ အဆုံးသပ်သွားမှာ မဟုတ်ဘူး၊ ရှင်သန်ခြင်းအားလုံးရဲ့ ဆိပ်မက်ဖြစ်တဲ့ အသိတရားဖန်တီးခြင်းဟာလည်း နိဂုံးကမ္ဘာ အဆုံးသတ် သွားလိမ့်မယ်။ **“ဆင်ခြင်တုံတရား”** ဟာ တစ်ခုတည်းသော ဒီကမ္ဘာဂြိုဟ်ပေါ်မှာသာ အောင်မြင်နေတာဖြစ်တယ်။ စကြဝဠာထဲမှာ သန်းပေါင်းများစွာသော ကြယ်တွေရှိပြီး၊ အဲ့ဒီကြယ်တစ်ခုချင်းစီမှာ ဂြိုဟ်ပေါင်း ဒါဇင်ကျော် ပါဝင်နေကြပါတယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာက ကျွန်တော်တို့ရဲ့ ဒီကမ္ဘာဂြိုဟ် သေးသေးလေးထဲမှာသာ သက်ရှိသတ္တဝါတွေ ရှင်သန်နေရုံမကဘူး။ ဆင်ခြင်တုံ တရားဟာလည်း ဖြစ်တည်နေပြန်တယ်။ သက်ရှိဘဝတွေ၊ ဆင်ခြင်တုံအသိတရားတွေ သာမက၊ ဗီယက်ကျော်လွန်ပြီး၊ အနိုင်းမဲ့ရှိတဲ့အရာက ဂေါတမဗုဒ္ဓ၊ **ဆိုကရက်တီး၊ ပိုက်သာဂိုရပ်၊ လောက်ဇူး** တို့ဟာ ဆင်ခြင်တုံတရားရဲ့ နောက်ဆုံးအဆင့်နဲ့ အသွပ်အထိပ်ကို ရောက်ခဲ့ကြသူတွေတောင် ဒီကမ္ဘာမှာ ရှိခဲ့ကြပါတယ်။

သက်ရှိတွေကို ဒီသေးငယ်တဲ့ ကမ္ဘာဂြိုဟ်ကနေ ပျောက်ကွယ်သွားအောင်လုပ်တာဟာ စကြဝဠာတစ်ခုလုံးကို ဆင်းရဲမွဲပြာကျစေပြီး၊ ခုလိုပညာဉာဏ်ပွင့်လင်းတဲ့အချိန်ကာလမျိုးကို ပြန်ရဖို့ဆိုတာ ရာစုနှစ်သန်းပေါင်းများစွာကြာပြီး ကြာမြင့်ဦးမှာဖြစ်တယ်။

ကျွန်တော်ရဲ့ ဝမ်းနည်းခြင်းဟာ ကျွန်တော်အတွက်မဟုတ်ပါဘူး။ ကျွန်တော်ဟာ လုံးဝ တင်းတိမ်ရောင့်ရဲပြီးသား လူတစ်ယောက်ဖြစ်တယ်။ သေခြင်းတရားက ကျွန်တော်ဆီက ဘာမှ မရနိုင်ဘူး။ ကျွန်တော်ရဲ့ဝမ်းနည်းကြေကွဲမှုဟာ လူသားထုတစ်ရပ်လုံးနဲ့ သက်ဆိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သေခြင်းတရားဟာ လူသားတွေဆီက ဉာဏ်ပညာပွင့်လင်းမှု

အခွင့်ကောင်း မှန်သမျှကို ယူဆောင်သွားနိုင်လို့ပါ။ လူသားကို့ရဲ့ပျော်ရွှင် ချမ်းမြေ့မှု၊ လူသားတို့ရဲ့ အနက်အဓိပ္ပာယ်ဖော်ပိုင်းခြားမှုနှင့် အဓိပ္ပာယ်ပြည့်ဝ အရေးပါမှု အားလုံးကိုပါ ယူဆောင်သွားနိုင်တယ်။ လူသားများဟာ အမှောင်ထဲမှာ နေပြီး အမှောင်ထဲမှာပဲ သေဆုံးသွားကြမှာလား။

ကျွန်တော်ရဲ့ လူသားအနွယ်ကို ကျွန်တော်ချစ်ပါတယ်။ အနည်းဆုံးတော့ သူတို့ရဲ့ ကိုယ်ပိုင်ရှင်သန်ကြီးပြင်းမှုတွေကို ရပ်ဆိုင်းပြီး၊ အချိန်ဖြုန်းနေတာမျိုး မဖြစ်စေချင်ဘူး။ ကျွန်တော် ခင်ဗျားကို့ကို သိစေချင်တာက ဘုရားသခင်ဟာ ခင်ဗျားတို့ရဲ့ရင်တွင်းမှာပဲ ရှိနေပါတယ်။ ခင်ဗျားနဲ့ထိတွေ့ခဲ့ရသူ မှန်သမျှကို ပျော်ရွှင်ခြင်း၊ စိတ်ချမ်းမြေ့ခြင်းတွေနဲ့ ရယ်မောခြင်းများကို ဖြန့်ဝေပေးသင့်ပါတယ်။ ခင်ဗျားရဲ့မိတ်ဆွေတွေ၊ အသိအကျွမ်းတွေ၊ ချစ်သူတွေနဲ့ ကလေးသူငယ်တွေအတွက် ဒီထက်ကောင်းတဲ့လက်ဆောင်ဆိုတာ မရှိပါဘူး။

အချိန်က အင်မတန်တိုတောင်းပြီး၊ အလုပ်တွေကတော့ တစ်ပုံတစ်ပင်ပဲ။ ဒါပေမယ့် ခင်ဗျားသာ သတ္တိရှိရင် ဒီစိန်ခေါ်မှုတွေကို လက်ခံနိုင်ရမယ်။ ဘယ်နိုင်ငံရေးသမားကိုမှ မမှီခိုပါနဲ့။ သူတို့ဟာ ဘာမှမလုပ်နိုင်ဘူး၊ လူသားထုတစ်ရပ်လုံးကို ဘယ်လိုနေရာ၌ ကျွန်းပိတ်နေတယ်ဆိုတာ သူတို့ကိုယ်တိုင်တောင် မသိကြပါဘူး။ ။

■



# အိုရိုးပြောတဲ့ လွတ်လပ်မှု

ကမ္ဘာပေါ်မှာ လွတ်လပ်မှုကိုပိုင်ဆိုင်တဲ့ တစ်ခုတည်းသော တည်ရှိမှုဟာ လူသားမျိုးနွယ်ပဲဖြစ်တယ်။

ခွေးဟာ ခွေးအတွက် မွေးဖွားခဲ့ပြီး ခွေးလိုပဲ ရှင်သန်တယ်။ နောက်ဆုံး ခွေးလိုပဲ သေဆုံးသွားခဲ့တယ်။ ဘာလွတ်လပ်မှုမှ မရှိဘူး။

လူသားတွေကတော့ ဒီနေရာမှာ မတူတစ်မူထူးပါတယ်။ ဒီထူးခြားမှုဟာ လူ့အနွယ်ရဲ့ ဂုဏ်သိက္ခာဖြစ်သလို တည်ရှိမှုထဲက ထူးခြားမှု၊ သူမတူတဲ့ လက္ခဏာ တစ်ရပ်ပဲဖြစ်ပါတယ်။ ဒါကြောင့် ....ကျွန်တော်ပြောချင်တာကတော့ အင်္ဂလိပ် သတ္တဗေဒပညာရှင် ဒါဝင်ရဲ့သီအိုရီ (Theory) ဟာ မှားနေတယ်။ ဘာကြောင့်လဲဆိုတော့ သူက လူသားမျိုးနွယ်ကို တိရစ္ဆာန်က ဆင်းသက်လာတာလို့ ပြောခဲ့တယ်။ သူ သတိမပြုမိတာက လူနှင့်တိရစ္ဆာန် အကြားက အခြေခံကွာခြားမှုပဲဖြစ်တယ်။ ဒီအခြေခံ ကွာခြားမှုက တိရစ္ဆာန် မှန်သမျှ မွေးဖွားလာတဲ့ အချိန်ကစပြီး သူတို့ရဲ့ဘဝစရိုက်ပုံစံတွေနဲ့ လုပ်နည်း လုပ်ဟန်တွေက ပုံသေအတည်ဖြစ်ပြီးဖြစ်တယ်။ ဘယ်လိုသတ်မှတ်ချက်မှ မရှိတာကတော့ လူသားတစ်မျိုးတည်းပဲဖြစ်တယ်။ လူသားများဟာ ဖွားမြင်လာတဲ့အခါ ရေးထက်မတင်ရသေးတဲ့ စက္ကူအဖြူတစ်ရွက် ဒါမှမဟုတ် ကျောက်သင်ပုန်းတစ်ချပ်ဖြစ်တယ်။ သူ့အပေါ်မှာ ဘာမှ မရေးရသေးဘူး။

ဒီအခေါ်မှာ မုချပဲ ခင်ဗျားဖြစ်ချင်တာတွေ အားလုံးကို ရေးချလို့ရတယ်။ ဒါဟာ ခင်ဗျားရဲ့ ဖန်တီးမှု (**Create**) ပဲဖြစ်တယ်။

**လူသားမျိုးနွယ်ဟာ လွတ်လပ်မှု တစ်ခုတည်းအတွက်သာ မဟုတ်ဘဲ၊ ကျွန်တော်ပြောရဲပြားကတော့ လူသားကိုယ်၌က လွတ်လပ်မှုဖြစ်တယ်။ ဒါဟာ လူသားရဲ့ အခြေခံအကျဆုံး အမြုတေ၊ သူ့ရဲ့ဝိညာဉ်လည်း ဖြစ်တယ်။** ခင်ဗျားက လူ့အနွယ်ရဲ့ လွတ်လပ်မှုကို ငြင်းပယ်လိုက်တာနဲ့တစ်ပြိုင်နက် သူ့ဘဝရဲ့ အဖိုးထိုက်ဆုံး ရတနာနှင့် သူ့ကမ္ဘာကို ငြင်းပယ်လိုက်တာနဲ့ အတူတူပဲ။ ဒါဆိုရင် ဒီလူသားဟာ ဖုန်းတောင်းယာစကာ ဖြစ်သွားမှာပဲ။ ပြီးတော့ အခြားသတ္တဝါတွေနဲ့တောင် မယှဉ်နိုင်တဲ့ အခြေအနေဆီကို ရောက်သွားနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ တိရစ္ဆာန်တွေမှာက အနည်းဆုံး တိကျတဲ့ သတ်မှတ်ချက်တွေနဲ့ ပုံသေ"**စံ**"တွေ ရှိသေးတယ်။ လွတ်လပ်မှုကို ငြင်းပယ်ခံရတဲ့ လူသား အနွယ်ကတော့ လမ်းပျောက်သွားမှာ သေချာတယ်။ ဒီအချက်ကို ခင်ဗျား သဘောပေါက်တာနဲ့ လူ့အနွယ် ဖွားမြင်လာခြင်းဟာ လွတ်လပ်မှု ဖြစ်တယ်ဆိုတာကို ခင်ဗျားလက်ခံလာပါလိမ့်မယ်။ ဒီလို လိုအပ်တဲ့ ဖြစ်ပေါ်မှုရဲ့ အခွင့်တိုင်း မျက်နှာစာ တိုင်းကို လည်း အရန်သင့်ဖွင့်ပေးထားပြီး ဖြစ်ပါတယ်။ ခင်ဗျားဘာဖြစ်ချင်သလဲ။ ခင်ဗျား ဘာမဖြစ်ချင်ဘူးလဲ၊ အားလုံးဟာ ခင်ဗျားအပေါ်မှာပဲ မူတည်တယ်။ ဒါဟာ ခင်ဗျားကိုယ်တိုင်ရဲ့ ထိုးထွင်းကြံဆမှုပဲ ဖြစ်လိမ့်မယ်။ ဒီအခါမှာ အသက်ဟာ စွန့်စားမှုတစ်ရပ် ဖြစ်လာတယ်။ အဆက်မပြတ် စွန့်စားရတာ မျိုးမဟုတ်ပေမယ့် စွန့်စားမှု တစ်ရပ်ရဲ့ စူးစမ်းရှာဖွေခြင်းနှင့် တွေ့ရှိမှုပဲဖြစ်ပါတယ်။

အမှန်တရားဆိုတာ ခင်ဗျား လက်ထဲရောက်အောင် တိုက်ရိုက်လာဖို့ လို့ရတဲ့ ပစ္စည်းမျိုးမဟုတ်ပါဘူး။ ခင်ဗျားကိုယ်တိုင် ရှာသွားပြီး **Create** လုပ်ရမှာဖြစ်တယ်။ ရှုထောင့်တစ်မျိုးကနေ ပြောမယ်ဆိုရင် မိနစ်တိုင်းမှာ ခင်ဗျားဟာ ကိုယ့်အတွက် ထိုးထွင်းကြံဆမှုတွေ လုပ်နေရတာပဲဖြစ်တယ်။ တကယ်လို့ ခင်ဗျားက ကံယုံဝါဒကို လက်ခံသူဆိုရင်လည်း မိမိအသက်ရဲ့ လှုပ်ရှားမှု တစ်ရပ်အတွက် ဆုံးဖြတ်ချက်ချရမှာဖြစ်တယ်။ ခင်ဗျားက





ကံကိုယုံပြီး အပုံနှင်းရင်တော့ ကျေးကျွန်ဘဝကို ရွေးချယ်လိုက်တယ်ဆိုတဲ့ ပြယုဂ်ပဲ ဖြစ်မယ်။ ဒါဟာ ခင်ဗျားရဲ့ ရွေးချယ်မှုသာဖြစ်တယ်။ ခင်ဗျားရဲ့ ရွေးချယ်မှုဟာ နရသိန့်ထဲကို လှမ်းဝင်သွားတာဖြစ်တယ်။ ရွေးချယ်ခြင်းရဲ့ ချုပ်နှောင်မှုကို ခင်ဗျားခံလိုက်ရပြီ။ ဒါပေမယ့် အားလုံးကတော့ ခင်ဗျားရဲ့ ရွေးချယ်မှုပါပဲ။ ခင်ဗျား နရသိန့်ထဲက ထွက်လာလို့လည်း ရပါတယ်။

တကယ်တမ်းကျတော့ လူတွေက လွတ်လပ်မှုကို ကြောက်တယ်။ ဘာကြောင့်လဲသိလား။ လွတ်လပ်မှုမှာ စွန့်စားခြင်းတွေရှိနေလို့ပဲ။ ခင်ဗျား ဘာလုပ်နေတယ်။ ဘယ်ကို ဦးတည်သွားနေတယ်။ အရာကိစ္စအားလုံးရဲ့ နောက်ဆုံးအဖြေက ဘာတွေဖြစ်လာမယ်ဆိုတာ ခင်ဗျားဘယ်တော့မှ သိမှာ မဟုတ်ဘူး။ တကယ်လို့ ခင်ဗျားဟာ အသင့်ဖြင်ဆင်ပြီးဖြစ်တဲ့ လက်ရာကောင်းတစ်ပုဒ်မဟုတ်ဘူးဆိုရင်တော့ ဒီအရာအားလုံးဟာ ခင်ဗျားရဲ့ တာဝန်ပဲ ဖြစ်နေပြီ။ ဒီတာဝန်တွေကို အခြားသူတစ်ယောက်ရဲ့ပခုံးပေါ် ခင်ဗျား သွားတင်လို့မရပါဘူး။ အဆုံးစွန်သောတာဝန်တွေကို ကိုယ်တိုင် ထမ်းဆောင်ပြီး၊ နောက်ဆုံးတစ်နေ့ စကြဝဠာရဲ့အရှေ့မှာ ခင်ဗျား သွားရပ် နေရမှာပါ။ ခင်ဗျား ဘယ်လို အသွင်သဏ္ဌာန်နဲ့ပဲဖြစ်ဖြစ်၊ ခင်ဗျား ဘယ်သူပဲ ဖြစ်ဖြစ်၊ ဒါကိုလျှော့ပါးသွားဖို့ ဒါမှမဟုတ် ထွက်ပြေးတိမ်းရှောင်ဖို့တော့ မတတ်နိုင်ပါဘူး။ ဒါဟာ ခင်ဗျားရဲ့ ကြောက်ရွံ့စိတ်ပဲ ဖြစ်လိမ့်မယ်။ ဒီကြောက်ရွံ့စိတ်ကြောင့်ပဲ လူတွေက ဆုံးဖြတ်ချက် သဘောတရား အမျိုးမျိုးကို ရွေးချယ်လိုက်ကြတာဖြစ်တယ်။

ကွန်မြူနစ်တွေက သူတို့ဟာ နတ်ဘုရားမဲ့ ဝါဒီတွေ၊ ဘာသာတရား မယုံကြည်သူတွေဖြစ်တယ်လို့ ပြောတယ်။ ဒါပေမယ့် လူ့အနွယ်ကိုတော့ စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုအဖွဲ့အစည်း အခြေအနေတွေကသာ အဆုံးအဖြတ်ပြုတာ ဖြစ်တယ်လို့ပြောပြန်တယ်။ သူတို့ဆိုလိုတာက လူ့အနွယ်မှာ လွတ်လပ်မှုမရှိဘူး။ လူ့အနွယ်ရဲ့ တွေးခေါ်ယူဆမှု တွေကို ပြင်ပ အကြောင်းတရား များကသာ ဆုံးဖြတ်တာဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ပြင်ပအကြောင်း တရားဆိုတာ ချုပ်ပြောရရင် စီးပွားရေး ဖွံ့ဖြိုးမှုကိုပြောတာ။ ဒါဟာ တူညီတဲ့ လောဂျစ် ပဲဖြစ်တယ်။ ဂျာမန် ဂန္ထဝင်ဒဿနဆရာ **ဟီးဂဲလ်** က

သမိုင်း **(History)** ဟာ အမှတ်ရစေဖို့အတွက် စာလုံးကြီးရေးခဲ့တာ
ဖြစ်တယ်လို့ ဆိုတယ်။ ဒီတော့ သမိုင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး
အားလုံးကတော့ ပြင်ပအကြောင်းတရားတွေချည်းပါပဲ။ ယင်းတို့ရဲ့ တူညီတဲ့
အယူအဆကတော့ ခင်ဗျားမှာ လွတ်လပ်မှု မရှိဘူး။ ဒီသဘောတရားဟာ
တကယ်တော့ ဖြစ်ရပ်အမှန်နဲ့ ကွာဟနေပါတယ်။ ကျွန်တော်အယ်ပေး
ချင်တာကတော့ ခင်ဗျားမှာ လုံးဝ(လုံးဝ)ကို လွတ်လပ်မှုရှိတယ်။ ပြီးတော့
နောင်ကြီးမဲ့ လွတ်လပ်မှု ရှိတယ်။

ခင်ဗျားဒီကာလနက ရှောင်မပြေးပါနဲ့၊ ရှောင်တိမ်းခြင်းဟာ ဘာမှ
အရာမရောက်ပါဘူး။ ခင်ဗျား ဒီကာလကို မြန်မြန်လက်ခံလိုက်လေ မြန်မြန်
ကောင်းလေပါပဲ။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား အခုချက်ချင်းပဲ မိမိကိုယ်
ကို ဖန်တီးနိုင်လို့ပါ။ ခင်ဗျားကိုယ်တိုင် တီထွင်ဖန်တီးမှုကို အစပြု လိုက်တာနဲ့
ကြီးမားတဲ့ပျော်ရွှင်မှုတွေကို ရရှိလာမှာဖြစ်တယ်။ ဒီအချိန်မှာ ခင်ဗျားဆန္ဒနဲ့
ဖြစ်ချင်တဲ့နည်းနာအတိုင်း လိုက်လျောညီထွေ ဆောင်ရွက်ခြင်းက မိမိကိုယ်
ကို ပြည့်စုံပြီးမြောက်စေမှာဖြစ်တယ်။ အတိုင်းမသိတဲ့ ပီတိနဲ့ ကျေနပ်မှုတွေကို
ရရှိစေမှာဖြစ်တယ်။ ကဗျာဆရာတစ်ယောက်က သူ့ကဗျာတစ်ပုဒ် ပြီးမြောက်
သွားတဲ့အခါ ရရှိတဲ့ခံစားမှုမျိုး၊ အဆိုးသတ်ကာမှ တစ်လုံးအတွက် သူ့
နှလုံးသားပေါ်က ရှန်းထွက်လာတဲ့ အနိုင်းမဲ့ ပျော်ရွှင်ကြည်နူး မှုမျိုးနဲ့
တူပါတယ်။ အလွန်တရာ လက်ရာမြောက်တဲ့ ပန်းချီတစ်ခုဟာ ဆောင်ကြဉ်း
လာတဲ့ အနှိုင်းမရှိ ငြိမ်းသက်မှုဟာ ဘုရားသခင်နဲ့အတူရှိနေသလို ခံစားရမှာ
သေချာတယ်။

ကျွန်တော့်ရဲ့ တစ်ခုတည်းသော ဆုတောင်းကတော့ **Create** ဖန်တီးမှု
အားပါပဲ။ ဘာကြောင့်လဲဆိုတော့ ဖန်တီး တီထွင်မှုအကြားမှာသာ ခင်ဗျားဟာ
ဘုရားသခင်နဲ့ အတူရှိနေနိုင်တာမျိုးဖြစ်ပြီး၊ တခြားပါဝင်နိုင်တဲ့ နည်းလမ်းမရှိတာ
မှုရပါပဲ။ တွေးတောမှုကို ဘယ်သူကမှ ယူလာတာ မဟုတ်ဘူး။ ဒါကြောင့်
ကော်နဲ့ ပုံစံတစ်မျိုးမျိုးနဲ့ ခင်ဗျားပါဝင်ဆောင် ရွက်နေရမှာ ဖြစ်တယ်။ နံဘေးက
ပွဲကြည့်သူလုပ်လို့မရဘူး။ ပါဝင်ဆောင် ရွက်သူတစ်ဦး အနေနဲ့သာ
ခင်ဗျားရဲ့တည်ရှိမှုကို ခင်ဗျား ဖာသာဖန်တီးရမှာ ဖြစ်တယ်။





မိမိကိုယ်ကို ဖန်တီးမှု၊ မိမိအယူဝါဒကို တည်ဆောက်မှု၊
မိမိကိုယ်တိုင် ရဲ့ ကျင့်ရှိခြင်းကို ဖန်တီးမှု၊ ဒီဖန်တီးမှုများဟာ
အရာအားလုံးထက် သာလွန် ပါတယ်။ စာအုပ်တစ်အုပ်၊ ပန်းချီကားတစ်ချပ်
ဖန်တီးခြင်းဟာ ဘာမှ မဟုတ်သလို၊ ကဗျာတစ်ပုဒ် ဒါမှမဟုတ် ဂီတတစ်ပုဒ်
ဖန်ဆင်းခြင်းဟာ လည်း ဘာမှ မပြောပလောက်ပါဘူး။ ဒါပေမယ့်
လူတွေက တစ်လျှောက် လုံး အကြောက်လွန်ခဲ့တယ်။ သူတို့
ကြောက်ဖို့အကြောင်း ပြချက်တွေက လည်း ရှိနေခဲ့တယ်။
ဒီအကြောင်းပြချက်တွေထဲက ပထမ အချက်ကိုပြောရရင် လွတ်လပ်မှုမှာ
စွန့်စားခြင်းတွေရှိနေတယ်၊ ဘာကြောင့်လဲ ဆိုတော့ မိမိကိုယ်ကို မိမိ
တာဝန်ယူရမှာ ဖြစ်နေလို့ပါပဲ။

ဒုတိယအချက်ကတော့ အဲဒီလွတ်လပ်မှုဟာ တလွဲသုံးမယ်ဆိုတောင်းပြီး
လွဲမှားစွာ အသုံးပြုခံရတာမျိုးဖြစ်နိုင်တယ်။ အကြောင်းကတော့ ခင်ဗျားရဲ့
ရွေးချယ်မှုက မှားယွင်းနိုင်လို့ပဲ။ လွတ်လပ်မှုက ခင်ဗျားရဲ့ရွေးချယ်မှုမှန်
တာကို ဖော်ပြနိုင်သလို မှားတဲ့ရွေးချယ်မှုကိုလည်း ဖော်ပြနိုင်ပါတယ်။
တကယ်လို့ ခင်ဗျားရွေးချယ်ခဲ့တဲ့ လွတ်လပ်မှုဟာ အမှန်တစ်ခုတည်းသာ
ဆိုရင်တော့ ဒါကိုလွတ်လပ်မှုလို့ မဆိုနိုင်တော့ပါဘူး။ သူက ဘာနဲ့သွားတူ
သလဲဆိုတော့ **ဖို့ဒ် (Ford)** မော်တော်ကားစက်ရုံက ပထမအသုတ်
ထုတ်လုပ်လိုက်တဲ့ ကားတွေနဲ့ သွားတူတယ်။ အားလုံးက အနက်ရောင်
တွေချည်းပဲ။ ကားပြပွဲမှာ မိတ်ဆက်စကားပြောပုံက **"လူကြီးမင်းတို့
ကြိုက်နှစ်သက်ရာအရောင်ကို ရွေးနိုင်ပါတယ်။ ဒါပေမယ့် အားလုံးကတော့
အနက်ရောင်တွေပါပဲ"** ဒါကို ဘယ်လိုလွတ်လပ်မှုမျိုးလို့ ပြောမလဲ။

လွတ်လပ်မှု အခြေခံ မူလအရေးအသွေးကိုယ်၌က ခင်ဗျားကို နှစ်မျိုး
ဖလှယ်ရတယ်လို့ လမ်းညွှန်ပေးခဲ့တာဖြစ်တယ်။ ခင်ဗျားအမှန်ကို ရွေးချယ်နိုင်
သလို အမှားကိုလည်း ရွေးချယ်နိုင်ပါတယ်။ ရွေးချယ်မှု အန္တရာယ်က
ဒီမှာ အစပြုတာပါ။ အန္တရာယ်ရှိတော့ ကြောက်ရွံ့မှုလည်း ဖြစ်လာတော့
တာပဲ။ နှိုင်းယှဉ်ချက်အားဖြင့် အမှားက လုပ်ရတာလွယ်ကူတယ်။
ဥပမာပြောရရင် အမှားက တောင်ပေါ်ကဆင်းတဲ့ တာဝန်ဖြစ်ပြီး၊ အမှန်က

တောင်ပေါ်ကို တက်တဲ့ တာဝန်နဲ့တူတယ်။ တောင်အတက် ခက်ပြီး ပင်ပန်း အားကုန်တယ်။ ခင်ဗျားတက်တာ ပိုမြင့်လေ၊ ပိုအားကုန် ပင်ပန်းလေပါပဲ။ တောင်ပေါ်က ဆင်းတာ နှိုင်းယှဉ်မှုအရ ပြောရင် လွယ်တယ်။ ခင်ဗျား ဘာမှ လုပ်စရာမလိုဘူး။ မြေကြီးရဲ့ ဆွဲငင်အားတွေက ခင်ဗျားကို ကူညီဆောင်ရွက် သွားလိမ့်မယ်။ ခင်ဗျားဟာ ကျောက်ခဲတစ်လုံး လို တောင်ထိပ်ကနေ တောင်အောက်ရောက်အောင် လိမ့်ချရုံပါပဲ။ မပင် မပန်းနဲ့ ရောက်တယ်။ သို့ပေမယ့် ခင်ဗျားအနေနဲ့ အသိတရားကို မြှင့်တင်ချင် တယ်။ အလှ၊ သစ္စာနှင့် သုခ ကမ္ဘာကြီးကို မြင်ချင်တယ်ဆိုရင်တော့ ပိုမြင့် မားတဲ့ အထွတ်အထိပ်ကို မျှော်မှန်း တောင့်တရပါလိမ့်မယ်။ ဒါကတော့ တကယ့်ကို မလွယ်တဲ့ ကိစ္စပါ။

နောက်တစ်ချက်ကတော့ ခင်ဗျားတက်တာ ပိုမြင့်မားလေ အန္တရာယ် က ပိုကြီးလေပါ။ ဘာကြောင့်လဲဆိုတော့ တောင်ပေါ်လမ်းဆိုတာ မြင့်လေ အလွန်ကျဉ်းတဲ့ အနေအထားကို ပြောင်းသွားလေပါပဲ။ အရပ်ရှစ်မျက်နှာ တစ်ခွင်လုံးမှာက လျှိုမြောင်တွေသန်းရုံပြီး၊ မည်းမှောင်နေတယ်။ ခြေတစ်လှမ်း မှား နင်းလိုက်ရုံနဲ့ ခင်ဗျားဟာ နက်ရှိုင်းတဲ့ အသူရာ ချောက်ကမ်းပါးထဲ ကျဆုံး ပျောက်ကွယ်သွားမှာ ဖြစ်တယ်။ ညီညာတဲ့မြေပြန့်မှာ လမ်းလျှောက် ရတာ သက်သာပြီး လွယ်ကူတယ်။ ဘယ်လောက်မြင့်ပြီး ဘယ်လို ခက်ခေတ် တယ်ဆိုတဲ့ ပြဿနာတွေကိုလည်း စဉ်းစားနေစရာ မလိုဘူး။

လွတ်လပ်မှုက ခင်ဗျားကို အမြင့်အလမ်းတွေပေးခဲ့တယ်။ ခင်ဗျားသာ တိရစ္ဆာန်မျိုးနွယ်ရဲ့ အနောက်ကို မရောက်သွားဘူးဆိုရင်၊ မိုးပေါ်တောင် တက် မြင့်အောင် တက်နိုင်မယ်။ လွတ်လပ်မှုဟာ လှေကားတစ်စင်းဖြစ်တယ်။ လှေကားရဲ့ အစွန်းတစ်ဖက်က ငရဲပြည်ကိုရောက်တယ်။ နောက်တစ်ဖက်က ကောင်းကင်ဘုံ ကိုရောက်မယ်။ လှေကားကတော့ ဒီလှေကားတစ်ခုပဲ ဖြစ်မယ်။ ရွေးချယ်ပိုင်ခွင့်က ခင်ဗျားအပေါ်ပဲ မူတည်တယ်။ ဦးတည်မယ့် နေရာကို မူချပဲ ခင်ဗျား ရွေးချယ်ရမှာ ဖြစ်တယ်။

ကျွန်တော့်အနေနဲ့ ပြောရရင်တော့ အကယ်၍ ခင်ဗျားမှာသာ လွတ်လပ်မှု မရှိဘူးဆိုရင် ခင်ဗျားရဲ့ လွတ်လပ်မှုကို မှားယွင်းစွာ အသုံးပြုဖို့





ဆိုတာ မဖြစ်နိုင်ပါဘူး။ လွတ်လပ်မှုမရှိရင် အမှားအယွင်းဖြစ်နိုင်တဲ့ အကြောင်းရင်းကိစ္စဆိုတာ မရှိနိုင်ပါဘူး။ နရီးသိန့် အကျဉ်းသားဟာ သူ့ အခြေအနေကို ဘယ်လိုမှ မှားယွင်းစွာ အသုံးမပြုနိုင်ပါဘူး။ သူ့အတုပ် အနှောင် ခံထားရတယ်။ လွတ်လပ်တဲ့ ဘယ်လိုကိစ္စကိုမှ သူမပြုလုပ်နိုင်ဘူး။ ဒါဟာ လူသားမျိုးနွယ်ရဲ့ အပြင်ဘက်က တိရစ္ဆာန်များရဲ့ အနေအထား မျိုးပဲဖြစ်တယ်။ တိရစ္ဆာန်မှာမှာ လွတ်လပ်မှုမရှိဘူး။ သူတို့ဟာ တိရစ္ဆာန် မျိုးနွယ် တစ်ခုခုအတွက် မွေးဖွားလာခဲ့ရတာ ဖြစ်တယ်။ အမှန်တော့ သဘာဝကြီးက သူတို့ကို ပြည့်စုံပြီးမြောက်စေခဲ့ပြီး ဖြစ်တယ်။ သူတို့ကို ဘာလုပ်ရမယ်လို့ ဘယ်သူကမှ တောင်းဆိုနေတာမရှိဘူး။ သူတို့ရဲ့ ဘဝခရီးမှာ စိန်ခေါ်မှုတွေလည်း မရှိဘူး။

လူသားအနွယ်ကတော့ ကြီးမြတ်တဲ့ စိန်ခေါ်မှုတွေကို မလွဲမသွေ ရင်ဆိုင်ကြရမှာဖြစ်တယ်။ ဒါပေမယ့် အလွန်နည်းတဲ့ လူတချို့သာ အန္တရာယ်ကို ရွေးချယ်ပြီး တောင်အမြင့်ကို တက်ကြတယ်။ သူတို့တက်မယ့် နောက်ဆုံးအမြင့်ကို ရှာဖွေစူးစမ်းကြတာဖြစ်တယ်။

**Buddha, Jesus** တဲ့ မဟာလူသားများဟာ အလွန်နည်းတဲ့ အရေအတွက်မို့ လက်ဆယ်ချောင်းနဲ့ ရေတွက်ရင်ကို ရပါတယ်။ ဗုဒ္ဓ ရဲ့ သုခချမ်းသာမျိုးနဲ့ **Jesus** ရဲ့အချစ်မျိုးကို လူအများစုက ဘာကြောင့် မရွေးချယ်နိုင်တာလဲ။ အကြောင်းပြချက်ကတော့ ရိုးရိုးလေးပါ။ အဲ့ဒီလို မြင့်တာလွန်းတဲ့ ဆန္ဒတွေနဲ့ မျှော်မှန်းချက်များဟာ အလွန်အန္တရာယ်ရှိလို့ပါပဲ။ ဒါတွေကို သာမန်လူသားများအနေနှင့် မစဉ်းစားတာကတော့ အကောင်းဆုံးပဲ ဖြစ်ပါလိမ့်မယ်။ လွတ်လပ်မှုရဲ့ အမြင့်ဆုံးနည်းနာကိုလည်း သွားမစဉ်း စားပါနဲ့။ လွတ်လပ်မှုကို အလွယ်တကူ လက်ခံရရှိခြင်းဆိုတာ မတည်ရှိနိုင်ပါ ဘူး။ မည်သို့ပင်ရှိစေ လူ့သမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးသေးတဲ့ လွတ်လပ် ခြင်းအရသာကို ဒီကနေ့ ကမ္ဘာ့နေရာအတော်များများမှာ လူသားတွေ ခံစား စံစားနေကြရပါပြီ။ လွတ်လပ်မှု တည်ရှိလာတဲ့ အခါတိုင်းမှာတော့ ရှုပ်ထွေး မှုတွေက ပေါက်ကွဲတတ်ကြစမြဲပါ။ ဒါပေမယ့် ဒီလိုရှုပ်ထွေးပေါက်ကွဲမှု တွေက တန်ဖိုးရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ရှုန်းလှဲတောက်ပတဲ့

**ကြယ်တာရာတစ်စင်းဟာ အုံ့ဒီလို ရှုပ်ထွေးမှုထဲကနေ မွေးဖွားလာတာဖြစ်လို့ပါ။**

ကျွန်တော် ခင်ဗျားကို ဘယ်လိုစည်းကမ်းချက်တွေမှ မပေးချင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ စည်းကမ်းချက်ဟိုင်းဟာ သိမ်မွေ့တဲ့ ချုပ်ချယ်မှုပဲ ဖြစ်တယ်။ ကျွန်တော် ခင်ဗျားကို ဘယ်လို ပညတ်ချက်တွေမှ မပေးဘူး။ အကြောင်းကတော့ သူတစ်ပါးက ပေးတဲ့ စည်းကမ်းမှန်သမျှဟာ ခင်ဗျားကို ချုပ်နှောင်မှာပဲ ဖြစ်တယ်။ ကျွန်တော် ခင်ဗျားကို သင်ကြားပေးချင်တာက ခင်ဗျားဘယ်လို လွတ်လပ်အောင် လုပ်ရမှာလဲ ဆိုတာပဲဖြစ်တယ်။ ဒီနောက်မှာတော့ ခင်ဗျား ဖြစ်ချင်တာ လုပ်ချင်တာတွေကို လွတ်လပ်မှုနှင့်အညီ လုပ်ဆောင်သွားဖို့ပဲဖြစ်တယ်။ ဟုတ်ကဲ့လို ခင်ဗျားက တိရစ္ဆာန်မျိုးနွယ်ရဲ့ အနောက်မှာ ရောက်ချင်တယ်ဆိုရင်တော့၊ ဒါဟာ ခင်ဗျားရဲ့ ရွေးချယ်မှုပဲ ဖြစ်မယ်။ လုံး၀ ဒီအတိုင်း လုပ်လို့ရပါတယ်၊ အကြောင်းကတော့ ဒါဟာ ခင်ဗျားပိုင်တဲ့ ခင်ဗျားရဲ့အသက်ဖြစ်လို့ပဲ၊ အကယ်၍ ခင်ဗျားဟာ လွတ်လပ်မှုနဲ့ အညီဆုံးဖြတ်မယ်ဆိုရင် ဒါဟာလည်း ခင်ဗျားပိုင်တဲ့ခင်ဗျားရဲ့ လုပ်ပိုင်ခွင့်ပဲ ဖြစ်ပါတယ်။ သို့သော်ငြား ခင်ဗျား လွတ်လပ်မှုနှင့် လွတ်လပ်ခြင်းရဲ့ တန်ဖိုးကို နားလည် သဘောပေါက်တယ်ဆိုရင်တော့ အစကတည်းက ခင်ဗျားရဲ့ တိရစ္ဆာန်ဗီဇတွေ မဆုတ်ယုတ်၊ မပျက်ပြားဖို့လိုပါတယ်။ တိရစ္ဆာန်နောက်ကို မသွားမိဖို့လိုမယ်။ ခင်ဗျား အစကတည်းက ပိုးစေတာနဲ့ ထက်မြင့် အောင်တက်ထားရမယ်။

**လူသားအနွယ်ဟာ ဖြစ်ထုတစ်ခုအဖြစ်သာ မဟုတ်ပါဘူး။ တံတား တစ်ခုလည်းဖြစ်ပါတယ်။ တိရစ္ဆာန်နှင့် မြင့်မြတ်သူ၊ သိမှုနှင့်မသိမှု၊ အကောင်အထည် နှစ်ခုအကြားက တံတားတစ်ခုပါ။ သိမှုအကြားမှာ ရှင်သန် ကြီးပြင်း၊ လွတ်လပ်မှုအကြားမှာ လူသားမြောက်ခဲ့တဲ့ ခင်ဗျားရဲ့ မြေလှမ်း တိုင်းကို ခင်ဗျားရွေးချယ်ပြီး လှမ်းရလိမ့်မယ်။ ခင်ဗျား မိမိကိုယ်ကို (create) လုပ်ရမယ်။ ဖန်တီး တည်ဆောက်ယူရမယ်။ ပြီးတော့ လွတ်လပ်မှုအတွက် အလုံးစုံသော တာဝန်တွေကို ထမ်းရွက်ရမှာဖြစ်ပါတယ်။ ။**

■



# အိုရှိုးပြောတဲ့ အချစ်

အိုရှိုးပြောတဲ့ အချစ်ဆိုတာ ၁၅၀၀ ကိလေသာအချစ် တစ်ခုတည်းကို ဦးတည်ပြောချင်တာ မဟုတ်ပါဘူး။ ၅၂၈ မေတ္တာလည်း ဒီအထဲမှာ အကျုံး၀င် နေပါတယ်။ သန့်ရှင်းသော မေတ္တာတရားဆိုတာ ဒီကမ္ဘာပေါ်မှာ ရှိုးဟာရှိ တယ် ရှားတယ်။ အတ္တကင်းပြီး ကိုယ်ကျိုးမဖက်တဲ့ အချစ်ဆိုတာ သူမဟုတ်ရင် သူတော်မြတ် တွေသာ ထားရှိကျင့်သုံးနိုင်တာမျိုး။ **God is Love** ဆိုတဲ့ စကားဟာ ဘုရားသခင်နှင့် မေတ္တာမဟုတ်ဟာ ခွဲခြားလို့မရဘူးဆိုတဲ့ အဓိပ္ပာယ် ကို ဖော်ပြပါတယ်။ သမ္မာကျမ်းစာ ကောရိန္သု ၁၃:၀၁ မေတ္တာဘွဲ့မှာ "မေတ္တာသည် စိတ်ရှည်တတ်၏။ မေတ္တာသည် ကျေးဇူးပြုတတ်၏။ မေတ္တာ သည် ဂုဏ်ပြိုင်ခြင်းမရှိ။ မေတ္တာသည် ဝါကြွားခြင်းမရှိ။ မေတ္တာသည် မာန်မာန မရှိ။ မေတ္တာသည် လျောက်ပတ်စွာ ကျင့်တတ်၏။ မေတ္တာသည် ကိုယ့်အကျိုးကို မရှာတတ်။ မေတ္တာသည် ဒေါသအမျက် မထွက်တတ်။ မေတ္တာသည် အပြစ်ရှိသည်ဟု မထင်တတ်။ မေတ္တာသည် မတရားသော အမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်။ မေတ္တာသည် သမ္မာတရား၌ ဝမ်းမြောက် တတ်၏။ မေတ္တာသည် ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ မေတ္တာသည် ခပ်သိမ်းသော အရာကိုယုံတတ်၏။

"မေတ္တာသည် ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ မေတ္တာသည် ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏" လို့ အချက်ပေါင်း ၁၆ ချက် ပါဝင်တာကို တွေ့ရပါတယ်။ ခြုံပြီးပြောရရင်တော့ **(love)** အချစ် သို့မဟုတ် မေတ္တာဟာ အကြွင်းမဲ့ သဘောဆောင်တဲ့ ပေးဆပ်မှု တစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့် သေဆုံးခြင်းဖြစ်တယ်လို့ အိုရှိုးက ပြောတာပါ။ သန့်စင်သော ချစ်ခြင်းမေတ္တာမှာ ငြိသည့် တွယ်ဖက်မှုမျိုး၊ အကန့်အသတ်မဲ့ လွန်လွှတ်မှုမျိုး ဖြစ်တာကြောင့် အမှုလူသားဟာ တကယ် ချစ်ရမှာကို ကြောက်လာတယ်။ ဒါကြောင့် မျက်မှောက်ခေတ်မှာ **စစ်မှန်သော အချစ် (True Love)** နှင့် သန့်စင်သောမေတ္တာတရားဟာ ဟိမ်မြုပ် ပျောက်ကွယ်လုဖြစ်ပြီး၊ အကျအရောင်ဖန်တီးမှုနှင့် အပေးအယူဆန်တဲ့ အချစ်တွေ များပြန်းခပ်နေကြတယ်။ ဒါဟာ အတ္တစိတ်ကြောင့် ဖြစ်ပေါ် လာတာပါ။ ဒါကြောင့် အိုရှိုးက အတ္တစိတ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ပြီး နက်နက်ရှိုင်းရှိုင်း ခွဲခြမ်းစိတ်ဖြာခဲ့တယ်။ အချစ်စစ် အချစ်မှန်တွေ ဒီကမ္ဘာ ကြီးကနေ လုံးဝပျောက်ကွယ်သွားမှာကို သူစိုးရိမ်နေတယ်။ လူတွေဟာ နေ့စဉ်ဘဝဖြတ်သန်းမှုထဲကနေ စစ်မှန်တဲ့အချစ်၊ သန့်စင်တဲ့မေတ္တာတရား တွေနဲ့ ရဲရဲရင့်ရင့်၊ သတ္တိရှိရှိ သွားချင်ကြဖို့၊ လွန်လွှတ်မှုကို လက်တွေ့ဘဝထဲမှာ စမ်းသပ်ကြည့်ကြဖို့၊ လူသားအပေါင်းကို သူတိုက်တွန်းနိုးဆော်ခဲ့တာဖြစ် ကြောင်း စကားဦးသန်းရင်း၊ အခု ကျွန်တော်တို့ အိုရှိုးပြောတဲ့ အချစ်ကို နားထောင်ကြည့်ရအောင်ပါ။

အချစ်ဟာ အမြဲလိုပဲ ကြောက်ရွံ့စိတ်ကို ဖန်တီးခဲ့တယ်။ အဲ့ဒါ ဘာကြောင့်လဲဆိုတော့ အချစ်ဟာ သေဆုံးခြင်းဖြစ်လို့ပါ။ ဒါပေမဲ့ ဒီသေဆုံး ခြင်းဟာ ခင်ဗျားသိထားတဲ့ သာမန် သေဆုံးခြင်းများထက် ပိုပြီးကြီးမြတ် ပါတယ်။ သာမန် သေဆုံးခြင်းဆိုတာ ခန္ဓာကိုယ်ရုပ်ကြွင်းပဲ သေဆုံးသွားတာသာ ဖြစ်တယ်။ တကယ်တော့ ဒါဟာ လုံးဝသေဆုံးခြင်းမျိုး မဟုတ်ပါဘူး။ ခန္ဓာရုပ်ကြွင်းဆိုတာ အင်္ကျီတစ်ထည်နဲ့တူတယ်။ ဟောင်းနွမ်းစုတ်ပြဲသွားတဲ့ အခါ ခင်ဗျား အသစ်တစ်ထည် လှယ်ဝတ်လို့ရတယ်။ ဒါ သေဆုံးခြင်း





မဟုတ်ဘူး။ အစားထိုးမှုသာ ဖြစ်တယ်။ အင်္ကျီ တစ်ထည်ပြောင်းဝတ်တာ၊ ဒါမှမဟုတ် အိမ်ခန်းတစ်ခန်းပြောင်းနေတာမျိုးပေါ့။ ဒါပေမဲ့ ခင်ဗျား အဟောင်း ကို အမြိုက်ဆန့်ပြီး ရှည်ကြာအောင် ဆွဲခေါ်သွားလို့ရတယ်။ ဦးနှောက်ကိုလည်း အမြိုက်ဆန့်ပြီး ဆွဲခေါ်နိုင်တယ်။ ဒီ ဦးနှောက်တစ်ခုတည်းကိုပဲ ခန္ဓာကိုယ် အသစ် တစ်ခုမှာ သွားတပ်လို့ရသေးတယ်။ အရက်ဟောင်းကို ပုလင်း အသစ်မှာ ထည့်တာမျိုးပေါ့၊ ပုံသဏ္ဌာန်ပြောင်းသွားပေမယ့် အနှစ်သာရက ပြောင်းမသွားပါဘူး။ အပေါ်ယံပြင်ပ လက္ခဏာတွေ ပြောင်းသွားတယ်။ ဒါပေမဲ့ ဦးနှောက်က မပြောင်းဘူး။ ဒါကြောင့် သာမန်သေဆုံးခြင်းဆိုတာ တကယ့်သေဆုံးခြင်း မဟုတ်ဘူး။ အချစ်ကသာ တကယ့်သေဆုံးခြင်း ဖြစ်တယ်။ ခန္ဓာကိုယ် ရုပ်ကြွင်း မသေပေမယ့် ဦးနှောက်က သေဆုံးသွား တယ်။ ရုပ်ခန္ဓာ ပစ္စည်းကို မူလအတိုင်း ထိန်းသိမ်းထားပေမဲ့ အတ္တက ငုပ်လျှိုးကွယ်ပျောက်သွားတယ်။

အကယ်လို့ ခင်ဗျားက ချစ်တယ်ဆိုရင် ခင်ဗျားဖက်တွယ်ထားတဲ့ အယူအဆ အားလုံးကို မချုပ်စွန့်ပစ်ရတော့မယ်။ ချစ်တယ်ဆိုကတည်းက အတ္တမဖြစ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အတ္တက သန့်ရှင်းသော အချစ်ရဲ့တည်ရှိမှုကို ဘယ်တုန်းကမှ ခွင့်မပြုခဲ့ဘူး။ အချစ်နဲ့ အတ္တဟာ ရန်သူဆက် လက္ခဏာတွေဖြစ်တယ်။ တကယ်လို့ ခင်ဗျားက အတ္တကို ရွေးချယ် မယ်ဆိုရင် အချစ်ကို ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူး။ ဒီလိုမှမဟုတ်ဘဲ ခင်ဗျားက အချစ်ကိုသာ ရွေးချယ်မယ်ဆိုရင်၊ မချုပ် အတ္တကို စွန့်ပစ်ရမယ်။ ဒါကြောင့် အချစ်နဲ့ပက်ပင်းတိုးတဲ့အခါ ကြောက်ရွံ့စိတ်တွေခံစားရတာ ဖြစ်တယ်။ သေခြင်းတရားထက် ပိုကြီးတဲ့ ကြောက်ရွံ့စိတ်တွေက ခင်ဗျားကို တင်းတင်း ကျပ်ကျပ် ညှစ်ကိုင်ထားကြတယ်။ ဒါဟာ ဘာကြောင့်သန့်စင်မှန်တဲ့ ချစ်ခြင်းမေတ္တာ ဒီကမ္ဘာပေါ်ကနေ ငုပ်လျှိုးကွယ်ပျောက်သွားရသလဲဆိုတဲ့ အရင်းခံ ပြဿနာပဲ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာ အချစ်ဆိုတဲ့ အခြင်း အရာဟာ အလွန်ရှားပါးတဲ့ ပေါ်ပေါက်မှုပဲ ဖြစ်ပါလိမ့်မယ်။

ခင်ဗျားကိုပြောနေတဲ့ အချစ်ဆိုတာ ဟန်ဆောင်တဲ့ အကျအယောင် အခြင်းအရာတစ်ခုသာ ဖြစ်ပြီး၊ ဒါကို ခင်ဗျားတို့ ဖန်တီးတည်ဆောက်

ခဲ့ကြတယ်။ ဘာကြောင့်လဲဆိုတော့ အသက်ရှင်နေသူ တစ်ယောက်မှာ အချစ်မရှိဘူးဆိုရင် အလွန်ပင်ပန်းဆင်းရဲမှာ ဖြစ်တယ်။ အချစ်မရှိရင် အသက်ရှင် ရတာလည်း ဘာအဓိပ္ပာယ်မှ မရှိပါဘူး။ အချစ်မရှိရင် ဘဝဟာ ကဗျာမဆန်ဘူး။ အချစ်မရှိရင် အပင်ရှိသော်ငြား အပွင့်မပွင့်နိုင်ဘူး။ အချစ်မရှိ တဲ့အခါ ခင်ဗျား မဆိုနိုင် မကနိုင်တော့ ဂုဏ်ပြုဖို့ခက်တယ်။ လိုက်လံတဲ့ ကျေးဇူးဥပကာရတွေလည်း ခင်ဗျားခံစားမိမှာမဟုတ်တော့ ဆုတောင်းပေးရ ခက်တယ်။ အချစ်မရှိတဲ့အခါ မြင့်မြတ်တဲ့ပရိဝုဏ်ဟာလည်း သာမန်နေရာ တစ်ခုပဲ ဖြစ်တယ်။

အချစ်ရှိတဲ့အခါ ရိုးရိုးအိမ်ကလေးကလည်း မွန်မြတ်တဲ့ ဗိမာန် အသွင်ကိုပြောင်းသွားနိုင်တယ်။ အချစ်ရှိပြီဆိုတာနဲ့ ခင်ဗျားဟာ ပထမဦးဆုံး အကြိမ် စစ်မှန်တဲ့တည်ရှိမှုကို ရရှိမှာဖြစ်တယ်။ အချစ်ရှိပြီဆိုတာနဲ့ ခင်ဗျားရဲ့ နှလုံးသားအပေါ်မှာ ဝိညာဉ်ဟာ ပထမဆုံးအကြိမ် ပေါ်ထွန်းလာမှာ ဖြစ် တယ်၊ အတ္တကွယ်ပျောက် သွားတယ်။ ဒါပေမဲ့ ဝိညာဉ်ဖွားမြင်လာတယ်။

ခင်ဗျား အချစ်မရှိဘဲ ရှင်သန်လို့မရနိုင်ဘူး။ ဒါကြောင့် လူသားများ ဟာ မာယာပရိယာယ်တစ်မျိုးကို ဖန်တီးခဲ့ကြတယ်။ သိတဲ့အတိုင်းပဲ လူ့အနွယ်ဟာ အတ္တကို မစွန့်ချင်ဘူး။ ဒါပေမဲ့ အချစ်နဲ့လည်း မွေ့လျော် ချင်တယ်။ ဒီတော့ ဉာဏ်နီဉာဏ်နက်တွေသုံးပြီး အတုအယောင်အချစ်ကို ဖန်တီးကြတယ်၊ နောက်ဆုံးတော့ ဒါဟာ လုပ်ဟန်တစ်မျိုး ဖြစ်ပြီး ဒီလုပ်ဟန် က အတုအယောင် အချစ်တွေအကြားမှာ ရှင်သန်နေခဲ့တယ်။ အတ္တ ကိုလည်း ဆက်လက် တည်မြဲနိုင်ခွင့်ပေးခဲ့တယ်။ အရာအားလုံးကို နဂိုမူလ အတိုင်း ထိန်းသိမ်းထားခဲ့ပြီး၊ ချစ်ခြင်းမေတ္တာကို ပျော်ရွှင်စရာလို ခင်ဗျား ဆော့ကစား နိုင်တယ်။ ခင်ဗျားမှာ အချစ်ရှိတယ်လို့လည်း ဆက်လက် ယုံကြည် စေခဲ့ တယ်။

ကဲ ... ခင်ဗျားရဲ့ အချစ်ကို တဆိတ်လောက် လှည့်ကြည့်ရအောင်

အဲ့ဒီအချစ်က ဘာတွေ ယူဆောင်လာသလဲပေါ့ ...

တစ်ခုတည်းသော နာကျင်မှု၊ တစ်ခုတည်းသော ငရဲ၊ တစ်ခုတည်း သော အဓိကရုဏ်း၊ ငြင်းခုံမှု၊ အကြမ်းဖက်မှု၊ ခင်ဗျားရဲ့ သမုဒယအချစ်ရဲ့





ဆက်နွယ်မှုတွေကို နက်နက်ရှိုင်းရှိုင်း သွားကြည့်တဲ့အခါ သူတို့ဟာ အငြိုး အတေးတွေနဲ့ မုန်းတီးစိတ်ကို အခြေခံတဲ့ ဆက်ဆံရေးတွေဖြစ်နေတယ်။ နှိုင်းယှဉ်ချက်အားဖြင့် ချစ်ခြင်းမေတ္တာရဲ့ ဆက်နွယ်မှုလို့ ပြောနေကြတယ်။ ဒီလိုပြောမယ့်အစား အမုန်းတရား ဆက်ဆံမှုလို့ ပြောရင် ပိုမှန်လိမ့်မယ်။ ဘာကြောင့်လဲ ဆိုတော့ လူသားတိုင်းက ဒီတူညီတဲ့ မာယာပရိယာယ် တွေကို သုံးပြီး ရှင်သန်နေကြတာဖြစ်လို့ပဲ၊ ဒါကြောင့် ခင်ဗျား တစ် လျှောက်လုံး ဘယ်တုန်းကမှ ဒီပြဿနာကို မရိပ်စားမိခဲ့ဘူး။ လူတိုင်းလိုလိုပဲ ဟန်ဆောင်တဲ့ အတုအယောင် အခြင်းအရာတွေသာ ပိုင်ဆိုင်ထားကြလေ တော့ ထူးထူးခြားခြား ခင်ဗျား မခံစားမိတာ သဘာဝကျပါတယ်။

စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာဆိုတာ အလွန်တရာ အဖိုးထိုက်လို့ မိမိရဲ့ စွန့်လွှတ်မှု၊ ပေးဆပ်မှုနှင့်သာ တန်ဖိုးပေးပြီး ရယူနိုင်တာမျိုးဖြစ်တယ်။ တခြားနည်းလမ်း မရှိပါဘူး။ ပရိယာယ်ဝေဝုစ်တွေ၊ ဥပါယ်တံမျဉ်တွေမရှိ နိုင်ပါဘူး။ ဒါကြောင့် ဒီပြဿနာဟာ အလွန်ကို လေးနက်တဲ့ အဓိပ္ပာယ် ဆောင်ပါတယ်။

အတ္တဆိုတာ ဟန်ဆောင်တဲ့ အတုအယောင်ပစ္စည်းပါ။ သူဟာ အခြင်းအရာတစ်ခုသာဖြစ်ပြီး ခင်ဗျားရဲ့ တည်ရှိမှုထဲက မြူနှင်းတစ်သုတ် တိမ်တိုက်အုပ်သာ ဖြစ်တယ်။ အကောင်းအဆည်မရှိတဲ့ အိပ်မက်တစ်ခုသာ ဖြစ်တယ်။ အချစ်က ခင်ဗျားဆီမှာ မရှိတဲ့ အရာတွေနဲ့ ခင်ဗျားက ပေးမယ်လို့ အသင့်ပြင်ထားပြီးဖြစ်တဲ့ ပိုင်ဆိုင်မှု၊ ပြီးတော့ ခင်ဗျား တစ်သက်လုံး ပိုင်ဆိုင်လာတဲ့ အယူအဆ တွေကို စွန့်ပစ်ဖို့ တောင်းဆိုနေတယ်။ အချစ်ဟာ ခင်ဗျားရဲ့ မူလဘူတ စိတ်သဘောထားကို ခင်ဗျား ဆီပြန်ပေးခဲ့မှာ ဖြစ်တယ်၊ သို့သော်လည်း အတ္တကတော့ ခင်ဗျားရဲ့ မူလပင်ကိုယ်စိတ်ကို အဆက်မပြတ် ဖုံးကွယ်ဖို့ ကြိုးစားနေဦးမှာပဲ။ အချစ်ရဲ့ ဂုဏ်သတ္တိကတော့ လူသားရဲ့ ပင်ကိုယ်စိတ်သဘောထားကို ခင်ဗျားသိအောင် ဖွင့်ဆောင် ခင်းကျင်းပြသ မှာဖြစ်တယ်၊ ဒါပေမဲ့ ခင်ဗျား ကြောက်ရွံ့နေတယ်။ ဒါဟာ သဘာဝကျတဲ့ ဖြစ်စဉ်ပါ၊ ကြောက်ရွံ့စိတ်တွေ ရှိနေသော်လည်း ရှေ့ကိုတော့ ချီတက် နေတာပဲလေ။

သတ္တိရှိရမယ်။ သူရဲဘောကြောင်သူ မဖြစ်စေနဲ့၊ အချစ်စိတ်တွေ ပြင့်ကားလာတဲ့အခါမျိုးမှာ ခင်ဗျားရဲ့ တည်ရှိမှုထဲက စစ်မှန်တဲ့ ရဲရင့်မှုဟာ အစမ်းသပ်ခံဖို့ ထွက်လာရပါလိမ့်မယ်၊ ဒီအရင်ကတော့ မွေးရာပါဓာတ်စိတ်ဟာ အနုလောက် ရဲရင့်ခြင်းနှင့် ပြည့်စုံမှု ရှိမယ်ဆိုတာ ခင်ဗျားမသိခဲ့တာ အမှန်ပဲ။ သာမန်ရိုးကျ လူ့လောကကြီးရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုထဲမှာ ခင်ဗျား ဟိုကိစ္စ၊ ဒီကိစ္စတွေ လုပ်ဆောင်တဲ့အခါ လောဘစိတ်နှင့် အနိုင်ကျင့်မင်းမှုမှုတွေ ကြီးစိုးနေတဲ့ ဒီကမ္ဘာကြီးမှာ ခင်ဗျားရဲ့ ရဲရင့်မှုကို တစ်ကြိမ်တစ်ခါမှ အမှန်တကယ် စမ်းသပ်စစ်ဆေးခြင်း မခံရသေးပါဘူး။ ခင်ဗျားရဲ့ ဘဝတစ်ခုလုံးမှာ ပြင်းထန်တဲ့စမ်းသပ်မှုထဲ ဖြတ်သန်းခဲ့ခြင်းမရှိသေးဘူး။ သတိပြုရမှာက အချစ်ဆိုတာ ပြင်းထန်တဲ့စမ်းသပ်မှုဖြစ်တယ်။ ။

■



## အိုရှိုးပြောတဲ့ ယောက်ျားနဲ့ မိန်းမ

ရှေးပဝေသဏီကနေ ယနေ့ထိတော့ ယောက်ျားတွေက ပရိယာယ်ဝေဖန်တွေသုံးပြီး၊ မိန်းမတွေကို နှိမ့်ချထားကြတာပဲ။ မိန်းမတွေဟာ ယောက်ျားတွေထက် နိမ့်ကျသူတွေ ဖြစ်တယ်လို့ ယုံအောင်ပြောပြီး ဒီအတိုင်း နာခံခိုင်းကြတယ်။ မိန်းမတွေကတော့ ဘာမှမတတ်နိုင်ဘူးဆိုတဲ့ အားငယ်စိတ်ခံစားမှုနဲ့ ဒီအကျည်းတန်တဲ့ဖြစ်ရပ်ကို မရှောင်မလွှဲသာ ရင်ဆိုင်ကြရတာပါ။ အလွှမ်းကို ယုတ္တိယုတ္တာ မရှိတဲ့ စဉ်းစားနည်းကို လိုက်လျောရတယ်ဆိုတာ နိုင်လုံတဲ့အကြောင်းတော့ ရှိပါတယ်။ မိန်းမတွေဟာ ယောက်ျားတွေထက် မနိမ့်ကျသလို ယောက်ျားတွေထက်လည်း မသာလွန်ပါဘူး။ သူတို့နှစ်ဦးစလုံးဟာ မတူတဲ့ လူနှစ်မျိုးသာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးကို နှိုင်းယှဉ်ဖို့ မလိုပါဘူး။ ဒီလိုနှိုင်းယှဉ်တာဟာလည်း ရူးသွပ်တာပါပဲ။ တကယ်လို့ ခင်ဗျားကစပြီး နှိုင်းယှဉ်မှုတွေ လုပ်မယ်ဆိုရင်တော့ ပြဿနာတွေက စလာပြီပေါ့။

ဘာကြောင့် တစ်ကမ္ဘာလုံးမှာ ရှိနေတဲ့ ပုရိသတွေက ဣတ္ထိယတွေဟာ သူတို့ထက် နိမ့်ကျသူလို့ အသံထွက်နေကြရတာလဲ။ အကြောင်းကတော့ ဒီနည်းဟာ ဣတ္ထိယတွေကို တစ်ခုတည်းသော ရေရှည်နှောင်ဖွဲ့မှု

ဖြစ်စေပြီး သူတို့ကို အိမ်ထောင်ရှင်မဆိုတဲ့ အစေအပါး ဖြစ်စေနိုင်လို့ပါ။ ဒီလိုဆိုတော့ လွယ်ကူသွားတာပေါ့။ တကယ်လို့ မိန်းမနဲ့ ယောကျ်ား ဒုက္ခအခက်အခဲများကို ရင်ပေါင်တန်း ယှဉ်ပြိုင် ခံစားကြမယ်ဆိုရင် မိန်းမက နှိုင်းယှဉ်ချက်အားဖြင့် အနိမ့်တန်းဝင် ဖြစ်သင့်တယ်လို့ ကန့်သတ် ချုပ်ချယ်ထားကြတယ်။ ယောကျ်ားတွေပြောတဲ့ အကြောင်းပြချက်ကတော့ မိန်းမတွေရဲ့ ကြွက်သား အားက သိပ်နည်းတယ်။ ခွန်အားဖွံ့ဖြိုးမှုက နိမ့်တယ်။ ဘာဒဏ်ကိုမှ မတွေးခေါ်နိုင်ဘူး၊ ဘယ်လိုဘာသာတရား ကိုမှလည်း သူတို့ မထူထောင်နိုင်ခဲ့ဘူး။ ကမ္ဘာ့သမိုင်းကြောင်းမှာ ကြီးမြတ်တဲ့ မိန်းမ ယန်းချီအကျော်အမော်၊ မိန်းမ ဂီတဘုရင်၊ မိန်းမ စာဆိုထွတ်ခေါင်ဆိုတာ မရှိခဲ့ဘူး။ ဒါက ဘာကိုပြသလဲ ဆိုတော့ မိန်းမရဲ့ ဉာဏ်ရည်မမီတာကို ပြတယ်။ သူမဟာ ပညာရှင်မဟုတ်ဘူး။ ဘဝရဲ့ အဆင့်မြင့် ပြဿနာတွေကို သူမ စိတ်မဝင်စားဘူး။ သူမ စိတ်ဝင်စားတဲ့ အရာတွေက သိပ်ကျဉ်းမြောင်း လွန်းနေတယ်။ ဒါကြောင့် မိန်းမဟာ အိမ်ထောင်ရှင်မ တစ်ယောက်သာ ဖြစ်တယ်။

ကောင်းပြီ။ အကယ်၍ ခင်ဗျားက ဒီလို နှိုင်းယှဉ်ချက်တွေ ရွေးချယ်ပြီဆိုပါတော့။ အလွယ်တကူနဲ့ မိန်းမသားတွေကို ယုံကြည်အောင် ပြောနိုင်ပါလိမ့်မယ်။ သူတို့ကိုယ်သူတို့ အားငယ်သူတွေ၊ နိမ့်ကျသူတွေ ဖြစ်တယ်ဆိုတာ ကိုယ်တိုင်ခံစားသွားရအောင်ပေါ့။ ဒါပေမယ့် ဒီနည်းက အလွန်ကောက်ကျစ်တဲ့ သဘောဆောင်ပါတယ်။ အခြားမျက်နှာစာက အရာတွေကိုလည်း နှိုင်းယှဉ်ကြည့်ဖို့ လိုပါသေးတယ်။ မိန်းမက မီးဖွားလို့ရတယ်။ ယောကျ်ားက မဖြစ်နိုင်ဘူး။ ဒီတစ်ချက်မှာတင် ယောကျ်ားဟာ နှိုင်းယှဉ်ချက်အရ နိမ့်ကျသွားပြီပေါ့။ သူ လူသားမျိုးဆက်အတွက် မိခင် မဖြစ်နိုင်တော့ဘူး။ သဘာဝကြီးက ယောကျ်ားတွေကို ဒီလိုတာဝန်မပေးထားတာ ဘာကြောင့်လဲဆိုတော့ ယောကျ်ားတွေဟာ နှိုင်းယှဉ်မှုအရ နိမ့်ကျတယ်ဆို တာ သိစေလို့ပါ။ ဒီလို တာဝန်မျိုးကို အဆင့်မြင့်သူတွေကသာ ယူပြီး ထမ်းဆောင်ရတာမျိုး ဖြစ်တယ်။ သဘာဝမွေက ယောကျ်ားတွေကို သားအိမ်ပေးမထားဘူး။ အမှန်စင်စစ် သားဖွားခြင်းနဲ့ မျိုးဆက်ကိစ္စမှာ





ယောကျ်ား တွေရဲ့အခန်းကဏ္ဍက အစိုမျိုးဥလွှတ်ပေးတာပဲရှိတယ်။ ဒါဟာ အလွန်ကို တိုတောင်းတဲ့ အသုံးဝင်မှုတစ်မျိုးသာဖြစ်ပါတယ်။

မိခင်ကတော့ မှုချပဲ ပဋိသန္ဓေကိုးလလွယ်ရမယ်။ ကိုယ်ဝန်ဆောင်ခြင်းရဲ့ အလုံးစုံသော ဒုက္ခတွေကို သည်းခံမျိုသိပ်ရမယ်။ ဒါဟာ လွယ်ကူတဲ့ အလုပ်တစ်ခုမဟုတ်ပါဘူး။ ကိုယ်ဝန်ဆောင်ပြီးရင် ကလေးမွေးရဦးမယ်။ မီးနေသည်ဆိုတာ သက်စွန့်ဆံဖျား ဖြတ်သန်းရတာမျိုးဖြစ်တယ်။ မွေးပြီးရင်လည်း ဒီကလေးကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် အရွယ်ကနေ လူလားမြောက်အောင်၊ စိတ်ရောကိုယ်ပါ အနှံ့အပြားခံပြီး မိခင်တာဝန်ကို ကျေပွန်အောင် နှစ်ပေါင်းများစွာ ထမ်းဆောင်ရပြန်တယ်။

သူမ မရပ်မနား ကလေးတွေ မွေးပေးနေရတယ်။ ခင်ဗျားက သူမကို ကြီးမြတ်တဲ့ မိန်းမဂီတစာဆို၊ ကြီးမြတ်တဲ့ ကဗျာဆရာမ၊ ကြီးမြတ်တဲ့ စာပေပညာရှင်ကြီး ဖြစ်အောင် အချိန်ပေးခဲ့ဖူးသလား။ ခင်ဗျား သူမကို တကယ်ပဲ အချိန်တွေ ပေးခဲ့သလား။ သူမဟာ ကိုယ်ဝန်ဆောင်ရင်ဆောင်၊ မဆောင်ရင် ဖွားမြင်လာတဲ့ ရင်သွေးကို တစ်လျှောက်လုံး ဂရုတစိုက် ကျွေးမွေးစောင့်ရှောက်၊ အိမ်မှုကိစ္စ တာဝန်တွေ တကုပ်ကုပ် လုပ်ပေးနေတာတွေဟာ အဲဒီအချိန် စဉ်းစားကြည့်တော့ ပိုပြီးအဆင့်မြင့်တဲ့ ပြဿနာတွေမှာ ယောကျ်ားတွေ စဉ်းစားနိုင်ဖို့အတွက် လမ်းခင်းပေးတာပဲမဟုတ်လား။

၂၄ နာရီရှိတဲ့ တစ်ရက်တာအချိန်အတွင်းမှာ ယောကျ်ားနဲ့မိန်းမ အလုပ်တွေကို လဲလှယ်ပြီး လုပ်ကြည့်ရမယ်။ သူမကို ပေးနက်တဲ့ အရာတွေ မေးတော့ ဆင်ခြင်ခိုင်းပြီး ကဗျာတွေ ခါမှအကုက် ဂီတသံစဉ်တွေ ဖန်တီးခွင့် ပေးလိုက်ပါ။ ခင်ဗျားကတော့ ကလေးတွေကို ၂၄ နာရီ ထိန်းသိမ်းစောင့်ရှောက်ရမယ်။ မီးဖိုချောင်နဲ့ အိမ်မှုကိစ္စတွေကို စနစ်တကျ လုပ်ဆောင်ရမယ်။ ဒါဆိုရင်တော့ ခင်ဗျားသိပြီ ဘယ်သူက ပိုပြီး သာလွန်တယ်ဆိုတာ ၂၄ နာရီဟာ ခင်ဗျားအတွက် သဘောပေါက်ဖို့ အတော်ကို လုံလောက်တဲ့ အချိန်ပါ။ ဒီလောက်များတဲ့ ကလေးတွေကို ပြုစုစောင့်ရှောက် ရတယ်ဆိုတာ စိတ်ရောဂါကု ဆေးရုံထဲ ရောက်နေတာနဲ့တူတယ်ဗျ။

အိမ်သားနဲ့ ခေဒ့်သည်တွေအတွက် တစ်ရက်စာ ယမင်းချက်တဲ့ အလုပ်ဟာ ၂၄ နာရီအတွင်းမှာ ငါးပြည် လောက်ရေး ဆင်းရသလိုပါပဲလား၊ နဖူးတွေ့ ဒူးတွေ့ ခင်ဗျားနားလည် သိရှိသွားမှာပါ။ ယောက်ျားတွေဟာ မိန်းမတွေထက် သာလွန်တယ်ဆိုတဲ့ ခင်ဗျားရဲ့နိုင်းယှဉ် စဉ်းစားနည်းကို မေ့ပစ်လိုက်စမ်းပါ။ ဘာကြောင့်လဲဆိုတော့ ဒီ ၂၄ နာရီအတွင်း ကိုးကွယ် ခြင်းဆိုင်ရာ အဟိမ္မော၊ ဒဿန၊ ဘာသာတရား စတဲ့ အဆင့်မြင့် ကိစ္စတွေကို စဉ်းစားတွေးခေါ်ဖို့ ခင်ဗျားမှာ လုံးဝ အချိန်မရှိပါဘူး။

နောက်တစ်မျိုးပြောင်းပြီး စဉ်းစားကြည့်ရအောင်။ မိန်းမတွေရဲ့ ကြွက်သားတွေဟာ ယောက်ျားတွေလောက် ဖွံ့ဖြိုးမှုအား မကောင်းဘူးဆိုတဲ့ အကြောင်းက မိန်းမတွေဟာ သူတို့ရဲ့ကြွက်သားတွေကို သန်မာလာစေတဲ့ အလုပ်မျိုးနဲ့ လေ့ကျင့်ခွင့် မရခဲ့တာ နှစ်ထောင်ပေါင်းမက ကြာခဲ့ပြီပဲ။ ကျွန်တော် အိန္ဒိယနိုင်ငံရဲ့ ရှေးဦးလူသား မျိုးနွယ်စုတွေရှိတဲ့ ဒေသကို သွားခဲ့ဖူးတယ်။ အဲဒီမှာ မိန်းမတွေက ကြွက်သားဖွံ့ဖြိုးမှု အားကောင်းပြီး ယောက်ျားတွေက ကြွက်သား ဖွံ့ဖြိုးမှုမရှိဘူး။ ဒါကိုမြင်တော့ ဒါဟာ သဘာဝက ပေးတာ မဟုတ်ဘူး။ သမိုင်းကြောင်းက ဖန်တီးတာ၊ ဒါပေမယ့် မိန်းမတွေ အတွက် ကြွက်သားအင်အားကို သုံးရတဲ့ အလုပ်မျိုး မလုပ်ရတာ နှစ်ပေါင်းရွှေ ကြာရှောင်းခဲ့ပြီဖြစ်လို့ နှောင်းခေတ် အမျိုးသမီးတွေရဲ့ ခန္ဓာကိုယ် ဖွဲ့စည်းမှုဟာ တဖြည်းဖြည်းနဲ့ ကြွက်သား ဖွံ့ဖြိုးမှုစွမ်းအင်တွေ ယုတ်လျော့ သွားတာပဲဖြစ်တယ်။ ဒါကြောင့် ခင်ဗျားအနေနှင့် မကြာပဲ ရှုထောင့်ကနေ လာပြီး ဆင်ခြင်သုံးသပ် ရပါမယ်။ မိန်းမတွေဟာ ယောက်ျားတွေထက် ပိုပြီးခံနိုင်ရည် စွမ်းအားကောင်းတယ်ဆိုတာ ယနေ့ ဆေးသိပ္ပံလောကရဲ့ သက်သေပြချက်တွေ ရရှိပြီးသားဖြစ်တယ်။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် အများအပြား နည်းတယ်။ ဒါကြောင့် ယောက်ျား တွေထက် မိန်းမတွေက အသက်ပိုရှည်တယ်။ ပျမ်းမျှ (၅)နှစ်လောက် ပိုရှည်တယ်။ ဒါနဲ့များတောင် ကျွန်တော်တို့ အစဉ်အလာအရ နားလည် သတ်မှတ်ထားတာက အိမ်ထောင်ပြုရင် ယောက်ျားက မိန်းမထက် အသက် လေးငါးနှစ် ပိုကြီးသင့်တယ်ဆိုပဲ။ ဟာကယ်ကို ရူးသွပ်တဲ့ လူ့အဖွဲ့အစည်း





ပါပဲဗျာ။ အမှန်က ယောက်ျားလုပ်သူ အိမ်ဦးနတ် အသက်ပိုကြီးတော့ ပိုပြီး အတွေ့အကြုံရှိတယ် ဆိုတာကို ဂုဏ်ယူချင်တာ၊ အိမ်ဦးနတ်ရဲ့ သာလွန်မှုချက်တွေကို အစွန်းအထင်း ဖရိုးအောင် ထိန်းသိမ်းပြီး ရှိသေ လေးစားတာ ခံချင်လို့ဖြစ်တယ်။

ဒါပေမယ့် ဆေးပညာသဘောအရ ပြောရင် မမှန်ဘူး။ ဘာကြောင့် လဲဆိုတော့ မိန်းမဟာ ယောက်ျားထက် (၅)နှစ် အသက်ပိုရှည်တယ်။ အကယ်၍များ သိပ္ပံနည်းကျကျ စဉ်းစားမယ်ဆိုရင်တော့ အိမ်ထောင်ပြုရင် ယောက်ျားဟာ မိန်းမထက် အသက် (၅)နှစ်လောက် ငယ်သင့်တာပေါ့။ ဒါမှ သူတို့နှစ်ယောက်စလုံးရဲ့ ကွယ်လွန်ချိန်ဟာ တစ်ချိန်တည်းနီးပါး ဖြစ်သွားမယ်။

ထုံးတမ်းစဉ်လာ အယူအဆအရ အိမ်ထောင်ပြုရင် ယောက်ျားဟာ မိန်းမထက် အသက်ပိုပြီးကြီးရမယ်လို့ တစ်ဖက်ကပြောထားပြီး၊ အခြား တစ်ဖက်ကျပြန်တော့ မိန်းမဟာ မုဆိုးမဖြစ်ပြီးရင် အိမ်ထောင်ထပ်ပြုခွင့် မရဘူးလို့ ပညတ်ထားပြန်တယ်။ ဒီလိုကိစ္စမျိုးတွေဟာ ဘယ်လူ့အဖွဲ့အစည်း ရဲ့ ယဉ်ကျေးမှု သမိုင်းမှာပဲ ဖြစ်ဖြစ် ရှိနေခဲ့ကြပါတယ်။ နောက်အိမ်ထောင်ပြု တယ်ဆိုတာ ၂၀ ရာစုနှောင်းပိုင်းမှ ဖြစ်ထွန်း တိုးတက်လာတဲ့ ကိစ္စသာ တစ်ရပ်ပါ။ တစ်ပင်လဲလို့ တစ်ပင်ထူတဲ့ အိမ်ထောင်ရေးစနစ်ကို ခေတ်မီ တိုးတက်တဲ့ နိုင်ငံတွေမှာသာ လက်ခံကျင့်သုံးကြတာဖြစ်တယ်။

ခင်ဗျားက သူမကို နောက်အိမ်ထောင်ပြုခွင့် မပေးဘူးဆိုရင် သူမဟာ အနည်းဆုံး ဆယ်နှစ်လောက်တော့ မုဆိုးမ လုပ်နေရမှာပဲ။ ဆေးပညာ ရှုထောင့်က ပြောရရင်တော့ ဒါဟာချို့တဲ့မှုတစ်ရပ်ပါ။ အသေအချာ စိစစ် ကြည့်ရင် မှားနေတယ် ဆိုတာသိမှာပါ။ ဘာကြောင့်များ သနားစရာ ကောင်းတဲ့ မိန်းမပေါ်က်လောက်ကို ဆယ်နှစ်လောက်ကြာအောင် မုဆိုးမ လုပ်ခိုင်းရမှာလဲ။ အကောင်းဆုံး နည်းကတော့ မိန်းမက အသက် (၅)နှစ် ပိုကြီးပြီး ယောက်ျားက အသက်(၅)နှစ် ငယ်လိုက်ပါ။ ဒါဆိုရင် မုဆိုးဖို မုဆိုးမ ကိစ္စ အတော်နည်းသွားမယ်။ ပြီးတော့ အဲဒီကနေ ဖြစ်ပေါ်လာမယ့် အကျိုးဆက် ပြဿနာတွေကိုလည်း ဖြေရှင်းပြီး ဖြစ်သွားမယ်။ အကြောင်း

ကတော့ သူ့ဘို့နှစ်ယောက်စလုံးဟာ တစ်ချိန်တည်းလိုလို ကွယ်လွန်သွားမှာ ဖြစ်လို့ပါ။

သို့ပေမယ့် အကယ်၍များ မိန်းမက ယောက်ျားထက် အသက် (၅)နှစ် ပိုရှည်တယ် ဆိုတာမှန်ရင် ဒီကိစ္စမှာလည်း နှိုင်းယှဉ်ချက်အရ ဘယ်သူက သာလွန်တယ်ဆိုတာ စဉ်းစားရတော့မယ်။ မိန်းမတွေဟာ ယောက်ျားတွေထက် အများအပြား နည်းတယ်။ ခံနိုင်ရည်စွမ်းအားမြင့်တယ်၊ ဒါဖြင့်ရင် နှိုင်းယှဉ်မှုအရ ဘယ်သူက အားသာတာလဲ၊ အမျိုးသမီးများရဲ့ မိမိကိုယ်ကို သေကြောင်းကြံစည်မှုဟာ အမျိုးသားများထက် ၅၀ ရာခိုင်နှုန်း နည်းတယ်။ ရူးသွပ်တဲ့ရောဂါ ရရှိမှု ရာခိုင်နှုန်းလည်း ဒီအတိုင်းပါပဲ။ မိန်းမတွေက ယောက်ျားတွေထက် ၅၀ ရာခိုင်နှုန်းနည်းပါတယ်။ ဒီလိုဖြစ်ရပ် အမှန်တွေအတွက် စဉ်းစားပေးသူဆိုတာ ဘယ်တုန်းကမှ မရှိခဲ့သေးပါဘူး။ ဒါ ဘယ်လိုအကြောင်းများကြောင့်ပါလဲ။

ဘာကြောင့် ယောက်ျားတွေရဲ့ မိမိကိုယ်ကို သေကြောင်းကြံစည်မှုဟာ မိန်းမတွေထက် နှစ်ဆများနေရတာလဲ။ အဖြေက ရှင်းပါတယ်။ ယောက်ျားတွေဟာ အသက်ရဲ့ရှင်သန်မှုအပေါ်မှာ နှိုင်းယှဉ်ချက်အရ မိန်းမတွေလောက် စိတ်မရှည်နိုင်လို့ပါ။ အလွန်အမင်း စိတ်မရှည်ခြင်းဆိုတာ မျှော်လင့်ခြင်းနဲ့ စောင့်ဆိုင်းမှုတွေ လွန်ကဲနေလို့ပါ။ ဒီအခါမျိုးမှာ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ရင် သူကိုယ်သူ အဆုံးစီရင်ချင်တဲ့စိတ်တွေ ပေါ်လာတယ်။ အလွယ်တကူနဲ့ ကြေကွဲဆိုနှစ်မှုတွေ ဖြစ်လာတယ်။ ဒီအချက်တွေက အားနည်းမှု ဒါမှမဟုတ် နိမ့်ကျမှုကို ဖော်ပြတာပဲဖြစ်တယ်။ သူ့မှာ အသက်ရဲ့ ရှင်သန်ခြင်း ပြဿနာကို လက်တွေ့ရင်ဆိုင်ရဲတဲ့ သတ္တိမရှိဘူး။ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ သူရဲဘောကြောင်သူတွေရဲ့ အပြုအမူပဲဖြစ်တယ်။ ပြဿနာကို ဖြေရှင်းတာမဟုတ်ဘူး၊ ပြဿနာကနေ ထွက်ပြေးတာ။

တကယ်တမ်းကျတော့ မိန်းမတွေရဲ့ပြဿနာက ပိုများတယ်။ သူမ ကိုယ်တိုင်ရဲ့ပြဿနာ၊ ပြီးတော့ ယောက်ျားတွေက ပေးလာတဲ့ ပြဿနာ။ ဒါကြောင့် သူမမှာ ပြဿနာတွေက နှစ်ဆမက ရှိနေတယ်။ သို့ပေမယ့် လည်း သူမဟာ ဖြစ်နိုင်တဲ့နည်းလမ်းကိုရှာပြီး ပြဿနာတွေကို ရဲရဲရင့်ရင့်





ရင်ဆိုင်ဖြေရှင်းခဲ့တယ်။ ဒီကြားထဲကနေ ခင်ပွန်းက သူမကို အားနဲ့သူပါလို့ တစိုက်မတ်မတ် ပြောနေပြန်တယ်။

ရူးသွပ်သွားတဲ့ ယောက်ျားဦးရေဟာ မိန်းမဦးရေထက် ဘာကြောင့် နှစ်ဆ များနေရတာလဲ။ ဒါက ယောက်ျားတွေရဲ့ ဉာဏ်ရည်သာလွန်ခြင်းနဲ့ ထူးချွန် ထက်မြက်ခြင်း ဆိုတာတွေဟာ တစ်ခုမှ မခိုင်မာဘူးလို့ ဖော်ပြနေတာပဲ မဟုတ်လား။ သူတို့ရဲ့သာလွန်ချက်ဆိုတာအတွက် သူပို့ခံနိုင်မရွေး ဘေးချိတ်ပစ်နိုင်တယ်၊ ဒါနဲ့များတောင် လူတွေက ဘာကြောင့်များ မိန်းမတွေဟာ နှိုင်းယှဉ်မှုအရ နိမ့်ကျသူတွေဖြစ်တယ်လို့ တင်းခံနေရတာလဲ။ ဒါ အသေအချာ စဉ်းစားရမယ့်ကိစ္စပဲဖြစ်တယ်၊ ။

■

မိန်းမတွေဟာ ယောကျ်ားတွေထက် ရှိပြီးခံနိုင်ရည် စွမ်းအား ကောင်းတယ်ဆိုတာ ယနေ့ ဆေးသိပ္ပံလောကရဲ့ သက်သေ ပြချက်တွေ ရရှိပြီးသားဖြစ်တယ်။ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် အဖျားအနာ နည်းတယ်။ ဒါကြောင့် ယောကျ်ားတွေထက် မိန်းမတွေဟာ အသက်ပိုရှည်တယ်။ ပျမ်းမျှ (၅)နှစ်လောက် ပိုရှည်တယ်၊ ဒီနှုန်းများတောင် ကျွန်တော်တို့ အစဉ်အလာအရ နားလည် သတ်မှတ်ထားတာက အိမ်ထောင်ပြုရင် ယောကျ်ားက မိန်းမထက် အသက် လေးငါးနှစ် ပိုကြီးသင့်တယ်ဆိုပဲ၊

❋

ဒါပေမယ့် ဆေးပညာအလောအရ ပြောရင် မမှန်ဘူး။ ဘာကြောင့် လဲဆိုတော့ မိန်းမဟာ ယောကျ်ားထက် (၅)နှစ် အသက်ပိုရှည်တယ်။ အကယ်၍များ သိပ္ပံနည်းကျကျ လိုက်စားမယ်ဆိုရင်တော့ အိမ်ထောင်ပြုရင် ယောကျ်ားဟာ မိန်းမထက် အသက် (၅)နှစ်လောက် ငယ်သင့်တာပေါ့။ အဲဒါမှ သူတို့နှစ်ယောက်စလုံးရဲ့ ကွယ်လွန်ချိန်ဟာ ထပ်တူနီးပါး ဖြစ်သွားမယ်။

❋

တကယ်တမ်းကျတော့ မိန်းမတွေရဲ့ပြဿနာက ပိုများတယ်။ သူမ ကိုယ်တိုင်ရဲ့ပြဿနာ၊ ပြီးတော့ ယောကျ်ားတွေက ပေးလာတဲ့ ပြဿနာ။ ဒါကြောင့် သူမမှာ ပြဿနာတွေက နှစ်ဆလောက် ရှိနေတယ်။ သို့ပေမယ့် လည်း သူမဟာ ဖြစ်နိုင်တဲ့ နည်းလမ်းကိုရှာပြီး ပြဿနာ တွေကို ရဲရဲရင်ဆိုင်ဖြေရှင်း ခဲ့တယ်။ ဒီကြားထဲကနေ ခင်ပွန်းက သူမကို အားနည်းသူပါလို့ တစိုက်မတ်မတ် ပြောနေပြန်တယ်။



## အိုရှိုးပြောတဲ့ လူတိုင်းရဲ့ထူးခြားမှု

ထူးခြားသူတစ်ယောက်ဖြစ်ချင်တဲ့ စိတ်ကူးကို ကျွန်တော်ဘယ်လို ရပ်တန့် သွားအောင် လုပ်ရမလဲ။ ခင်ဗျား နဂိုမူလ ကတည်းက ထူးခြားပြီး သား။ ဒါကြောင့် ထပ်ပြီး ထူးခြားအောင် ပြောင်းလဲဖို့ မလိုအပ်ပါဘူး။ ခင်ဗျားဟာ အထူး **(Special)** နဲ့ တစ်ဦးတည်းသောသူ။ ဘုရားသခင်ဟာ မထူးခြားတဲ့ အရာကို ဘယ်တုန်းကမှ မဖန်တီးခဲ့လို့ပါ။

လူတိုင်းဟာ လုံးဝနှစ်ယောက်မရှိပါဘူး။ တစ်မိုးအောက်မှာ တစ်ယောက်ထွားပဲ ဖြစ်တယ်။ ခင်ဗျားမတိုင်ခင်က ခင်ဗျားနဲ့ တူသူမရှိ သလို ခင်ဗျားရဲ့နောက်မှာလည်း ခင်ဗျားနဲ့တူတဲ့သူ ဆိုတာ ဘယ်တော့မှ မရှိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က ပထမဦးဆုံး အကြိမ် ဒီအသွင်သဏ္ဌာန်ကို အသုံးပြုခဲ့တယ် ဆိုပေမယ့် ဒါဟာ နောက်ဆုံးအကြိမ် လည်း ဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျား အလွန် ထူးခြားအောင် ပြောင်းလဲဖို့ မလိုအပ်ပါဘူး။ ခင်ဗျားဟာ ထူးခြားပြီးသား ဖြစ်နေလို့ပါ။ အကယ်လို့ ခင်ဗျားက အလွန်ထူးခြားသူတစ်ယောက် သိပ်ဖြစ်ချင်နေတယ်ဆိုရင် ပိုပြီး သာမန် ဖြစ်သွားတတ်တယ်။ ခင်ဗျားရဲ့ ဒီလို ကြိုးပမ်းမှုဟာ အရင်းခံတရားနဲ့ ဆန့်ကျင်ဘက် ဖြစ်သွားပြီး၊ ရှုပ်ထွေးမှုတွေကို သယ်ဆောင်လာနိုင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ လူထူး လူဆန်းတစ်ယောက် ဖြစ်အောင်

စိမ်ကြိုးပမ်းကဲ့ ခင်ဗျားရဲ့ လုပ်ရပ်က ခင်ဗျားရဲ့ စိတ်သဘောထားကို ဖော်ပြနေတယ်။ တစ်နည်းအားဖြင့် ခင်ဗျား ကိုယ် ခင်ဗျား မထူးခြားဘူးလို့ ဖော်ပြနေသလိုပါပဲ။ ဒီအတိုင်းဆို ခင်ဗျားဟာ အလွန်ရိုးစင်းတဲ့ သာမန်အနေအထားကို ရောက်သွားမှာပါ။ ဒါဟာ ခင်ဗျားရဲ့ အဓိက လမ်းလွဲမှုပဲ ဖြစ်တယ်။

ခင်ဗျားက မိမိကိုယ်ကို မထူးခြားသူတစ်ယောက်လို့ နားလည်လိုက်တာနဲ့ တစ်ပြိုင်နက် ခင်ဗျား ထူးခြားသူတစ်ယောက် ဖြစ်အောင် ဘယ်လို ပြောင်းမှာလဲ၊ ခင်ဗျားရဲ့ နားလည်မှုကိုယ်၌က မှားနေပြီလေ။ ခင်ဗျားက အစမ်းသဘောနဲ့ ဟိုလိုလုပ်လိုက်၊ ဒီလိုလုပ်လိုက် ကြိုးပမ်းခဲ့ပေမယ့်လည်း သာမန် ဖြစ်နေဦးမှာပဲ။ အကြောင်းကတော့ ခင်ဗျားရဲ့ အစပြုချက် အခြေခံ ရှုမြင်ကိုက မှားနေလို့ပါ။ ကောင်းပြီ ခင်ဗျားအတွက် အဝတ်အစားကို ဒီဇိုင်နာ (Designer) ဆီသွားပြီး ဆန်းဆန်းပြားပြား အင်္ကျီတွေ ချုပ်ခိုင်း လို့ရတယ်။ ခင်ဗျားရဲ့ ဆံပင်ပုံစံနဲ့ မျက်နှာပြင်မှာ မိတ်ကပ်တွေ ခြယ်သနိုင်တယ်။ အနည်းအပါး သင်ကြားလေ့လာပြီး ကိုယ့်ဘာသာ ပညာရှိလုပ်နိုင် တယ်။ စာကို ပေစောင်ရေးပြီး၊ နောက်တော့ ကိုယ့်ကိုယ်ကို စာပေသမားကြီးလို့ ထင်မှတ်နိုင်တယ်။ ခင်ဗျား အခြားအလုပ်တွေကိုလည်း လုပ်နိုင်ပါသေးတယ်။ ခင်ဗျားနာမည်ကြီးသွားနိုင်တယ်။ ဒါမှမဟုတ် နာမည်ဆိုးနဲ့ ဟိုးလေးတကျော်ကျော် ဖြစ်သွားနိုင်တယ်။ သို့ပေမယ့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာတော့ ခင်ဗျားဟာ သာမန်ပဲ ဖြစ်တယ် ဆိုတာ ခင်ဗျားကိုယ်ခင်ဗျား သိနေပါတယ်။ ဒီကိစ္စတွေ အားလုံးဟာ ပြင်ပမှာပဲ ဖြစ်နေတာ။ ခင်ဗျားရဲ့ ဝိညာဉ်ကလေးကို သူမတူအောင် ထူးခြားတဲ့ ဝိညာဉ်ကြီးဖြစ်အောင် ဘယ်လိုပြောင်းမှာလဲ၊ နည်းလမ်းမရှိပါဘူး။

ဘုရားသခင်ကလည်း ခင်ဗျားကို နည်းလမ်းမပေးနိုင်ဘူး။ ဘာကြောင့် လဲဆိုတော့ ဘုရားသခင်က ဘယ်တုန်းကမှ သာမန်ဝိညာဉ်ကို မဖန်တီးခဲ့လို့ပါ၊ ဒါကြောင့် ခင်ဗျားရဲ့ ပြဿနာက မှားဆာရခက်နေတယ်၊ ဘုရားသခင်က ခင်ဗျားကို တစ်ဦးတည်းနဲ့ ထူးခြားတဲ့ ဝိညာဉ်တစ်ခု ပေးခဲ့ပြီး





ပါပြီ။ ဒီဝိညာဉ် (နာမ်၊ ရုပ်) ဟာ တခြားသူကို မပေးခဲ့ဖူးသေးတဲ့ ဝိညာဉ် (နာမ်၊ ရုပ်) ဖြစ်တယ်။ ဒါဟာ ခင်ဗျားအတွက် သီးသန့် ဖန်ဆင်းပေးတာပဲ ဖြစ်တယ်။

ကျွန်တော် ပြောချင်တာက ခင်ဗျားမှာ ဘယ်လိုထူးခြားမှုတွေ ရှိတယ် ဆိုတာ ရှင်းရှင်းလင်းလင်း သိထားရမယ်။ ခင်ဗျားအတွက် နောက်ထပ် ထူးခြားစရာမလိုအပ်ဘူး။ သူဟာ နဂို ကတည်းက ရှိနှင့်ပြီးသားဖြစ်တယ်လို့ မှတ်သားထားရမယ်။ မိမိရဲ့စိတ် အတွင်းပိုင်းကို ဝင်ပြီး သူ့ကို ခံစားကြည့် ရမှာ ဖြစ်တယ်။ ခင်ဗျားလက်မပေါ်က လက်ဗွေမျိုးနဲ့ တူတဲ့သူ ဒီကမ္ဘာမှာ မရှိဘူး။ ခင်ဗျားမျက်လုံးမျိုးနဲ့ တစ်ပုံစံတည်း တူသူလည်း မရှိဘူး။ ခင်ဗျား အသံနဲ့ တစ်သံတည်း တူသူလည်း မရှိဘူး။ ခင်ဗျားရဲ့ထူးခြားချက်နဲ့ တူသူ ဆိုတာလည်းမရှိဘူး။ ခင်ဗျားဟာ အကြွင်းမဲ့၊ သာမန်မဟုတ်သူ တစ်ဦး ဖြစ်တယ်။ ဒီကမ္ဘာပေါ်မှာ ခင်ဗျားနဲ့ တူတဲ့သူ ရှာလို့ရမှာ မဟုတ်ဘူး။ ကမ္ဘာမှာ တစ်လူတည်းရှိသူဖြစ်တယ်။ အမြွှာပူး မွေးသူဖြစ်စေဦးတော့ မတူနိုင် ပါဘူး။ ဘယ်လောက်ပင် အမြင်မှာ တစ်ထေရာတည်းဖြစ်ပါစေ သူတို့ဟာ မတူကြပါဘူး။ သူတို့လျှောက်တဲ့ ဦးတည်ချက် မတူသလို၊ ကြီးထွားရှင် သန်မှု ပုံစံလည်း မတူပါဘူး။ သူတို့ဟာ ကွဲပြားခြားနားတဲ့ ပုံသဏ္ဌာန်နဲ့ ခန္ဓာကိုယ် တွေ ဖြစ်လာကြပါတယ်။

ဒီလိုသိနားလည်မှုဟာ အမှန်တကယ် လိုအပ်ပြီး၊ ခင်ဗျားမေးတဲ့ **"ထူးခြားသူ တစ်ယောက်ဖြစ်ချင်တဲ့ စိတ်ကူးကို ကျွန်တော် ဘယ်လိုရပ်တန့် သွားအောင် လုပ်ရမလဲ"** ဆိုတဲ့အမေးက အဖြစ်မှန်ကို ဂရုတစိုက် ကြားနာ ရုံနဲ့ လုံလောက်ပါတယ်။ ခင်ဗျားရဲ့ ပကတိ တည်ရှိမှုထဲကို ဝင်ပြီး ကြည့်မြင် လိုက်တာနဲ့ ခင်ဗျားရဲ့ ထူးခြားသူ တစ်ယောက်ဖြစ်ချင်တဲ့ ကြိုးစားအား ထုတ်မှုအားလုံးဟာ ပျောက်ပြယ်သွားမှာပါ။ ခင်ဗျားဟာ နဂိုမူလ ကတည်း က ထူးခြားသူ တစ်ယောက်ဖြစ်တယ်ဆိုတာကို ခင်ဗျားသိပြီးတဲ့အခါ အဲဒီက ကြိုးပမ်းမှုများဟာ ပျောက်ကွယ်သွားမှာပါ။

ထူးခြားသူ တစ်ယောက်ဖြစ်ချင်တဲ့စိတ် ရပ်တန့်သွားဖို့ အကယ်လို့ ခင်ဗျားက ကျွန်တော့်ကို နည်းကောင်းကောင်းရင်၊ အဲ့ဒီ နည်းကောင်း

ဆိုတာ ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်နေမှာပဲ။ ခင်ဗျား ဘာကို သွားပြီး စမ်းသပ်မှုလုပ်မှာလဲ။ ခင်ဗျားက ဘာဖြစ်ချင်လို့ စမ်းကြည့်နေတာလဲ။ တနည်းမှာတော့ ခင်ဗျားက ထူးခြားသူ တစ်ယောက်ဖြစ်ချင်လို့ စမ်းသပ်ကြည့်နေတာ။ အခုတော့ ထူးခြားသူ တစ်ယောက်ဖြစ်အောင် စမ်းကြည့်နေပြီ။ ဒါပေမဲ့ စမ်းသပ်ပြီးရင်၊ ထပ်စမ်းသပ်၊ နည်းနာကောင်း တစ်ခုခုနှင့် မိမိကိုယ်ကို တိုးတက်ကောင်းမွန်အောင် လုပ်တယ်။ ခက်နေတာက ပစ္စုပ္ပန်မှာ တည်ရှိနေတဲ့ ခင်ဗျားကို ဘယ်တုန်းကမှ ခင်ဗျား ကိုယ်တိုင်က လက်ခံကြိုဆိုခဲ့တာမရှိဘူး။

ကျွန်တော် ပေးချင်တဲ့ အလုံးစုံသော **(Message)** သတင်း စကားက အခုရှိနေတဲ့ ခင်ဗျားရဲ့ပကတိကို ခင်ဗျား ကြိုဆိုသိမ်းသွင်းလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ဘုရားသခင် လက်ခံထားတာ ဖြစ်လို့ပဲ။ ဘုရားသခင်က ဒါကို ကရုဏာထားပေမယ့် ခင်ဗျားကတော့ ဘယ်တုန်းကမှ ခင်ဗျားရဲ့ တည်ရှိမှုကို လေးစားသမှု မပြခဲ့ပါဘူး။ ဘုရားသခင်က ခင်ဗျားကို တည်ရှိစေခဲ့တယ်။ ပြီးတော့ ဒီကမ္ဘာကြီးကို ကြည့်မြင်ခိုင်းတယ်။ မက်မောစရာ ပန်းပွင့်တွေ နှင်းဆီ၊ မိုးကောင်းကင်နှင့် ကြယ်တာရာ တွေကို ရှုစား၊ လူသားမျိုးနွယ်ကို မြင်တွေ့စေခဲ့တယ်။ ချစ်တတ်သူနှင့် အချစ်ခံရသူ ဒါတွေအားလုံးဟာ အလွန်ပျော်ရွှင်စရာကောင်းပါတယ်။ ဒါနဲ့တောင် ခင်ဗျားက ဘာလို့များ ထပ်ပြီးကောင်းဆို နေရသေးတာလဲ။ ပကတိ တည်ရှိမှုကို ဂုဏ်ပြု ကြိုဆိုလိုက်စမ်းပါ။ ကျွန်တော်ကတော့ သူ့ကို အကြိမ်ကြိမ်အခါခါ ဂုဏ်ပြု ကြိုဆိုနေပါတယ်။ ခင်ဗျားရဲ့ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှုထဲမှာ တဖြည်းဖြည်းနဲ့ သူဟာ လျှပ်စီးလက်သလို ပေါက်ကွဲထွက်လာမယ်။ အဲ့ဒီအခါမှာ ခင်ဗျား သိမယ်၊ ခင်ဗျားဟာ နဂို ကတည်းက **ထူးခြားသူဖြစ်တယ်။**

ကျေးဇူးပြုပြီး သတိထားရမှာက ခင်ဗျားရဲ့ အဲ့ဒီကိုယ်ပိုင် ထူးခြားချက် ဆိုတာဟာ ခင်ဗျားရဲ့ အတ္တသာဖြစ်ပြီး၊ အခြားသူနှင့် နှိုင်းယှဉ်မှုတွေ လုပ်မယ်ဆိုရင်တော့ အသိဉာဏ်လျှပ်စီးက ဘယ်တော့မှ ပင်းလက်လာမှာ မဟုတ်ကဲ့အပြင် လူတိုင်းမှာ ထူးခြားမှုတွေရှိတယ်။ သာဓကနဲ့အကြောင်း





ကိစ္စဆိုတာ မတည်ရှိနိုင်ဘူး ဆိုတဲ့ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန် ကလေးအတွင်း အန်ထွက်လာမယ့် ဒီအနက်အဓိပ္ပာယ်ကို ခင်ဗျား ဘယ်လိုမှ ဖမ်းဆုပ်မိမှာ မဟုတ်ဘူး။

ဒါက အကဲဖြတ်ရာမှာ အသုံးပြုတဲ့ စံနှုန်းတစ်ခုသာ ဖြစ်တယ်၊ အကယ်လို့ ခင်ဗျားက မိမိဟာသာ (ငါဟာ အလွန် ထူးခြားသူ ဖြစ်တယ်) ဟိုယောက်ျားထက် ငါက ပိုပြီးထူးတယ်၊ ဒီမိန်းမထက် ငါကပိုသာတယ် ဆိုတာ အမှန်တော့ **အတ္တရဲ့** ဆော့ကစားမှု ဖြစ်တယ်ဆိုတာကို ခင်ဗျား နားမလည်သေးတာပဲ ဖြစ်တယ်၊ ခင်ဗျားမှာ **အလွန်ထူးခြားမှုရှိပါတယ်။** ဒါပေမဲ့ နှိုင်းယှဉ်မှု ကရလာတဲ့ ထူးခြားချက်တော့ မဟုတ်ဘူး။ ခင်ဗျားရဲ့ ထူးခြားမှုဆိုတာ အခြားသူတွေနဲ့ ယှဉ်ပြိုင်လို့ ရလာတဲ့ ထူးခြားချက်မဟုတ်ဘူး။ ခင်ဗျားဟာ နဂိုမူလက ထူးခြားပြီးသားလူ ဖြစ်တယ်။

တစ်ခါတုန်းက ပါမောက္ခတစ်ဦးဟာ ကမ္မဋ္ဌာန်းဆရာကြီးဆီ လာပြီး ပြဿနာတစ်ခုကို မေးတယ်။ **"ဘာကြောင့် ကျွန်တော်က ခင်ဗျားနဲ့ မတူရတာလဲ။ ဘာကြောင့် ကျွန်တော်က ခင်ဗျားလို အေးချမ်း ငြိမ်သက်မှု မရှိရတာလဲ။ ဘာကြောင့် ကျွန်တော်က ခင်ဗျားရဲ့ ဉာဏ်အသိမျိုး မရှိရ တာလဲ။ ဒါဟာ ကျွန်တော်ရဲ့ လိုအင်ဆန္ဒ ဆောင့်တာမှုပဲ ဖြစ်ပါတယ်"** ကမ္မဋ္ဌာန်းဆရာကြီးက ပြန်ပြောတယ်။ **"ခဏလေးပါ။ ခဏလေးစောင့် ပြီး အရင်ဆုံး ငြိမ်သက်စွာ ထိုင်ချလိုက်ပါ။ ပြီးတော့ ကြည့်စမ်းပါ။ ကျွန်ုပ်ကို ကြည့်။ မိမိကိုယ်တိုင်လည်းပြန်ကြည့်ပါ။ လူအားလုံး ပြန်သွားပြီး တဲ့အထိ စောင့်ဆိုင်းလို့မှ သင့်ရဲ့ ပြဿနာက တည်ရှိနေဦးမယ် ဆိုရင် ကျွန်ုပ် သင့်ကို ပြန်ဖြေကြားပါမယ်"** တစ်နေ့လုံး၊ လူတွေက ဝင်လိုက် ထွက်လိုက်နဲ့ ဖြတ်တယ်ကို မရှိဘူး။ တပည့်တပန်းတွေကလည်း ကမ္မဋ္ဌာန်း ဆရာကြီးကို မေးခွန်းတွေ မေးနေကြတယ်။ ပါမောက္ခကြီး မှာတော့ စိတ်အေး လက်အေး မထိုင်နိုင်ပါဘူး။ အချိန်ကလည်း တစ်စစနဲ့ ပြန်းတီး သွားခဲ့ပြီ၊ ဒါပေမဲ့ ကမ္မဋ္ဌာန်း ဆရာကြီးပြောတာက **"အားလုံး ပြန်သွားပြီး တဲ့အထိ စောင့်ဆိုင်းပါ"** ဒီလိုနဲ့ မှောင်ရီပျိုးစ ပြုတော့ လူအားလုံးလည်း ပြန်ကုန်ကြပြီဖြစ်လို့ ပါမောက္ခက ပြောတယ်။ **"ဒုက္ခမှ တကယ့်ဒုက္ခ။**

ငါ့မှာ စောင့်လိုက်ရ တာ တစ်နေ့ကုန်ပဲ။ ငါ့ပြဿနာက ဘယ်လိုလုပ်မှာလဲ" လရောင်က တဖြည်းဖြည်း မြင့်တက်လာပြီ။ အဲဒီညက လပြည့်ညချမ်းပါ။ ကမ္မဋ္ဌာန်း ဆရာကြီးက မေးတယ်၊ "အဖြေမရသေးဘူးလား ပါမောက္ခကြီး" ပါမောက္ခက ပြန်ပြောတယ်။ "ဆရာကြီးက ကျွန်တော့်ကို ဘာမှ ပြန်မဖြေ သေးပါဘူး" ကမ္မဋ္ဌာန်း ဆရာကြီးက ပြုံးပြီး ပြန်ပြောတယ်။ "ကျုပ်ပ် ဒီကနေ့ တစ်နေကုန် လူများစွာကို အဖြေပေးခဲ့ပြီး ဖြစ်ပါတယ်။ အကယ်လို့ သင့်အနေနှင့်သာ အကဲခတ်သုံးသပ်မယ်ဆိုရင် သဘောပေါက် နားလည်နိုင်ပါတယ်။ အရင်ဆုံးထွက်လာလိုက်ပါ။ ကျုပ်တို့ ပန်းခြံထဲ လမ်းလျှောက် သွားရအောင်။ လပြည့်ဝန်းက မိုးယံမြင့်မှာ အထင်းသား ရှိနေတယ်။ လှလွန်းတဲ့ ညတစ်ညပါပဲ" လို့ ကမ္မဋ္ဌာန်းဆရာကြီးက ပါမောက္ခကို ကြည့်ပြီး ဆက်ပြောပြန်တယ်။ "ကြည့်စမ်းပါ ဒီဆိုက်ပရက် (Cypress) ပင်ကို။ အလွန်ကြီးထွား သန်စွမ်းတဲ့ ဆိုက်ပရက်ပင်ကြီး ဖြစ်တယ်။ သူရပ်နေတာက မြင့်မားလွန်းလို့ လကိုတောင် ထိတော့မယောင် ဖြစ်နေပြီ။ ပင်ဖျားက ဝေဆာနေတဲ့ အညွန့်တွေကိုလည်း လရောင်ဆမ်းလို့ လွှမ်းခြုံ ထားတယ်" "ပြီးတော့ ဒီအပင်ငယ်ကလေးကိုလည်း ကြည့်စမ်း ပါဦး" ပါမောက္ခက မအောင့်နိုင်တော့ဘဲ ပြန်ပြောတယ်။ "ကမ္မဋ္ဌာန်း ဆရာကြီး ဘာတွေ လျှောက်ပြောနေတာလဲ။ ကျွန်တော်ပြောတဲ့ မေးခွန်းကိုများ မေ့နေပြီလား" ကမ္မဋ္ဌာန်း ဆရာကြီးက ပြန်ဖြေတယ်။ "သင့်ပြဿနာကို ကျုပ်ပ် ဖြေကြားနေတာပဲ ဖြစ်ပါတယ်" သည်အပင် ငယ်ကလေးနဲ့ ဆိုက်ပရက် အပင်ကြီးတို့ဟာ ဤ ဥယျာဉ်ကြီး ထဲမှာပဲ အတူနေခဲ့တာ နှစ်တွေကြာခဲ့ပါပြီ။ အပင်ငယ်လေးက ဆိုက်ပရက် အပင်ကြီးကို "ဘာကြောင့် ကျွန်တော်က ခင်ဗျားနဲ့ မတူရတာလဲ" လို့ မေးတာ ကျုပ် တစ်ခါဖူးမျှ မကြားခဲ့ဖူးသလို ဆိုက်ပရက်အပင်ကြီးက အပင်ငယ်ကလေးကို "ဘာကြောင့် ငါက မင်းနဲ့ မတူတာလဲ" လို့ မေးတာလည်း မကြားခဲ့ဖူးပါ။ ဆိုက်ပရက်အပင်က ဆိုက်ပရက်အပင်၊ အပင်ငယ်က အပင်ငယ်ပဲ မဟုတ်လား။ သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ ကိုယ့်ဘာသာကိုယ် ကျေနပ်နေကြတယ်။ ကိုယ့်ဘာသာကို ရပ်တည် နေကြတယ်။





ကျွန်တော်က ကျွန်တော်ပဲဖြစ်တယ်။ ခင်ဗျားက ခင်ဗျားပဲဖြစ်တယ်။ နှိုင်းယှဉ်မှုက ပဋိပက္ခကို သယ်ဆောင်နိုင်တယ်။ နှိုင်းယှဉ်မှုက လောဘ စိတ်ရိုင်းတွေ သယ်ဆောင်နိုင်တယ်။ အကယ်လို့ ခင်ဗျားက ကျွန်တော့်ကို မေးမယ် "ဘာကြောင့် ကျွန်တော် ခင်ဗျားနဲ့ မတူတာလဲ" သည်လိုမေးပြီ ဆိုကတည်းက ခင်ဗျားဟာ ကျွန်တော်နဲ့တူဖို့ တောင် စမ်းသပ်နေပြီဖြစ်တယ်။ ဒါဟာ ခင်ဗျားရဲ့တည်ရှိမှု တစ်ခုလုံးအတွက် ကွဲ အက်မှု ဖြစ်တယ်။ ခင်ဗျား အတုခိုးသူ တစ်ယောက် အဖြစ်ပြောင်းလဲသွားနိုင်တယ်။ ပုံတူပွား မိတ္တူ တစ်ခု လည်း ဖြစ်သွားနိုင်တယ်။ အတုခိုးသူတစ်ယောက် ဖြစ်သွားတာနဲ့ မိမိကိုယ်ကို ယုံကြည်လေးစားစိတ်တွေ ပျောက်ကွယ်သွားမှာ သေချာတယ်။

မိမိကိုယ်ကို ယုံကြည် လေးစားသူ တစ်ယောက် ရှာတွေ့ဖို့ဆိုတာ လွယ်ကူတဲ့ ကိစ္စမဟုတ်ဘူး။ ဘာကြောင့် ဒီလောက် မလွယ်ကူရတာလဲ။ ဘာကြောင့် မိမိရဲ့ အသက်ဝိညာဉ်ကို မလေးစားရတာလဲ။ အကယ်လို့ ကိုယ့်ရဲ့ အသက်ဝိညာဉ်ကိုတောင် ခင်ဗျား မလေးစားဘူးဆိုရင် တခြား သူကို ခင်ဗျား ဘယ်လိုလုပ် လေးစားမှာလဲ။ အကယ်လို့ ခင်ဗျားရဲ့ တည်ရှိမှု ကို ခင်ဗျား မလေးစားဘူးဆိုရင် နှင်းဆီပန်း၊ ဆိုက်ပရက်ပင်၊ လရောင်နဲ့ လူတွေကို ခင်ဗျား ဘယ်လိုလုပ်ပြီး လေးစားတော့မှာလဲ။ ခင်ဗျားရဲ့ ဆရာသမား ခင်ဗျားရဲ့ဖခင်၊ မိခင်၊ သူငယ်ချင်းမိတ်ဆွေနဲ့ ဘဝဖက်တွဲ ဖော်ကို ဘယ်လိုလုပ် လေးစားတော့မှာလဲ။ အကယ်လို့ ခင်ဗျားဟာ မိမိကိုယ် ကို ကြည်ညိုလေးစားမှု မရှိခဲ့ဘူးဆိုရင် ခင်ဗျားရဲ့ သားသမီးတွေကို ခင်ဗျား ဘယ်လိုအလေးထား မြတ်နိုးမှာလဲ။

မိမိကိုယ်ကို ကြည်ညိုလေးစားတတ်တဲ့ လူတစ်ယောက် ရှာတွေ့ဖို့ ဆိုတာ အလွန်ခက်တဲ့ကိစ္စ၊ ဘာကြောင့်များ ဒီလောက် မလွယ်ကူရတာလဲ။ အကြောင်းကတော့ ခင်ဗျား အတုခိုးခြင်းကို သင်ယူမိလို့ပဲ။ ခင်ဗျား ငယ်စဉ်ကတည်းက ကြားနေရတာ "ကြီးလာရင် သိပ္ပံပညာရှင် အိန်းစတိန်း (Einstein) နဲ့ တူရမယ်" "အယ်ဒီဆင် (Edison) နဲ့တူရမယ်။" ဒါဘာကြောင့်ပါလဲ။ ဘာလို့များ ခင်ဗျားက အိန်းစတိန်း နဲ့ သွားတူရမှာလဲ။ အိန်းစတိန်း ကတော့ ခင်ဗျားနဲ့တူဖို့ တစ်ခါမျှ မစဉ်းစားခဲ့ပါဘူး။

ဘာကြောင့် လဲဆိုတော့ အိန်းစတိန်းက အိန်းစတိန်းပဲဖြစ်လို့ပါ။

ဘာကြောင့်များ ခင်ဗျားကို **ခရစ္စ(ရှ်) နား** နဲ့ မှ သွားတူစေချင်ရတာလဲ။ ခင်ဗျား ဘာများ အမှားလုပ်ခဲ့လို့လဲ။ ခင်ဗျားမှာ ဘာများ အပြစ်ရှိခဲ့လို့လဲ။ **ခရစ္စ(ရှ်)နား** နှင့် တူဖို့ကို ဖြစ်မှာလား။ ဘုရားသခင်က **ခရစ္စ(ရှ်)နား** နောက် တစ်ယောက်ကို ဖန်ဆင်းခဲ့ဘူးလေ။ ဘုရားသခင်က နောက်ထပ် **အိန်းစတိန်း** တစ်ယောက်ကိုလည်း မဖန်ဆင်းခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်က ထပ်တူဖြစ်သောအရာကို ဖန်ဆင်းခြင်း၌ ဝမ်းမြောက်မှုမရှိလို့ပါပဲ။ ဘုရားသခင်ဟာ ဖန်ဆင်းရှင်သာဖြစ်တယ်။ ထုတ်လုပ်ရေးစက်ရုံ တစ်ရုံ မဟုတ်ဘူး။ **ဖို့(ဒ်) (Ford)** တံဆိပ်မော်တော်ကား စက်ရုံက **ဖို့(ဒ်)** ကားပေါ့ တစ်စီးပြီးတစ်စီး အဆက်မပြတ် ထုတ်လုပ်ပိုက်တယ်။ အားလုံးက တစ်ပုံစံတည်းပါ။ ဘုရားသခင်ကတော့ ကမ္ဘာဦးရဲ့ ဖန်ဆင်းရှင်ဖြစ်တယ်။ ဘယ်တုန်းကမှ **မိတ္တူ** မဖန်ဆင်းခဲ့ပါဘူး။

မိတ္တူ ပန္နည်းဆိုတာ တန်ဖိုးရှိပါဘူး။ သို့သော်လည်း ခင်ဗျားဟာ အခြားသူတစ်ယောက်ဖြစ်ဖို့ ကာလျှောက်လုံး သင်ကြားခံနေရတုန်းပါ။ **"ကြည့်လေ ... အိမ်နီးချင်းက ကောင်လေးနဲ့ တူရမယ်တဲ့။ ဒီကောင်လေးက သိပ်တော်တာ။ သူ့ကို အတုခိုးရမယ်" "ဟိုကောင်မလေး လမ်းလျှောက်တာ တကယ်ကို သိမ်မွေ့တာပဲ။ အဲ့ဒီလိုဖြစ်နေရမယ်"** ခင်ဗျားကို သူများနဲ့တူဖို့ အနားမပေးဘဲ သင်ကြားနေကြတယ်။

ခင်ဗျားကို ငါဟာ ငါပဲဖြစ်အောင် လုပ်ရမယ်လို့ ပြောတဲ့သူ တစ်ယောက်မှ မရှိခဲ့သေးဘူး။ မိမိရဲ့တည်ရှိမှုကို ပိုင်ကိုယ်တိုင်က ရိုသေလေးစားရမယ်။ ဒါဟာ ဘုရားသခင်ရဲ့ လက်ဆောင်မွန်ဖြစ်တယ်။ လုံးဝ မတူပါနဲ့လို့ ခင်ဗျားကို ကျွန်တော်ပြောချင်တယ်။

လုံးဝလိုက်မတုပါနဲ့။ ကိုယ့်ကိုယ်ကိုသာ တည်ဆောက်ပါ။ ဒါဟာ ဘုရားသခင်အပေါ်ထားတဲ့ ခင်ဗျားရဲ့ဝတ္တရားပါ။ ကိုယ့်ကိုယ်ကို ထူထောင်ပါ။ ရိုးသားမှုနှင့် သစ္စာရှိရှိ မိမိဘာသာရပ်တည်ပါ။ ဒါမှသာ ခင်ဗျားဟာ ထူးခြားသူတစ်ယောက် ဖြစ်တယ်ဆိုတာ ခင်ဗျားကိုယ်တိုင် သိလာမှာဖြစ်တယ်။ နို့မဟုတ်ရင်တော့ ခင်ဗျားဟာ တည်ရှိနေမှာ မဟုတ်တော့ဘူး။





ဒါပေမဲ့ ခင်ဗျားရဲ့ထူးခြားချက်ဟာ အခြားသူနဲ့ယှဉ်ပြိုင်မှုက ရလာတာ မဟုတ်ပါဘူး။ အိမ်နီးချင်း၊ မိတ်ဆွေသင်္ဂဟ၊ ဇနီးသားမယား၊ ဆရာသမား သူတို့တွေနဲ့ နှိုင်းယှဉ်ပြီး ရလာတာမဟုတ်ပါဘူး။ ခင်ဗျား ထူးခြားရတဲ့အကြောင်းရင်းက ခင်ဗျားတစ်ဦးတည်းဖြစ်လို့၊ ခင်ဗျားလို လူနှစ်ယောက် မရှိလို့ပါ။ အဲဒီရှုထောင့်ကနေပြီး သုံးသပ်ကြည့်မယ်။ နားလည်သဘောပေါက်မယ်ဆိုရင် ထူးခြားသူတစ်ယောက်ဖြစ်ချင်တဲ့ ခင်ဗျားရဲ့ ကြိုးပမ်းမှု အားလုံးဟာ ပျောက်ကွယ်သွားပါလိမ့်မယ်။

ခင်ဗျားရဲ့ ထူးခြားအောင် ကြိုးပမ်းချင်တဲ့ဆန္ဒက ဘာနဲ့ တူသလဲဆိုရင် မြွေကို ခြေထောက် တပ်ပေးချင်တာမျိုးနဲ့ တူနေတယ်။ ဒီစဉ်းစားနည်းက အဲဒီမြွေကို ခင်ဗျား သတ်တာပဲ ဖြစ်မယ်။

ခင်ဗျား သဘောက အကြင်နာတရား ရှေ့ထားပြီး မြွေကို ကူညီချင်လို့ ခြေထောက် တပ်ပေးတာ။ **"သနားစရာကောင်းတဲ့ မြွေကလေးရယ်၊ မင်းမှာ ခြေထောက်မရှိဘဲ ဘယ်လိုသွားမှာလဲ"** ဥပမာ အနေနဲ့ပြောရရင် မြွေက ကင်းခြေများ တစ်ကောင်ရဲ့လက်ထဲ ရောက်သွားတယ်ဆိုပါစို့။ ကင်းခြေများ က ဒီမြွေကို အလွန်တရာ စာနာနေမိတယ်။ ကင်းခြေများ ပြောချင်တာက **"ဒီမြွေက သနားစရာကောင်းလွန်းပါတယ်။ ငါ့မှာ ခြေထောက် အချောင်း တစ်ရာတောင်ရှိတယ်။ သူ့မှာတော့ ခြေထောက် တစ်ချောင်းတောင် မရှိရှာဘူး။ သူ ဘယ်လိုများ လမ်းသွားပါလိမ့်။ သူ့မှာ အနည်းဆုံး ခြေထောက် နှစ်ချောင်းလောက်တော့ရှိမှ ဖြစ်မှာပေါ့"** အကယ်၍သာ ကင်းခြေများက ဒီမြွေအတွက် ခြေထောက် အနည်းငယ်ကို လက်တွေ့ကျကျ သွားတပ်ပေး မယ်ဆိုရင် ဒီမြွေတော့ သေမှာ မုချပဲ။ အမှန်စင်စစ် လက်ရှိ ဖြစ်တည်နေတဲ့ ဒီမြွေရဲ့ ပုံပန်းသဏ္ဌာန်ဟာ သူ့အတွက် အကောင်းဆုံး အနေအထားပါ။ သူ့အတွက် ခြေထောက်ဆိုတာ မလိုအပ်ပါဘူး။

ခင်ဗျားရဲ့ ပကတိအသွင်အပြင်ကလည်း ကောင်းနေပြီးသားပါ။ ဒါဟာ ကျွန်တော်ပြောနေတဲ့ မိမိရဲ့ ပကတိတည်ရှိမှုကို ရိုသေလေးစားရမယ် ဆိုတဲ့ အဓိက အချက်ဖြစ်ပါတယ်။

ကွဲကွဲပြားပြား မှတ်သားရမှာက မိမိကိုယ်ကို ရိုသေလေးစားခြင်းနဲ့ အတ္တကို ဆက်နွယ်မသောမိဖို့ပဲဖြစ်ပါတယ်။ မိမိကိုယ်ကို ရိုသေ လေးစားခြင်းဟာ အတ္တကို ရိုသေခြင်းအဓိပ္ပာယ် မသက်ရောက်ပါဘူး။ ကိုယ့်ကိုယ်ကို ရိုသေခြင်းဆိုတာ တစ်နည်းအားဖြင့် ဘုရားသခင်ကို ရိုသေခြင်း သို့မဟုတ် ဖန်ဆင်းရှင်ကို ရိုသေခြင်းပဲဖြစ်တယ်။ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားဟာ ဘုရားသခင်ရဲ့ စက္ကူတစ်ရွက် သာဖြစ်နေလို့ပါ။ ခင်ဗျား အဲ့ဒီစာရွက်ကို ရိုသေလေးစားရမယ်။ ပြီးတော့ စာရွက်လုပ်သူကိုလည်း လေးစားရမယ်။

ရိုသေလေးစား ကြိုဆိုလက်ခံ၊ ရှင်းလင်းစွာ သိမှတ်၊ ဒါဆိုရင် ထူးခြားအေးအောင် ပြောင်းလဲချင်တဲ့ မိုက်မဲသော ကြိုပမ်းမှုများအားလုံးဟာ ပျောက်ကွယ် သွားကြမှာပဲ ဖြစ်တယ်။ ။

■





# အိုရှိုးပြောတဲ့ အတ္တဆိုတာ ဘာလဲ

အတ္တမှာ လှည့်စားနိုင်တဲ့ မျက်နှာဖုံး တစ်ယောင်းရှိတယ်။ စိတ်ကူးယဉ်တဲ့ အမျိုးပေါင်း တစ်သိန်းရှိတယ်။ နရသိန်အမျိုးအစား ဟန်သန်းကို ဖန်တီး တည်ဆောက်နိုင်တယ်။ ဒါပေမဲ့ "တည်ရှိမှု" ကတော့ တစ်မျိုးပဲ ရှိတယ်။ "တည်ရှိမှု" ဟာ အရောင်ထုယဲက အလင်းတန်းတစ်ခု၊ သူက ခင်ဗျားကို စိတ်ကူးအိပ်မက်ထဲက ရုန်းထွက်နိုင်ဖို့ လမ်းပြခဲ့တယ်၊

အတ္တဆိုတာ စစ်မှန်တဲ့ငါနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။ အတ္တဟာ တကယ်တော့ ခင်ဗျား မဟုတ်ပါဘူး။ လူ့အဖွဲ့အစည်းက ဖန်တီး ထုတ်လုပ်လိုက်တဲ့ ထိမ်သား လှည့်ဖြားမှုသာဖြစ်ပြီး၊ ကိုယ်ပိုင်ကစားစရာ တစ်ခုလို အဆက်မပြတ် ဆော့ကစားဖို့ ခင်ဗျားကို ခွင့်ပေးခဲ့တာဖြစ်တယ်၊ ဒါပေမဲ့ ခင်ဗျား ရသင့်တဲ့ ကစားစရာဟာ ဘာလဲဆိုတာတော့ ခင်ဗျား ဘယ်သူ့ကိုမှ သွား မမေးခဲ့ဘူး မဟုတ်လား။ ကျွန်တော်ပြောနေတာ ဒါပဲ၊ ဘာကြောင့် ဒါကို ကျွန်တော် တင်းခံနေရသလဲဆိုရင် အတ္တကို ခင်ဗျား ပစ္စုပ္ပန်ထားနိုင်သမျှ ကာလပတ်လုံး ဘယ်သောအခါမှ ခင်ဗျား ကိုယ့်ကိုယ်ကို သိမှာမဟုတ်ဘူး။

မိခင်ဝမ်းဗိုက်က ထွက်လာစ အချိန်မှာ စစ်မှန်တဲ့ငါကို ခင်ဗျား ပိုင်ဆိုင်ခဲ့သေးတယ်။ ဒီနောက်မှာတော့ သူတို့တွေက "အတုအယောင်ငါ"

ဆိုတဲ့ ဖန်တီးမှုတစ်ခု ပြုလုပ်ပေးလိုက်ကြတယ်။ မင်းက ဘယ်သူဘယ်ဝါ၊ ဘာအမျိုးအနွယ်ဖြစ်တယ်၊ မင်းက ဘယ်လို အဆောင့်အတန်းက လာတာ၊ မင်းကတော့ မြင့်မြတ်သူဖြစ်တယ်။ ဒါကြောင့် မင်းဟာ ဒီကမ္ဘာကြီးကို အုပ်စိုးသူ ဖြစ်သင့်တယ် စတဲ့ ပြောလုံးတွေနဲ့ သူတို့က **"မင်းဘယ်သူလဲ"** ဆိုတဲ့ ထင်ယောင်ထင်မှား အယူအဆတစ်မျိုးကို လုပ်ကြံဖန်တီးပြီး၊ ခင်ဗျားကို နာမည်တစ်လုံး ပေးလိုက်တယ်။ သည်နာမည်ပေါ်ကနေပဲ လောဘနှင့် ကန့်သတ် ချုပ်ချယ်မှုတွေကို ဖန်တီးကြပြန်တယ်။ ဒီလိုနဲ့ တဖြည်းဖြည်းချင်း လူ့ဘဝရဲ့ သုံးပုံတစ်ပုံနီးပါး ခင်ဗျားကို တိုက်စား လိုက်တယ်။ သူတို့က မူလတန်းကျောင်းကနေ တက္ကသိုလ်ရောက်တဲ့အထိ ခင်ဗျားရဲ့ ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံးမှာ အတ္တစွမ်းပကားတွေ စိမ့်ဝင်နေပြီး ဖြစ်တယ်။ တက္ကသိုလ်က ဘွဲ့ရလို့ အိမ်ပြန်မယ့်အချိန်ကို စောင့်ရင်း မိမိရဲ့ စစ်မှန်တဲ့ **"တည်ရှိမှု"** ကို လုံးဝဥဿုံမေ့ပစ်လိုက်ပြီး ဖြစ်တယ်။

အခုတော့ ခင်ဗျားမှာ လိုရာသုံးနိုင်တဲ့ ပိုကာတစ်ချပ် ရှိသွားပြီ။ ခင်ဗျားဟာ ပထမတန်းစား၊ တက္ကသိုလ်က ဘွဲ့ရတစ်ယောက်၊ ခင်ဗျားဟာ အစွမ်းကြီးမားတဲ့ အတ္တတွေနဲ့ လူ့လောကကြီးထဲကို ကိုးဝင်ဖို့ အသင့်ဖြစ် ထားပြီး ဖြစ်တယ်။ အဲဒီ အတ္တကြီးမှာ အမျိုးမျိုးသော တပ်မက်မှုတွေ ရှိတယ်။ လောဘစောဟာ နေရာတကာမှာ ထိပ်ဆုံးက နေရာယူချင်သူ ဖြစ်တယ်။ ဒီအတ္တရဲ့ သွေးစုပ်ခြင်းကို ခင်ဗျား ခံလိုက်ရတဲ့အပြင် မိမိရဲ့ စစ်မှန်တဲ့ ငါကို ခင်ဗျား လျှပ်တစ်ပြက် စောင်းငဲ့ကြည့်ဖို့တောင် တစ်သက်လုံး ခွင့်ပြုချက်ရမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒါသည်ပင်လျှင် ခင်ဗျားရဲ့ စစ်မှန်တဲ့ အသက် ဖြစ်နေပြန်တယ်။ ဒါကြောင့် ဒီအတ္တဆိုတဲ့ အရာဟာ ကြောက်ရွံ့ စရာတွေ၊ နာကျင်မှုတွေ၊ ခုခံရုန်းကန်မှုတွေ၊ ဝမ်းနည်းမျက်ရည်တွေ၊ ရှုံးသွင်းမှုနှင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း စတဲ့ အမျိုးမျိုးသော ပြစ်မှုများစွာကို သယ်ဆောင်လာတတ်တာမျိုး ဖြစ်တယ်။

အမှန်တရားကို ရှာဖွေလိုက်စားတဲ့သူများဟာ မုချပဲ ဒီနေရာကနေ အစပြုရမှာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းက ခင်ဗျားကို ဘယ်လို အဆင့်အတန်း






သတ်မှတ် ပုံဖျိုးလုံးတွေနဲ့ ပြောလာသည်ဖြစ်စေ၊ ဒါတွေအားလုံးကို ပေးစေလွှင့် ပစ်လိုက်ပါ။ ခင်ဗျားဟာ ဒီအရာတွေ မဟုတ်ဘူးဆိုတာ ထင်ရှားနေတာပဲ။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား ကိုယ်တိုင်ကလွဲရင် ခင်ဗျား ဘယ်သူ ဘယ်ဝါ ဖြစ်တယ် ဆိုတာကို ဘယ်သူကမှ သိမှာမဟုတ်ဘူး။ မိဘ၊ ဆရာသမားနှင့် ကျေးဇူးရှင်များလည်း ဘာမျှတတ်နိုင်မှာမဟုတ်ဘူး။ ခင်ဗျားကလွဲရင် ခင်ဗျားရဲ့ **"တည်ရှိမှု"** ထဲကို ဘယ်သူကမှ ဝင်လာနိုင်မှာ မဟုတ်လို့ပါ။ ဒါကြောင့် ခင်ဗျားရဲ့ခံစားမှု (သို့မဟုတ်) ပြဿနာတွေကို မည်သူ တစ်ဦးတစ်ယောက်ကမှ အတိအကျသိမှာ မဟုတ်ပေတော့၊ သူတို့ မည်သို့ပင် ဝေဖန်သုံးသပ်သည်ဖြစ်စေ အားလုံးကတော့ အမှားတွေချည်း ဖြစ်နေမှာပါ။

အတ္တအဆောက်အအုံ တစ်ခုလုံးကို ဖြိုချလိုက်ပါ။ အတ္တကို ခင်ဗျား ဖျက်ဆီး ချေမှုန်း ပြီးတဲ့အခါမှာ ခင်ဗျားရဲ့ တည်ရှိမှုကို ခင်ဗျားတွေ့ရှိလာပါ လိမ့်မယ်။ ဒါဟာ ကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံး တွေ့ရှိမှုပဲဖြစ်တယ်။ ဒါပြင် သူဟာစင် သူတော်မြတ်တို့ ဦးတည်ရာ လမ်းခရီးလည်းဖြစ်သလို လုံးဝသစ်လွင်တဲ့ အဆင့်တစ်ရပ်ရဲ့ နိဒါန်းအားလည်း ဖြစ်ပါတယ်။ အဆုံး စွန်သော သန္တိသုခကို ဦးတည်နေတယ်။ ထာဝစဉ် ရှင်သန်မှုသို့ ဦးတည် နေတယ်။ ခင်ဗျား အတ္တတွေ လုံးဝ ကင်းစင်သွားတဲ့ အခါကျရင် ခင်ဗျားရဲ့ အချစ်ဆုံး ဆိုသူအတွက် ဘယ်လို နှောင်ကြိုးမျိုးကိုမှ ခင်ဗျား ဖန်တီးတော့ ဘူးပေ။ ခင်ဗျားက တစ်ပါးသူကို ကောင်းကင်မှာ ပျံသန်းတဲ့ သိန်းငှက် တစ်ကောင်လို လွတ်လပ်မှုကို အပြည့်အဝ ပေးလိုက်တယ်။

စိတ်ပျက်အားငယ်မှု၊ နာကျင်ထိခိုက်မှု၊ ကြောက်ရွံ့ဝမ်းနည်းမှု ဒါတွေကို ခင်ဗျားရွေးချယ်နိုင်သလို၊ အတ္တကို ခင်ဗျား ဆက်လက်ဖမ်းချုပ်ထားပြီး အကြင်မှာ ကရုဏာတရား၊ ငြိမ်းချမ်း ငြိမ်သက်မှုနှင့် သုခတရားရရှိဖို့ ခင်ဗျားရဲ့ အစစ်အမှန်ကို ပြန်လည်ရှာဖွေယူခဲ့ပါ။

■



အမှုမှာ ကျည်တမျိုးကဲ့ မျက်နှာထုံး ထင်သေဝင်ဖို့တယ်၊ စိတ်ဆူးပျော့ပဲ့ အမျိုးပေါ်ပါ ယစ်တင်နိုင်ရှိတယ်၊ နရသိနဲ့အမျိုးအမျိုး ကဏ်သမ်း ကို မိုင်ပီး ကျည်ဆောက်နိုင်တယ်။ ဒါပေမဲ့ "ယည်ရှိမှု" ကတော့ တစ်မျိုးပဲ ရှိတယ်၊ "တည်ရှိမှု" ဟာ အပျော်ထုတ်ကာ အကောင်းဆုံးသော်မှ ထွက ခင်ဗျားကို စိတ်ကူး ဆိပ်ပက်ထဲက ရုန်းထွက်နိုင်ဖို့ သယ်ပြီးခဲ့တယ်။

Osho





## အိုရှိုးပြောတဲ့ ဦးနှောက်ရဲ့ လောဘ

ဦးနှောက်က တစ်အပျှောက်လုံးပဲ ရမလေလိုလေ အိုဘာရွှေ။ ဦးနှောက်ဆိုတာ သူတောင်းစားနဲ့ အတော်တူတယ်။ ကျွန်တော် ခင်ဗျားတို့ကို ရှေးဟောင်းပုံပြင်တစ်ပုဒ် ပြောပြမယ်။ တစ်ခါတုန်းက သူတောင်းစားကြီး တစ်ယောက်ဟာ အမှားမှား အယွင်းယွင်းနဲ့ ဘုရင့်စံအိမ်တော်ရဲ့ တံခါးကိုမှ သွားခေါက်မိလျက်သား ဖြစ်တယ်။ ဖြစ်ချင်တော့ ဘုရင်ကလည်း ပန်းခြံထဲမှာ ဆင်းပြီး လမ်းလျှောက်နေတဲ့ အချိန်၊ သူတောင်းစားနဲ့ ဘုရင် ပက်ပင်းတိုးကြတဲ့အခါ သူတောင်းစားကြီးက စပြောတယ်။

"ကြည့်ရတာ ... ဒီကနေ့တော့ ခင်ဗျားအလှူနိုက်ကောင်းတဲ့နေ့ပဲဗျ"

"ခင်ဗျားကံကောင်းတာလား။ ကျွန်တော် ကံကောင်းတာလား"

လို့ ဘုရင်က ပြန်မေးတော့ "မိုးမချုပ်ခင်သိရမှာပေါ့ဗျာ။ ကျုပ်က သူတောင်းစားဆိုတော့ တစ်ခုပဲ တောင်းဆိုချင်တယ်။ ကျုပ်ရဲ့ ခွက်ထဲကို ဘာပဲဖြစ်ဖြစ် ပြည့်ပြည့်ဝဝ ထည့်ပေးနိုင်မလား။"

ဒီဖုန်းတောင်း ယာစကာဟာ သာမန်တော့ မဟုတ်ဘူး၊ သူ့မျက်လုံး အစုံဟာ လျှို့ဝှက်ဆန်းကြယ်သူနဲ့ တူနေတယ်။ သူ့ စကားပြောပုံကလည်း သူတောင်းစားနဲ့ မတူဘူး။ သူ့ကိုယ်ပေါ်မှာ မြင်သာတာမရှိတဲ့ သြဇာအရှိန်

အပေါ် တစ်မျိုး ရှိနေတယ်လို့ တစ်ဖက်သားကို လှမ်းနိုးခံစားစေတယ်။ ဒါကြောင့် ဘုရင်ကြီးက သူဖုန်းစားရဲ့ခွက်ထဲ ရွှေဒင်္ဂါးပြည့်သည်ထိ ပေးဖို့ မှူးမတ်တွေကို အမိန့်ပေးလိုက်တယ်။ သူဖုန်းစား ရောက်နေတဲ့ နေရာဟာ ဘုရင့် စံအိမ်ဆိုတာ သိသွားအောင်နဲ့ ကံထူးသူ ဖောင်ရှင်ဖြစ်အောင် လုပ်လိုက်တာပါ။

ဒါပေမဲ့ သူတောင်းစားက ရယ်လိုက်တယ်။

"ဘာဖြစ်လို့ ရယ်တာလဲ" လို့ ဘုရင်ကမေးတော့ ယာစကာ ပြန်ပြောတာက...

**"မိုးမချုပ်ခင် သိရမှာပေါ့ဗျာ"**

သူ့ရဲ့ ပြုမူချက်တွေက တစ်မူထူးနေပေမယ့် ဆွဲဆောင်မှုတော့ အပြည့်ရှိတယ်။ သူဟာ ဥပဓိရုပ် အလွန်ကောင်းသူ တစ်ဦးပါ။ ပွဲသဘင်နာက စလာပါပြီ။ အမတ်ကြီးက ရွှေဒင်္ဂါးအိတ် တစ်အိတ် ယူလာပြီး သူဖုန်းစားရဲ့ ခွက်ထဲ အပြည့်အဝထည့်ပေးခဲ့ပေမယ့် အားလုံးဟာ ရုတ်ခြည်းဆိုသလို ပျောက်ကွယ်သွားကြပြီး၊ ခွက်ထဲမှာ ဗလာပဲ ဖြစ်တယ်။ ဒါနဲ့ အကော်ကြီးက ပိုများတဲ့ ရွှေဒင်္ဂါးတွေ တစ်ခါပြီးတစ်ခါ ထပ်ထပ်ယူလာကြတယ်။ နောက်ဆုံး ရွှေတိုက်ထဲက ရွှေဒင်္ဂါးတွေ အကုန်လုံး ယူလာလိုက်တယ်၊ ဒါပေမဲ့လည်း အားလုံး ပျောက်ဆုံးသွားကြပြန်တယ်။

ဒီထူးဆန်းတဲ့ သတင်းဟာ တောမီးပမာ ပျံ့နှံ့ပြီး တစ်မြို့လုံးက လူတွေ ရုံးရောက်ရှိပြီး ငိုင်းကြည့်နေကြတယ်၊ **"မထူးတော့ဘူး၊ စိန်ကြောင်နီလာ ကျောက်သံပတ္တမြား အားလုံးယူလာ၊ ယာစကာရဲ့ ခွက်ထဲ ပြည့်အောင်သာ ထည့်ပေးလိုက်"** လို့ ဘုရင်ကပြောတယ်။

ပစ္စည်းမှန်သမျှဟာ ဒီခွက်ထဲမှာပဲ ပျောက်ဆုံးသွားကြပြီး၊ ခွက်ထဲမှာတော့ ဗလာနတ္ထိပဲဖြစ်တယ်။ ဘုရင်ကြီးဟာ အရာအားလုံး ဆုံးရှုံးသွားခဲ့ပါပြီ၊ ညဟာလည်း ရောက်လုနီးလာပြီ ဖြစ်တယ်။ မြို့တော်ရဲ့ တစ်နေ့တာလုံးဟာ ဂနာမငြိမ်နဲ့ စိတ်တွေ လှုပ်လှုပ် ရှားရှား ဖြစ်နေကြတယ်၊ ဘုရင်ကြီးကလည်း ခေါင်းမာသူ ဖြစ်တယ်။ ဒါပေမဲ့ အမှုတော့ မဖြစ်တော့ဘူး။ သူ့မှာ ဘာမှ ထပ်ပေးစရာလည်း မရှိတော့ဘူး၊ နောက်ဆုံး သူတောင်းစားကို





အလျှော့ပေးလိုက်ပြီး ဒီခွက်ရဲ့ လျှို့ဝှက်ချက်ကို မေးတယ်။

**"ဒီခွက်မှာ မှော်ပညာ ရှိသလား။ အခုတော့ မိုးလည်းချုပ်သွားပါပြီ။ သင် ကျွန်ုပ်ကို တစ်လျှောက်လုံးပြောခဲ့တယ် မဟုတ်လား။ နေမဝင်ခင် သိရမယ်ဆိုတာ။ အချိန်ရောက်ပါပြီ။ အရာ အားလုံးလည်း ရှင်းလင်းသွားပါပြီ။ ကျွန်ုပ် သူတောင်းစား တစ်ယောက်ရဲ့ အနိုင်ယူခြင်းကို ခံလိုက်ရပြီ ဖြစ်တယ်။ ဒါပေမဲ့ သင်ဟာ သာမန် သူဖုန်းစားတစ်ဦး မဟုတ်ပါ။ ကျွန်ုပ်သိချင်တာကတော့ သင့်ခွက်ရဲ့ လျှို့ဝှက်ချက်ဟာ ဘာလဲဆိုတာပဲ ဖြစ်တယ်"**

သူဖုန်းစားက ပြန်ဖြေတယ်။

**"အရှင်မင်းကြီး ... ဒါဟာ ဘာလျှို့ဝှက်ချက်မှ မဟုတ်ပါဘူး။ လူတိုင်းသိနိုင်တဲ့အရာသာ ဖြစ်တယ်။ ဒီခွက်ကို သေသေချာချာ ကြည့်စမ်းပါ။ ဒါဟာ လူ့ ဦးခေါင်းအရိုးခွံနဲ့ လုပ်ထားတဲ့ ခွက်သာဖြစ်တယ်"**

သူ့စကားကို ဘုရင်ကြီးက ကြားတော့ ....

**"ကျွန်ုပ် သဘောမပေါက်ဘူး"** လို့ ပြန်ပြောလိုက်တယ်။

ဒါကို သဘောပေါက်သူလည်း မရှိပါဘူး။ လူ့ ဦးခေါင်းအရိုးခွံထဲမှာ ဦးနှောက်ရှိတယ်။ ဦးနှောက်ထဲကို ပစ္စည်းပေါင်း အနန္တ ခင်ဗျား အဆက်မပြတ် ပစ်သွင်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲ့ဒီ ပစ္စည်းမှားလုံး ပျောက်ဆုံးသွားခဲ့ကြပြီး၊ အမြဲလိုပင် ပိုများတဲ့ ပစ္စည်းတွေကို ထပ်လိုချင်နေတယ်။ အမြဲတမ်း သူတောင်းစားတစ်ယောက်ပဲ ဖြစ်နေရတယ်။ ဒါကို ခင်ဗျား ဘယ်လိုမှ ပြောင်းမရနိုင်ပါဘူး။ ခင်ဗျားအနေနဲ့ သူ့အပေါ် နားလည် သဘောပေါက်ရုံပဲ ရှိမယ်။ ဒီနောက်မှာတော့ ခင်ဗျား သူ့ဆီက ရုန်းထွက်ရမှာပဲ။

ခင်ဗျားရဲ့ အခြေအနေကလည်း ဒီအတိုင်းပါပဲ၊ အကယ်၍ ခင်ဗျားက ဦးနှောက်ကို နာခံရင် ဆန္ဒတွေဟာ ဘယ်တော့မှ မပြည့်တော့ပါဘူး။ အကယ်လို့ ခင်ဗျားသာ ဦးနှောက်ကို မနာခံဘူးဆိုရင်တော့ အဲ့ဒီတခဏမှာပဲ ခင်ဗျားရဲ့ အာသီသတွေ ပြည့်ဝသွားမှာပါ။ သနားစရာကောင်းတဲ့ ဦးနှောက်ရဲ့ ဒီအခြေအနေ ထဲမှာပဲ ခင်ဗျားရွေးချယ်ရမှာ ဖြစ်တယ်။ ဘာကြောင့်လဲ

ဆိုတော့ ဦးနှောက်ဟာ သနားစရာကောင်းတဲ့ အခြေအနေကို ထာဝရ ထိန်းသိမ်း ထားလို့ပဲ ဖြစ်တယ်။ လိုချင်တပ်မက်မှုတွေ များသထက် များနေတဲ့ အာလယရမ္မက်တွေ ဘယ်တော့မှ ရပ်တန့်သွားမှာ မဟုတ်ဘူး။

ကျွန်တော့်မှာ အလွန်ချမ်းသာ ကြွယ်ဝတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ ဒါပေမဲ့ သူ ငယ်စဉ်က အတော်ကို ဆင်းရဲတယ်။ သူ ဆင်းရဲသား ဘဝမှာပဲ ကျွန်တော်ကို သူငယ်ချင်းဖြစ်ခဲ့ကြတာပါ။ ဒီနောက်မှာတော့ အိန္ဒိယနိုင်ငံရဲ့ အချမ်းသာဆုံး အိမ်တစ်အိမ်က သူတို့မှာ ကလေးမရှိလို့ သူ့ကို မွေးစား လိုက်ကြတယ်။ ရုတ်ခြည်းဆိုသလိုပဲ သူဟာ အချမ်းသာဆုံး လူ တစ်ယောက်ဖြစ်သွားခဲ့တယ်။ သူ့အနေနဲ့ အပျော်ရွှင်ဆုံး လူတစ်ယောက် အဖြစ် ခံစားသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ဆယ်သက်လောက် အလုပ်လုပ် တာတောင်မှ ဒီလောက်များတဲ့ငွေ မရနိုင်ဘူး။ မမျှော်လင့်တဲ့ ခဏအတွင်းမှာ ဘာမှ မလုပ်လိုက်ရဘဲ အရာအားလုံးကို ပိုင်ဆိုင်ခဲ့တယ်။ ဒါပေမဲ့ သူ မပျော်ပိုက်ဘူး။ ပိုများတာတွေ ထပ်လိုချင်နေသေးတာပဲ။ ငွေရှိရုံနဲ့ မပြီးသေးဘူး။ သူက ကြီးမြတ်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ချင်သေးတယ်။ ဒီငွေတွေနဲ့ ရွေးကောက်ပွဲမှာ အနိုင်ရအောင်လုပ်ပြီး၊ လွှတ်တော်အမတ် ဖြစ်အောင်လုပ်တယ်။ ဒါနဲ့လည်း မပြည့်စုံသေးပါဘူး။ ပိုများတာကို လိုချင်သေးတာပဲ။ သူ အစိုးရအဖွဲ့ ဝန်ကြီးဖြစ်ချင်ပြန်တယ်။ ငွေအလုံးအရင်း သုံးပြီး ဒုတိယ ဝန်ကြီးတစ်နေရာစာ ရအောင် ကြံဖန် လုပ်လိုက်ပြန်တယ်။ ဒါပေမဲ့ ဒါလည်း မပြည့်စုံသေးပါဘူး။ သူက ကျွန်တော့်ကို ပြောတယ်။

"ငါ ဝန်ကြီးဖြစ်ချင်တယ်ကွာ" တဲ့။ ကျွန်တော်က သူ့ကို ပြန် မေးလိုက်တယ်။

"အဲဒီလိုဖြစ်ရင် မင်းကျေနပ်ပြည့်စုံပြီလား" ဆိုတော့ ...

"ရပြီလို့ ထင်တာပဲ"

"အခုတော့ မင်းက ရပြီလို့ပြောတာပဲ။ ဒါပေမဲ့ ဝန်ကြီးလည်း ဖြစ်သွားရော မင်းဒီလို စဉ်းစားမှာ မဟုတ်ပြန်ဘူး" လို့ ကျွန်တော်က ပြောလိုက်တယ်။ သူ ကက်ဘိနက်အဖွဲ့ဝင်ဖြစ်ပြီး ကြာခင်မှာပဲ





ကျွန်တော့်ကို လာတွေ့တယ်။ တွေ့တာနဲ့

"မင်း ပြောတာတော့ မှန်နေပြီဟေ့။ ငါကက်ဘိနက်အဖွဲ့ဝင် ဖြစ်တဲ့နေ့ကစပြီး ဦးနှောက်က ငါ့ကို ပြောနေတယ်။ မင်းကက်ဘိနက် အဖွဲ့ဝင်တောင် ဖြစ်နေပြီ။ ဝန်ကြီးချုပ်ဖြစ်ဖို့ သိပ်မှ မဝေးတော့တာ၊ ရှေ့ နည်းနည်းတိုးလိုက်ရုံနဲ့ ဝန်ကြီးချုပ် ဖြစ်နိုင်တာပဲ" တဲ့။

ဒါကြောင့် ငါ အခုစိတ်လှုပ်ရှားမှုတွေ အရမ်းခံစားနေရတယ်။ သောက တွေကလည်း အများကြီး၊ ညဘက် အိပ်မပျော်တာကြာပြီ။ ဘာ ရသ ကိုမှ ခံစားလို့မရဘူး။ ထမင်းစားနေတဲ့ အခါမှာတောင် နိုင်ငံရေး အကြောင်း စဉ်းစားနေမိတယ်။ ကုန်ကုန်ပြောမယ်။ ဇနီးသည်နဲ့ ချစ်တင်း နှောနေတဲ့ အခါမှာလည်း ငါ ဘယ်လိုလုပ်ရင် ဝန်ကြီးချုပ်ဖြစ်မလဲဆိုတာ တွေးတော နေမိပြန်တယ်။ အကုန်လုံးတော့ ရှုပ်ကုန်ပြီ။ ဦးနှောက်ငြိမ်တဲ့ နည်းလေး ငါ့ကို ကူရှာပေးပါဦးကွာ။ ဒီတော့ ကျွန်တော်က ပြန်ပြောလိုက် တယ်။

"တကယ်လို့ မင်း ဦးနှောက်ရဲ့ စကားကိုသာ ဆက်ပြီး နားထောင် နေမယ်ဆိုရင် ဘယ်လို အေးချမ်း ငြိမ်သက်မှုမျိုးကိုမှ ရမှာမဟုတ်ဘူး။ မင်း အမှန်တကယ် အေးချမ်း ငြိမ်သက်ချင်တယ်ဆိုရင်တော့ ဦးနှောက်ရဲ့ အမိန့်ပေးမှုကို နားထောင်မနေနဲ့။ ဦးနှောက်စကားကို နားထောင်ပြီး ရလာတဲ့ အရာတွေကို စွန့်ပစ်လိုက်ပါ"

မင်း ဆင်းရဲသား ဘဝတုန်းက ပျော်ရွှင်မှုအတိ ရှိခဲ့သားပဲ။ မင်းမှာ ဘာမှ မရှိဘူး။ ဒါပေမဲ့ အလွန်လှပတဲ့ ဘဝတော့ တည်ရှိခဲ့တယ် မဟုတ် လား။ ငါပြောတာက မင်းရဲ့ပိုက်ဆံတွေကို လွှင့်ပစ်ဖို့ပြောတာ မဟုတ်ဘူး။ မင်းရဲ့ ဦးနှောက်က မင်းကိုယပ်ပြီး ခြယ်လှယ်စိုးမိုးတာတွေ မလုပ်စေနဲ့လို့ ပြောတာပါ။ ဒါဆိုရင် မင်းဘယ်နေရာမှာပဲ ရောက်နေ ရောက်နေ ငြိမ်းချမ်း တဲ့ ခံစားမှုကို ရမှာသေချာပါတယ်။ အကယ်လို့ ဦးနှောက်ကသာ ဆက်ပြီး ခြယ်လှယ်နေဦးမယ်ဆိုရင် မင်းကောင်းကင်ဘုံကို ရောက်နေရင်တောင်မှ သူက ပြောဦးမှာ ...။

"ဒါလားဟေ့ ... ကောင်းကင်ဘုံ"

ဒီထက်ကောင်းတာတွေ ရှိသင့်တာပေါ့။ အိမ်တွေကလည်း ဟောင်းဟောင်း နွမ်းနွမ်းနဲ့ လူတကာသုံးတဲ့အိမ်တွေ ဖြစ်နေပြီ။ ကမ္ဘာဦးကတည်းက ဆောက်ခဲ့တာဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့။ ကောင်းကင်ဘုံသားတွေကို ကြည့်ရတာ ရင်နင့်ဖွယ်ဝမ်းနည်းမှုမျိုးနဲ့ မျက်နှာပိုး ခပ်သေသေ ကည်ကြည်မှုမျိုးတော့ ရှိတယ်။ သူဟိုကလည်း ကမ္ဘာဦးကတည်းက ဒီမှာ ရှိနေတာဆိုတော့ သူ့ကိုယ်ပေါ်မှာ အဟောင်းတွေက ထပ်နေပြီ။ ဖုန်မှုန့်တွေ အလိမ်းလိမ်းနဲ့၊ ဒီမှာက ဘာမှ လုပ်စရာမရှိဘူး။ သူတို့မှာ ကြည်ညိုလေးစားမှုတွေ ပျောက်ဆုံးနေတယ်။ သူတို့ကောင်းကင်ဘုံကို ရောက်ကတည်းက လူသားရဲ့ သဘော သဘာဝတွေလည်း ပျောက်ပြယ်သွားတယ်။ သူတို့ ရယ်မောလို့လည်း မရတော့ဘူး။ ရယ်အားသံကို ကောင်းကင်ဘုံက တားမြစ်ထားတယ်။ ခင်ဗျားသိလား ဟာသကို ဘာသာတရားရဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်တယ်လို့ ဘယ်ကျမ်းဂန်မှ မပြောဘူး။ ကျွန်တော်က လွဲရင် ဘယ်တစ်ယောက်ကမှ **ဟာသ** ကို ဘာသာတရားရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်ခံမှာမဟုတ်ဘူး။ မှင်သေသေ၊ ခက်ထန်ထန် ဖြစ်နေတဲ့ မိုးနတ်မင်းတွေ ကောင်းကင်ဘုံမှာ ဘာများ လုပ်နိုင်မလဲဆိုတာ ခင်ဗျားတွေးကြည့်စမ်းပါ။ သူတို့ချစ်လို့လည်း မရဘူး။ ပိုက်ဆံခွဲလို့လည်း မရဘူး။ ဘောလုံးပွဲ မလုပ်ရဘူး။ တီဗီကြည့်ခွင့် မရှိဘူး။ ဒါက မိုးနတ်မင်းလုပ်တဲ့ အလုပ်မှ မဟုတ်တာ။ လက်ဖက်ရည်လေးတစ်ခွက် ဒါမှမဟုတ် ကော်ဖီလေးတစ်ခွက် မိမိနဲ့ဘောက်ကြီး အနားယူတဲ့အချိန်လေးကောင်း မရှိဘူး။ ဒါပေမဲ့ တကယ်က လုံးဝကို လုပ်စရာ အလုပ်မှမရှိတာ။ သူတို့ ဒီလိုပဲ နေလည်အား၊ ညလည်းအားနဲ့ ကမ္ဘာမြေကို ပြန်မျှော်တဲ့စိတ်တွေ ပေါ်နေမှာ သေချာတယ်။

လူပြည်ကို ပြန်ရင် အနည်းဆုံးတော့ အကိုးကွယ်ခံရမှာပဲ။ ဒီမှာက သူဟိုကို ဘယ်သူကမှ မကိုးကွယ်ဘူး။ ဘာကြောင့်လဲဆိုတော့ အားလုံးက မိုးနတ်မင်းတွေချည်း ဖြစ်နေလို့။ တကယ်တမ်းကျတော့လည်း ကောင်းကင်ဘုံက ပြန်လာနိုင်တဲ့ သူဆိုတာ မရှိပါဘူး။ ကောင်းကင်ဘုံဆိုတာ ဝင်ပေါက်ပဲ ရှိတယ်။ ထွက်ပေါက် မရှိဘူး။ ဒါကြောင့် ကောင်းကင်ဘုံကို





မသွားခင် အကြိမ်ကြိမ်တော့ စဉ်းစား သင့်တယ်။ ဆုံးဖြတ်ပြီးရင်တော့ ပြန်ပြင်လို့မရဘူး။ ကိုယ့်ကိုယ်ကို မြှုပ်နှံလိုက်တာနဲ့ တူတယ်။ ဒါပေမဲ့ ဦးနှောက်ကတော့ ပြောမှာသေချာတယ်။

**"ဒါ .. ကောင်းကင်ဘုံ ဟုတ်မယ်မထင်ဘူး။ ပြန်စစ်ကြည့်ပြီး ကောင်းကင်ဘုံအစစ်ကို လိုက်ရှာစမ်းပါ။ ဒီကောင်းကင်ဘုံက အတုနဲ့ တူတယ်။ မိစ္ဆာတွေကများ နောက်ကွယ်ကနေ အတုအယောင်ဖန်တီးထားတာလား။ အခုတော့ ကောင်းကင်ဘုံဆိုတာက ဟာသကြီးလို ဖြစ်နေတယ်"**

ဘယ်လို ကောင်းကင်ဘုံကို ရောက်နေဦးတော့ ခင်ဗျားရဲ့ ဦးနှောက်က ခင်ဗျားကို မငြိမ်းချမ်းအောင် လုပ်နေမှာပဲ။ ဘာကြောင့်လဲဆိုတော့ ငြိမ်သက်မှုနဲ့ ဦးနှောက်ဆိုတာ မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်တယ်။ အမေရိကန်က နာမည်ကြီး စာရေးဆရာ ဂျို(စ်)ဟွာလိုင်(ဘ်)မင်း **(Jos hua liebman)** က **"ဦးနှောက်ရဲ့ ငြိမ်သက်မှု"** ဆိုတဲ့ စာအုပ်တစ်အုပ် ရေးတယ်။ အတွေ့နဲ့ရောင်းကောင်းတဲ့စာအုပ်ပါ၊ ဒါပေမဲ့ ကျွန်တော် သူ့ဆီကို ဝေဖန်စာ တစ်စောင် ရေးပို့လိုက်တယ်။

**"ခင်ဗျားရဲ့ ဦးနှောက်အပေါ် နားလည်မှု အားလုံးဟာ ကျွန်တော် အထင်တော့ အမှိုက်သာသာပဲ။"** တကယ်တော့ **"ဦးနှောက်ရဲ့ ငြိမ်သက်မှု"** ဆိုတာကို ခင်ဗျားကောင်းကောင်း မသိဘူး။ ဒီခေါင်းစဉ်ကိုယ်၌က အပြန်အလှန် ဝိရောဓိတွေနဲ့၊ ပြီးတော့ ဒါက ခင်ဗျားစာအုပ်ရဲ့ အမည်နာမ ဖြစ်နေပြန်တယ်။ အမှန်တော့ ဒီစာအုပ်နာမည်ကို **"ဦးနှောက် သို့မဟုတ် ငြိမ်သက်မှု"** လို့ ပေးသင့်တယ်။ သေချာတာကတော့ ကျွန်တော့် ဝေဖန်စာကို သူ ကြိုက်ပုံမရဘူး။ ကျွန်တော့်ဆီ ဘာစာမှ မပြန်ဘူး။ ဒါနဲ့ ကျွန်တော် နောက်တစ်စောင် ထပ်ရေးပြီး သူ့ဆီကို ပို့လိုက်ပြန်တယ်။

**"ဆရာလိုင်(ဘ်)မင်း၊ ခင်ဗျားအနေနဲ့ ဒီလောက်သဘောထား မသေးသင့်ဘူး။ ခင်ဗျားရဲ့စာအုပ်အမည်ကို ပြောင်းရင်လည်း ပြောင်း၊ ဒါမှမဟုတ်ရင်လည်း ကျွန်တော့်ကို အကျိုးအကြောင်းတော့ ရှင်းပြပါ"**

ကျွန်တော် ဒီလိုရေးပို့လိုက်ပေမယ့်လည်း ဆရာလိုင်း(ဘ်)မင်းကတော့ စာအုပ်အမည်မပြောင်းသလို ကျွန်တော့်ကိုလည်း ဘာဖြေရှင်းချက်မှ

မပေးခဲ့ပါဘူး။ ကျွန်တော့် တောင်းဆိုမှုက အလွန်ရိုးရှင်းပါတယ်။ ဦးနှောက်ရဲ့ ငြိမ်သက်မှု၊ ဒါမျိုးက တကယ်မတည်ရှိပါဘူး။ ငြိမ်သက်မှုချည်း သက်သက် ဆိုရင်တော့ ဦးနှောက်မရှိနိုင်ပါဘူး။ ဒါမှမဟုတ် ဦးနှောက်ရှိနေရင်တော့ ပကတိငြိမ်သက်မှုဆိုတာ မဖြစ်နိုင်ပါဘူး။ ပြည့်စုံမှန်ကန်တဲ့ စာအုပ်ရဲ့ အမည်က **ဦးနှောက် သို့မဟုတ် ငြိမ်သက်မှု** ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ လိုင် (ဘ်)မင်းက မပြောင်းနိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ ဒီအမည်က စာအုပ်တစ်အုပ်လုံးရဲ့ အသက်ဖြစ်နေလို့ပါ။ **"ဦးနှောက်ရဲ့ ငြိမ်သက်မှု"** ဒါကို ဘယ်လိုနည်းနဲ့ ရနိုင်တယ်ဆိုတာ သူ့အနေနဲ့ စာဖတ်ပရိသတ်ကို ပြောပြရတော့မယ်။ အကယ်လို့ စာအုပ်အမည်ကို ပြောင်းလိုက်တယ် ဆိုရင်လည်း စာအုပ်ရဲ့အတွင်းသဘောနဲ့ ခေါင်းစဉ်က မညီတော့ဘူး ဖြစ်ပြန်တယ်။ သူ အသစ်ပြန်ရေးရမယ်။ သို့ပေမဲ့ ဘယ်နည်းနဲ့မှ သူ မရေးနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဦးနှောက် အကြောင်းကို သူ ကောင်းကောင်းမှ မသိတာ။ အရာအားလုံးကို အပူတပြင်းနဲ့ ဗျာပါဒတွေ များတဲ့ ဖိစီးမှုမှာ အခြေခံရတာ ဆိုတော့ ဘယ့်နှယ်လုပ် ငြိမ်သက်နိုင်မလဲ။ မဖြစ်နိုင်တာပဲ။

ဒါဟာ နှစ်ပေါင်းထောင်ချီကြာတဲ့ အရှေ့တိုင်းရဲ့ ပျော့ပျောင်းပါးနပ်မှု အပေါ်ကနေ လက်တွေ့ စမ်းသပ်ရရှိထားတဲ့ အသိအမှတ် အဖိုးအညွှန့်တွေပဲ ဖြစ်ပါတယ်။ ဦးနှောက် သို့မဟုတ် ငြိမ်သက်မှု တစ်ခုခုကို ရွေးချယ်နိုင်ခွင့်ဟာ ခင်ဗျားလက်ထဲမှာပဲ ဖြစ်တယ်။ ငြိမ်သက်မှုဆိုတာ အလွန်ကို ရိုးရှင်းပါတယ်။ သာမန်လွယ်ကူတဲ့ အခြင်းအရာတစ်ခုအဖြစ် ခင်ဗျား ကိုယ်တွေ့ ခံစားလေ့လာကြည့်နေခဲ့ပါ။ သို့ပေမဲ့ ဦးနှောက်ကတော့ နံဘေးကနေ အဆက်မပြတ် တရစပ် ဝေဖန်ချက်တွေ ပေးနေဦးမှာပဲ။ **"သေချာတာကတော့ ပိုကောင်းတာတွေပဲ ဖြစ်မယ်။ မရပ်လိုက်နဲ့၊ ဆက်ပြီးတော့သာ လိုက်သွား။ ဆက်ပြီးရှာဖွေပါ"**

တစ်ခါတစ်ရံမှာ ခင်ဗျားရဲ့ ဦးနှောက်ကို မလွဲမသွေ ပြောရမှာက **"မင်းပါးစပ် ပိတ်ထားစမ်း"** ဒါ ခင်ဗျားရဲ့ ဦးနှောက်ဖြစ်လို့ ခင်ဗျားမှာ အဲဒီလို လုံးဝ ပြောပိုင်ခွင့်ရှိပါတယ်။ **"ဟိုဟာ...ဒီဟာ ဘာဘာ ညာညာ၊**





**များတာ၊ ပိုများတာ၊ အလွန်အကျွံများတာ"** စတဲ့ တောင်းဆို ရေမရ စကားတွေ ခင်ဗျားကို လှောက်ပြောလိမ့်မယ်။ စိတ်ဝင်စားစရာ မရှိဘူး။ ခင်ဗျား ပိုင်ဆိုင်ထားတဲ့ အရာအားလုံးကို ခင်ဗျား ခံစား စံစား နိုင်ပါတယ်။ ခင်ဗျားက ဦးနှောက်ကို ပိုပြီး ခံစား စံစားလေလေ ဦးနှောက်ကလည်း ပိုပြီး ကြီးထွား လာလေလေပေါ့ပဲ။ အဲဒါကိုက ဦးနှောက်ရဲ့ ဟုတ်သယောင် ယောင် အားကောင်းချက်ပါ။ ဦးနှောက်ကတော့ ပိုပိုပြီး လိုချင်တဲ့ လောဘ ရမ္မက်တွေ ရှိနေတယ်။ ဒီကိစ္စက ကြာတော့ ပိုပြီး ဖိုးရိမ် ပူပန်စရာအဖြစ် ပြောင်းလဲ သွားတော့တာပဲ။


ဦးနှောက်သာ မရှိခဲ့ဘူးဆိုရင် ခင်ဗျားဟာ ငြိမ်သက်မှုထဲမှာ အချိန်နဲ့ တိုက်ဆိုက် အေးအေးချမ်းချမ်း ရှင်သန်နိုင်ပါတယ်။ ဒါပေမယ့် ခင်ဗျား ဒီလို ဘဝမျိုးကို ဖြတ်သန်း နေခဲ့မှာပဲ ဒါတွေက တဖြည်းဖြည်းနဲ့ ပိုများတဲ့ ဘက်ဆီ ပြောင်းလဲ လာတယ်။ ပိုပြီးနက်ရှိုင်းလာတယ်။ တစ်စတစ်စနဲ့ ခင်ဗျားရဲ့ ပျော်ရွှင်မှုဟာ ပျံ့သန်းဖို့ တောင်ပံတစ်စုံ ရလာပြန်တယ်။ အဲဒီကစတော့တာပဲ။ အချမ်းသာ အကြွယ်ဝဆုံးနဲ့ နန္ဒဝန်ဘာ၊ သုခဘုံကိုရဖို့ အကောင်းပတ္တနာတွေ ပြုကြရတော့မယ်။ ။

■

မင်း ဆင်းရဲသား ဘဝကနေ ချမ်းသာကြွယ်ဝလာခဲ့ ရှိခဲ့သလဲ။ မင်းမှာ ဘာမှ မရှိဘူး။ ဒီထက်ပဲ အလုပ်လုပ်တဲ့ ဘဝလောက် မည်သို့ရှိနိုင်မည် မဟုတ်သလား။ ငွေကြေးတွေက မင်းရဲ့ကိုယ်ခံစားမှုကို လွှမ်းမိုးနေကြတာ မဟုတ်ဘူး။ မင်းရဲ့ ဦးနှောက်က မင်းကိုထိန်းပြီး ခြယ်လှယ် ခိုင်းစေထားတော့ မကျေမနပ်ဖြစ်နေတာပဲ။ ဒါဆိုရင် မင်း ဘယ်နေရာမှာပဲ ရောက်နေ ရောက်နေ ငြိမ်းချမ်းတဲ့ ခံစားမှုကို ရှာတွေ့ရမှာပါ။ အကယ်၍ ဦးနှောက်ကသာ ဆက်ပြီး ခြယ်လှယ်နေဦးမယ်ဆိုရင် မင်း ကောင်းကင်ဘုံကို ရောက်နေ ရင်တောင်မှ သူက ပြောဦးမှာ...

✧

ဘာကြောင့်လဲ ဆိုတော့ ငြိမ်းချမ်းမှုနဲ့ ဦးနှောက်ဆိုတာ မျဉ်းပြိုင်နှစ်ကြောင်း ဖြစ်တယ်။




အိုရှိုး၏ တရားရိပ်သာ
Everyday Meditation at **OSHODHAM**



## အိုရှိုးပြောတဲ့ အတ္တ လမ်းခွဲ

မွေးကင်းစ ကလေးတစ်ယောက်မှာ အတ္တ ဗဟိုပြုစိတ် ဆိုတာ မရှိဘူး။ မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ၉ လကြာကြာ နေခဲ့တော့၊ မိခင်ရဲ့ ဗဟိုပြုစိတ်ကို ကလေးရဲ့မတ္တကိုင်းအဖြစ် သဘောထားပြီး ကြီးပြင်းလာခဲ့ကြတယ်။ ဒီအချိန်မှာတော့ ကလေးဟာ သီးခြားမဟုတ်သေးဘူး။ နောက်ပိုင်း ကလေး ဖွားမြင်လာတဲ့အခါမှာ ကိုယ်ပိုင် သီးခြားဗဟိုပြုချက်ရှိ တယ်လို့ ယူဆလာတယ်။ ဒါဟာ လက်တွေ့ဘဝရဲ့ မှုချသဘောဆောင်မှု ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် တည်ရှိဖို့တောင် မဖြစ်နိုင်တဲ့အထိ အသက် ဟာ အလွန်တရာ ခက်ခဲတဲ့ အခြေအနေထိ ရောက်ရှိသွားနိုင်ပါတယ်။ လူတိုင်းဟာ ရှင်သန်ရေးအတွက် အသက်ရဲ့ တိုက်ပွဲကြားမှာ ရုန်းကန်နေ ကြရတယ်။ သူတို့အားလုံး သိဖို့လိုအပ်တာကတော့ သူတို့ဟာ ဘယ်သူတွေ လဲ ဆိုတာပဲ ဖြစ်တယ်။ ဒါပေမဲ့ သဘောပေါက်သူ မရှိတာ ခက်တယ်။ တကယ်တော့ ခင်ဗျားလည်း ဒါကို မသိနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အနက်ရှိုင်းဆုံး အမြဲတောမှာ ခင်ဗျားဟာ လျှို့ဝှက်နက်နဲမှုတစ်ခု ဖြစ်နေတယ်။ ခင်ဗျား ဒါကို သဘောပေါက်နိုင်မှာ မဟုတ်ဘူး။ အနက်ရှိုင်းဆုံး အမြဲတော မှာ ခင်ဗျားဟာ တစ်သီးပုဂ္ဂလ မဟုတ်ပါဘူး။ ခင်ဗျားဟာ ကျယ်ပြောတဲ့ စကြာဝဠာဖြစ်တယ်။

အကယ်လို့ ခင်ဗျားက သူတော်စင်တစ်ပါးကို "အသျှင် ဘယ်သူလဲ" လို့ မေးရင် သူတော်စင်က ဆိတ်ဆိတ်နေခြင်းကို မပျက်မယွင်း ထိန်းသိမ်း ထားလိမ့်မယ်။ ပြန်မဖြေတဲ့ အကြောင်းရင်းက ပြန်ဖြေစရာ မရှိလို့ပဲ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူ ထပ်ပြီး သီးခြားခွဲထုတ် မြင်းကို မပြုတော့လို့ပါပဲ။ နေ့စဉ်ဘဝမှာ "ငါ" ဆိုတဲ့ စကားလုံးကို မသုံးမဖြစ် အသုံးပြုခဲ့ကြရတယ်။ အကယ်၍ သင် ရေဆာတယ်ဆိုရင် "ငါ့ကို ရေတစ်ခွက်ပေးပါ။ ငါ ရေဆာနေတယ်" ဒီနည်းနဲ့ "ငါ"ကို ဆက်လက် အသုံးပြုခဲ့ကြတယ်။ "ငါ"ဆိုတဲ့စကားလုံးဟာ တမင်ဖန်တီး ထားတဲ့ စကားလုံး ဖြစ်သော်ငြားလည်း သူဟာ အဓိပ္ပာယ်များစွာကို ဆောင်ကျဉ်း နိုင်ပါတယ်။ ဒီလိုပါပဲ တမင်ဖန်တီးထားတဲ့ အရာအားလုံး မှာလည်း အတွင်းသဘောတွေ ရှိနေကြပါတယ်။

ဥပမာပြောရရင် ခင်ဗျားမှာ အမည်နာမတစ်ခုရှိမယ်။ ဒါဟာ စိတ်ကူးနဲ့ ဖန်တီးထားတဲ့ အရာတစ်ခုသာ ဖြစ်တယ်။ ဒီကမ္ဘာကို ခင်ဗျား လာတုန်းက ဘာနာမည်မှ ပါမလာဘူး။ ကျော်စောထင်ရှားတဲ့ အမည်နာမ နဲ့ လူကမ္ဘာကို ရောက်လာဖို့ဆိုတာ သာလို့တောင် မဖြစ်နိုင်ပါဘူး။ အခု ခင်ဗျားရရှိထားတဲ့ အမည်နာမဆိုတာ သူများက ပေးထားတာဖြစ်တယ်။ ဒီနာမည်ကိုပဲ တစ်လျှောက်လုံး အဆက်မပြတ် အကြိမ်ကြိမ် အဖန်ဖန် အခေါ်ခံနေရတော့ ခင်ဗျားလည်း ဒါကို သဘောတူ နာခံနေရတယ်။ ဒါပေမဲ့ ဒါဟာ ဖန်တီးထားတဲ့ "ပညတ်" သဘောသာ ဖြစ်ပါတယ်။

ကျွန်ုပ်ဆိုတာ ဒါဟာ ဖန်တီး ထားတဲ့အရာ၊ "ပညတ်" သဘော ဆောင်တဲ့ ပစ္စည်းလို့သာ ပြောတာဖြစ်ပါတယ်။ ဒါကို မလိုအပ်တဲ့ အရာလို့ မပြောခဲ့ပါဘူး။ အမည်နာမဟာ မလွဲမသွေ လိုအပ်တဲ့ ဖန်တီးမှုပစ္စည်း ဖြစ်သလို၊ အသုံးဝင်မှု တန်ဖိုးလည်း ရှိပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့၊ ခင်ဗျားက အခြားသူကို ဘယ်လိုခေါ်ရမလဲဆိုတဲ့ ပြဿနာကြီးဖြစ်လာလိမ့် မယ်။ အကယ်လို့ ခင်ဗျားက တစ်စုံတစ်ယောက်ကို စာရေးပေးချင်တယ်။ ခင်ဗျား ဘယ်သူ့ကို ရေးပေးမှာလဲ ...။

ဒီနေရာမှာ ကျွန်တော် ခင်ဗျားတို့ကို အဖြစ်အပျက်ကလေး တစ်ခု





ပြောပြချင်ပါတယ်။ တစ်ခါတုန်းက လူငယ်ကလေး တစ်ယောက်က မိုးနတ်မင်းကြီးဆီ စာရေးပေးတယ်။ စာထဲမှာ သူ့အမေ နေမကောင်းတဲ့ အကြောင်း၊ ဖခင်ကလည်း သူငယ်စဉ်ကပင် ကွယ်လွန်သွားတဲ့အကြောင်း၊ သူတို့မိသားစုမှာ ဆင်းရဲလို့ ပိုက်ဆံမရှိတဲ့အကြောင်း၊ သူ့မိခင် ဆေးကုဖို့ ငွေလိုနေတယ်။ ဒါကြောင့် သူ့အနေနဲ့ မိုးနတ်မင်းထံမှာ ရူပီးငွေ ၅၀ လောက် တောင်းခံရတဲ့အကြောင်း ပြည့်ပြည့်စုံစုံ ရေးဖွဲ့ပြီး စာတိုက်ပုံးထဲ သွားထည့်လိုက်တယ်။ စာပို့ကိုက ဒီစာရောက်သွားတဲ့အခါမှာတော့ စာတိုက်ဝန်ထမ်းတွေ ဘာလုပ်ရမှန်းမသိ၊ ဒီစာကို ဘယ်ပို့ရမှန်းလည်း မသိအောင် ဖြစ်သွားတယ်။ စာအိတ်ပေါ်မှာက "မိုးနတ်မင်းထံပေးစာ" ဒါပဲ ရေးထားတယ်။ နောက်ဆုံး စာတိုက်ဝန်ထမ်းတွေက စာကိုဖောက်ပြီး ဖတ်လိုက်တော့ ဒီသူငယ်ကလေး အပေါ်မှာ အလွန်တရာ စာနာစိတ်တွေ ဖြစ်ပေါ်လာပြီး၊ သူတို့အားလုံး တစ်ယောက် နည်းနည်းစီ စုဆောင်းကူညီဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမဲ့ သူတို့အားလုံး စုဆောင်းမိတဲ့ ရူပီးငွေက ၄၀ ပဲ ရတယ်။ သူငယ်ကလေး လိုချင်တာက ရူပီး ၅၀၊ ဒီတော့ လိုငွေက ရူပီး ၁၀။ ဘယ်လိုပဲဖြစ်ဖြစ် သူငယ်လေးဆီကို ပို့ဖြစ်အောင် ပို့လိုက်ကြတယ်။ နောက်မကြာခင်မှာပဲ သူငယ်ကလေးထံက ဒုတိယစာတစ်စောင် ရောက်လာပြန်တယ်။ မိုးနတ်မင်းထံ အကြောင်းပြန်တဲ့စာ ဖြစ်နေတယ်။ စာထဲမှာ သူငယ်ကလေး ရေးထားတာက **"ချစ်လှစွာသော မိုးနတ်မင်းကြီး ခင်ဗျား၊ နောက်တစ်ကြိမ် ကျွန်တော့်ဆီကို ငွေပေးရင် တိုက်ရိုက်သာ ပို့လိုက်ပါ ကျေးဇူးပြု၍ စာတိုက်ကနေ မပို့ပါနဲ့၊ အကြောင်းကတော့ သူတို့ ကျွန်တော်ရဲ့ ရူပီး ၁၀ ကို ဖြတ်သုံးလိုက်လို့ ဖြစ်ပါတယ်"**။

တကယ်လို့သာ လူသားအားလုံးဟာ အမည်နာမ မရှိကြဘူးဆိုရင် အကောက်အကျပ်ရိုက်မယ့် ကိစ္စဖြစ်သွားနိုင်ပါတယ်။ စင်စစ်တော့ ဘယ်သူမှ မွေးရာပါအမည်နာမ မရှိကြပါဘူး။ သို့သော်လည်း ဒါဟာ အလွန်လှပတဲ့ တမင်ဖန်တီးမှုတစ်ခု ဖြစ်နေဆဲပါ။ သူတစ်ပါးက ခင်ဗျားကိုခေါ်ဖို့ အမည်နာမဟာ တကယ်ပဲ လိုအပ်ပါတယ်။ ခင်ဗျားက "ငါ" ဆိုတဲ့

စကားလုံးကို အသုံးပြုပြီး၊ ကိုယ့်ကိုယ်ကို ဖော်ကျူးအသုံးပြုနိုင်ပါတယ်။ သို့ပေမယ့် ဒါဟာ စိတ်ကူးနဲ့ တမင်ဖန်တီးမှု တစ်ခုသာ ဖြစ်တယ်။ တကယ်လို့ ခင်ဗျားဟာ မိမိကိုယ်ကို မိမိ နက်ရှိုင်းစွာ ပြန်ကြည့်မယ်ဆိုရင် အစည်းမှာမဟာ ဖေးမိုနိပျောက်ကွယ်သွားတာကို တွေ့ရှိရမှာဖြစ်ပြီး၊ “ငါ” ဆိုတဲ့ အယူအဆလည်း ပျောက်ပြယ်သွားမယ်။ ကျန်ရှိနေမှာက အကြွင်းမဲ့ သန့်စင်မှုနှင့် တည်ရှိခြင်း စကြဝဠာဖြစ်တယ်။

အဲဒီတည်ရှိမှု ဆိုတာဟာ သီးခြားခွဲထွက်နေတဲ့ အရာတော့ မဟုတ်ပါဘူး။ ခင်ဗျား မဟုတ်ရင် ကျွန်တော် အနန္တရုပ်ပစ္စည်းရဲ့ တည်ရှိမှုသာ ဖြစ်ပါတယ်။ ကမ်းပါးကျောက်ဆောင်၊ မြစ်တစ်စင်းရဲ့ စီးဆင်းမှု၊ တောင်တန်း၊ တောအုပ်၊ သစ်ပင်၊ ကျေးငှက်သာရကာ၊ အရာအားလုံးဟာ ဒီအထဲမှာ ပါဝင်ပြီးဖြစ်ပါတယ်။ သူက အရာအားလုံးကို လက်ခံထားတယ်။ ဘာကိုမှ မငြင်းပယ်ဘူး။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် အဆုံးအစ မရှိတဲ့ စကြဝဠာကြီး တစ်ခုလုံး အနန္တရုပ်ပစ္စည်းမှန်သမျှ ဒီအတွင်းမှာပဲ ခြုံငုံထားခဲ့တယ်။ ခင်ဗျား ကိုယ့်ကိုယ်ကို နက်နက်နဲနဲ ကြည့်လာနိုင်တာနှင့်အမျှ ခင်ဗျား တစ်ဦးတည်း မတည်ရှိနိုင်ဘူးဆိုတာ ခင်ဗျားပိုပြီး တွေ့ရှိလာမှာ ဖြစ်တယ်။ တစ်သီးတခြားလည်း မတည်ရှိနိုင်ပါဘူး။ စကြဝဠာကြီး တစ်ခုလုံးရဲ့ အနှာဆာကင်းသော သန့်စင်မှုဟာ နေရာတိုင်းမှာ တည်ရှိနေတယ်။ အဝေါ်ယံအလွှာပိုင်းမှာ ကျွန်မတော်တို့ အမည်နာမတွေ ရှိနေတယ်။ အတ္တနှင့် ဂုဏ်းအဆင့်အတန်းဆိုတဲ့ ဒီအပေါ်ယံ အလွှာကနေ ကျွန်တော်တို့ ခုန်ထွက်ပြီး အလယ်ဗဟိုထဲ ဝင်သွားတဲ့အခါ အားလုံးသော အဆင့်အတန်းများဟာ တူညီမှု တစ်ခုအနေနဲ့ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။

အတ္တဆိုတာ စစ်စစ်တော့ အသုံးပြုဖဲ့ ဖန်တီးမှုတစ်ခုသာ ဖြစ်တယ်။ သူ့ကို အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လိမ်ညာမှုကို မခံရအောင်တော့ သတိထားရမယ်။ ။

■



# အိုရိုးပြောတဲ့ ဘယ်သူ ချုအွဲပေးမှာလဲ

ချစ်ခင်လေးစားရပါသော အိုရိုးခင်ဗျား။

ပြင်ပလောကကြီးနဲ့ နိုင်ငံရေးကို စိတ်မဝင်စားဘူးလို့ ခင်ဗျားပြော ခဲ့ဘူးပါတယ်။ ဒါပေမယ့်လည်း မကြာခဏ ခင်ဗျားပြောသမျှတွေက နိုင်ငံ ရေးနှင့် နိုင်ငံရေးသမားတွေ အကြောင်းဖြစ်ပြီး၊ ဖြောက်ဖြားလာတဲ့ ကမ္ဘာ့ ပြဿနာတွေကို ကျွန်တော်တို့ ကြည့်မြင် နားလည်နိုင်အောင် လမ်းညွှန်တာနဲ့ ပတ်သက်လို့ ဘာကြောင့်ဆိုတာ ခင်ဗျား ရှင်းပြနိုင်မလား မသိဘူး။

နိုင်ငံရေးနဲ့ ပြင်ပလောကကြီးကို ကျွန်တော် နည်းနည်းမှ စိတ်မဝင် စားပါဘူး။ ဒါပေမယ့် ခင်ဗျားအပေါ်မှာတော့ ကျွန်တော် အလွန်ပဲ စိတ်ဝင်စားမှု ရှိတယ်။ ခင်ဗျား ရှင်သန်နေရတဲ့ ကမ္ဘာကြီးက အကျည်းတန် အရုပ်ဆိုးပြီး၊ မေတ္တာကျွန်းနဲ့ ခြေတစ်လှမ်းက သချိုင်းရောက်နေ လေတော့ ကျွန်တော့် အနေနဲ့ ခင်ဗျားကို ဖျားနာနေတဲ့ ကမ္ဘာကြီးထဲမှာနစ်မွန်း မသွားစေ ချင်ဘူး။

ဒါကြောင့်လည်း ကျွန်တော်က ကိစ္စအတော်များများကို ဆန့်ကျင် ပြောဆိုနေရတာဖြစ်တယ်။ ကျွန်တော်ရဲ့ စိတ်ဝင်စားမှုကတော့ ခင်ဗျားအပေါ် မှာပါပဲ လူကလေးရေ၊ ဘာကြောင့် ကျွန်တော်က နိုင်ငံရေးကို သွေဖီပြော နေရတာ လည်းဆိုတော့ ဒီကမ္ဘာကြီးထဲမှာ ဘယ်သူတွေဟာ တကယ်

အစစ်အမှန်ရာဇဝတ်သားတွေ ဖြစ်တယ်ဆိုတာ လူကလေးတို့ မသိလိုက်ဘဲ ဉာဏ်မွဲနေမှာစိုးလို့၊ ဒါကြောင့်ပဲ ကျွန်တော်ဟာ ဘာသာရေး ဆရာတွေကို လည်း အတိုက်အခံပြောနေရတာပဲလေ၊ ဖြစ်ပေါ်နေတဲ့အကြောင်းခြင်း ရာတွေနဲ့ ပတ်သက်လို့ ခင်ဗျားတို့ ကွင်းဆက်ပြတ်ပြီး ကျန်နေခဲ့မှာမျိုး ကျွန်တော် မဖြစ်စေချင်ဘူး။ ဘယ်သူမဆိုဟာ တစ်ကယ့် ရေမရောတဲ့ ဒုစရိုက်သားတွေ ဖြစ်တယ်ဆိုတာ ခင်ဗျားတို့ကို နားလည်စေချင်တာပါ။ ပြဿနာဖြစ်နေတာက ဒီလိုဖြစ်မှုကျူးလွန်သူတွေဟာ ကြီးမြတ်တဲ့ ခေါင်းဆောင်တွေ၊ မဟာပညာကျော်တွေ၊ သူတော်စင်ကြီးတွေ၊ မဟာဋ္ဌမတွေ လို့ အထင်ခံနေရသူတွေဖြစ်ပြီး၊ သူတို့ဟာ ကမ္ဘာတစ်ဝှမ်းရဲ့ တစ်ခံနက် ရှိသော လေးစားခြင်းကို ခံယူထားသူတွေပဲဖြစ်တယ်။ သူတို့ကို ရာဇဝတ်သား တွေ ဖြစ်လိမ့်မယ်လို့ ခင်ဗျား ဘယ်တုန်းကမှ တွေးမိမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်က နေ့စဉ်နေ့တိုင်း အဆက်မပြတ် ဖွင့်ချပြောဆိုနေ ရတာဖြစ်ပါတယ်။

ဒီလူတွေဟာ ရာဇဝတ်သားတွေ ဖြစ်တယ်ဆိုတာ၊ ခင်ဗျားအနေနဲ့ စတင်သိမြင်မှာ ဖြစ်တယ်။ တကယ်တော့ သာမာန် ရာဇဝတ်သား များဟာ ကမ္ဘာမြေကြီးကို ဘယ်လို အန္တရာယ်မှ မပြုခဲ့ကြပါဘူး။ တစ်စုံတစ်ယောက် က လူတစ်ယောက်ကို သတ်တယ်၊ တစ်စုံတစ်ဦးက တစ်စုံတစ်ရာကို ခိုးယူတယ်ဆိုတာ ပြောပလောက်တဲ့ ကိစ္စမဟုတ်ပါဘူး။ တစ်ကလာက သူတစ်ယောက်တည်းနဲ့ သန်းပေါင်းများစွာသော လူတွေကို သတ်ခဲ့တယ်။ အခု လူတစ်ဦးချင်းစီမှာ ရာဇဝတ်ပြစ်မှုတွေက အလွန်များပြားပြီး ဒုစရိုက် သမားက သန်းချီနေတော့ သူတို့အတွက် တစ်ကလာတစ်ယောက်တော့ ဖန်တီးပေးဖို့ လိုနေပြီ။

ကျွန်တော်ကတော့ ဒီလူတွေအားလုံးကို ဖော်ထုတ်ရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ပြဿနာရဲ့ ဇစ်မြစ်တွေဖြစ်နေလို့ပါ။ စစ်ပွဲတွေ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ၊ မီးလောင်တိုက် သွင်းမှုတွေ စတဲ့ ပြဿနာ များစွာရဲ့ အရင်းအမြစ်ဟာ နိုင်ငံရေးသမားများကြောင့် ဖြစ်တယ်ဆိုတာ အလွယ်ကူဆုံး နားလည်နိုင်တဲ့ ဥပမာပဲဖြစ်တယ်။





ဒါပေမယ့် ဘာသာရေး ခေါင်းဆောင်တွေနဲ့ကျတော့ ပိုပြီးတော့ ခက်ခဲ နက်နဲ သွားပြန်တယ်။

ဘာကြောင့်လဲဆိုတော့ သူတို့ကို လက်ညှိုးထိုး ဆန့်ကျင်ရဲသူ မရှိလို့ပါ။ သူတို့ အရိုအသေပေးခံရတာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အချိန်ကြာတာနဲ့အမျှ သူတို့ရဲ့ ရိုသေလေးစား ခံရမှုတွေဟာ ပိုပြီး ကြီးထွား လာတယ်၊ ကျွန်တော့်အတွက် အခက်ဆုံးအလုပ်ကတော့ ဒီလူတွေဟာ ကမ္ဘာမြေကြီးကို ဖန်တီးနေသူတွေဖြစ်တယ်ဆိုတာ ခင်ဗျားကို နားလည် အောင် လုပ်ရတာပဲဖြစ်တယ်။ ခင်ဗျားမှာ အသိစိတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဒါက ပြဿနာမဟုတ်ပါဘူး။

လောလောဆယ်တော့ ကမ္ဘာကြီးတစ်ခုလုံးက **AIDS** ရောဂါ အကြောင်းပဲ ပြောနေကြတယ်။ ဒါပေမယ့် ဒီနေရာမှာ ကျွန်တော်ပြောချင် တာက ဒီရောဂါဟာ ယုံကြည်ကိုးကွယ်မှုနဲ့ ဆိုင်တဲ့ရောဂါဖြစ်တယ်။ ဒီစကား မျိုးကို ကျွန်တော်ကလွဲရင် ဘယ်သူကမှတော့ မပြောခဲ့သေးပါဘူး။ ဆန့်ကျင်ဘက်အားဖြင့် ဘာသာရေးဆရာတွေ ပြောနေတာက ဒီရောဂါဟာ ဘုရားသခင်ရဲ့ အပြစ်ပေးခြင်းဆိုပဲ။ သူတို့ ပြောတာတွေကို လူတွေက ယုံကြည်ကြလိမ့်မယ်။ လိင်တူချင်း ဆက်ဆံတဲ့အတွက် ဒဏ်သင့်ရတယ် ဆိုတဲ့ အဓိပ္ပာယ်။ ဒါပေမယ့် လိင်တူဆက်ဆံမှုဟာ ဘယ်လိုကနေဖြစ် လာတယ်၊ ဒါမှမဟုတ် ဘယ်သူ့မှာ တာဝန်ရှိတယ် ဆိုတာတွေကိုတော့ မေးသူမရှိကြပါဘူး။

ပြီးတော့ အရာကိစ္စမျိုးရဲ့ တစ်ခုနဲ့တစ်ခု ဆက်နွယ်မှုအပေါ် လူတွေရဲ့ နားလည်နိုင်စွမ်းက မပြည့်စုံတာလည်း ပါပါတယ်။ လူတွေကို ကောစာရီ ကျင့်ဖို့ ကိုးကွယ်မှု အယူအဆတွေက တိုက်တွန်းလမ်းပြ ပေးနေတာ ဖြစ်တယ်ဆိုတဲ့ အခင်မဟုတ် ရိုးရှင်းသော အချက်အလက် ကလေးကိုတောင် သူတို့ ဆက်စပ် မစဉ်းစားနိုင်ခဲ့ပါဘူး။ ဒါတွေဟာ ယတာဝါသနာရဲ့ သဘာဝ တရားကို ဆန့်ကျင်တဲ့ အရင်းခံ အကြောင်းများပဲ ဖြစ်တယ်။ ဒါကြောင့် အကယ်၍များ **AIDS** ရောဂါနဲ့ ပတ်သက်လို့ တစ်စုံတစ်ယောက်ကို အပြစ်ပေးမယ်ဆိုရင် လိင်တူ ဆက်ဆံသူတွေကို အပြစ်ပေးရမှာ မဟုတ်ဘူး။

ဗြဟ္မစရိယလုပ်ဖို့ ဒါမှမဟုတ် ဇကာစာရီ အကျင့်ကို သင်ကြားပေးနေတဲ့ စာပေဟာသအရေးအသွေကို အပြစ်ပေးရမှာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ လိင်တူဆက်ဆံမှုဟာ ဇကာစာရီ အကျင့်ကနေ ပေါ်ထွက်လာတဲ့ ဘေးထွက် ဆိုးကျိုးဖြစ်နေလို့ပါ။

ဒီကိုရောက်လာတဲ့ သတင်းစာဆရာတိုင်း အံ့သြတုန်လှုပ် သွားကြ တယ်။ အကြောင်းကတော့ ဘာသာရေး ဆရာတွေကြောင့် **AIDS** ရောဂါ ဖြစ်ရတာလို့ ကျွန်တော် ပြစ်တင် ဝေဖန်မယ်ဆိုတာကို သူတို့ ကြိုတွေး မထားမိလို့ပါ။ သူတို့ မမြင်တတ်ကြဘူး၊ ကမ္ဘာကြီးနဲ့ အလှမ်းဝေးနေတယ်လို့ သူတို့ ထင်ထားနေကြတယ်။ ဒါဟာ အဆန်းမဟုတ်ပါဘူး။ အကြောင်းအရင်း မှန်ကို မသိသရွေ့တော့ ပေါ်လာသမျှ ပြဿနာ ကိုလည်း နှိမ်နင်းနိုင်မှာ မဟုတ်ဘူး။

ယခုရှေးဦး လိုအပ်ချက်ကတော့ အစိုးရတိုင်းဟာ လူ့သဘာဝကို ဆန့်ကျင်တဲ့ အယူအဆနဲ့ ကျင့်ကြံအားထုတ်မှု အားလုံးကို တရားမဝင် ကြောင်း စာရင်းသွင်းသင့်တယ်။ သို့ပေမယ့် ဒါနဲ့ ဆန့်ကျင်ပြီး သူတို့ တကယ်လုပ် ချင်နေတာက လိင်တူဆက်ဆံခြင်းကို တရားဝင်ကြောင်း စာရင်းသွင်းဖို့ပဲ ဖြစ်တယ်။ လိင်တူဆက်ဆံခြင်းဆိုတာ ရောဂါလက္ခဏာ တစ်ခုသာ ဖြစ်တယ်။ ဒါဟာ အကြောင်းအရင်း မဟုတ်ဘူး။

လူသားများဟာ သဘာဝတရားနဲ့ သွေဖီတာမျိုး မလုပ်ရဘူး ဆိုတာကို နားလည်သဘောပေါက် ထားသင့်ပါတယ်။ ဒါ့အပြင် တစ်ဦး တစ်ယောက်က သဘာဝတရားကို ဆန့်ကျင်ဖို့ ခင်ဗျားကို သင်ပေးရင်လည်း ဒီလူဟာ လူသားများရဲ့ ရန်သူတစ်ယောက်ပဲ ဖြစ်တယ်။ ဘာသာတရားများ အပေါ် ကျွန်တော်ရဲ့ စိတ်ဝင်စားမှုက အားနည်းတာအမှန်ပဲ။ ဘာကြောင့် လဲဆိုတော့ အားလုံးက ခေါင်းရှုပ်စရာတွေ ဖြစ်နေလို့ပါ။ နိုင်ငံရေးကိုလည်း စိတ်မဝင်စားဘူး။ အကြောင်းကတော့ ကျွန်တော့်မှာ ပြင်းပြတဲ့ အာသီသနဲ့ ဘယ်လိုရည်မှန်းချက်မျိုးမှ မရှိလို့ပါပဲ။

ကျွန်တော် သူတို့ကို ဝေဖန်နေရတာက ခင်ဗျားအတွက်ပဲဖြစ်တယ်။ ဒါမှသာ ခင်ဗျားအနေနဲ့ စစ်မှန်တဲ့ အရင်းခံ အကြောင်းတရားတွေကို





နားလည်သဘောပေါက်လာပြီး၊ အလှည့်စား ခံနေရတဲ့ ဒီကမ္ဘာကြီးရဲ့ လမ်းဟောင်းထဲမှာ ခင်ဗျားအလှည့်ဖျား မခံရမှာဖြစ်တယ်။ အစဉ်အလာ အယူအဆတွေကို သွေဖီပြောတဲ့အခါတိုင်းမှာ တုန်လှုပ်ကြတာချည်းပါပဲ။

အခု လိင်တူဆက်ဆံမှုကို ဥပဒေချိုးဖောက်မှု တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဟာ ဒီပြဿနာကို အလျင်အမြန် ပြန့်ပွားသွားအောင် ပြုလုပ်နေသလို ဖြစ်နေတယ်။ **(Texas)** တက်ဆက်ပြည်နယ်မှာ သူတို့ လုပ်လိုက်တဲ့ ကိစ္စက အမေရိကန်နိုင်ငံရဲ့ ပြည်နယ်တိုင်းကို ကူးစက်နိုင်သလို အခြားနိုင်ငံတွေကိုလည်း ပြန့်ပွားသွားမှာပဲ။ ဘာကြောင့်လဲဆိုတော့ အုပ်ချုပ်သူ အစော်များများဟာ ပုံတူသာ ကူးတတ်တာ၊ ဆင်ခြင်တုံ တရားက အလွန်အားနည်း သူတွေဖြစ်တယ်။ သူတို့ဟာ လွယ်လင့်တကူနဲ့ ရောဂါလက္ခဏာကိုသာ တိုက်ခိုက်နေကြတယ်။ ပြဿနာရဲ့ အရင်းအမြစ်ဟာ ဘာလဲဆိုတာတော့ ဘယ်သူကမှ စိတ်ဝင်စားမှု မရှိကြဘူး။ တကယ့် အဖြစ်မှန်က ပြဿနာရဲ့ အရင်းအမြစ်ကို သူတို့ ကိုယ်နှိုက်က မသိချင်တာပဲ ဖြစ်တယ်။ အကြောင်းကတော့ သူတို့ရဲ့ လုပ်ရပ်ကိုင်ရပ်ဟာ ပြဿနာရဲ့ နက်ရှိုင်းမှုကို လိုက်မမီလို့ပဲဖြစ်တယ်။

အကယ်၍ သူတို့ကသာ ပြဿနာရဲ့အရင်းအမြစ်ကို စတင်ရှာဖွေ ခဲ့မယ်ဆိုရင်၊ သူတို့ ကိုယ်နှိုက်က ပြဿနာရဲ့အစိတ်အပိုင်းတွေ ဖြစ်နေတယ် ဆိုတာ သက်သေပြသလို ဖြစ်မှာကို စိုးရိမ်တာလည်းဖြစ်နိုင်တယ်။ ဒါ့ကြောင့် အကောင်းဆုံးကတော့ ဒီပြဿနာထဲ နက်နက်နဲနဲ ဝင်မပါကြဘဲ၊ ရောဂါ လက္ခဏာ ဖမ်းမိရုံကလေးနဲ့ ဒါကိုပဲ တစ်လျှောက်လုံး ဗိုဗိုစီးစီး တိုက်နေ ကြတာပဲဖြစ်တယ်။

ခင်ဗျားက ရောဂါလက္ခဏာကို တစ်နေရာမှာ ဖိထားရင် အခြားတစ်နေရာက ဖောက်ထွက်လာလိမ့်မယ်။ ပြီးရင် သဘာဝနဲ့ ပိုပြီး အလှမ်းဝေးသွားတာ၊ ဒုတိယ ဆုတ်ယုတ်မှုက သဘာဝနဲ့ ဝေးကွာသွားတာ၊ တတိယ ပျက်ယွင်းမှုကလည်း သဘာဝနဲ့ ပိုလို့တောင် အလှမ်းဝေးသွားတာပဲ ဖြစ်မယ်။ ပြီးရင် ဒီလူဟာ အလွန်တရာ ဝမ်းနည်းကြေကွဲနေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အပြန်လမ်းကို ရှာမတွေ့လို့ဘဲဖြစ်တယ်။

သဘာဝတရားဆီကို နောက်တစ်ကြိမ် ပြန်လှည့်လာဖို့ဆိုတာ သာမန်လူတစ်ယောက်အတွက် အလွန်ရှုပ်ထွေးတဲ့ ကိစ္စတွေ ဖြစ်လာပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ခင်ဗျားကို နားလည်စေချင်တာက ရောဂါလက္ခဏာနဲ့ ဘယ်တော့မှ ကိုက်ပွဲဆောင်ဖို့ဘဲ ဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုရဲ့ လော့(စ်)အိန်ဂျလိစ်မြို့မှာ နေ့စဉ်နေ့တိုင်း **AIDS** ရောဂါနဲ့ လူတစ်ယောက်နှုန်းသေတယ်။ ဒါပေမယ့် ဘာလုပ်ရမယ်ဆိုတာ သိတဲ့လူ မရှိသလိုဖြစ်နေတယ်။ ပြင်ပ ကမ္ဘာရဲ့ တကယ့်အခြေအနေအမှန်ကလည်း သူတို့အတွက် တစ်စုံတစ်ခု ပြုလုပ်ဖို့ဆိုတာ အလွန်ပဲ ခက်ခဲပြီး၊ ပြောင်းလဲခြင်းကို ဘယ်သူခြူဆွဲပေးမှာလဲ၊ ဒါကိုက ပြဿနာပဲ ပေ.....။

အမှန်တော့ ကျွန်တော်တို့ လုပ်နိုင်ပါတယ်။ သိပ်ခက်ခဲတာတော့ မဟုတ်ပါဘူး။ ဒီပုံပြင်ဟောင်းက ခင်ဗျားသိပြီးသားပါ။ ကြောင်တစ်ကောင်ဟာ အိမ်ထဲက ကြွက်တွေကို နေ့တိုင်းဖမ်းစားနေတယ်။ ဒါကြောင့် နောက်ဆုံး ကြွက်တွေက အစည်းအဝေးလုပ်ပြီး တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ချက် ချခဲ့ကြတယ်။

လောကကြီးရဲ့ ဘဝလမ်းပေါ်မှာ အတွေ့အကြုံ မရှိရှာသေးတဲ့ ကြွက်ငယ်လေး တစ်ကောင်က ပြောတယ်၊ **"ဒါက လွယ်ပါတယ်ဗျာ ကြောင်လည်ပင်းသာ ခြူဆွဲပေးလိုက်စမ်းပါ။ ဒီကြောင်မ ဘယ်ပဲသွားသွား ကျုပ်တို့ချက်ချင်းသိမှာ၊ ဒီတော့ ကြောင်မကြီး ကျုပ်တို့ဆီမရောက်ခင်မှာ ကိုယ့်တွင်းထဲ ကိုယ်ပြန်ဝင်နေလိုက်ရုံပဲ။ ဒါဆို ကြောင်မကြီး ကျုပ်တို့ကို ဘယ်လိုမှ မတွေ့နိုင်တော့ဘူးဗျ"** အကောင်းဆုံးဖြေရှင်းချက် တစ်ခုလို့ ဆိုရမှာပါ။

ဒါပေမယ့် ပြဿနာတစ်ခုက ပေါ်လာတယ်၊ ဘယ်သူက ခြူသွားဆွဲမှာလည်း၊ ဒီပုံပြင်ကို ကျွန်တော့်အနေနဲ့ ထပ်တစ်ကြိမ်ပြင်ဆင် ပြောခဲ့ပြီးပါပြီ။ ကျွန်တော်ပြောတဲ့ ပုံပြင်ထဲမှာကျတော့ ကြွက်ကလေးက **"ခြူဆွဲပေးရမယ်"** ပြီးတော့ ဆက်ပြောတာက **"ခင်ဗျားတို့ စိတ်မပူပါနဲ့ ကျွန်တော်ကိုယ်တိုင် ခြူဆွဲပေးမှာ ဖြစ်တယ်"** ဒီစကားကိုကြားတော့ တခြား





ကြွက်တွေက အံ့အားသင့်ပြီး၊ သူတို့ပြောတာက ရှေးပဒေသာဇာတ်ကတည်းက ဒီပုံပြင်ကို ပြောလာကြပြီး၊ အစဉ်အလာအတိုင်း ဒီနေရာမှာပဲ အဆုံးသတ်သွားကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် **"ကြောင်ကို ကျွန်တော် ခြူဆွဲမယ်"** လို့ပြောတဲ့သူဟာ သမားရိုးကျ အစဉ်အလာကို ဆန့်ကျင်တာဖြစ်သလို သမိုင်းစဉ် တစ်ခုလုံးကိုလည်း ဆန့်ကျင်တာဖြစ်တယ်။ ဒီပုံပြင်က ဒီမှာတင် ဆုံးသွားပြီဖြစ်လို့ စာကြောင်းကို ပုဒ်မချရမှာ ဖြစ်တယ်။

ကြွက်ကလေးပြောတာက **"ဒါမျိုး ထပ်ဖြစ်မှာ မဟုတ်တော့ဘူး"** ဘာကြောင့်လဲဆိုတော့ ဈေးဆိုင်ကို ကျွန်တော် နေ့တိုင်းသွားနေတာ၊ ဘေးခြင်းကပ်အခန်းက ဆေးဆိုင်ပဲလေ၊ အခုက လိုနေတဲ့ အိပ်ဆေးပြား အနည်းငယ်ကို အဲဒီက ကျွန်တော်ယူလာပြီး ကြောင်မကြီးသောက်တဲ့ နွားနို့ခွက်ထဲ ထည့်ပေးလိုက်ရင် ဖြစ်ပါတယ်။ ခင်ဗျားတို့ကသာ ကျွန်တော့်ကို ခြူပေးပါ။ ကျွန်တော် ရင်ဆိုင် ကိုင်တွယ်ရပါတယ်။

ဒီနည်းနဲ့ပဲ ကြွက်ကလေးဟာ ပြဿနာကို ရင်ဆိုင်ဖြေရှင်းခဲ့ပါတယ်။ အိပ်ဆေးပြား အနည်းငယ်မှုနဲ့ ပုံပြင်တစ်ခုလုံးကို ပြောင်းလဲပစ်လိုက်တယ်။ နွားနို့သောက်ပြီးတဲ့နောက် ကြောင်မကြီးခမျာ အိပ်မောကျပြီး ဟောက်လို့တောင် နေလေရဲ့၊ ဒီတော့မှ ကြွက်ကလေးလည်း သူ့အလုပ်ကို သူ ကောင်းမွန်ပြည့်စုံအောင် လုပ်နိုင်ခဲ့ပါတယ်။

ဒါပေမယ့် ဒီပုံပြင်က ကျွန်တော့်ရဲ့ ဖြည့်စွက်ချက်ပါ။ နေရာတိုင်း အလုပ်ဖြစ်တော့ မဟုတ်ပါဘူး။ ဒါ့အပြင် လူသားအနွယ် တစ်ရပ်လုံးရဲ့ စိုးရိမ်ပူပန်သမျှ တွေကို ထပ်ကူခံပေးပြီး၊ ကျွန်တော်က ဖြေရှင်းပေးချင်တာပါ။ ကျွန်တော်တို့ ကြောင်ကြီးရဲ့ လည်ပင်းမှာ ခြူဆွဲပေးနိုင်ပါတယ်။ ကျွန်တော်တို့အတွက် ဘာများ ဆုံးရှုံးစရာ ရှိလို့လဲ။ နောက်ပြီး ခင်ဗျားကိုလည်း ကျွန်တော်က အလုံးစုံသော ပြဿနာတွေကို သိမြင်စေချင်တာပါ။ ကျွန်တော် ခင်ဗျားအနားက ထွက်မသွားခင်၊ ခင်ဗျားကို နားလည်သဘောပေါက် စေချင်တာက လူမှု အဖွဲ့အစည်းတိုင်း၊ မြို့ပြယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတိုင်း ယက်ဆက်နေကြရတဲ့ ဒီအန္တရာယ် စက်ကွင်းကြီးထဲမှာ ခင်ဗျား ကျဆုံးမသွားဖို့ပဲဖြစ်တယ်။